www.burmeseclassic.com

# ကျော်မြသန်း

## ပလက်ဖေါင်း မင်းသား

ခေတ်သုံးခေတ်

နာမည်ကျော်ကြားခဲ့သောလူပုဂ္ဂိုလ်လေးဦး

လမ်းမတော် ဖိုးတုတ်
ဗိုလ်တထောင် မိုး
ရှပ်ရှင်ရုံ ကိုရေခဲ
မက်စတီစန်းကုလားသူဌေး



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများအား ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျော်မြသန်း

# ပလက်ဖောင်းမင်းသား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ● ၅၀၀၅၆၇၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၀၈၁၄၀၇၁၀
ထုတ်ဝေသူ ● ဒေါ်သင်းသင်းမွန်
သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် ● ဒုတိယအကြိမ်
၂၀၁၀၊ စက်တင်ဘာလ။
စီစဉ်သူ ● မောင်တင်ဋ္ဌေး
မျက်နှာဖုံးပန်းချီ ● L လင်း
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၁၃၀၀ ကျပ်

၈၉၅.၈၃
ကျော်မြသန်း
ပလက်ဖောင်းမင်းသား/ကျော်မြသန်း။ -ရန်ကုန်။
သင်းစာပေ၊ ၂၀၁၀။
၁၆၀ - စာ၊ ၇ × ၁၀ စင်တီ
(၁) ပလက်ဖောင်းမင်းသား

စာရေးသူမှ

သူနှင့် ကျွန်တော်. . .

သူဆိုတာက ရန်ကုန်မြို့လယ်၊ ရုပ်ရှင်လက်မှတ် မှောင်ခိုရာဇာကြီး ကိုရေခဲ။

ကျွန်တော်က ရုပ်ရှင်ရုံဝန်ထမ်း၊ စာရေးသမား။

စိတ်ဝင်စားစရာကောင်းသည့် သူတို့လောကအကြောင်းနှင့် သူတို့ အကြောင်းကို ထဲထဲဝင်ဝင် သိရှိထားသည့်အလျောက် စာဖတ်ပရိတ်သတ်ထံ တင်ပြရန် စိတ်ဝင်စားခဲ့သည်။

တစ်ချိန်သောအခါက 'ရေခဲ' ဆိုသော သူ၏အမည်မှာ ရုပ်ရှင်လောက သားများနှင့် ရုပ်ရှင်ကြည့်ပရိသတ်များကြားတွင် ရေပန်းစား စွဲထင်ခဲ့သည်။

ပလက်ဖောင်းပေါ်မှာ လက်မှတ်ရောင်းသည့် ဈေးကွက်တစ်ခုလုံးကို သူက ချုပ်ကိုင်ထားသည်။

လုပ်ငန်းပမာဏ မကြီးမားသော်လည်း သူ၏ဝင်ငွေကိန်းဂဏန်းမှာ ကြီးမားသည်။

လက်ဖက်ရည်တစ်ခွက် တစ်ကျပ်လောက်ရှိစဉ်ကာလက သူ၏တစ်လတာ ပျမ်းမျှဝင်ငွေမှာ သောင်းဂဏန်းအထိ ရှိခဲ့သည်။

တပည့်လက်သားခြောက်ဆယ်ကျော်နှင့် သူတို့၏မိသားစု စားဝတ် နေမှုကို သူက ဖြည့်ဆည်းပေးခဲ့သည်။

တစ်နည်းအားဖြင့် သူ့ကို ခေါင်းကိုင်အဖေဂေါ့ဖားသားဟု ခေါ်နိုင်သည်။

သူ့အကြောင်းရေးသားရန် စိတ်ဝင်စားသည့်အလျောက် ၁၉၇၅ခု နှစ်လွန်ပိုင်းက 'ဂေါ့ဖားသားရေခဲ' အမည်ဖြင့် စာအုပ်ကြော်ငြာခဲ့သော်လည်း စာအုပ်အဖြစ် မရေးသားဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မရေးဖြစ်ခဲ့သည်မှာ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်ပါသည်။

တစ်ကြောင်းက ကာယကံရှင်နှင့် ကိုယ်တိုင်ပြောပြချက်အပေါ် အခြေမခံဘဲ ကြားသိစေ့ငုသော အကြောင်းအပေါ်အခြေခံ၍ ရေးသားလျှင် မပြည့်စုံနိုင်သည့်အပြင် ကာယကံရှင်အား ထိခိုက်စရာများ ပါဝင်သွားမည်ကို ထိန်းသိမ်းရန် တာဝန်ရှိသောကြောင့် ဖြစ်ပါသည်။

နောက်တစ်ကြောင်းက သူထောင်ထဲရောက်နေစဉ် သူ့အကြောင်း ရေးသားခြင်းဖြင့် သူ့အားထိခိုက်စေမည့် ပြဿနာများ ပေါ်လာနိုင်သောကြောင့် ဖြစ်နေသည်။

ထို့နောက်ပိုင်း အခြားစာအုပ်များ ရေးဖြစ်ခဲ့သော်လည်း မကြာမီထွက်မည်ဟု ကြော်ငြာခဲ့သော ဂေါ်ဖားသားရေခဲကို မရေးဖြစ်ခဲ့ပါ။

သူ ထောင်မှလွတ်လာချိန်တွင် ကျွန်တော်လည်း ရုပ်ရှင်ရုံဝန်ထမ်းအဖြစ်မှ အနားယူလိုက်ပြီ ဖြစ်သောကြောင့် သူနှင့်မတွေ့ဖြစ်ကြတော့သလို ဂေါ်ဖားသားရေခဲစာအုပ်ကို ဆက်ရေးရန် ကျွန်တော်လည်း အမှတ်မထားမိတော့ပါ။

ထိုသို့ရှိခဲ့ရာမှ တစ်နေ့။

စာအုပ်ကြော်ငြာပြီး နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်ပြီးသော နေ့တစ်နေ့တွင် ကျွန်တော့်အိမ်သို့ ကိုရေခဲရောက်လာသည်။

ထိုစဉ်တုန်းက တစ်ယောက်နှင့်တစ်ယောက် အဆက်အဆံ မရှိခဲ့ပေ။

သူတို့က ကျွန်တော့်အပေါ် အမြင်စောင်းသလို ကျွန်တော်ကလည်း သူတို့အပေါ် အမြင်လွဲခဲ့သည်။

ကိုရေခဲနှင့်အတူ ရုပ်ရှင်မှောင်ခို လက်မှတ်လောကတွင် ကျင်လည်နေသူအများစုမှာ ဖ-ဆ-ပ-လ ရပ်ကွက်တွင် နေထိုင်ကြသူများ ဖြစ်သည်။

ကျွန်တော်ကလည်း ဖ-ဆ-ပ-လ ရပ်ကွက်မှာပဲ နေသည်။ သို့တစေ သူတို့နှင့် လုံးဝ အဆက်အဆံမရှိခဲ့။ သူတို့အုပ်စုက ကျွန်တော့်ကို စိန်ခေါ်ဖူးသည်။

ကျွန်တော်ကလည်း သူတို့ကို ချလင်းလုပ်ဖူးသည်အထိ ပြဿနာတက်ခဲ့ဖူးသည်လည်း ရှိသည်။

ခု . . . ကိုရေခဲ ကျွန်တော့်အိမ်ရောက်လာတော့မှ သူနှင့်မျက်နှာချင်းဆိုင် စကားပြောဖူးသည်။

အဲသည်အချိန်မှာ သူကလည်း မှောင်ခိုရာဇာ မဟုတ်တော့၊





ကျွန်တော်တလည်း ရုပ်ရှင်ရုံဝန်ထမ်း မဟုတ်တော့။

တစ်ရပ်ကွက်သားချင်း အမြင်ကြည်ကြည်လင်လင်ဖြင့် ဆက်ဆံနိုင်သော အနေအထားသို့ ရောက်နေကြပြီ။

သူက မော်တော်ယဉ်များ လိုက်စင်ဝင်ရသည့်ဌာနရှေ့တွင် လက်ဖက်ရည်နှင့် ထမင်းဆိုင်ဖွင့်ထားကြောင်း၊ ကျွန်တော်၏ကား လိုင်စင်ဝင်လာသည်ကို အကူအညီပေးလိုက်သည့်အကြောင်း စကားပလ္လင်ခံ၍ ဂေါ်ဖားသားရေခဲစာအုပ် မရေးဖြစ်သည့်အကြောင်း မေးလာသည်။

ကျွန်တော်က သူကိုယ်တိုင်၏ ပြောပြချက်မပါဘဲ ရေးလျှင် မပြည့်စုံနိုင်သည့် အကြောင်းနှင့် လိုအပ်လာလျှင် သူကိုယ်တိုင်က သဘောတူကြောင်း လက်မှတ်ထိုးပေးရန် လိုမည့်အကြောင်း ပြောပြလိုက်ရသည်။

သူက သူ့ဘဝဖြစ်စဉ်အကြောင်းကို မကွယ်မဝှက်ပြောပြမည့်အကြောင်း ပြော၍ မွေးစဉ်မှစ၍ အုတ်ရိုးအတွင်း သူ့ဘဝအဆုံးအကုန်လုံး ပြောပြသည်။

သို့တစေ အစီအစဉ်မကျ ဟိုရောက် သည်ရောက်ဖြစ်နေသောကြောင့် သူရေးတတ်သလို ဖြည်းဖြည်းချင်း စဉ်းစားပြီး ရေးခဲ့ပါဟု ပြောရသည်။

သူက လက်နှိပ်စက်နှင့် ရိုက်ထားသည့် စာမျက်နှာ တစ်ဆယ့်ငါးမျက်နှာခန့် လာပေးသည်။

သူရေးလာသည့် အချက်အလက်များကို အခြေခံ၍ ကျွန်တော်၏ ဖြည့်စွက်ချက်များဖြင့် ဤစာအုပ် ဖြစ်လာရပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(နှစ်)

သူကျင်လည်ခဲ့သည့် လောကနှင့် သူ၏ လုပ်ရပ်များမှာ အတုယူဖွယ်ရာ စံနမူနာ ရစရာများမပါသလို ကောင်းသော အမှုပြုခြင်းနှင့်လည်း မဆက်နွှယ်ခဲ့ပေ။ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သော လူသားတစ်ယောက်၏ အသွင်ကိုလည်း မဆောင်ယူနိုင်ခဲ့ပေ။

သို့စေကာမူ 'ရုပ်ရှင်လက်မှတ် မှောင်ခိုလောက' တွင်သာမက ဘောလုံးပွဲလက်မှတ်၊ ဂီတပဒေသာလို ကပွဲအမျိုးမျိုး လက်မှတ်များကို ကိုင်တွယ်၍ နာမည်တစ်လုံးနှင့် လှုပ်ရှားခဲ့သူ မှောင်ခိုရာဇာ၊ သူ၏အကြောင်း၊ သူ၏အထာ၊ သူ၏လုပ်ရပ်များမှာ စိတ်ဝင်စားစရာ အဖုံဖုံဆွဲငင်နေ၏။

ဆယ်စုနှစ် နှစ်စုနီးပါးမျှ အုတ်ရိုးအတွင်း လူမမြင်အောင် အကြံအဖန် အမျိုးမျိုး၊ အလှည့်အပြောင်း အသွယ်သွယ်၊ အတိမ်းအရှောင် အဖုံဖုံဖြင့် လမ်းကြောင်းထွင်ခဲ့ပုံမှာလည်း စိတ်ဝင်စားစရာ ပြည့်လျှမ်း၏ဟု ဆိုရမည်ပါ။

စစ်ကြိုခေတ်က လူမိုက်ခေါင်းဆောင် လမ်းမတော်ဖိုးတုတ်မှာ နာမည်တစ်လုံးနှင့် လူသိများ ထင်ရှားကျော်ကြားခဲ့သလိုပင် စစ်ပြီး လွတ်လပ်ရေးနောက်ပိုင်းခေတ်တွင်လည်း ရုပ်ရှင်လက်မှတ် မှောင်ခိုရေခဲ၏ အမည်မှာလည်း ထင်ရှားကျော်ကြား လူသိများခဲ့သည်။

ဘဝခရီးတွင် ကောင်းသော၊ မှန်ကန်သော လမ်းကြောင်းပေါ် ရိုးသားစွာ လျှောက်လှမ်းသူများမှာ တရားဥပဒေနှင့် မသက်ဆိုင်။

ပတ်သက် ဆက်နွှယ်စရာအကြောင်းလည်း မရှိ။

ကိုရေခဲတို့လို ဘဝခရီးလမ်းကြောင်းကို ကွေ့ကွေ့ကောက်ကောက် လျှောက်ပြီး မကောင်းသော၊ မမှန်ကန်သော လုပ်ရပ်များနှင့် တွဲစပ်ခဲ့သူများမှာမူ တစ်နေ့မဟုတ်၊ တစ်နေ့ တရားဥပဒေနှင့် မလွဲဧကန် ရင်ဆိုင်ရမည်။

ဆက်နွှယ် လက်ဆက်ရမည်။ သူတို့အတွက် တစ်နေ့ဆိုတာ ရှိသည်။

ထိုတစ်နေ့မှာ ခံလှည့်။

ခံလှည့်သို့ ရောက်ပြီဆိုရင် တစ်သက်မှာ သည်တစ်ခါ ဖြစ်ပါစေဟု နှလုံးသည်းပွတ်မှာ စွဲထင်သွားအောင် မှတ်မှတ်သားသားကြီး ခံစားရ၏။

ဆယ်စုနှစ် တစ်စုကျော်ကျော် လုပ်သမျှဖြစ်၊ လုပ်သမျှ တင့်တယ်ခဲ့သည့် ကိုရေခဲမှာ တစ်နေ့ အလှည့်သို့ ရောက်သောအခါ ခြေသုတ်ပုဆိုး၊ မြွေစွယ်





ကျိုးသို့နှယ် ဖြစ်သွားရသည်။

လက်ကြောတင်းအောင် အလုပ်လုပ်ပြီး ဘဝခရီးလမ်းကြောင်းကို ဖြောင့်ဖြောင့်ဖြူးဖြူး လျှောက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်မှာ လမ်းကြောင်းအမှားပေါ် ကွေ့ကွေ့ကောက်ကောက် မလျှောက်မိကြစေရန် သူ့အကြောင်းကို အိတ်သွန်ဖာမှောက် ပြန်လည် ပြောပြခဲ့ခြင်း ဖြစ်၏။

ခေတ်အဆက်ဆက် ဖြစ်ပျက်ခဲ့သည့် ကောင်းသောဖြစ်စဉ် ဖြစ်ရပ်များကို မှတ်တမ်းပြုထားသင့်သလို မကောင်းသော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း မှတ်တမ်းပြုထားသင့်သည် ဟူသော ခံယူချက်ကို အခြေခံ၍ ဤစာအုပ်ကို ရေးဖွဲ့ရခြင်း ဖြစ်ပါသည်။

◆ ◆ ◆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(သုံး)

ဤစာအုပ်မှာ ကိုရေခဲအကြောင်း သက်သက် ရေးဖွဲ့ထားခြင်း မဟုတ်ပါ။

သူ့အကြောင်းကို အခြေခံ၍ ခေတ်သုံးခေတ်၊ ရုပ်ရှင်ရုံများ ဖြစ်သည် ရှိသည်နှင့် ရုပ်ရှင်ဝါသနာ ထုံမွေ့သူများ၊ ဘယ်ပုံဘယ်နည်းဖြင့် နှစ်ပါးသွား ခဲ့ရပုံများကိုလည်း မမီမသိလိုက်သူ စာဖတ်ပရိသတ်အတွက် ရေးဖွဲ့တင်ပြ ထားပါသည်။

လမ်းမတော်ဖိုးတုတ်၊ ဗိုလ်တစ်ထောင်ငမိုး၊ ပညာအလင်းဦးထင်တို့ အကြောင်းကို ရှေးဦးပလ္လင်ခံ၍ ဖော်ပြရခြင်းမှာ ဒုစရိုက်လောကနယ်ပယ်တွင် အဆုံးသတ်မကောင်းပုံကို သတိမူမိပါစေ ဟူသည့် ရည်ရွယ်ချက်ကို အရင်းခံ၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

မကောင်းသော လုပ်ရပ်များနှင့် တွဲစပ်သူများသည် မကောင်းသော အကြောင်း ရမှုကြောင့် တုံ့ပြန်လာသည့် မကောင်းသော အကျိုးသက်ရောက် မှုကို ခံစားရသည်မှာ ဘဝမခြားကြောင်း ဖော်ညွှန်းလိုသော စေတနာဖြင့် ဤစာအုပ်ကို ရေးဖွဲ့လိုက်ရပါကြောင်း။

ပလက်ဖောင်းမင်းသားကို ဆက်လက်ဖတ်ရှုကြပါဟု. . .

မေတ္တာနှင့်စေတနာကို

အရင်းခံလျက်. . .

ကျော်မြသန်း





ဒုတိယကမ္ဘာစစ် မဖြစ်မီက ရန်ကုန်မြို့နေသူ အများ၏ ပါးစပ်ဖျားတွင် ရေပန်းစား အပြောများခဲ့သည့် လူပုဂ္ဂိုလ်တစ်ယောက် ရှိခဲ့၏။

သူသည် လူ့ပတ်ဝန်းကျင်ကို အကျိုးပြုသည့် လုပ်ရပ်များလုပ်ခဲ့သူ တစ်ယောက် မဟုတ်စေကာမူ ခေတ်ကာလအလျောက် ထူးခြားသော သူ၏ လုပ်ရပ်ဖြစ်စဉ်များကြောင့် သူ၏ အမည်နာမမှာ ဟိန်းထွက် ကျော်ဇောလို့ လာသည်။

သူ၏ လုပ်ရပ်ဖြစ်စဉ်များမှာ ကောင်းရိပ်ဘက်သို့ အလေးမသာသည့် အလျောက် မကောင်းသတင်းဆိုးများနှင့် ယစ်ထွေးခဲ့သည်။

မည်ကြီးသော်လည်း နာမည်မကောင်း၊

ကောင်းသောနှင့် ကျော်ကြားထင်ရှားခြင်းသည် နှစ်လိုဖွယ်ဖြစ်သော် လည်း မကောင်းရိပ်ထင်သော ကျော်ကြားခြင်းသည် နှစ်လိုဖွယ်ရာ မဟုတ်ပေ၊

ကောင်းသတင်းနှင့် ကျော်ဇောထင်ရှားသူမှာ အသက်သေသော်လည်း နာမည်မသေ၊ မကောင်းသတင်းနှင့် ကျော်ဇောထင်ရှားသူမှာ သူမသေခင်က တည်းက နာမည်သေသည်။ ကောင်းသော ပုံရိပ်ထင်သူများ၏ ဘဝနိဂုံးသည် တနားသတ် မကောင်း၊ အကျည်းတန်သည်။

သို့စေကာမူ. . .

ခေတ်ရေစီးကြောင်း အခြေအနေအရ သူ့ကို အလေးထား နေရာပေး၍ ဆက်ဆံရသည်။

ကွယ်ရာမှာ ဘာတွေပဲပြောပြော ဘယ်သို့ပင် နှာခေါင်းရှုံ့ရှုံ့၊ ဘယ်လိုပင် မဲ့ရိပ်ပြေး ရှေ့တင်ဆိုတော့ သူ့အကြောင်း မကောင်းသတင်း ဆိုဝံ့သူ မရှိ၊

နှာခေါင်းရှုံ့ရဲသူ မရှိ၊ မဲ့ရိပ်ထင်ရဲသူ မရှိ၊

နှစ်လိုဖွယ် အရိုးရိပ်ထင်ပြလျက် ကြည်ကြည်သာသာ အမူအရာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး လိုလိုလားလားဟန်ထင်၍ ဆက်ဆံကြရသည်။

သူ့အရှိန်အဝါက သည်လောက်ပင် ကြီးထယ်သည်။

ခေတ်ရေစီးကြောင်း အခြေအနေအရ စီးပွားရေးအချက်အချာကျသည့် နယ်မြေကြီးတစ်ခုလုံးမှာ သူ၏ စိုးမိုးမှုဩဇာသက်ရောက်မှုအောက်မှာ ရှိခဲ့သည်။

ရန်ကုန်မြို့၏ အုပ်ချုပ်ရေးနယ်ပယ်ကို တရားဝင် အုပ်ချုပ်နေသည့် ပုလိပ်အဖွဲ့ကြီးရှိသော်လည်း ပုလိပ်အဖွဲ့ကြီး၏ ဩဇာသက်ရောက်မှုမှာ သူ၏ ဩဇာသက်ရောက်မှုလောက် မထိရောက်ခဲ့။

ပုလိပ်အဖွဲ့ကြီးက ဥပဒေနှင့်အညီ အုပ်ချုပ်သည်။

သူက ဥပဒေကို မျက်နှာလွှဲခဲပစ်လုပ်ပြီး အုပ်ချုပ်သည်။

အဲဒီခေတ်က ရန်ကုန်မြို့ကို သုံးပိုင်းခွဲ၍ ဒီ-ဝိုင်-အက်(စ်)ပီ ခေါ် မျက်နှာဖြူ ရဲဝန်ထောက်သုံးယောက်က အုပ်ချုပ်သည်။

ရန်ကုန်အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်း။ ရန်ကုန်အလယ်ပိုင်းကို ပုလိပ်အဖွဲ့က အုပ်ချုပ်ထားသည်။ သူက စိုးမိုးကိုင်တွယ်ထားသည်။ နယ်စားပယ်စား လုပ်နေသည်။ လူမိုက်ဘွဲ့ခံ လမ်းမတော်ဖိုးတုတ်။

အင်္ဂလိပ်များအုပ်စိုးသည့် ကာလတွင် လူမိုက်ခေတ်တစ်ခေတ် ထွန်းကားခဲ့သည်။

လူမိုက်ခေတ် ထွန်းကားလာအောင် သူတို့ကပင် လုပ်ပေးခဲ့သည်။

လူမိုက်ကို ကြားခံအဖြစ်ထား၍ လူလူချင်း ဗိုလ်ကျစိုးမိုးသည့် စနစ်ကို ဖန်တီးပေးခဲ့သည်။

ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည့်နည်း။

ဒါကြောင့်လည်း လမ်းမတော်ဖိုးတုတ်မှာ ငွေရှင်သော နယ်မြေကို တရားဝင် အပိုင်စားရထားသူတို့နှယ် စိုးမိုးချယ်လှယ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အင်္ဂလိပ်တို့ အုပ်စိုးစဉ် ကာလတလျှောက်လုံး ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ လမ်းမတော်ဖိုးတုတ်၏ ကျော်ဇော သတင်းမှာ လျှမ်းလျှမ်းတောက်ခဲ့ခြင်း ဖြစ်၏။

လမ်းမတော်ဖိုးတုတ်က တပည့်အသိုင်းအဝိုင်း အားကိုးနှင့် မိုက်သူမဟုတ်။

သူကိုယ်တိုင်လည်း လုပ်ရဲကိုင်ရဲ သတ္တိရှိသည်။

တပည့်တပန်း အသိုင်းအဝိုင်းကောင်းကိုလည်း ရွေးတတ် မွေးတတ်သည်။





ဩဇာညောင်းအောင်လည်း အကိုင်အတွယ် ကျင်လည်သည်။

မလှုပ်ရဲ မလှန်ရဲအောင်လည်း နည်းမျိုးစုံသုံး၍ ထိန်းထားနိုင်စွမ်းရှိသည်။

ဒါတင်မက ပြေလည်အောင် ဆက်ဆံရမည့် အသိုင်းအဝိုင်းနှင့် ဆက်ဆံရာတွင် အထာကျွမ်းသည်။

အချိုကြိုက်သူ အချို။ အချဉ်ကြိုက်သူကို အချဉ်။ ချဉ်ငန်စပ်ကြိုက်သူကို ချဉ်ငန်စပ်။

ဘာကြိုက်သူဖြစ်သည်ကို အကဲဖမ်းကျွမ်းသလို အကြိုက်ကိုလည်း ပေးစွမ်းနိုင်သည်။

ငွေရေးကြေးရေး အပေးအကမ်းလည်း ရက်ရောသည်။

အဲဒီအရည်အချင်းတွေကြောင့်လည်း လမ်းမတော်ဖိုးတုတ်မှာ လူမိုက်သက်တမ်း ရှည်ကြာခဲ့ခြင်း ဖြစ်၏။

လူမိုက်ခေတ်အစ၊ မတ်စတီးခန်းမန်မဆာတို့ကဟု ဆိုစမှတ်ပြုရအောင် ရန်ကုန်မြို့၏ လူမိုက်စိုးမိုးရေးကို သူတို့က စတင်ခဲ့ကြသည်။

မြန်မာလူမိုက်ခေတ် မရောက်မီက ကုလားလူမိုက်ခေတ်။

ထိုစဉ်ကာလက ရန်ကုန်မြို့လယ်တွင် မြန်မာလူမျိုးများ အနေနည်းသည်။

ကုလားနှင့် တရုတ်များသာ အနေများသည်။

မြန်မာလူမျိုးများမှာ ရေကျော်၊ ပုဇွန်တောင်၊ စက်ဆန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်စသော ထိုထိုကာလ မြို့ဆင်ဖုံးဟု ဆိုရမည်သော ရပ်ကွက်များတွင်သာ အနေများသည်။

အဓိက စီးပွားရေးလုပ်ငန်းများမှာလည်း ကုလားနှင့် တရုတ်တို့လက်ထဲတွင် ရှိသည်။

အထူးသဖြင့် ကုလားလူမျိုးများ စီးပွားရေးလုပ်ငန်း အတော်များများကို စိုးမိုးချုပ်ကိုင်ထားသည်။

ကုလားလူမျိုး စီးပွားရေးလုပ်ငန်းရှင်များနှင့် သူတို့လူမျိုးများကို ... ဖြစ်၏။ လူမျိုးများ၏ အနှောင့်အယှက်ပေးခြင်းမှ ကာကွယ်ရန် မြ... ငွေဖလားကို သူတို့နယ်မြေထဲသို့ ဝင်ရောက် ဗိုလ်မကျစေရန် ရည်ရွယ်...းကွပ်သူပါ လူမိုက်ခေတ်ကို ထူထောင်ခဲ့ကြသည်။

...သူ့ငွေးမှာ ...မဆာ။

ကျော်ဇောထင်ရှားသည့် ကုလားလူမိုက် ခေါင်းဆော...



www.burmeseclassic.com

www.burmeseclassic.com



လူက မောင်ထော်လေးလမ်းမှာ နေထိုင်သည်။

ချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်၍ ထိုစဉ်ကာလ နယ်ချဲ့တို့၏ အုပ်ချုပ်ရေးအသိုင်းအဝိုင်းတွင် ဝင်ဆန့်သူ ဖြစ်သည်၊

ရန်ကုန်ပုလိပ်မင်းကြီးအထိ ပေါက်ရောက်သည်၊

မတ်စတီးခန်းက စတီးဘရားသားနှင့် ဆယ်နွယ်သည့် စပါးအရောင်းအဝယ်လုပ်ငန်းကြီးကို လုပ်ကိုင်နေသူ၊

စပါးသယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အဓိကကျသည့် စီ၊ ဘီများပိုင်ဆိုင်သူ။

ကမာရွတ်တွင်ရှိသည့် မတ်စတီးဈေးကြီးကို ပိုင်ဆိုင်သူ။

ကြည့်မြင်တိုင် ဈေးကြီးလမ်းဟု အစွဲပြုခေါ်ဝေါ်ရသည့် စူရတီဘဇားဈေးကြီး၏ အစုရှယ်ယာပိုင်ရှင်၊

မျ အစဦးပိုင်းက သူ၏ လုပ်ငန်းများကို အကာအကွယ်ရဖို့အတွက် ုလားလူမိုက်များကို လက်သပ်မွေးထားခဲ့သည်။

ထိုမှ တစ်စ တစ်စ တပည့်တပန်းတွေများလာပြီး လူမိုက်ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံလာရသည်မှ နေရာတကာတွင် သြဇာသက်ရောက်မှုကို မိန့်မောလာသည်။

ကုလားသူဌေးများထံမှ လက်ဆောင်ပစ္စည်းအစ ဆက်ကြေးပါပေးပြီး သူ၏ အကူအညီကို ရယူလာကြရသည်။

နေရာတကာမှာ ဝင်ဆန့်သူ ဖြစ်လာသည်။ ထိုအပေါ်တွင် သာယာမိန့်မောလာသည်။ တကယ်တော့ သူက ကိုယ်တိုင် လုပ်ရဲ ကိုင်ရဲ သတ္တိကောင်း၍ ထင်ပေါ်လာသူ ဖြစ်လာသည် မဟုတ်။

တပည့်တပန်း အသိုင်းအဝိုင်းကောင်းခြင်းနှင့် အုပ်ချုပ်သူအပိုင်းအထိ ဝင်ဆန့်သောကြောင့် ထင်ပေါ်လာသူ ဖြစ်လာသည်ပါ။

စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း) မှ သိမ်ကြီးဈေးအထိ သူပိုင်နက်ြ်မြေ ဖြစ်လာသည်၊

မဲ့မြသူ ကြီးစိုးထားသည့် နယ်ပယ်အဖြစ် ထင်ရှားလာသည်၊ မတ်စတီးလမ်းအဝါမှာလည်း တောက်ထင်လာသည်၊ သူ၏ အမည်မှာ မဟုတ်… ဖြစ်လာသည်၊

လူကိုယ် အင်္ဂလိပ်တို့က သူတို့၏ စစ်ဗိုလ်ကြီးအမည်ကို အစွဲပြု၍ ကမည့်တာပ မည်သည်ပင် သူ၏အမည်နှင့် အစားထိုး အသိအမှတ်





ပြုခံလာရသည်။

အင်္ဂလိပ်တို့ပေးထားသည့် လမ်းအမည် 'စကင်းမောင်ထော်လေးလမ်း'

နောက်ပိုင်း လူအများ၏ အသိအမှတ်ပြု ခေါ်ဝေါ်လာသည့် လမ်းအမည်မှာ 'မတ်စတီးလမ်း'

သူနေထိုင်သည့်လမ်းကို သူ၏အမည်ဖြင့် အခေါ်အဝေါ်ပြုလာသည်အထိ သူ၏ အရှိန်အဝါ တောက်ထည်လာသည်။

သူက အနေအထိုင် အလွန်ထည်ဝါသည်၊ ဂျိမ်းစဘွန်းဇာတ်ကားတွင်ပါဝင်သည့် ရွှေဦးထုပ်မျိုးကို သူက အဲဒီ ကတည်းက ဆောင်းခဲ့သူပါ။

တကယ် ဟုတ်မဟုတ်ဆိုသည်ကိုတော့ အတိအကျ မပြောနိုင်။

ရွှေဦးထုပ်ဆောင်းသည်ဟု ပြောစမှတ်စကား ဖြစ်တည်ခဲ့သည်ျားကို

သူညနေဘက် လေညင်းခံထွက်သည့်အခါ မြင်းလေးကောင်ဒေါက်ကပ်ရထားကြီးစီး၍ လေညင်းခံထွက်သည်။

ထိုခေတ်က မော်တော်ကားစီးနိုင်သည်ထက် ဒေါက်ကပ်စီးနိုင်သည်ကပို၍ ဂုဏ်ရှိန်မြင့်ထည်သည်၊ မော်တော်ကားထက် မြင်းလေးကောင်တပ်ဒေါက်ကပ်က ပို၍ စရိတ်က ကြီးမြင့်သည်။

လူအများ၏ အာရုံစိုက်ခြင်းကို ပိုမိုခံရ၍ အထင်ကြီးမှုကိုလည်း ပို၍ခံရသည်၊

သူ၏ ဒေါက်ကပ်မောင်းသူမှာ မဟာရာဂျာစော်ဘွားများ ဝတ်စားဆင်ယင်ပုံမျိုး ဝတ်ဆင်၍လည်းကောင်း၊ ဥရောပတိုက်သားတို့၏ ခန့်ထည်သော ဝတ်စားဆင်ယင်ပုံမျိုး ဝတ်ဆင်၍လည်းကောင်း ဝတ်စားဆင်ယင်ပြီးမောင်းရသည်၊

ဒေါက်ကပ်မောင်းသူကား အဲဒီလောက် ထည်ဝါနေမှတော့ ဒေါက်ကပ်စီးသူ ဘယ်လောက် ထည်ဝါနေလိမ့်မည်ကို အထူးပြောစရာ မလိုအောင်ထည်ဝါနေ လိမ့်မည်သာပါ၊

တစ်ခါတရံ အမိုးဖွင့်ကားကို စီး၍လည်း ကန်တော်ကြီးကိုပတ်၍လည်းလေညင်းခံတတ်လေ့ရှိသည်၊

လူမိုက်ဘွဲ့ခံ မတ်စတီးခန်းက အဲဒီလိုမျိုး အနေအထိုင် ထည်ဝါသူဖြစ်၏၊ ဓောင်းမှာအကွပ်၊ လူမှာအဝတ် ဆိုရိုးစကားရှိသည်၊ သူက ငွေဖလားကိုရွှေနားကွပ်အဆင့်၊ ထိုထက်သာလွန်၍ ရွှေဖလားကို စိန်နားကွပ်သူပါ၊

မတ်စတီးခွန်းနှင့်ခေတ်ပြိုင် လူမိုက်ဘွဲ့ခံ ကုလားသူဌေးမှာ မန်မဆာ၊



www.burmeseclassic.com

www.burmeseclassic.com

မန်မဆာက မတ်စတီးခန်းလောက် နာမည်သတင်း အရှိန်အဝါမကြီး ပေ လည်း ရန်ကုန်အရှေ့ပိုင်းမှာ သူကလည်း တစ်ဗိုလ်တစ်မင်း လုပ်နေနိုင်သူ ဖြစ်၏။

သော်မဆင်မှာ တိုက်တာနှင့် အကျအန နေသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် ရထားလုံး အများအပြား ပိုင်ဆိုင်သည်။

ခေတ်အခါလိုက် ဂုဏ်ရည်လည်သူများ နေထိုင်သည့် သော်မဆင်နှင့် ဗိုလ်တစ်ထောင်မှာ အငှားချထားသည့် တိုက်တာအိမ်ခြေများ ပိုင်ဆိုင်သည်။

ရန်ကုန်မြို့ထဲမှာ ပြေးဆွဲနေသည့် ရထားလုံးလုပ်ငန်းအတွက် တပည့်ကမိက်မွေးရင်းကနေ နောက်ပိုင်း ကိုယ်တိုင် လူမိုက်ခေါင်းဆောင် ဖြစ်လာသူ။

မတ်စတီးခန်းလောက် မကျော်ကြားပေမယ့် မန်မဆာဆိုသည့် နာမည်ပ်အမှတ်ပြုခံရလောက်အောင်တော့ ထင်ပေါ်ခဲ့သည်။ လမ်းမတော်ဖိုးတုတ် လူမိုက်ဘွဲ့ခံခဲ့သည်မှာ စတီးစကင်းခန်တို့ မန်မဆာတို့နှင့် ဆယ်နွယ်သော အကြောင်းအခြေခံလည်း ပါသည်။ ကုလားလူမိုက်များ ရန်ကုန်မြို့ကို ခါးဆောင်းတင်ပြီး စိုးမိုးခြယ်လှယ် နေသည်ကို ဖိုးတုတ်က မခံချင်။မြန်မာလူမျိုးတွေ သွေးမကောင်းလို့ သတ္တိနည်းလို့ သူတို့က ဗိုလ်ကျခွင့်ရနေတာလား။

မြန်မာ့လူမိုက်တွေ ရှိပါလျက်ကနဲ့ ကိုယ့်ရပ်ကွက်လောက်မှာပဲ နယ်ကျဉ်းခံပြီး နေနေတာ သူတို့အရှိန်အဝါကို ကြောက်လို့လား။

မတ်စတီးခန်းတို့ နယ်မြေထဲကို ဘာလို့ မတိုးရဲတာလဲ။

လမ်းမတော်ဖိုးတုတ်က ဒါကို မကျေနပ်ခံပြင်းသည့် စိတ်ဓာတ်အခြေခံနှင့် လူမိုက်လောကထဲသို့ တိုးဝင်ခဲ့ခြင်း ဖြစ်သည်။ မတ်စတီးခန်း၏ ညာလက်ရုံး နာမည်ကြီး ကုလားလူမိုက်တစ်ယောက် ဖြစ်သူ မာမွတ်ကို စပြီး ဖြိုခဲ့သည်။ ပန်းဆိုးတန်းနှင့် မဂိုလမ်းကြား နယ်မြေမှာက မာမွတ်ကို ဖိန့်ဖိန့် တုန်အောင် ကြောက်ကြရသည်။ မာမွတ်က မတ်စတီးခန်း လက်ထက်မတိုင်မီကတည်းက လူမိုက်အဖြစ် ကြီးစိုးနေသူ။

နောက်ပိုင်း မတ်စတီးခန်းက လက်ရုံးတပည့်အဖြစ် မွေးလိုက်ရာမှ ဆရာဖြစ်သူ၏ အရှိန်အဝါနှင့် ပို၍ ဇက်ရဲလဲက်ရဲ ဗိုလ်ကျစိုးမိုးလာသည်။

ကိုဖိုးတုတ်က နောင် သူ့တပည့်ဖြစ်လာသူ သောင်းတင်ဆိုသူနှင့် နှစ်ယောက်ပေါင်းပြီး မာမွတ်နယ်မြေ ပန်းဆိုးတန်းသို့ဝင်၍ မူလီခေါင်းတပ်ကြိမ်တုတ်နှင့် မှတ်လောက်သားလောက်ဖြစ်အောင် နှက်ခဲ့သည်။

မာမွတ်တ သူ့ကို ဘယ်သူဝင်နှက်သွားမှန်းပင် မသိလိုက်။ ကိုဖိုးတုတ်





ကလည်း နာမည်မခံ။ ခံလို့လည်း မဖြစ်။ မတ်စတီးခန်းက ပုလိပ်အဖွဲ့အပေါ် ဩဇာသက်ရောက်မှု ရှိနေသော ကြောင့် နာမည်မခံရဲ။

ထို့ကြောင့်. . .

ကိုဖိုးတုတ်က ပေါ်ထင်ရေးကို ဦးမတည်ဘဲ လုပ်စရာရှိတာကို သိုသိုသိပ်သိပ် ပိပိရိရိ လုပ်ခဲ့ခြင်း ဖြစ်၏။

ခံလှည့်မရှိ။

လုပ်လှည့်သာရှိခဲ့သည့် မာမွတ်မှာ မမျှော်လင့်ဘဲ ခံချက်နှင့် ကြုံတွေ့လိုက်ရသည့်အခါ ဖျားသွားသည်။

ဗိုလ်ကျသည့် ထီမထင်လုပ်ရပ်များ အရှိန်တန့်သွားသည်။

လမ်းမတော်ဖိုးတုတ်က သည်နည်းဖြင့် သူတို့အုပ်စုဝင် လူမိုက်များကို တစ်ယောက်ပြီးတစ်ယောက် ဖြိုခဲ့သည်။

အဲဒီတုန်းက တပည့်တပန်းအားကိုးနှင့် လုပ်ခဲ့ခြင်းမဟုတ်ဘဲ တစ်ကိုယ်တော် ကြဲခဲ့ခြင်း ဖြစ်၏။

ထိုစဉ်က လမ်းမတော်အပိုင်မှာ နာမည်ကြီးနေသည့် မြန်မာ့လူမိုက်ကြီးတစ်ယောက် ရှိသည်။

ပုဏ္ဏားဘကွန်း။ ပုဏ္ဏားဘကွန်းက ကိုယ်တိုင်လည်း ဇရှိသည်။တပည့်တပမ်း အင်အားလည်း ကောင်းသည်။ အဲ့ဒီအချိန် ကိုဖိုးတုတ်မှာလည်း တပည့်တပမ်း အသင့်အတင့်ရှိနေပြီ။ ပုဏ္ဏားဘကွန်းလောက်တော့ အသိုင်းအဝိုင်း မကောင်းသေး။ ပုဏ္ဏားဘကွန်းမှာ မတ်စတီးခန်းနှင့် လက်ဝါးချင်းရိုက်ထားသူ။ ဒါကြောင့် ကိုဖိုးတုတ်က ပုဏ္ဏားဘကွန်းကို ရှင်းပြမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ပုဏ္ဏားဘကွန်းကို မရှင်းလျှင် နယ်မြေတစ်နယ်မြေတည်းမှာ ဗိုလ်နှစ်ဗိုလ် ဖြစ်နေမည်။

ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် အောင်းရိုး ထုံးစံမရှိ။ ကိုဖိုးတုတ်က စတင်၍ စိန်ခေါ်လိုက်သည်။ ပုဏ္ဏားဘကွန်းက ကျလူ။ ကိုဖိုးတုတ်က တက်လူ။

တစ်နေ့. . .

ကိုဖိုးတုတ်က ပုဏ္ဏားနေသည့် ဆယ့်တစ်လမ်းထဲသို့ တစ်ယောက်တည်း ဝင်သွားပြီး ပုဏ္ဏားအိမ်ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။

"ပုဏ္ဏား အောက်ကိုဆင်းခဲ့၊ ကျုပ် တစ်ယောက်တည်း လာတယ်။ ခင်ဗျားလည်း တစ်ယောက်တည်း ဆင်းခဲ့၊ ခင်ဗျားနဲ့ ကျုပ်သွေးစမ်းရအောင်"


www.burmeseclassic.com

www.burmeseclassic.com



သုံးခါတိတိ ခေါ်သည်။

ပုဏ္ဏားဘကွန်း ဆင်းမလာ။

တကယ်တော့ ပုဏ္ဏားဘကွန်းကလည်း သွေးနီသူ တစ်ယောက်ပါ။

ဒါပေသိ ရုတ်တရက် မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရုတ်တရက် ဘာလုပ်ရမည် မဆုံးဖြတ်နိုင်ဘဲ ကြောင်သွားခြင်း ဖြစ်၏။

ကျလူနှင့် တက်လူဆိုသည်ကလည်း သူ၏ခြေလှမ်းများကို တုံ့ဆိုင်းသွားစေခဲ့သည်။

သုံးကြိမ်တိတိခေါ်လို့ ဆင်းမလာသည့်အဆုံး. . :

"ခင်ဗျားကြီး လူမိုက်ပုဏ္ဏားမှ မဟုတ်ဘဲ၊ ဆန်တောင်းတဲ့ ပုဏ္ဏားပဲ၊ လမ်းမတော်အပိုင်မှာ လူမိုက်က ခင်ဗျားမဟုတ်တော့ဘူး။ ကျုပ် ဖြစ်သွားပြီ ဒီကနေ့ကစပြီး ကျုပ်နာမည် လမ်းမတော်ဖိုးတုတ်"

အဲဒီလို အပြတ်ပြောပြီး ခပ်အေးအေးပင် ပြန်ထွက်ခဲ့သည်။

ထိုဖြစ်စဉ်သတင်းမှာ လမ်းမတော်နယ်မြေတွင် ချက်ချင်း ပြန့်ကားသွားသည်။ တစ်ဆင့်စကားက နိယာမထုံးစံအတိုင်း ဖြစ်စဉ်ထက်ပို၍ ကျယ်ကားသွားသည်။ အဲဒီကစပြီး လမ်းမတော်ဖိုးတုတ်ဆိုသည့် နာမည် တစ်လုံး ဖောင်းထွက် လာခဲ့သည်။ လူမိုက်သွေးကြွ ဂုဏ်ရှိသူတွေ သူ့ထံ ပိုလ်ဝင်ခံ လာကြသည်။ အဲဒီအချိန်က လမ်းမတော်ဖိုးတုတ်နှင့် မရှေးမနှောင်း ခေတ်ပြိုင် နာမည် ထွက်လာသူမှာ ဗိုလ်တစ်ထောင်ငမိုး။ ဗိုလ်တစ်ထောင်ငမိုးကလည်း ခေသူမဟုတ်။ မိုက်သွေးကြွသည့် နေရာတွင် ဂုဏ်ကြီးသူဖြစ်၏။

လမ်းမတော်ဖိုးတုတ် ခေတ်ထလာသည့်အခါ မတ်စတီးခန်း မှေးမှိန်သွားသလို၊ ဗိုလ်တစ်ထောင်ငမိုး ခေတ်ထလာသည်တွင် မန်မဆာ နာမည် ပျောက်သွားသည်။ မတ်စတီးခန်း၊ မန်မဆာ ဟူသည့် ကုလားလူမိုက်ကြီး နှစ်ယောက်နေရာတွင် လမ်းမတော်ဖိုးတုတ်နှင့် ဗိုလ်တစ်ထောင်ငမိုးတို့ နှစ်ယောက် နာမည်ကျော်ထွက်လာသည်။ နယ်မြေခြင်းက တခြားစီမို့ ဂူတင်ဂူထဲ ခြသေ့်နှစ်ကောင် အောင်းသည့် ပြဿနာ မပေါ်။ သူ့နယ်နှင့်သူ တစ်ဂိုဏ်းတစ်မင်း လွှမ်းမိုးကြီးစိုးခဲ့ကြသည်။ သူတို့နှစ်ယောက် နာမည်ကြီးတာ တူညီပေမယ့် စရိုက်လက္ခဏာချင်းတော့ မတူ။

လမ်းမတော်ဖိုးတုတ်က ကုလားလူမိုက်များ၏ ကြီးစိုးမှုကို မခံချင်သောကြောင့် လူမိုက်လောကထဲသို့ ဝင်ရောက်ခဲ့သူ။

ဗိုလ်တစ်ထောင်ငမိုးက ငယ်စဉ်ဘဝ အခြေအနေယိုင်နဲ့ခဲ့ရာမှ ထင်ရာ





စွတ်လုပ်တတ်သော သူ၏ ပင်ကိုပါ ညာဉ်ဆိုးကြောင့် လူမိုက်အဖြစ် အသိ အမှတ်ပြုခံရသူ။

မောင်မိုးက စနေသား။

မောင်မိုးဆိုသော အမည်မှာ နေ့သင့်နံသင့် မှည့်ခေါ်သည့် 'စုဋ္ဌ' အမည်မဟုတ်။

ချစ်စနိုးခေါ်ဝေါ်ရာမှ သေရာပါ နာမည်ဖြစ်သွားသည့် 'အနတ္တသညာ' အမည်ဖြစ်၏။

ဗိုလ်တစ်ထောင်ဘုရားပွဲတွင် နာမည်ကြီးရုပ်သေးပွဲ ကပြနေသည်။

ထိုနေ့ညက ကပြမည်ဟု ကြော်ငြာထားသည့် ဇာတ်ထုပ်မှာ ငမိုးရိပ် မိကျောင်းဇာတ်ထုပ်။

ရှေ့ပွဲလာပရိသတ်တို့ အလွန်စွဲမက် ကြိုက်နှစ်သက်သည့် ဇာတ်ထုပ်။

နေ့စဉ် လစဉ် ကိုယ်ဝန်အရင့်အမာကြီး လွယ်ထားရသူ မဖုံဖုံမှာ ခင်ပွန်းဖြစ်သူနှင့် အိမ်နီးနားချင်း မိတ်ဆွေသင်္ဂဟများ တားမြစ်သည့်ကြားထဲက ဝါသနာကို မတားနဲ့တော့ရှင်၊ မဖုံဖုံမှာ ပွဲခင်းထဲသို့ ရောက်နေခဲ့သည်။

ရှင်ဘုရင်နှင်ဝန်ကြီးများ တိုင်းပြည်တည်ပြီး ကြပြီ။

ဗိုက်ထဲက တစစ်စစ်နာလာပေမယ့် မဖုံဖုံက အိမ်ပြန်ဖို့ လုံးဝစိတ်မကူး။

အဲသည့်အချိန် ခင်ပွန်းဖြစ်သူ ကိုဖိုးခင် ပွဲထဲသို့ရောက်နေသည်။

သို့စေကာမူ သူတို့နှစ်ယောက်မှာ တစ်ကွဲတစ်ပြားစီ ရှိနေကြသည်။

ငမိုးရိပ်မိကျောင်းက လူယောင်ဖန်ဆင်းလျက် ရေခင်းသူမယ်ပွင့်နှင့် တွေ့ပြီး ကြည်နူးဆွတ်ပျံ့ဖွယ်ရာ နှလုံးသားစကားထာ ဖွဲ့နေချိန်အရောက် မဖုံဖုံဗိုက်ထဲက ကျွမ်းသူပုန် ထလာသည်။

မဖုံဖုံက ဇွဲတင်းကြည့်သေးပေမယ့် ပွဲခင်းထဲမှာ ဆက်နေလို့ မရတော့။

အဖော်များ အကူအညီနှင့် အိမ်ကို အသော့ ပြန်နှင်ခဲ့ရသည်။

အိမ်အရောက် ရေမြွှာပေါက်ပြီး သားယောကျ်ားလေးတစ်ယောက် လူ့ပြည် ရောက်လာသည်က စနေနေ့သို့ အဝင် မနက်သုံးနာရီ။

ကိုဖိုးခင်မှာ အိမ်ပြန်မရောက်သေး။ ပွဲခင်းထဲမှာပင် ရှိနေသေးသည်။

ငမိုးရိပ်ဇာတ်ထုပ်ထဲမှ. . .

"မောင်ကြီးနဲ့ နှမလေးတို့ တစ်ယောက်နဲ့တစ်ယောက် မမြင်ရ မတွေ့ရရင် မနေနိုင်အောင် ချစ်သူတွေဖြစ်ကြပေမယ့် မောင်ကြီးရဲ့မျိုးရိုးဇစ်မြစ်ကို နှမလေးမသိသေးသမို့ နှမလေး သိပါရစေလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နှမလေးသိချင်လှမှတော့ မောင်ကြီးက မပြောဘဲနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြောရတော့မှာပေ့ါ၊ မောင်ကြီးက ဟောဒီ ဗိုလ်တစ်ထောင် ခြင်ထောင်တန်းက ကျောက်ကုန်သည် မောင်မိုးပါ နှမငယ်"

အမှန်တော့ မင်းသားကြီးဆွဲပြောလိုက်သည်မှာ ဇာတ်စကား မဟုတ်ပါ။

ဗိုလ်တစ်ထောင်တွင် ကပြနေသည့်ပွဲဖြစ်သမို့ ဗိုလ်တစ်ထောင်ပွဲကြည့် ပရိသတ်အကြိုက် ထွင်လုံးထုတ်၍ ဗိုလ်တစ်ထောင် ခြင်ထောင်တန်းက မောင်မိုးပါတဲ့ဟု ပြောလိုက်ခြင်း ဖြစ်၏။

ထိုအချိန်တွင် မဗုံဗုံ မီးဖွားသတင်းပြောဖို့ ကိုဖိုးခင်ကို လာရှာသူနှင့် ကိုဖိုးခင်တို့တွေ့ပြီး ကိုဖိုးခင် အိမ်ပြန်လိုက်လာသည်။

သားယောကျ်ားလေးဆိုကတည်းက ကိုဖိုးခင်မှာ သူ့သားနာမည်ကို ရွေးပေးလိုက်သည်။ အန္တွတ္တသညာနာမည်၊

လူမိုက်ဟု အများက အသိအမှတ်ပြုလာသောအခါ 'ကို'တို့ 'ဦး'တို့ ထိပ်ကမတပ်ဘဲ စရိုက်နှင့်ညီထွေစွာ ဗိုလ်တစ်ထောင် ငမိုးဟု ခေါ်ခဲ့ကြသည်၊

မောင်မိုးက ရုပ်ရည်ကြည်လင်သန့်ပြန်သည်၊

လူချောကြီးဟု မဆိုသာပေမယ့် နှစ်လိုဖွယ်ရာ အဆင်းအင်္ဂါနှင့် ပြည့်စုံ၍ လူရည်သန့်သည်၊ သတ္တိကောင်းသည်။ မဟုတ်မခံစိတ် ရှိသည်၊

မတရားမှုကိုတွေ့လျှင် ကိုယ်နှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် ပါဝင်ပတ်သက်တတ်သည်။ ဒါက ကိုမိုး၏ ပင်ကိုစရိုက်၊

ကိုမိုးက လမ်းမတော်ဖိုးတုတ်လို လူမိုက်လုပ်ဖို့ ရည်ရွယ်ချက်လည်းမရှိ၊

အများက လူမိုက်အဖြစ် အထင်ရောက်လာသည့် အပြုအမူမျိုးကိုလည်း မလုပ်ခဲ့။ လူမိုက်သွင်ပြင် ဟန်ပန်လည်း မဆောင်ခဲ့၊

လူငယ်ဘာဝ ချစ်သူအတွက် မခံချင်စိတ်ဖြင့် တဇွတ်ထိုး၊ တဇောက်ကန်းလုပ်မိခဲ့ရာမှ လူမိုက်ဟု အသိအမှတ်ပြုခြင်းကို ခံလိုက်ရပြီး မကောင်းသောဘဝလမ်းကြောင်းပေါ်သို့ ရောက်ခဲ့ရ၊ လျှောက်ခဲ့ရသူ ဖြစ်၏၊

မိခင်ဖြစ်သူက ဘိုကလေးဈေးထဲမှာ ငါးခြောက်မျိုးစုံ၊ ပုစွန်ခြောက်ဆိုင်ဖွင့်ထားသည်။

မောင်မိုးက မိခင်ဖြစ်သူထံသွားရင်း ဈေးထဲသို့ မကြာခဏ ရောက်သည်၊

မမြသစ်တို့ သားအမိက ဆန်တန်းမှာ ဆန်ရောင်းသည်၊

မိခင်ဖြစ်သူ၏ဆိုင်ကိုသွားတိုင်း မမြသစ်တို့ ဆိုင်ရှေ့က ဖြတ်သန်းရစမြဲ ရှိသည်၊





ကိုမိုးကို တန်းတန်းစွဲခင်မင်သည့် စိတ်တူကိုယ်တူ ရင်ဘတ်ပေးမပါဝင်သည့် သူငယ်ချင်းတစ်ယောက် ရှိသည်။

ဘဦး ခေါ် အလိန်၊ အလိန်က သူဌေးသား၊ မိဘတွေက ချမ်းသာသည်၊

နိုင်ငံခြားပို့ ဆေးပြင်းလိပ်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာခဲ့ကြသည်၊

စစ်မဖြစ်မီကာလက ထိုလုပ်ငန်းမှာ ပေါ့ပေါ့သေးသေး လုပ်ငန်းမဟုတ်၊

လုပ်ငန်းကြီး စာရင်းထဲ ဝင်သည်၊

နိုင်ငံခြားမှ စီးကရက်ကို လူတိုင်းဖောဖောသီသီသောက်နိုင်သော်လည်း ဆေးပြင်းလိပ်ကိုမူ လူတစ်ရာမှ ဆယ်လောက်သော်မှ ပုံမှန်မသောက်နိုင်ကြ၊

လုပ်ငန်းရှင် သူဌေးကြီးများသာ သောက်နိုင်ကြသည်၊

အလိန်မိဘများပို့သည့် ဆေးပြင်းလိပ်များမှာ ရောင်းတန်းဝင်၍ လူကြိုက်များပြီး ဈေးကောင်းရသည်။

အလိန်က သွေးချင်းလေးယောက်တည်းမှာ တစ်ဦးတည်းသောယောကျ်ားလေး၊ သူ့ကိုမွေးပြီး စီးပွားပိုတက်လာသောကြောင့် အရမ်းအလိုလိုက်ထားသည်။ ရွှေလက်ပတ်ကြိုး၊ စိန်လက်စွပ်၊ ရွှေကြိုးကိုပင် အရွယ်နှင့်မလိုက်အောင် ဆင်ပေးထားသည်။ မုန့်ဖိုးဆိုလည်း လက်ဝါးဖြန့်တိုင်း ရနေသည်။

အဖေကတလှည့်၊ အစ်မနှစ်ယောက်က တစ်လှည့်ဖြင့် အလျှံပယ်ရနေသည်၊ ရှေးရေစက်ကြောင့်လား မသိ။ အလိန်က မောင်မိုးကို အရမ်းခင်သည်၊ တန်းတူရည်တူ ပေါင်းသည်၊ အဝတ်အစားကအစ မောင်မိုးကို ဝယ်ခြမ်းပေးသည်။ မောင်မိုး လူမိုက်မဖြစ်ခင်ကတည်းကပင် သူတို့နှစ်ယောက်ပေါင်းသင်းမှုမှာ ခိုင်ကြည်ခဲ့သည်၊

မောင်မိုးကို တစ်ယောက်တည်း မတွေ့ရတတ်သလို၊ အလိန်ကိုလည်း တစ်ယောက်တည်း မတွေ့ရတတ်၊

သူတို့နှစ်ယောက်မှာ အမြဲတမ်း တပူးတွဲတွဲ ရှိကြသည်၊

မောင်မိုး မမြသစ်တို့ဆိုင်ရှေ့က ဖြတ်သွားတိုင်း မကြာခဏဆိုသလို မျက်လုံးချင်း ဆုံမိခဲ့ရာမှ သွေးသစ်တက်စ မမြသစ်၏ ရုပ်ပုံလွှာမှာ မောင်မိုး၏ မျက်စိထဲတွင် စွဲထင်သွားသည်။

တစ်ယောက်က လူပျိုပေါက်စ၊ စိတ်ကစားတတ်စအရွယ်၊ တစ်ယောက်က ကပျိုဖြန်း၊ စိတ်သဝေထိုးတတ်စအရွယ်။

မမြသစ်ကလေးက အချောအလှကြီး မဟုတ်ပေမယ့် ဖြူဖွေးသောအသား၊ အပြုံးလှသော သွားတက်ကလေးနှင့် ရှိုးရှိုးယဉ်ယဉ် အလှရုပ်ထင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးကလည်း ရုပ်ရည်မခေ။

လူချောတစ်ယောက် မဟုတ်ပေမယ့် မိန်းကလေးတို့ စိတ်ဝင်စားစေသည့် ရုပ်ဆင်းအင်္ဂါ ပြည့်စုံသည်။

အလိန်ကလည်း မောင်မိုးကို တင့်တယ်လျောက်ပတ်သော အဆင့်ထက် သာလွန်သည့် ဝတ်စားဆင်ယင်မှုကို ပံ့ပိုးပေးရုံမက ရိုးတိုက်မှာရောင်းသည့် ဆယ့်လေးကျပ်တန် အယ်လ်ဂျင် ရွှေရောင် နာရီလေးတစ်လုံးကိုပါ ဝယ်ပေးခဲ့သည်။

တောင်းမှာ အကွပ်၊ လူမှာအဝတ် ဆိုစကားအတိုင်း မောင်မိုးကလည်း လူလိတ်တန်းစား သားသမီးများ ဝတ်ဆင်မှုအဆင့်ကိုမီအောင် ဝတ်ဆင်နိုင်ခဲ့သည်။

မောင်မိုးက အခွင့်အရေးရတိုင်း မမြသစ်အပေါ် စိတ်ဝင်စားမှုကို မျက်လုံးအထာနှင့်တစ်မျိုး၊ နှလုံးသားပုံရိပ်အမူအရာနှင့်တစ်သွယ်၊ စကားပြောသော အပြုံးအမျိုးမျိုးဖြင့် တစ်ဖုံ ချစ်နေမိကြောင်း သိပါစေကြောင်း ပြသခဲ့သည်။

တစ်ခါတရံသာ နှုတ်ခမ်းစုဝန်းသည်က လွဲလို့ မမြသစ် မျက်နှာမလွှဲ။

သူမဘက်ကလည်း လိုက်လျော အထာသဘောကို အပျိုဖျန်းလေးတို့၏ အတတ်ပညာဖြင့် တုန့်ပြန်ခဲ့သည်။ ထိုမှ တဆင့်တက်၍ ချစ်သဝဏ်လွှာပါး သည်။ ဟင့်အင်း အမူအယာပြပေမယ့် ဆန်တောင်းထဲက စာခေါက်ကလေးကို လျှင်လျှင်မြန်မြန် လက်ကစား၍ ယူလိုက်သည်။

သူတို့နှစ်ယောက်ကြားမှာ နားလည်မှုအပြည့်အဝ ရှိသွားကြသည့်နောက် မောင်မိုးဆိုင်ရှေ့မှာ ရပ်ခွင့်ရသွားသည်။ နေ့ခင်း ဈေးရောင်းပါးချိန်တွင် မမြသစ်အဒေါ်က အိမ်ခဏပြန်တက်သည်။ နေ့စဉ်တော့မဟုတ်။

အဒေါ်ဖြစ်သူ အိမ်ပြန်သောနေ့မျိုးတွင် သူတို့နှစ်ယောက် အပြုံးချင်းချိတ်၍ စကားဖလှယ်ကြသည်။ စကားကြွယ်ကြသည်။

ချစ်တတ်သူတို့က အပေးအယူမျှကြပြီဆိုတော့လည်း ကြည်နူးရင်မြူးစရာတွေ အပြည့်အသိပ်ပေါ့။ တစ်ခါတရံတော့လည်း စိတ်သဘောမတွေ့စရာ မကြည်သာစရာ စိတ်အနှောင့်အယှက်ဖြစ်စရာလေးတော့ ကြားဝင်လာတတ်သည်။

မောင်မိုး ကျောင်းမှန်မှန်မတတ်သည့် ကိစ္စအတွက် မကျေမနပ် ပြောလာသည်။ ဆိုင်ကို မလာဖို့ တားမြစ်စကား ပြောလာသည်။ သူပြောသည်ကို





နားမထောင်ဘဲ တစ်ဘက်လှည့်ပြီး စိတ်ကောက်နေတတ်သည်။

မောင်မိုးကလည်း မောင်မိုးမို့ ပြောစရာ ဖြစ်နေသည်။

နဂိုကတည်းက စာသင်ခန်းကျောခိုင်းကျင့်ရှိသူ မောင်မိုးမှာ မမြသစ်နှင့် ချစ်သူဘဝရောက်ပြီးနောက် စာသင်ခန်းကို လုံးဝနီးပါး ကျောခိုင်းနေလိုက်သည်။

ဒါကိုသိသွားသည့် မြသစ်က ကျောင်းမှန်မှန်မတက်ရင် သူနှင့်နောက်ထပ် မတွေ့တော့ဖို့ ရာဇသံပေးလာသည်။

သူတို့နှစ်ယောက်အကြားမှာ အရင်ကလို ပြေသွယ်ချောမွေ့နေသည်များ တန့်ရပ်သွားသည်။

မောင်မိုးဆိုင်လာလျှင် မြသစ်က လက်ခံစကားမပြော၊ ရှေ့ကဆိုင်ကို ကူးပြီး ရှေ့ကဆိုင်မှာ သွားထိုင်နေသည်။

တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ သွားတိုင်းပင် မြသစ်က စကားမပြော။ သူလာသည်ကို မြင်သည်နှင့် ရှေ့ဆိုင်ကို ကူးသွားသည်။

မောင်မိုးက နဂိုကတည်းက စိတ်မြန်သူဖြစ်သည့်အလျောက် သူ့ကို ဒီလိုလုပ်ရပါ့မလားလို့ သူများဆိုင်ရှေ့မှာ ရှုးရှုးဒိုင်းဒိုင်း သွားလုပ်သည်။

ပြဿနာအစက အဲဒီလို။

အဲဒီနေ့က မပြေမလည် ဖြစ်ခဲ့သည့် ပြဿနာမှာ မြသစ်အဒေါ်ကတဆင့် မြသစ်အဖေနားသို့အထိ ပေါက်ရောက်သွားသည်။

နားမခံသာအောင် အဆူအပူခံရပြီးနောက် ဖခင်ဖြစ်သူက မြသစ်ဆိုင်မထွက်ရဟု တစ်ချက်လွှတ် အမိန့်ထုတ်လိုက်သည်။

အိမ်မှုကိစ္စတာဝန်ယူနေသူ ညီမဝမ်းကွဲလှခင်ကို ဆိုင်ထွက်စေပြီး မြသစ်ကို လှခင်လုပ်ရသည့်ကိစ္စကို ပြောင်းပြီး တာဝန်ယူခိုင်းလိုက်သည်။

မြသစ်မှာ ဆိုင်မထွက်ရရုံမက အပြင်သို့လည်း မထွက်ရတော့. . .။

ဖခင်ဖြစ်သူကို အလွန်ရိုသေကြောက်ရွံ့ရသည့်အတိုင်း မောင်မိုးနှင့် အဆက်အသွယ် ပြန်လုပ်ဖို့ကို လုံးဝ စိတ်မကူးရဲ။

မောင်မိုးက နည်းအမျိုးမျိုးဖြင့် ကြိုးစားကြည့်ပေမယ့် ဘယ်လိုမှ အရာမထင် အကြောင်းမထူး ဖြစ်ခဲ့သည်။

မြသစ်ကိုယ်တိုင်ကလည်း မောင်မိုးကို ယတိမပြတ်သေးသော်လည်း စိတ်ကုန်သလို ဖြစ်နေသမို့ မြသစ်ကိုယ်တိုင်ကလည်း ပြန်လည်ဆက်သွယ်ဖို့ မကြိုးစားတော့။ အသည်းနှလုံးကွဲခံတတ်သည့်နှယ် ခံစားနေရသူမှာ မောင်မိုး။

မောင်မိုးက မြသစ်မှ မြသစ်။ သူငယ်ချင်းအလိန်နှင့် တိုင်ပင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သမျှသော နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားကြည့်သည်။

ဘယ်လိုမှ အကြောင်းထူးမလာ။

စိတ်မထိန်းနိုင်သူ မောင်မိုးက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူဆုံးဖြတ်လိုက်သည်က သူ့ဘဝကို ကပြောင်းကပြန် ဖြစ်သွားကြမည့် ဆုံးဖြတ်ချက်အမှား။

သူငယ်ချင်းအလိန်က တားသေးသည်။

မရ. . . ။

တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ပြီးရင် ဟောဟောဒိုင်းဒိုင်းလုပ်တတ်သည့် စရိုက်အခြေခံရှိသူ မောင်မိုးက စဉ်းစားတွေးခေါ်မှုပိုင်းတွင် အားနည်းသည်။

သူပြုလုပ်သည့်အကြောင်းကနေ တန်ပြန်လာမည့်အကျိုးသက်ရောက်မှုကို အလေးထား စဉ်းစားတတ်သူမဟုတ်။

သူက တုံးဆိုတိုက်၊ ကျားဆိုကိုက်သမား။

လမ်းမတော်ဖိုးတုတ်နှင့် ဗိုလ်တစ်ထောင်ငမိုးတို့ မတူညီသည့် ကွာခြားချက်မှာလည်း ဒါပဲဖြစ်၏။ လမ်းမတော်ဖိုးတုတ်က ခေါင်းသမား။ မကောင်းမှုပြုပေမယ့် အတွေးအခေါ်ရှိသည်။ စဉ်းစားချင့်ချိန် ပိုင်းခြားဝေခွဲမှုရှိသည်။ သူများဟာကို ကျူးကျော်တော့မည်ဆိုလျှင် ကိုယ့်တာကိုယ်လုံအောင်ထိန်းသည့် ပြင်ဆင်မှု လုပ်တတ်သည်။ ဗိုလ်တစ်ထောင်ငမိုးက ရှူးရှူးဒိုင်းဒိုင်းသမား။ လုပ်တော့မည်ဆိုလျှင် ဘာကိုမှ မစဉ်းစား။

အုတ်တံတိုင်းမှန်းသိလျက် ခေါင်းနှင့်တိုက်ရမည်ကို နောက်မတွန့်တတ်သူ။ ဒါကြောင့်လည်း လူမိုက်သက်ဆိုးမရှည်။

ခုကိစ္စတွင် အခွင့်အရေးပေါ်လာမည့် အချိန်ကို စောင့်သင့်ပါလျက် မစောင့်၊ သူလုပ်ချင်တာကို ဇွတ်လုပ်လိုက်သည်။

အုတ်တံတိုင်းကို ခေါင်းနှင့်ပြေးဆောင့်လိုက်သည့်အဖြစ်။

ကျည်ဆန်လာမည့် လမ်းကြောင်းကို ရင်ဘတ်နှင့် ထိုးခံလိုက်သည့် အဖြစ်။

တစ်နေ့. . . ။

ရထားလုံးတစ်စီးငှားပြီး မြသစ်ကို အိမ်ပေါ်မှာ အတင်းတက်ဆွဲသည်။

မြသစ်ဦးလေး ဦးတင်မောင်က ဝင်ရောက်တားဆီးခဲ့ရာ မောင်မိုးက အသင့်ဆောင်လာသည့် ဓားမြှောင်ဖြင့် ထိုးထည့်လိုက်သည်။

ဦးတင်မောင် ပုံလျက်သား လဲကျသွားသည်။





မြသစ်လည်း ဓားသွားအဖြား ခတ်ခံလိုက်ရသည်။

အိမ်တွင်ရှိနေသူများ ကြောက်လန့်တကြား အော်ဟစ်သံများကြောင့် အိမ်နီးပါးချင်းများ ဝိုင်းလာကြသည်။

မောင်မိုးက မဆိုင်သူမကပ်နှင့်ဟု ဓားတဝင့်ဝင့် ကြိမ်းမောင်းပြီး ထွက်ခဲ့သည်။ မည်သူမျှ အနားမကပ်ရဲကြ။

ပုလိပ်တွေက မောင်မိုးတို့အိမ်လာဝိုင်းသော်လည်း မောင်မိုးကို မမိ။

မောင်မိုးကလည်း အဖမ်းမခံ၊ တိမ်းရှောင် ပုန်းအောင်နေခဲ့သည်။

သူငယ်ချင်းဖြစ်သူ အလိန်ကလည်း အစစအရာရာ အကူအညီပေးခဲ့သည်။ မောင်မိုး ကျူးလွန်လိုက်သည့်အဖြစ်မှာ သေးသေးကွေးကွေး အမှုမဟုတ်၊ အဲ့သည့်ခေတ် အချိန်ကာလ ဖြစ်တောင့်ဖြစ်ခဲ အမှုကြီး စာရင်းဝင်သည်။ ဓားထိုးမှု၊ ပိုက်နက်ကျူးလွန်မှု၊ အလိုမတူသော မိန်းကလေးတစ်ဦးကို အဓမ္မ လက်ရောက်ဆွဲမှု။

၃၂၆၊ ၃၇၆၊ ၄၅၂။ နောက်ထပ်တိုးလာသည်က ဝရမ်းပြေးမှု။

ဗိုလ်တစ်ထောင်ပုလိပ်ဌာနတစ်ခုလုံး ယောက်ယက်ခတ်ကုန်သည်။

အလုပ်ရှုပ်ကုန်သည်။ မောင်မိုးတိမ်းရှောင်နေသည်မှာ လေးလရှိပြီ။

သူနှင့်ပတ်သက်သည့် ကောလဟလသတင်းများကလည်း ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ ရောပွမ်းထွက်လာသည်။

တုတ်၊ ဓားပြီးသည်။ ကျည်လွဲသည်။ ကိုယ်ပျောက်သည်။

စသည့် ကောလဟလ သတင်းများဖြင့် မောင်မိုးအမည်ကို ထင်ပေါ်လာစေခဲ့သည်။

နောင် ဗိုလ်တစ်ထောင် ငမိုးဟူ၍ နာမည်ကြီး လူမိုက်ဖြစ်လာစေရန် ဤသို့မှ အစပျိုးခဲ့သည်။

ဗိုလ်တစ်ထောင်ငမိုးအမည်ဖြင့် လူမိုက်လောကတွင် နာမည်ကြီးလာသော်လည်း ဗိုလ်တစ်ထောင်ငမိုး၏ ရပ်ကွက်နေ လူထုအပေါ် စော်ကားမော်ကားမလုပ်ဘဲ ရပ်ကွက်ကို စောင့်ရှောက်ခဲ့သောကြောင့် လူချင်လူခင်များခဲ့သည်။

ဒါပေသိ မြန်မာ့အလင်းအယ်ဒီတာ ဆရာသင်အား သတ်သည့် လူသတ်မှုကို ကျူးလွန်လိုက်သောအခါတွင်မူ လူထု၏ အော့နှလုံးနာ ရွံ့မုန်းခြင်းကို ခံလိုက်ရသည်။ တကယ်တော့ ကိုမိုးက ဆရာသင် ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်သည်ကို သူမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျေးဇူးရှင်အဖြစ် ယုံကြည်ကိုးစားထားသော ပုဂ္ဂိုလ်၏ ခိုင်းစေချက်ကြောင့် ထိုပြစ်မှုကြီးကို ကျူးလွန်ခဲ့ခြင်း ဖြစ်၏။

သူ၏ တွေးခေါ်မြော်မြင်မှုအားနည်းချက်ကြောင့် ထိုပြစ်မှုကြီးကို တဖောက်ကန်း ကျူးလွန်ခဲ့ရာ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ဖြင့် တစ်ကျွန်းသို့ ရောက်သွားခဲ့သည်။

တရားခံတစ်ယောက်ကို ပြစ်ဒဏ်ချမှတ်ပြီးမှ တရားရုံးတွင် အမှုကို တစ်ဖန်ပြန်လည်စစ်ဆေးရသည့် မှုခင်းဟူ၍ အင်္ဂလိပ်လက်ထပ်က ဗိုလ်တစ်ထောင်ဇမိုး၏ အမှုတစ်ခုသာ ရှိခဲ့ကြောင်း မှုခင်းရာဇဝင်တွင် မှတ်တမ်းတင်ခဲ့သည်။

ဆရာသင်သတ်မှုတွင် အသွားစေခိုင်းသူက ဘာမှမဖြစ်ဘဲ အစွယ်ဖြတ်သွားသူက ပြစ်ဒဏ်ထိခဲ့ရသည်။

တရားသည် မတရားသို့နှယ် ဖြစ်ရှိသွား၏။

တရားချိန်ခွင်ညွှာသည် အလှည့်အပြောင်း လမ်းကြောင်းတ အခါက တရားခံဖြစ်သည့် အသွားစေခိုင်းသူကို တရားခွင်သို့ ပြန်တင်ခဲ့သောကြောင့် အစွယ်ဖြတ်သူမှုဆိုးမှာ ကျွန်းဒဏ်မှ လွတ်မြောက်သွားသည်။

လူမိုက်ဘွဲ့ခံထားသည့် ဗိုလ်တစ်ထောင်ဇမိုးနှင့် လမ်းမတော်ဖိုးတုတ်တို့နှစ်ယောက်မှာ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလက ရန်ကုန်မြို့တွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ကြသူ နှစ်ယောက်ဖြစ်၏။

နှစ်ယောက်စလုံး လက်ဖျားငွေသီး ခဲ့ကြသည်။

လမ်းမတော်ဖိုးတုတ်က ဗိုလ်တစ်ထောင်ဇမိုးထက် ပို၍ ဝင်ငွေလမ်းဖြောင့်ခဲ့သည်။

ထိုစဉ်ကာလက လမ်းမတော်၏ တစ်လဝင်ငွေ ဘယ်လောက်ရှိသည်ကို လမ်းမတော်ဖိုးတုတ်မှတစ်ပါး မည်သူမှ အတိအကျ မပြောနိုင်။

သို့တစေ အနီးကပ်ဆုံး ခန့်မှန်းသည်မှ ထွက်လာသည့် အဖြေမှာ. . .

တစ်လသုံးထောင်ထက် နည်းလိမ့်မည်မဟုတ်ဟု တွက်ချက်ခန့်မှန်းကြသည်။

လမ်းမတော်ဖိုးတုတ်၏ အပိုင်းမှာ လောင်းကစားဝိုင်းကြီးတွေ နေ့စဉ် လုပ်သည့် ဟိုတယ်များ၊ ဘိန်းခန်း အသေးအကြီးပေါင်းစုံနှင့် ကုန်စိုကုန်ခြောက် အကြီးအကျယ် အရောင်းအဝယ်လုပ်သည့် ပွဲရုံကြီးများ၊ မြန်မာတစ်ပြည်လုံး အရက်နှင့် အပေါင်ဆိုင်လုပ်ငန်းကို ချုပ်ကိုင်ထားသည့် လိုင်စင်စီကြီးများ၊





သိမ်ကြီးဈေး၊ သံဈေးလို အရောင်းအဝယ် ဖွံ့ဖြိုးသည့် လုပ်ငန်းများ ရှိကြသည်။

အဲဒီလုပ်ငန်းတွေကရသည့် ဆက်ကြေးဝင်ငွေအပြင် ကြည့်မြင်တိုင် စက်ဆန်း ပြေးဆွဲနေသည့် ဘတ်(စ်)ကားများ၊ ဟိုတယ်နှင့်ကစားဝိုင်းများတွင် ဂိတ်ထိုးသည့် တက်စီတန်းများထံ၌လည်း နေ့စဉ် ဆက်ကြေးဝင်ငွေရသည်။

အခြား အမည်မဖော်နိုင်သော လုပ်ငန်းအမျိုးမျိုးက လစဉ်ရသည့် ဆက်ကြေးဝင်ငွေများလည်း ရှိသည်။

တစ်လ သုံးထောင်လောက်ရသည့် ဝင်ငွေမှာ ဖြစ်နိုင်လောက်သည်ဟု တွက်ချက်မှု ကိန်းဂဏန်းထွက်ခဲ့သည်။

ရွှေဒင်္ဂါးတစ်ပြား တစ်ဆယ့်ခြောက်ကျပ်၊ တစ်ဆယ့်ရှစ်ကျပ်ခေတ်လောက်က ဖိုးတုတ်၏ဝင်ငွေ သုံးထောင်ခန့်ရှိသည်ဟု ဆိုကြရာ အတော်များသည့် ငွေကြေးဟု ဆိုနိုင်၏။

သို့တစေ ထိုမျှသောငွေကြေးများကို သူတစ်ယောက်တည်းက သပိတ်ဝင်အိတ်ဝင် ရသည်တော့မဟုတ်။

သူက ခေါင်းကိုင်အဖေ ဂေါ်ဖားသားဆိုတော့ တပည့်တပန်းများ၏ စားဝတ်နေရေးကို သူက လုံးဝ တာဝန်ယူထားရသည်။

သူက ဆက်ကြေးရသလို သူက ပြန်ပေးရသည့် ဆက်ကြေးအမျိုးမျိုးလည်း ရှိပြန်သည်။

အဲ့ဒီ သူက ပြန်ပေးရသည့် ဆက်ကြေးငွေပမာဏမှာ ရာဂဏန်းမဟုတ်၊ ထောင်ဂဏန်းအထိ စာရင်းပေါက်သည်။

ရာဇဝတ်မှုများလိုက်ရာတွင် နာမည်ကြီးသည့် ရှေ့နေကြီးပန်ကာ ဦးအေးကို အမှုလိုက်ခအပြင် ဥပဒေရေးရာကိစ္စ အကြံပေးရသည့်အတွက် လစဉ် ပုံမှန်ဝင်ငွေလည်း ပေးထားရသည်။ မနည်းပါ။

တကယ်တော့ လမ်းမတော်ဖိုးတုတ်က ဆင်သတ်ရသည့် နာမည်ကို ခံရတာပဲရှိသည်။

ဆင်တစ်ကောင်လုံးကို သူကမရ။ ဆင်သတ်ပြီး အရပ် ဝေနေရသူ။

အဲ့ဒီလို ရက်ရက်ရောရောဝေနိုင်လို့လည်း ဥပဒေအပြင်က လူဖြစ်နေပါလျက် ဥပဒေ၏အဆုံးအမကို မခံရဘဲ ကင်းလွတ်ခွင့် ရနေခြင်း ဖြစ်၏။

အမှုလိုက်ရဲအင်စပက်တော် ဦးဟုတ်ဝွမ်သတ်မှုနှင့် ထောင်ထဲ ခဏဝင်ရသည်ကလွဲလို့ အုတ်ရိုးအတွင်း လူအဖြစ် အနေမကြာခဲ့ရ။

လမ်းမတော်ဖိုးတုတ်က ခေါင်းသမား။

www.burmeseclassic.com

ရှေ့နေကြီးတစ်ယောက်ကိုပင် သူ့အတွက် အကြံပေးအဖြစ် လစာပေး၍ လက်တွဲထားခဲ့သည်။ ဗိုလ်တစ်ထောင်မှိုးက ခေါင်းသမားမဟုတ်။

ရှုးရှုးဒိုင်းဒိုင်း စိတ်ထင်သလို တုံးဆိုတိုက်၊ ကျားဆိုကိုက်ခဲ့သည်ကြောင့် အုတ်ရိုးအပြင်မှာထက် အုတ်ရိုးအတွင်းမှာ အနေများခဲ့ရသည်။

နောက်ဆုံး တစ်ကျွန်းသို့ပင် သွားခဲ့ရသည်။

အဲ့ဒီလောက်ဆို သူတို့နှစ်ယောက် ခေတ်ရေစီးကြောင်းအရ ထင်ပေါ်သူဖြစ်ရပ်ဖြစ်ကြောင်း ဖော်ပြချက် ပြည့်စုံလောက်ပါပြီ။

သူတို့နှစ်ယောက်၏ ဘဝနိဂုံးဇာတ်သိမ်းပိုင်းကို ဆက်လက် ဖော်ပြရပါမည်၊ သို့မှသာ မကောင်းသော ပြုလုပ်မှုဖြစ်စဉ်နှင့် ယှဉ်တွဲခဲ့ဖူးသူများ၏ ဘဝနိဂုံးအဆုံးသတ် ဘယ်သို့ရှိသည့်ပုံရိပ်ပေါ်လာမည် ဖြစ်ပါသည်။ မကောင်းမှုပြုခြင်း၏ တုံ့ပြန်မှု အကျိုးသက်ရောက်မှုမှာ တမလွန်အထိ မစောင့်ဆိုင်း၊ ပစ္စုပ္ပန်တည့်တည့်ကြီးမှာပင် မကောင်းသော တုံ့ပြန်မှု အကျိုးကို ပေးတတ်၏။ အရာရာတွင် တုံ့ပြန်မှုဟူသည် ရှိစမြဲ။

ကောင်းသောလမ်းကို လျှောက်လျှင် ကောင်းသောလမ်းဆုံးသို့ ရောက်မည်။ မကောင်းသောလမ်းကို လျှောက်လျှင် မကောင်းသော လမ်းဆုံးသို့ ရောက်မည်။ ဤသည်မှာ နိယာမစစ်မှန်သော သဘောတရားပင်။

ကျွန်းပြန်ကြီး ဦးမိုးမှာ ထောင်က လွတ်လာပြီးနောက် စိတ်ရောကိုယ်ပါ ပြောင်းလဲသွားသည်။

ကျွန်းပြန်ကြီးဟူသော နာမည်တစ်လုံးထပ်တိုးပြီး တပည့်တပန်းတွေက သူ့ကို ယခင်ပုံစံအတိုင်း ဆက်ဆံကြသည်။ငွေကြေးထောက်ပံ့ပေးသူတွေကလည်း ယခင်အတိုင်း အပေးအကမ်း ရှိလာသည်။ သို့တစေ ဦးမိုးက တပည့်တပန်းတွေ ချဉ်းကပ်လာသည်ကိုလည်း ခေါင်းခါလိုက်သည်။

အပေးအကမ်းရှိလာသည်များကိုလည်း လုံးဝ ငြင်းပယ်လိုက်သည်။

အသက်အရွယ် ထောက်လာပြီကတစ်ကြောင်း၊ လာလမ်းဆိုးပေမယ့် ပြန်လမ်းကောင်းရန် ကြိုးစားရတော့မည်ကို ထဲထဲဝင်ဝင် အသိတရားရလာသည်က တစ်ကြောင်းတို့ကြောင့် အတိတ်ကို ပြည်ဖုံးကားချ၍ အနာဂတ်လမ်းကြောင်း အကောင်းဘက်သို့ ဦးတည်ရန် ယတိပြတ်ဆုံးဖြတ်လိုက်သည်။

နှမဖြစ်သူ ဒေါ်အေးမြထံတွင် မှီခိုနေထိုင်ပြီး ပူလောင်သော စည်းဝိုင်းကနေ အေးသက်သော စည်းဝိုင်းထဲသို့ဝင်ရန် ကြိုးစားလိုက်သည်။

ပိတ်ဖြူအကျီ၊ ပိတ်ဖြူလုံချည်ဝတ်လျက် စိပ်ပုတီးကို လက်ကမချဘဲ





သိမ်ကုန်းကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် သီတင်းသုံးရာ ရန်ကုန်ကျောင်းတိုက်တွင် အနေများလာသည်။

ဆရာတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း ဆရာတော်၏ အဆုံးအမ၌ တည်ငြိမ်ရင့်ကျက်လာသည်။

မကောင်းတာမှန်သမျှကိုစွန့်၍ ကောင်းတာမှန်သမျှကို လုပ်ကိုင်နေထိုင်ခဲ့ရာမှ ကိုရင်ကြီး စည်းပါရစေဟု ဆရာတော်ထံ ခွင့်ပန်လျှောက်ထားခဲ့သည်။

ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကိုရင်ကြီးအဖြစ် ဆရာတော်၏ ခြေတော်ရင်းမှာပင် ဆရာတော်၏ အဆုံးအမတွင် တည်၍ နေထိုင်ခဲ့သည်။

ဆရာတော်ကလည်း ဦးမိုးနားလည်လွယ်စေမည့် တရားအဆုံးအမ ပေးခဲ့သည်။

ငါးပါးသီလ လုံအောင်ထိန်း၊ ဒုက္ခကင်းစေပြီလေ။

"ကိုရင်ကြီး. . . အလျင်ဘဝနဲ့ အခုဘဝ ခြားနားချက်ကို ကိုယ်တွေ့ခံစားရပြီ မဟုတ်လား"

"မှန်လှပါ. . . တပည့်တော် ကိုယ်တွေ့ခံစားနေရပါပြီ ဘုရား"

"အေး. . . ငါးပါးသီလ လုံခြုံသမျှ ဆင်းရဲသော်မှ လှလှပပ ရှာ။

ကိုရင်ကြီး ငါးပါးသီလ မထိန်း နိုင်ခင်တုန်းကနဲ့ ခုထိန်းနိုင်ပေါ့ပြီရှိလေရတဲ့ စိတ်အေးချမ်းသာပုံကို သဘောပေါက်ပြီ မဟုတ်လား။ စာပဲ မပြောနဲ့နော်၊ ကိုယ်တွေ့ခံစားမှုအသိနဲ့ ပြော"

"မှန်လှပါ၊ သိပါပြီ ဆရာတော်ဘုရား"

"ဒါဖြင့် ငါးပါးသီလ ချိုးဖောက်ရင် ဘာဖြစ်မလဲ"

"ဒုက္ခပြန်ရောက်ပါ့မယ်ဘုရား"

"အဲ့ဒါ ကြိုးအစပဲ ကိုရင်ကြီး၊ ကြိုးအစကို ရပြီးရင် ကြိုးအစ မပျောက်စေနဲ့"

"တင်ပါ့ဘုရား"

"သူတစ်ပါးကို မကောင်းပြုရင် ကိုယ်ဘာဖြစ်မလဲ"

"မကောင်းမှုကို ခံရပါ့မယ်ဘုရား"

"တကာကြီး ကိုယ်တွေ့ပဲ မဟုတ်လား၊ ခု ကောင်းမှုပြုလုပ်နေတော့ မကောင်းမှု ခံစားရဦးမလား"

"မခံစားရပါဘူး ဘုရား"


www.burmeseclassic.com

www.burmeseclassic.com

“စိတ်မအေးချမ်းဘူးလား”

“အေးချမ်းပါတယ် ဘုရား”

“ခုလို ငါးပါးသီလကို ထိန်းသိမ်းနေတော့ အမှုအခင်းဖြစ်ဖို့ ရှိသေးသလား”

“မရှိတော့ပါဘူး ဘုရား”

“ခု ဆယ်ပါးသီလကိုထိန်းဖို့ ကြိုးစားနေပြီနော်၊ ဒါဆို ထောင်ထဲမှာ တွေ့ခဲ့ရတဲ့ ဒုက္ခမျိုး တွေ့ဦးမလား”

“မတွေ့နိုင်တော့ပါဘူး ဘုရား”

“ကိုရင်ကြီး နားလည်လွယ်မယ့် ဥပမာပြတရားလေး ပေးမယ်။ သေသေချာချာ နှလုံးသွင်းပေတော့”

“သူဆင်းရဲတစ်ယောက်နဲ့ သူချမ်းသာတစ်ယောက် ရှိတယ်။ သူဆင်းရဲက ဘယ်လောက်တောင် ဆင်းရဲသလဲဆိုရင် အလှူဒါနဆိုလို့ ဆန်တစ်ဆုပ်မှတောင်မှ မလှူနိုင်ရှာဘူး။ ဒါပေမယ့် သူက ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုဘယ်။ မပေါက်မကြားအောင် ထိန်းသိမ်းနိုင်တယ်။ သူချမ်းသာကတော့ ရောက်လာဒါကို ပေးလှူနိုင်သလို မတွန့်မဆုတ်လည်း ပေးလှူခဲ့တယ်။ အလှူလမ်းဆုံ၌ လက်နဲ့မကွာ ပေးလှူခဲ့ပေမယ့် ငါးပါးသီလကို လက်အကြနဲ့ ရေခံကျွံကျိုးပေါက်ခဲ့တယ်။ သေလွန်တဲ့အခါကျတော့ သူတို့နှစ်ယောက်စလုံး ပြောင်လှည်ရောက်ကြတယ်။ နတ်တို့ခံစားရတဲ့အဆင့်ကျတော့ သူဆင်းရဲကဦး သူချမ်းသာက နိမ့်ကျသွားတယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုသူ့ဂုဏ်တဲ့ သူဆင်းရဲက ဘုံဗိမာန်ရတဲ့ နတ်သားဖြစ်သွားတယ်။ အလှူရေစက်လက်နဲ့မကွာပေးကမ်းလှူဒါန်းခဲ့ပေမယ့် ငါးပါးသီလ မလုံခြုံတဲ့ သူချမ်းသာက သူချမ်းသာက အလုပ်အကျွေးပြု နတ်သားပဲ ဖြစ်ရတယ်ဆိုတဲ့ ဝတ္ထုကြောင်း ရှိတယ် ကိုရင်ကြီး၊ ကျုပ်ဆိုလိုတာက ကိုရင်ကြီး သဘောပေါက်ရဲ့လား”

“ပေါက်ပါတယ် အရှင်ဘုရား၊ အရှင်ဘုရား ကျေးဇူးကြောင့် ဒီတစ်သက်မှာ တပည့်တော် လူဆိုးလူမိုက် မဖြစ်အောင် နေထိုင်နိုင်ပါတော့မယ် ဘုရား”

“အေး. . . အေး. . . သာဓု. . . သာဓု. . . သာဓု”

ကိုမိုး နာမည်ကြီး လူမိုက်ကြီး။

ဗိုလ်တစ်ထောင်ငမိုးမှာ ဆရာတော်၏အဆုံးအမဖြင့် တရားရိပ်တွင် ခိုလှုံ၍ အကုသိုလ်ဖြစ်စေမည့် အပြောအဆို အနေအထိုင် အကျင့်အကြံ





အားလုံးကို ရှောင်ကျဉ် ထိန်းသိမ်းခဲ့သည်။

သို့တစေ. . .

ငယ်စဉ်ကတည်းက သောက်စားမှုးယစ်ပြီး အပျော်အပါးမျိုးစုံနှင့် နေချင်သလိုနေခဲ့တာတွေ၊ ထောင်ထဲမှာ တစ်ကျွန်းမှာ ချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲနေခဲ့ရသည့်ဒဏ်တွေက ဇရာလူသား ကိုမိုးကို ဖိဖိစီးစီးကြီး နှိပ်စက်နေပါပြီ။

ကိုရင်ကြီးဘဝတွင်သော်မှ ကြာရှည်မနေနိုင်အောင် ကျန်းမာရေးတွေ ဖောက်လာသည့် ဒဏ်ကို အလူးအလဲ ခံနေရသည်ကြောင့် လူဝတ်ပြန်လဲလိုက်ရသည်။

ဆရာတော်က ကပ္ပိယတစ်ယောက် အကူအညီဖြင့် ကိုမိုးကို စောင့်ရှောက်ကျွေးမွေးခဲ့သည်၊ ဆေးဝါးများ ကုသပေးခဲ့သည်။

ကြာယာတော့ ကိုမိုးက သူ့ဒုက္ခ ဝန်ထုပ်ဝန်ပိုးကြီးအား သူတစ်ပါးအပေါ် ကျရောက်မည့် အသိဖြင့် ဆရာတော်ကို လျှောက်ထားပြီး နှမဖြစ်သူနှင့်အတူ ပြန်လည် နေထိုင်ခဲ့ရသည်။

နှမဖြစ်သူ ဒေါ်အေးမြကလည်း လုပ်လုပ်ကိုင်ကိုင်၊ ရရစားစားသမားမို့ သူ့ကို ထိထိရောက်ရောက် မပြုစုနိုင်ရှာ။ သူ့ခမျာ ဟုတ္တိပတ္တိဆေးဝါးကိုလည်း မမှီဝဲရရှာ၊ အာဟာရရှိသော အစားအသောက်ကိုလည်း မစားနိုင်ရှာ။

တပည့်တပမ်းဆိုသူတွေကလည်း သူ့ကို ဖုတ်လေသည့် ငါးပိရှိလေသည်လို့မှ သဘောမမူကြတော့။

နှမဖြစ်သူကိုလွှတ်၍ အကူအညီတောင်းကြည့်သော်လည်း တစ်ကျပ်တစ်ပြား ထောက်ပံ့ဖို့ကိုပင် ရှောင်ဖယ်ကုန်ကြသည်။

ဇရာ၏ အထောင်းအထုကို အလူးအလိမ့်ခံစားရင်း လာရာလမ်းသို့ ပြန်ရမည့်အချိန်ကို ဆင်းရဲပင်ပန်းကြီးစွာ စောင့်မျှော်နေရပါလေပြီ။

အရှိန်အဝါဆိုသည်မှာ ထာဝရမဟုတ်။

ဖျာလေးတစ်ချပ်၊ အစွပ်မပါသော ခေါင်းအုံးအဟောင်းလေးတစ်လုံး၊ သေးအလူးလူး၊ ချေးအလူးလူး နံစော်နေသည့် စောင်လေးတစ်ထည်ဖြင့်. . .။

ဘယ်အချိန် ဘယ်ကာလ၊ ဘယ်ပုံဘယ်နည်းဖြင့် အသက်ပျောက်သွားသည်ကို ဘယ်သူမှ မျက်မြင် မသိရှိလိုက်ကြ။

အကျည်းတန်သော ဘဝနိဂုံး အဆုံးသတ်ခြင်းဖြင့်. . .။

မကောင်းသော ပြုလုပ်မှုအကြောင်းမှ ပြန်လည် ထင်ဟပ်လာသည့် အကျိုးဆက်သည် ဘယ်သို့မှ ကောင်းသောအကျိုးဆက် မဖြစ်နိုင်ပေ။


www.burmeseclassic.com

www.burmeseclassic.com



တမလွန်သို့ရောက်မှ မဟုတ်။

ပစ္စုပ္ပန်ဘဝတွင်ပင် တန်ပြန်ခံစားရတတ်သည်ကို သံဝေဂယူ၍ ကောင်းသောဘဝခရီးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်သည့် လူသားဖြစ်အောင် ကြိုးစားကြပါဟု ဆန္ဒမွန်လျက်. . .။

◆ ◆ ◆

သူတင်လား မဟုတ်သေးပါ။ သူ့အား အသွားစေခိုင်းသူ သူဌေးဦးတင်၏ ဘဝနိဂုံးအဆုံးသတ် အကျည်းတန်ပုံကိုလည်း တင်ပြရပါမည်။

မြန်မာ့အလင်း အယ်ဒီတာ ဆရာသင်အား ကိုယ်ထိလက်ရောက်သတ်သူမှာ ဗိုလ်တစ်ထောင် ငမိုး။ သူနှင့်ဆရာသင်ကား ဘာမှမဖြစ်ဖူးခဲ့။

ရန်ကြွေးရန်စထားလို့ တစ်ယောက်နှင့်တစ်ယောက် မြင်ဖူးသိဖူးခြင်းပင်မရှိ။ ဆရာသင် ဘယ်လိုပုဂ္ဂိုလ်မျိုးဆိုသည်ကိုလည်း ကိုမိုးက မသိ။

ပညာ့အလင်း ဦးတင်က ကိုမိုးကို အရးတယူဆက်ဆံပြီး ကိုယ်တိုင်အရက်တိုက်ပေးပြီး ပြုစုခဲ့သည်။ ငွေကြေးအပေးအကမ်းလည်း ရှိခဲ့သည်။

ကိုမိုးက သူ့ရဲ့ကျေးဇူးရှင်အဖြစ် စွဲထင်လာအောင်လည်း နည်းအမျိုးမျိုးဖြင့် သိမ်းသွင်းစည်းရုံးခဲ့သည်။ သူခိုင်းရင် ဘာမဆိုလုပ်မည့်အနေအထားသို့ရောက်အောင်လည်း ဖန်တီးခဲ့သည်။ ကိုယ်ပိုင်ကားစီးနိုင်သူ လက်ချိုးရေတွက်လို့ရသည့် ခေတ်ကာလမျိုးမှာ ဦးတင်က ကိုယ်ပိုင်ကားစီးနိုင်သည်။

မျက်နှာဖြူတွေသာ နေရာယူနိုင်သည့် မျက်နှာညိုတွေနေရာရဖို့မလွယ်ကူသည့် မြင်းပွဲ ပင်သာစတင်းလိုနေရာကို ဦးတင် ဝင်နိုင်သည်။

သူပိုင်သတင်းစာက အလိုတော်ရိသတင်းစာမို့ အုပ်ချုပ်ရေးအသိုင်းအဝိုင်းကြားတွင်လည်း ဝင်ဆန့်သည်။

ကိုမိုးက သူ့ဆရာဦးတင်ကို ဤဇမ္ဗူတွင် သူမှတစ်ပါးဟု ဆိုရလောက်အောင်ကို အထင်ကြီးသည်။

ဦးတင်၏ဆရာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် မြန်မာ့အလင်း ဆရာသင်တို့ ပုဂ္ဂိုလ်ရေးပြဿနာမှ ကလောင်တိုက်ပွဲဆင်နွှဲခဲ့ကြသည်။

ဆရာသင်၏ကလောင်ထိုးနှက်ချက်များ ဆရာကြီးလယ်တီပဏ္ဍိတ





ဦးမောင်ကြီးအား ထိုးနှက်ချက် လွန်ကျွံလာသောကြောင့် လယ်တီဆရာကြီးစိတ်ထိခိုက်မှုဖြစ်ရသည်။

ဦးတင်အလွန်လေးစားကြည်ညိုသည့် ဆရာကြီး၊ လယ်တီပဏ္ဍိတဦးမောင်ကြီးကို သည်သို့သည်ပုံ မခံမရပ်နိုင်စရာ ရေးသားရကောင်းလားဟု ဦးတင်က မခံမရပ်နိုင်ဖြစ်ပြီး ဗိုလ်တစ်ထောင်ငမိုးကို လက်ဖွင့်ခိုင်းလိုက်သည်။

အသက်စေသည်အထိ လုပ်ရမည်လို့တော့ မခိုင်း။

မှတ်လောက်သားလောက် ဒဏ်ရာအနာတရ ရရှိသွားအောင် လုပ်ခဲ့ရန်မီးစိမ်းပြလိုက်သည်။

ဆရာသင်က သူနေထိုင်ရာ ကြည့်မြင်တိုင်သို့ မီးရထားစီးပြီး ပြန်ရန်အတွက် ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာသည်။

ဆရာသင်စတားရုံ (နောင်ဝင်းဝင်းရုံ) နားအရောက်တွင် အသင့်စောင့်နေသော ငမိုးက တုတ်နှင့် ပြေးရိုက်သည်။ ရုတ်တရက် ဝင်လာသည့်တုတ်ချက်ကြောင့် ဆရာသင်ကြောင် သွားသည်။ ဒုတိယတုတ်ချက် ထပ်ဆင့်ဝင်လာသည့်အခါ ဆရာသင် ပုံမှန်အသိ ပြန်ဝင်သွားသည်။

လက်ထဲတွင် ကိုင်ထားသည့် အိမ်တော်ရာထီးနှင့် ကိုယ့်ကိုကိုယ်ကာကွယ်ရင်း ရန်ပြုလာသူ ဗိုလ်တစ်ထောင်ငမိုးအား ပြန်ရိုက်လိုက်သည်။

သူ့အသားကို ထိသွားသည့် ဗိုလ်တစ်ထောင်ငမိုးက ရှူးရှူးရှားရှားဖြစ်ပြီး သွားလေရာ အမြဲဆောင်ထားသည့် ဓားမြှောင်ကို ဆွဲထုတ်၍ ဆရာသင်ကို အတင်းဝင်ဖက်ပြီး ရင်အုံကို ဓားနှင့်ထိုးစိုက်လိုက်သည်။

ဆရာသင်ခမျာ မမျှော်လင့်ဘဲ ရေတိမ်နစ်သွားရရှာသည်။ သည်တစ်ချီမှာတော့ မောင်မိုးလည်း ထိသွားသည်။ ပန်းဆိုးတန်းထိပ်တွင်ရှိနေကြသည့် နို့ရောင်းကုလားအုပ်စုက ဝိုင်းဝန်း ဖမ်းဆီးပြီး လမ်းပြပုလိပ်အကူအညီနှင့် ပန်းဆိုးတန်းပုလိပ်ဌာနသို့ ပို့လိုက်ကြသည်။

ထိုသတင်းကိုရရခြင်း ဗိုလ်တစ်ထောင်ငမိုးရောက်ရှိရာနေရာ ပုလိပ်ဌာနသို့ ဦးတင် ချက်ချင်း လိုက်သွားသည်။

အမှုအတွက် ငွေကြေးဘယ်လောက်ကုန်ကုန် သူတာဝန်ယူမည့်အကြောင်း ကိုမိုး၏မိခင်နှင့် ဇနီးဖြစ်သူ ဖာရစီမယ်လှတို့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအားလုံး တာဝန်ယူမည့်အကြောင်း ကတိပေးပြီး မတော်တဆတိုက်မိရာမှ ဆရာသင်ကစပြီး ရိုက်သောကြောင့် ခုခံကာကွယ်ရင်းမှ မှုခင်းဖြစ်ရကြောင်း ထွက်ဆိုရန် စီးလာရိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုး နဂိုကတည်းက ခေါင်းသမား မဟုတ်သည့်အပြင် ဦးတင်ကို အလွန်အမင်း အထင်ကြီးလေးစားသူဖြစ်သည့်အတိုင်း ဦးတင် ပြောသမျှကို ယုံယုံကြည်ကြည် ခေါင်းညိတ်လက်ခံခဲ့သည်။

ယင်းမှုခင်းတွင် ဦးတင်ကို လုံးဝ ပုတ်ထုတ်ခဲ့သည်။

မြန်မာ့အလင်းအယ်ဒီတာ ဆရာသင် အသတ်ခံရမှုအတွက် သတင်းစာဆရာများက ပယ်ပယ်နယ်နယ် ဝိုင်းတွယ်ကြသော်လည်း တရားခံကိုယ်တိုင်က တစ်စွန်းတစ်စမှ မထုတ်ဖော်ခဲ့သောကြောင့် သတင်းစာများမှာ မှုခင်းဖြစ်ရပ်နောက်ကွယ်က အကြောင်းကို မရေးသားနိုင်ခဲ့။

အသွားစေခိုင်းသူ အမှန်သိပါလျက် ထိုအကြောင်းအရင်း ဖော်ထုတ်၍ ဖော်ထုတ်ရန် အခြေအနေမပေးသေးသောကြောင့် ကလောင်ကို ချုပ်ထားခဲ့ကြရသည်။

ထိုအမှုကို ခရိုင်ရာဇဝတ်တရားသူကြီး ဆစ်စလာ၏ ရုံးတော်တွင် စတင်စစ်ဆေးခဲ့သည်။

တရားသူကြီး ဆစ်စလာက ပုဒ်မ-၃၀၂၊ လူသတ်မှုဖြင့် စွဲချက်တင်၍ ချိ(ပ်)ကုတ်သို့ လွှဲပြောင်းပေးခဲ့သည်။

ချိ(ပ်)ကုတ်မှ ထပ်မံစစ်ဆေးပြီးနောက် ဗိုလ်တစ်ထောင်ဇမိုးအား တစ်သက်တစ်ကျွန်း (ထောင်ဒဏ်အနှစ် နှစ်ဆယ်) ပြစ်ဒဏ် ချမှတ်လိုက်သည်။

သည်တစ်ကြိမ်တွင် ကိုမိုးအတော်ကြီး တုန်လှုပ်ချောက်ချား သွားသည်။

သူ့မျှော်လင့်ထားသည်က ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်၊ တကယ်ခံရသည့်ပြစ်ဒဏ်က တစ်သက်တစ်ကျွန်း။

အမှုမှန်ကို ဖော်ထုတ်လိုက်ရင်. . .။

ဒါပေသိ ဦးတင်က ဖာရစီမယ်လှ ထောင်ဝင်စာတွင် ဘိလပ်တရားရုံးအထိ အယူခံဝင်ပေးမည်ဆိုသည့် မျှော်လင့်ချက် ပေးလိုက်သည်။

သူ့မိခင်နှင့် သူ့အတွက် အစစအရာရာ ပြည့်စုံအောင် ထောက်ပံ့သည့်အကြောင်း ဇနီးဖြစ်သူက ပြောလာသည်။

သည်တော့. . .

ပြန်ဖော်လို့ ပိုထူးမလာနိုင်သည့်အထိ ဦးတင်ပေးသည့် မျှော်လင့်ချက်ကို ပိုက်ထွေးထားလိုက်သည်။ ထိုမှ တစ်ကျွန်းသို့၊ ဦးတင်က လိုက်သာသွား။

ဘိလပ်အထိ အယူခံတင်ဖို့ လုပ်နေပြီဟု မျှော်လင့်ချက် ထပ်ပေးခဲ့သည်၊ တစ်ကျွန်းသို့အသွားတွင် သူ့မိန်းမကတဆင့် ငွေသုံးရာ ပေးလိုက်





သည်။ အင်္ဂလိပ်ခေတ်က ငွေသုံးရာဆိုသည်မှာ နည်းနည်းနောနောငွေ မဟုတ်။ နောက်ထပ်လည်း ပို့ပေးဦးမည်ဆိုသည့် ကတိစကားပါ ပါသည်။

သူကဖော်လိုက်လို့ ဦးတင် အဖမ်းခံရပါပြီတဲ့။ သူကတော့ လွတ်မှာလား။

ဘယ်လိုမှ မလွတ်နိုင်။

ဦးတင်အပြင်မှာ ရှိနေတာက ဘာပဲဖြစ်ဖြစ် သူ့အတွက် အထောက်အကူ ရနိုင်သည်ဟူသော အတွေးအခေါ်ဖြင့် တစ်ကျွန်းသို့ လိုက်သွားခဲ့သည်။

တစ်ကျွန်းရောက်လျှင် အခြေအနေကြည့်ပြီး ဘယ်နည်းနဲ့ဖြစ်ဖြစ် ထွက်ပြေးဖို့ ကြံစားမည်ဆိုသည်ကတော့ သူက ဆုံးဖြတ်ပြီးသား။

ဗိုလ်တစ်ထောင်ဇမိုး တစ်ကျွန်းရောက်သွားပြီးနောက် ဦးတင်က သူ့မိခင်နှင့် ဇနီးဖြစ်သူကို သုံးလေးလလောက်ပဲ ဆက်ပြီး ထောက်ပံ့ခဲ့သည်။

နောက်ပိုင်း မထောက်ပံ့တော့။

စီးပွားရေးလုပ်ငန်း အဆင်မပြေကြောင်းပြောပြီး ထောက်ပံ့မှု ရပ်ဆိုင်းလိုက်သည်။

တကယ်တော့ ဦးတင်၏စီးပွားရေးမှာ တရှိန်ရှိန် တက်နေသည်။

သတင်းစာရိုက်နိုင်သော ပုံနှိပ်စက်ကြီးများအပြင် နှစ်ထပ်တိုက်နှစ်လုံး၊ လေးခန်းတွဲပါ ပျဉ်ထောင်အိမ်တစ်လုံး၊ နှစ်ခန်းတွဲပါ ပျဉ်ထောင်အိမ်တစ်လုံးနှင့် သင်္ဃန်းကျွန်းဘက်တွင်ရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခြံကိုပါ ပိုင်ဆိုင်နေပြီ။

အတွင်းပစ္စည်းတွေကလည်း အတောင့်အထည်။

ထိုမျှလောက် စီးပွားဖြစ်စေကာမူ ဆယ်ဂဏန်းလောက် ထောက်ပံ့ရသည့် ငွေကြေးပမာဏကိုပင် တွန့်တိုခဲ့သည်။

ဆရာသင်သတ်မှုတွင် သူ၏ပယောဂ မကင်းခဲ့။

အဓိက အမှုအကြောင်းဖော်သူမှာ သူဖြစ်ခဲ့သော်လည်း ဗိုလ်တစ်ထောင်ဇမိုး ကျွန်းဒဏ်ထိခံရပြီး တစ်ကျွန်းရောက်သွားပြီ ဖြစ်သောကြောင့် ဦးတင်က ယင်းအမှု ပြီးဆုံးသွားပြီဟု တွက်ဆပြီး နောက်ထပ် ပတ်သက်မှုရှိမလာစေရန် အဆက်အဆံအားလုံးကို ယတိပြတ် ဖြတ်တောက်ပစ်လိုက်သည်။

မကောင်းမှုမှ ဆက်နွယ်၍ ဖြစ်ပျက်လာသော ရာဇဝတ်မှုဟူသည် အရိပ်ပမာသို့နှယ် တွဲစပ်လျက်ရှိနေသည်ကို ဦးတင် သဘောမပေါက်ခဲ့။

သူ၏ အနေအထားအရလည်း ယုံကြည်စရာအကြောင်းမရှိ။

ဘယ်သူတွေ ဘာပဲရေးရေး၊ ဘာပဲပြောပြော သူကတော့ ပန်းနေလျက်။

ဒါပေသိ 'အရိုးတွန်သည်' ဟူသော ဆိုရိုးစကားကို မြန်မာလူမျိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိသည်။

ခု. . . အရိုးတွန်ပြီ။

တစ်ချိန်က ပညာအလင်းအယ်ဒီတာချုပ်ဖြစ်ခဲ့သူ ဦးပုလေးက ဓားသွားထက် ကလောင်သွား ထက်ပြလိုက်သည်။

သတင်းစာသမား အယ်ဒီတာဦးပုလေးက သတင်းစာသမား အယ်ဒီတာ ဆရာသင် အသတ်ခံရမှုကို ခိုင်လုံသော သတင်းအချက်အလက်များ ရရှိရန် မနားမနေ ကြိုးပမ်းခဲ့သည့်နောက်. . .။

'ရန်ကုန်အရှေ့ပိုင်းက လူသတ်သတင်းစာကြီး'

အထက်ပါ ခေါင်းစဉ်တပ်ထားသော ဆောင်းပါးကြီးဖြင့် ကလောင်သွား ဝင့်ပြလိုက်သည်။ ဦးပုလေး၏ ဆောင်းပါးမှာ သတင်းစာဖတ် ပရိသတ်ကြီးကို တုန်လှုပ်သိမ့်ခါသွားစေရုံမက ပုလိပ်နှင့် စုံထောက်အဖွဲ့တို့ကိုပါ ရိုက်ခတ်သွားစေခဲ့သည်။

ပြည်ထဲရေး အတွင်းဝန်က ရန်ကုန်ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့အား ပြန်လည်စုံစမ်းစစ်ဆေးမှုပြုလုပ်၍ အချက်အလက်အပြည့်အစုံ တင်ပြရန် မှတ်ချက်ချလိုက်၏။

ထိုကိစ္စကို ကိုင်တွယ်ရသူမှာ ရာဇဝတ်ဝန်ထောက် မစ္စတာဇေဗီးယား။

မစ္စတာဇေဗီးယားကိုယ်တိုင် တစ်ကျွန်းမြေ၊ ပို့စ်လေးယားသို့သွားရောက်၍ ဗိုလ်တစ်ထောင်ငမိုးနှင့် တွေ့ဆုံပြီး ထပ်တိုးစစ်ချက် ယူခဲ့သည်။

ရန်ကုန်ပြန်ရောက်သည့်အခါ တွေ့ဆုံရန်လိုအပ်သော ပုဂ္ဂိုလ်များနှင့် ထပ်မံတွေ့ဆုံခဲ့သည်၊ မေးစရာတွေမေး၊ ရေးမှတ်စရာတွေ ရေးမှတ်ခဲ့သည်။

ပုလိပ်မင်းကြီးကတဆင့် ပြည်ထဲရေးဌာနသို့ တင်ပြရန် ပြီးပြည့်စုံသော အစီရင်ခံစာကြီး တင်သွင်းလိုက်သည်။

ထိုသတင်းကို ရရှိခဲ့သည့် ဦးတင်ကလည်း သူ့ဘက်က ကာကွယ်ပြင်ဆင်စရာတွေကို ငွေလမ်းခင်းပြီး ပြင်ဆင်ခဲ့သည်။ အဲ့သည့်ခေတ်က အာဏာပိုင်တို့ကို အပေးအကမ်းပြုရာတွင် ငွေစက္ကူကို အသုံးပြုလို့မရ။

ရွှေဒင်္ဂါးကြိုက်သူကို ရွှေဒင်္ဂါးပြားရေ အစိတ်၊ ငါးဆယ်ဖြင့်လည်းကောင်း၊ စိန်ကြိုက်သူကို စိန်ဘယ်နှရတီ စသည်ဖြင့် သတ်မှတ်ချက်အတိုင်း ပေးရသည်။

ဦးတင် အတော်လေး ထိသွားသည်။

ဦးတင်က အဲ့သည်လိုက အထိခံလိုက်သောကြောင့် သူဘာမှ မဖြစ်နိုင်ဆိုသည့် ယုံကြည်ချက်မှာ သူ၏နှလုံးသားတွင် စွဲထင်သွားသည်။





အစားအသောက် မပျက်။ အသွားအလာ မပျက်။

ဟန်ထည် မာန်ထည် ခေါင်းပေါင်းစ တလူလူ လွင့်လျက်သာ။

ဒါပေသိ မကောင်းမှုပြုသူများအတွက် တစ်နေ့ဆိုတာ ရှိသည်။

ထိုတစ်နေ့နှင့် ကြုံလာသောအခါတွင်မူ. . .

ပုလိပ်မင်းကြီး၏ ဖမ်းဝရမ်းဖြင့် သူ့အားခေါ်ဆောင်မည့်သူများ ရောက်လာသောအခါတွင်မူ ဦးတင်မှာ မြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွား၏။ ဟန်ကိုယ်ဖို့ဆိုသည်ကိုသော်မှ ထိန်းသိမ်းခြင်းငှာ မစွမ်းသာတော့။ ဒါပေသိ ထိုသို့ဖြစ်သွားသည်မှာ ခဏမျှသာ။

ဟန်ဆောင်တတ်သည်မှာ လူတို့၏ မွေးရာပါစရိုက်ဆိုသည့်အတိုင်း ဦးတင်က ချက်ချင်းပြန်၍ ဟန်ဆောင်လိုက်နိုင်သည်။

ပျက်ယွင်းသွားသော အိန္ဒြေကိုပြန်၍ ထိန်းမှတ်လိုက်သည်။

ဦးတင်က သူ၏ ပင်ကိုဟန်ပန်အတိုင်း ကောင်းပေ့ညွန့်ပေ့ အဝတ်အစားများကို ဝတ်ဆင်၍ ဖန်တီးအပြုံးဆောင်လျက် လိုက်ပါသွားခဲ့သည်။

မျက်နှာပေါ်တွင် ဟန်ဆောင်ရိပ်ကို ထင်စေပေမယ့် သူ၏ရင်တွင်းမှာ ရှိသည့် ကလိဇာများမှာမူ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေပြီ။ ကစင့်ကလျား ဖြစ်နေသည့်စိတ်ကို မနည်းကြီးအားတင်းပြီး ထိန်းနေရပြီ။

နောက်တစ်နေ့ထုတ် ထိုစဉ်ကာလ အဓိကသတင်းစာကြီးဖြစ်သည့် မြန်မာ့အလင်းနှင့် သူရိယသတင်းစာများတွင်. . .

'ပညာ့အလင်း ဦးတင်အား တစ်ကျွန်းရောက် ဗိုလ်တစ်ထောင်ငမိုး၏ ဖြောင့်ချက်အရ မြန်မာ့အလင်း ဆရာသင်သတ်မှုနှင့် ဆယ်နွှယ်ပတ်သက်နေသောကြောင့် ဖမ်းဆီးလိုက်ကြောင်း၊ ထိုအမှုကို ပြန်လည် စစ်ဆေးမည် ဖြစ်သောကြောင့် မကြာမီ အမှုမှန်ကြီး ပေါ်ပေါက်လာလိမ့်မည် ဖြစ်ကြောင်း'

အကျယ်တဝင့် ရေးသားဖော်ပြခဲ့၏။

ဦးတင်၏ အသိုင်းအဝိုင်းကလည်း ကြားကြားချင်း လိုက်ကြသည်။

ဘားလမ်းအချုပ်ထောင်တွင် တစ်ရက်ထား၍ နောက်တစ်နေ့တွင် ရုံးထုတ်၍ ရမန်ယူသည်။

ဦးတင်ကလည်း ရှိသမျှ ပုံအောပြီး ကာကွယ်ဖို့ ပြင်ဆင်လိုက်သည်။

ဦးတင်ဘက်မှ လိုက်ပါမည့် ဝတ်လုံတော်ရကြီးမှာ နှယ်နှယ်ရရမဟုတ်။

ဘိလပ်သား နာမည်ကျော် ဝတ်လုံတော်ရကြီး မစ္စတာ ဒီထလန်ဗီ။

ဝတ်လုံတော်ရကြီး ဒီထလန်ဗီမှာ ဟိုက်ကုတ်တရားဝန်ကြီးများထိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရောက်သူဖြစ်၏။

ဒါကြောင့်လည်း ဦးတင်ထောင်ထဲမှာ တစ်ပတ်ပဲ နေခဲ့ရသည်။

နှစ်သောင်းတန် အာမခံနှစ်ယောက်ဖြင့် အာမခံပေးလိုက်သည်။

အစိုးရရှေ့နေကြီး ဝတ်လုံဦးမြဘူး (ဆရာမြဘူး) လည်း မတတ်နိုင်ပါ။

အာမခံရဖို့တစ်ခုတည်းကိစ္စအတွက် မစ္စတာ ဒီထလန်ဗီကို သောင်းဂဏန်းငွေကြေးပမာဏ ပေးလိုက်ရသည်။

အစိုးရသက်သေအဖြစ် လယ်တီပဏ္ဍိဦးမောင်ကြီး၊ မြန်မာ့အလင်း အယ်ဒီတာ ဦးစိန်နှင့် ဦးပုလေး၊ စိန်ပွဲစားကြီး ဒေါ်မြမေ၊ ကိုမိုးသူငယ်ချင်း ကိုအလိန်၊ ကိုမိုး၏ဇနီး ဖာရစီမယ်လှ၊ ကိုမိုး၏ညီ ကိုဘိုထင်နှင့် ဗိုလ်တစ်ထောင်ငမိုးတို့က အစစ်ခံကြမည် ဖြစ်သည်။

အဓိက သက်သေမှာ ဗိုလ်တစ်ထောင်ငမိုး ဖြစ်၏။

ဦးတင်အသိုင်းအဝိုင်းအပါအဝင် အများစုက သည်တစ်ချီတော့ ဦးတင် မလွယ်ဟု အပြောရှိခဲ့သည်။ ထောင်ဒဏ်တော့ သေချာသည်ဟု ထင်ကြေးပေးခဲ့ကြသည်။ အမှုစစ်ဆေးလုက်သည့်အခါ တရားလိုပြသက်သေများ၏ ထွက်ဆိုချက် တိကျခိုင်လုံသည်။ လွတ်ကွက် ဟာကွက်မရှိအောင် ကွင်းဆက်မိမိ ထွက်ဆိုခဲ့ကြသည်။ မစ္စတာ ဒီထလန်ဗီကတော့ ခပ်အေးအေး။

တရားလိုပြ သက်သေများကိုပင် မေးခွန်းတွေ ဘာတွေ ထွေထွေထူးထူး မမေး။ နောက်ဆုံးလျှောက်လဲချက် ရောက်တော့မှ မစ္စတာ ဒီထလန်ဗီက သူ၏ ဝှက်ဖဲကြီးကို ထုတ်ပြလိုက်သည်။ သည်တစ်ချီ မလွယ်ဘူးလို့ အများစုက ထင်ကြေးပေးခဲ့သည့် ထင်ကြေးမှာ ထင်ကြေးအဖြစ်ပဲ ရှိကျန်ခဲ့သည်။

မလွယ်သည့် ဦးတင်မှာ သူ၏ ဝတ်လုံတော်ရကြီးအစွမ်းအစကြောင့် လွယ်သွားသည်။ ဝတ်လုံတော်ရကြီး မစ္စတာလန်ဗီက. . .

"မိမိအမှုသည် ပြစ်မှုကျူးလွန်ရန်အတွက် စစ်ဆေးရန်အချိန်အခါမှာ ကျော်လွန်နေပြီဖြစ်ကြောင်း. . .

လူသတ်တရားခံတစ်ဦးနှင့် တွဲဖက်ကြံရာပါ အခြားတရားခံတစ်ဦး ရှိနေသည်ဟု အထောက်အထား အခိုင်အမာရှိပါက ဥပဒေအရ ထိုအမှုကို ငါးနှစ်အတွင်း၊ ပြန်လည်စစ်ဆေးရမည် ဖြစ်ကြောင်း. . .

ယခု ထိုမှုခင်းဖြစ်ပွားခဲ့သည့် ကာလမှာ ငါးနှစ်ကျော်နေပြီဖြစ်၍ အရေးမယူနိုင်တော့ကြောင်း. . ."

ဥပဒေစီရင်ထုံးများကို ကိုးကား၍ လျှောက်လဲသွားသည်။





အမှုစီရင်ဆုံးဖြတ်သည့် ဟိုက်ကုတ်တရားဝန်ကြီးများက. . .

"တရားခံ၏ ဝတ်လုံတော်ရကြီး မစ္စတာ ဒီထလန်ဗီ၏ လျှောက်လဲချက် အရ အမှုကို ဆက်လက်စစ်ဆေးပိုင်ခွင့်မရှိကြောင်း. . .

ဆိုင်ရာဌာနများ၏ အချိန်လွန်ပေါ့လျော့မှုအတွက် တရားခံများ ထိုအကျိုးအခွင့်ကို ခံစားထိုက်သည်ဖြစ်၍ တရားသေ လွတ်စေ"

ဟု စီရင်ချက်ချလိုက်သည်။

ပညာ့အလင်း၊ ဦးတင်သည် မကောင်းမှုလမ်းကြောင်းကို မျက်နှာမူခဲ့သည်မှာ အမှန်ဖြစ်သော်လည်း ဥပဒေ၏ အဆုံးအမကိုမူ ကင်းလွတ်ခွင့်ရသွား၏။

သို့တစေ. . .

ထေရာဝါဒ တရားအဆုံးအမကိုမူ ဘဝပျက်ယွင်းသွားသည်အထိ ထိုက်ထိုက်တန်တန် နှင့်နှင့်ပိုးပိုး ခံလိုက်ရ၏။ အမှုစစ်ဆေးနေစဉ် ကာလအတွင်း စိတ်ထောင်းကိုယ်ကြေဖြစ်၍ ကျန်းမာရေး ချို့တဲ့ခဲ့သည်။

ပြစ်တင်ဝေဖန်မှုအမျိုးမျိုးကို ခံရပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ပြီ၊ ဂုဏ်သိက္ခာပါ ကျဆင်းသွားသည်။

ငွေကို လမ်းခင်းလိုက်ရသောကြောင့် စည်းစိမ်ဥစ္စာပျက်သုဉ်းသွားသည်။

အထက်တန်းလွှာ အသိုင်းအဝိုင်းထဲကို မဝင်ဆန့်တော့ဘဲ ကြွေးလည်ပင်းခိုက် ဖြစ်သွားသည်။ ဦးတင်၏ ဘဝနိဂုံးမှာ သံဝေဂယူစရာ အပြည့်။

တိုက်တာခြံမြေ၊ အတွင်းပစ္စည်း အပြည့်အစုံနှင့် ဘဝတစ်သက်တာ လုပ်စားနိုင်သည့် ပုံနှိပ်စက်ကြီးတွေမှာလည်း ပိုင်ဆိုင်ခဲ့ဖူးပါသည်ဟု ပြောစရာပဲ ထင်ကျန်ရစ်သည်။ ဇနီးသည်လည်း ဆုံးသွားသည်။

သားသမီး မကျန်ရစ်ခဲ့။

ရှိတာထုခွဲပြီး မြို့စွန်မှာ ဟိုနေသည်နေ နေရင်း နှုတ်ခမ်းပွဲချင်း မီးမှုတ်ဆိုသလို မုဆိုးမတစ်ယောက်နှင့် အိမ်ထောင်သစ် ထူသည်။

အိမ်ထောင်သစ်ထူသည့်အချိန်က လက်ကိုင်လုံးလုံးလျားလျား မဟုတ်သေးတော့ အထင်ကြီးခံရမှု အရှိန်အဝါ မကုန်သေး။

ဇရာကနေ မရဏာသို့ မျက်နှာမူရသည့်အချိန်သို့ ရောက်သည့်အခါတွင်မူ စားရမဲ့၊ သောက်ရမဲ့ အနေအထားသို့ ရောက်သွားသည်။

ဒုတိယဇနီးသည် ပဲပြုတ်သည်၏ တဲကလေးပေါ်တွင်. . .။

လောကတွင် ကောင်းမှု၊ မကောင်းမှုကို မိမိကသာ ပြုရပ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုပြုလုပ်မှုမှ ထင်ဟပ်လာသည့် ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း မိမိသာ ခံရမည် ဖြစ်၏။

ကောင်းကျိုးကို သူတစ်ပါးက မျှဝေခံစားရသော်လည်း ဆိုးကျိုးကိုမူ မိမိမှတစ်ပါး မည်သူကမှ ဝင်ခံ၍မရပေ။

ကိုယ်ပြုသမျှ ဘဝမခြားဘဲ ခံရမည်မှာ ကိုယ်မှတစ်ပါး . . .။

◆ ◆ ◆

နောက်တစ်ယောက်ကိုတော့ . . .

ဒုတိယကမ္ဘာစစ်မဖြစ်ခင် ရန်ကုန်မြို့ကြီးမှာ မတ်စတီးခန်း၊ မန်မဆာ၊ ဗိုလ်တစ်ထောင်ဇမိုးတို့ လူမိုက်ဘွဲ့ခံပြီး ကျော်ကြားထင်ရှားခဲ့သည်ထက် ပို၍ကျော်ကြား၊ ပို၍အရှိန်အဝါ ထွန်းတောက်ခဲ့သူ လမ်းမတော်ဖိုးတုတ် အကြောင်း။ နိုင်ငံခြားမှာ တပည့်လက်သားတွေမွေးပြီး ဒုစရိုက်လုပ်ငန်းကြီးများကို ဦးစီးလုပ်ကိုင်သူတို့အား ဂေါ့ဖားသားဟု ခေါ်ကြသည်။

စာရေးသူဆီမှာ ဂေါ့ဖားသားဟု ခေါ်ဆိုနိုင်မည့်သူမှာ လမ်းမတော်ဖိုးတုတ်တစ်ယောက်သာ ရှိခဲ့ဖူး၏။

ထိုစဉ်ကာလက ရန်ကုန်မြို့၏ ရပ်ကွက်အသီးသီး၌ တစ်ဗိုလ်တစ်မင်း စိုးမိုးမင်းမူနေသည့် ရပ်ကွက်လူမိုက်များ ရှိကြသည်။ သူတို့သည် ဘယ်သူ့ကိုမှ ဗိုလ်ဝင်မခံခဲ့ကြ၊ ကိုယ့်နယ်မြေနှင့်ကိုယ် သတ်မှတ်ပြီး လူမိုက်ဘွဲ့ခံ၍ နေထိုင်ခဲ့ကြသည်။ အဲ့ဒီလိုရှိခဲ့ကြသည့် လူမိုက်များမှာ လမ်းမတော်ဖိုးတုတ်ခေတ်သို့ ရောက်သောအခါတွင်မူ အားလုံးနီးပါးပင် လမ်းမတော်ဖိုးတုတ်ထံ ဗိုလ်ဝင်ခံခဲ့ကြသည်။ ဒါကြောင့်လည်း လမ်းမတော်ဖိုးတုတ်က လမ်းမတော်အပိုင်တွင်သာ မဟုတ်ဘဲ ရန်ကုန်တစ်မြို့လုံးကို စိုးမိုးနိုင်သူ ဖြစ်လာသည်။

လမ်းမတော်ဖိုးတုတ်မှာ သူ့ခေတ်သူ့အခါက လက်ဖျားငွေသီးခဲ့သူ ဖြစ်၍ ဘာမဆို လိုတရသူလည်း ဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်အထိ သူ၏အရှိန်အဝါမှာ ကျဆင်းမသွားဘဲ တည်တံ့ခိုင်မြဲခဲ့သည်။

ဂျပန်ခေတ်။





မြင်းစီးဖိနပ်ရှည်ကြီးနှင့် မြင်းစီးဘောင်းဘီကြီးဝတ်၍ ဒေါက်မီပေမီ စင်းလုံးချော ဖောင်းဝတ်မြင်းကြီးစီးပြီး မင်းမူနိုင်ခဲ့ပြန်သည်။

နီပွန် စစ်အုပ်ချုပ်ရေးအဖွဲ့မှ ပေးထားသည့် ဘူးသီးငါးပေါင်းကြော် လက်ပတ်ကြီးမှာ သူ၏အရှိန်အဝါကို မြှင့်ထည်စေခဲ့ပြန်သည်။

ဒါပေသိ . . .

ထိုအရှိန်အဝါမှာမူ ကြာရှည်မခံလိုက်။

နီပွန်စစ်အုပ်ချုပ်ရေးချုပ်ငြိမ်းသွားသည်နှင့်အတူ ဘူးသီးငါးပေါင်းကြော် လက်ပတ်ကြီးသည် အဝတ်အပိုင်းအစလေးတစ်ခုလောက်အဆင့်သို့ လျော့ကျသွားသည်။

လက်ဖျားငွေသီးခဲ့သော လမ်းမတော်ဖိုးတုတ်မှာ လက်ဖျားငွေမဲ့ ဖြစ်သွားသည်၊ ဘာဝင်ငွေမှမရှိ၊ ပေးမည့် ကမ်းမည့်သူလည်း မရှိတော့။

တပည့်တပမ်းတွေကလည်း သူတို့ဝမ်းဗိုက်အတွက်ကိုပင် အနိုင်နိုင် ရှာနေဖွေနေရသည်။

သည်သို့သောအခြေအနေမှာ ကိုဖိုးတုတ်ဘဝက ပေအဖြစ် အထု အထောင်းခံခဲ့ရသော စက်ဆန်းမားဘသိန်းက ဒေါက်တာဘမော်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးလက်ကတုံးတောင်ဝှေးဖြစ်လာသည်။

မားဘသိန်းက တူဖြစ်သွားပြီ။ သူက ပေဘဝ။

တူက ထုမည့်ထောင်းမည့် အရိပ်အဆင် ပြလာသည်။

သူ့ခေတ်ကုန်သွားပြီမို့ သူက ခံလှည့်သို့ ရောက်နေပြီ။

ထိုစဉ်ခေတ်က ဒေါက်တာဘမော်အပေါ် ဩဇာသက်ရောက်မှုရှိသော နိုင်ငံရေးဆရာတော်ဖြစ်သည့် ကြည့်မြင်တိုင်သာဓုဆရာတော်အား ခြေတော်ဦးခိုက်၍ တပည့်တော်ကို ကယ်ပါဦးဘုရားဟု လျှောက်ထားပြီး သာဓုဆရာတော်ထံ ခိုလှုံခဲ့ရသည်။

လမ်းမတော်ဖိုးတုတ်အရှိန်အဝါတောက်ပနေစဉ်အချိန်က နာမည်ကြီး သာဓုဆရာတော်ကိုကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အကန်တော့ခံဝင်ဖူးသည်။ စကားပြောဖူး သိဖူး ရှိခဲ့သည်။

ခြေတော်ဦးခိုက်၍ တပည့်တော်ကို ကယ်ပါဦးဘုရားဟု လျှောက်ထားသည်ကြောင့် လက်ခံလိုက်သည်။

"အေးလေ၊ ဒကာ့ရောက်လာတဲ့ လူအဖြစ်နဲ့ ခေတ္တခဏ ကျောင်းရိပ်ခို ချင်သပဆိုလည်း ခိုတာပေါ့၊ ဒါပေမယ့် ကျောင်းဝေယျာဝစ္စကိစ္စကိုတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်နော်”

“မှန်ပါ့ဘုရား၊ တပည့်တော်လုပ်ပါ့မယ်”

ဤသို့ဖြင့် သာခုဆရာတော်ထံတွင် ခိုလှုံနေထိုင်ခဲ့ရသည်။

အဲဒီအချိန်ကပင် သူ၏ ယခင်ရုပ်သွင်နှင့် ဟန်ပန်အမူအရာ မထင်တော့။

ကတုံးဆံတောက်လေးနှင့် ပိန်လှီနေသော ခန္ဓာကိုယ်ကို သယ်ပိုးနေရလင့်ကစား သူ၏လှုပ်ရှားပုံမှာ သွက်လက်မှုမရှိ။

လှုပ်လီလှုပ်လဲ့ နှေးနှေးကွေးကွေး လှုပ်ရှားနေသည့် သူ၏ဟန်ပန်မှာ သူပေါ့ လမ်းမတော်ဖိုးတုတ်ဆိုတာလို့ ပြောသော်မှ ယုံနိုင်စရာ ဟန်ပန်သွင်ပြင် လုံးဝမထင်တော့။

မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆရာတော်၏ ကျောင်းပတ်ဝန်းကျင်တွင် တံမြက်စည်းလှဲနေသည့် ကိုဖိုးတုတ်၏ ဦးခေါင်းမှာ မော့မတ်ခြင်းမရှိ။

တရားသဘောကို နားလည်သဘောမပေါက်သည့်တိုင် ဘဝသခါရ အလှည့်အပြောင်းသဘောကို ဆင်ခြင်မိဟန် ပေါ်လွင်နေသည်ဟုဆိုရမည့် ပုံရိပ်ထင်ရစ်နေသည်။

ဆရာတော်၏အရိပ်၊ ကျောင်း၏အရိပ် ခိုနေရသည့်အတွက် အေးချမ်းမှုရှိသော်လည်း ကိုယ့်စရိုက်နှင့် မအပ်စပ်သောနေရာဖြစ်သည့်အလျောက် ကြာကြာမနေနိုင်။ ဆရာတော်ကိုလျှောက်ထားပြီး ကျောင်းရိပ်က ခွာခဲ့သည်။

အလှည့်ရောက်လာပြီ။ မကြာပါချေ။

သက်ဆိုင်ရာက သူ့အားဖမ်းဆီးပြီး ထောင်ထဲသို့ ပို့လိုက်သည်။

သူ့အားဖမ်းဆီးခြင်းမှာ လောလောလတ်လတ်ကျူးလွန်သည့် ပြစ်မှုကြောင့်မဟုတ်။ မကောင်းသတင်းနှင့် ကျော်ဇောသူတစ်ယောက်အဖြစ် ဖမ်းဆီးလိုက်ခြင်း ဖြစ်၏။

ရန်ကုန်ထောင်တွင် ခေတ္တထားပြီး မြောင်းမြထောင်သို့ ပို့လိုက်သည်။

နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသလို တီဘီရောဂါအပါအဝင် ရောဂါမျိုးစုံစွဲကပ်လာသည်။

ထောင်အပြင်မှာ သန့်သန့်ပြန့်ပြန့်နေရသူတွေပင် ဝဲရောဂါနှင့်မကင်း။ သန်းကြီးမအကိုက်ခံရသည်နှင့် မလွတ်ရှိခဲ့သော ဂျပန်ခေတ်တွင် ထောင်ထဲမှာ နေရသူတွေအဖို့ ပိုဆိုးသည်။

ပြည်တရွှဲရွှဲနှင့် ဝဲနာတွေ အိုင်းထွက်နေသည်။

သန်းကြီးမတွေ ကပ်စွဲနေသည့် အဝတ်များကို သန့်စင်ရေး မလုပ်နိုင်။





လဲဖယ်စရာလည်း မရှိ။

ရောဂါနှင့်သက်ဆိုင်သော ဆေးဝါးလုံးဝမစားရသောကြောင့် တစ်ကြောင်း၊ အစားအသောက်ချို့တဲ့သောကြောင့် တစ်ကြောင်း၊ အအိပ်အနေအလွန်အမင်းဆင်းရဲသောကြောင့် တစ်ကြောင်း၊ ဦးဖိုးတုတ်မှာ အရိုးပေါ်အရေတင် ဆိုရမည်သို့အောင် မြင်မကောင်း ရှုမကောင်း ပိန်လှီချိနဲ့နေသည်။

နောက်ဆုံး ပင့်သက်မရှိုက်မီ သူ တောင့်တရေရွတ်သွားသည်မှာ. . .

“ထန်းလျက်ခဲလေးတစ်ခဲ စားချင်လိုက်တာ၊ ဆေးပြင်းလိပ်ကလေးတစ်ဖွာလောက် ဖွာရှိုက်ချင်လိုက်တာ”

မြောင်းမြထောင်ထဲမှာ ဘဝနိဂုံးချုပ်သွားသည့် လျှမ်းလျှမ်းတော်က ကျော်ကြားခဲ့သူ၊ လက်ဖျားငွေသီးခဲ့သူ၊ ဝိုင်းဝိုင်းလည်နေသည့် တပည့်တပမ်းများ၏ ခေါင်းကိုင်ဖခင်ကြီးဖြစ်ခဲ့သူ လမ်းမတော်ဖိုးတုတ်၏ ရုပ်အလောင်း ဂုန်နီအိတ်နှင့်စွပ်လျက်. . .

မြေပုံသော်မှ မကျန်ခဲ့။

မကောင်းမှုပြုသူများ၏ တန်ပြန်ခံစားရသည့် အကျိုးဆက်သည် ဤသို့မှတစ်ပါးဟု ဆိုရမည်ပါတည်း။

စာဖတ်သူများ ဆက်လက်ဖတ်ရှုရမည့် ဇာတ်ကြောင်းမှာ လမ်းမတော်ဖိုးတုတ်တို့အကြောင်းနှင့် တိုက်ရိုက်မဆက်နွယ်၊ မပတ်သက်သော်လည်း တစ်နည်းတစ်သွယ် ဆက်နွယ်ပတ်သက်ရာသည်ဟု ဆိုရမည်သောကြောင့် ခြေဆင်းသဘောရေးသားရခြင်း ဖြစ်ပါသည်။

မည်သို့မည်ပုံ ဆိုသည်ကိုမူ. . .။

◆ ◆ ◆

လွတ်လပ်ရေးနှောင်းပိုင်းကာလတွင် လမ်းမတော်ဖိုးတုတ်လောက် မထင်ရှား၊ မကျော်ကြားခဲ့စေကာမူ လမ်းမတော်ဖိုးတုတ်နီးပါးဟု ဆိုနိုင်လောက်အောင် လူသိများ၍ ကျော်ကြားထင်ရှားသူတစ်ယောက် ပေါ်လာသည်။

လူမိုက်မဟုတ်သော်လည်း လုပ်ငန်းသဘောအရ လူမိုက်အသွင်ဆောင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းစရာရှိကြမ်း၊ ရမ်းစရာရှိရမ်း၊ လက်ဝါးစောင်းလက်သီးပေးစရာရှိရင်လည်း သွက်သွက်မြန်မြန် ပေးရသည်။

တစ်ခါတရံ တုတ်နှင့်ပြီးမည့် ကိစ္စမျိုးကြတော့လည်း တုတ်သုံးရသည်။

ဓားကိုတော့ မသုံး။ အဆောင်အဖြစ်တော့ ထားရသည်။ လုပ်ငန်းသဘောအရ လက်ဝါးစောင်း၊ လက်သီး၊ တုတ်စသည်တို့ကို အမြဲမဟုတ်စေကာမူ ရံဖန်ရံခါ သုံးပေးရသည်။ ပထမတော့ တစ်ကိုယ်တော်၊ နောက်အသိုင်းအဝိုင်း ပါလာသည်။ ထိုမှ လုပ်ငန်းနယ်ကျယ်လာသည်။

လုပ်ငန်းနယ်ကျယ်လာသည့်အလျောက် တပည့်တပမ်းတွေ မွေးရသည်။

ကိုယ့်အတွက်သာမ သူတို့အတွက်ပါ ပြေလည်အောင် ဖန်တီးပေးရသည်မို့ တပည့်တပမ်းများ၏ အားကိုးအားထားစရာ ခေါင်းကိုင်အဖေ ဖြစ်သည်။

နယ်မြေတစ်ခုကို အပိုင်စားပြီး သူ့လုပ်ငန်းနယ်မြေထဲသို့ လူစိမ်းများဝင်လာပြီး ခြေမချနိုင်အောင် လိုအပ်ရင် လိုအပ်သလို မိုက်သွေးကြွပြရ

မိုက်ဂုဏ်ဖော်ရသည်။ အကြံအဖန်အမျိုးမျိုး၊ လှည့်ကွက် အသွယ်သွယ၊ ကွက်ကျော်ရိုက်နည်း အဖုံဖုံကိုလည်း ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်သူဖြစ်လာသည်။ လုပ်ငန်းသဘောက ဥပဒေနှင့် မလွတ်ကင်းသောကြောင့် အတိမ်းအရှောင် အပေးအကမ်းများကိုလည်း ပါးပါးနပ်နပ် လုပ်ရသည်။

အလုပ်ဖြစ်သလောက် လက်ဖျားမှာ ငွေသီးခဲ့သည်။

ရန်ကုန်မြို့တွင် တစ်ခေတ်တစ်ချိန်က လမ်းမတော်ဖိုးတုတ်နာမည် ရေပန်းစားခဲ့သလို သူ့နာမည်လည်း ရေပန်းစားခဲ့သည်။

သူ့ခေတ်တစ်ခေတ် ဆန်းသစ်ခဲ့သည်။

သူဆိုသည်က ဘယ်သွားနေသလဲ မောင်ရေခဲ ခေါ် ကိုရေခဲ။

◆ ◆ ◆



(တစ်)

မြန်မာပြည်တစ်ဝှမ်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းမှာ ရန်ကုန်မြို့၌ စတင်ပေါ်ပေါက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ၊ မြန်မာပြည်တစ်ဝှမ်းလုံး၏ စီးပွားရေးငန်းကြီးများကို ချုပ်ကိုင်ထားသူမှာ ကုလားသူဌေးကြီးများ ဖြစ်၏။

နောက်ဖေးကြုံသည့် လုပ်ငန်းကြီးကအစ စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်လုပ်ငန်းအလယ်၊ စိန်ရွှေအရောင်းအဝယ်နှင့် သွင်းကုန်ထုတ်ကုန် လုပ်ငန်းအဆုံး အချက်အချာ စီးပွားရေးလုပ်ငန်းကြီးအားလုံးမှာ ကုလားသူဌေးကြီးများ၏ လက်ဝယ်တွင် ရှိသည်။

ဟိုတယ်လုပ်ငန်း၊ အရက်၊ ဘိန်းနှင့် လောင်းကစားလုပ်ငန်းကြီးများကိုတော့ တရားဝင်စီးပွားရေးလုပ်ငန်းရှင်ကြီးများက ချုပ်ကိုင်ထားသည်။

သုံးလေးဦးသော မြန်မာသူဌေးအမည်ခံရသူတွေက လယ်ပိုင်ရှင်၊ မြေပိုင်ရှင်ကြီးများအဖြစ် ရပ်တည်၍ လက်ဝေခံ ဆန်စပါးအရောင်းအဝယ် လုပ်ငန်းတွင်သာ ကျင်လည်နေရသည်။

ဖျော်ဖြေရေးလုပ်ငန်းဖြစ်သည့် အငြိမ့်၊ ဇာတ်သဘင်လုပ်ငန်းမှာ မြန်မာလူမျိုးတို့လက်ထဲတွင်ရှိသည်ဟု ဆိုရမည်သော်လည်း နောက်ကွယ်မှာ ငွေကြေးနှင့် ချုပ်ကိုင်ထားသူများမှာ လူရည်လည်သော တရုတ်များဖြစ်၏။

နောင် လူထုအသည်းစွဲ ရုပ်ရှင်ပြသခြင်း လုပ်ငန်းကို စိတ်ကူးဉာဏ်ရှင်သည့် ဂျူးလူမျိုးစီးပွားရေးလုပ်ငန်းသမားများက စတင်လိုက်ခြင်းဖြစ်၏။

ရုပ်ရှင်ရုံအမည်မှာ. . .

"အယ်ဒီဆင်" ရုပ်ရှင်ရုံ။

လမ်းမတော်၊ ကျုံးကြီးလမ်းထောင့်တွင် ရှက်ထည်ရုံထိုး၍ အင်္ဂလိပ်ဇာတ်ကားများ စတင်ပြသသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးချင်းကိုက်တာကိုပင် လူစုလူဝေးနှင့် ကြည့်လေ့ကြည့်ထရှိသည့် မြန်မာလူမျိုးတို့ စရိုက်အတိုင်း ပထမဆုံးပေါ်လာသည့် ရွက်ထည်ရုပ်ရှင်မှာလည်း လူစည်သည်။

ဘာရယ်ညာရယ် မဟုတ်။

အထူးအဆန်းဟု သဘောမှု၍ ဝင်ကြည့်ကြသည်။

ထို့မှ ကျုံးကြီးလမ်းထက် ပို၍ မြို့လယ်ကျသည့် ယခု ဗိုလ်ချုပ်ဈေးနေရာတွင် ဒုတိယရုပ်ရှင်ရုံ ပေါ်လာသည်။

"စီနီမာ၊ ဒီပဲရစ်"

စီနီမာက ရုပ်ရှင်၊ ဒီပဲရစ်က ဂျူးသူဌေးနာမည်။ သွပ်မိုး၊ သွပ်ကာ၊ ဂိုဒေါင်ပုံစံ။ ယနေ့ခေတ် ရုပ်ရှင်ရုံများလို အပြင်အမြင်ရော အတွင်းအပြင်အဆင်ပါ မထည်ဝါ။

မူလရှိနေသည့် အဆောက်အအုံဟောင်းကြီးကို ရုပ်ရှင်ပြ၍ ဖြစ်နိုင်ရုံအဖြစ်သဘော ဖန်တီးထားသည့် ရုပ်ရှင်ရုံ။

ရန်ကုန်မြို့တစ်မြို့လုံးမှာမှ တစ်ရုံတည်းသာရှိသော ရုပ်ရှင်ရုံ. . . ။

မူးတန်း၊ မတ်တန်း၊ ငါးမူးတန်းဟူ၍ တန်းသုံးတန်းခွဲထားသည်။

မူးတန်းနှင့် မတ်တန်းတွင် ပန်ကာမရှိ။ ငါးမူးတန်းတွင်သာ ပန်ကာနှစ်လုံးတပ်ထားသည်။ မူးတန်း၊ မတ်တန်း၊ ငါးမူးတန်းဟူ၍ သတ်မှတ်ထားသော်လည်း ရုပ်ရှင်ရုံဖွင့်စ ပထမပတ်တွင် တစ်ဝက်နှုန်းဖြင့် စဖွင့်သည်။

တစ်ပဲ၊ တစ်မူးနှင့် တစ်မတ်။

ရုပ်ရှင်နှင့် မကျွမ်းဝင်သေးသူ ပရိသတ်ကို မြူဆွယ်လိုက်ခြင်း ဖြစ်၏။

ငါးပြား၊ ဆယ်ပြားနှင့် နှစ်ဆယ့်ငါးပြားတန်းဟု ဆိုနိုင်ပါသည်။

စီနီမာ ဒီပဲရစ်မှာ အယ်ဒီဆင်ရုံထက် ပို၍ အကွက်အကွင်းကျသောကြောင့် ရုပ်ရှင်ကြည့်ပရိသတ် စည်ကားလာသည်။

စီနီမာကို မြို့သားတွေခေါ်သည့် နောက်တစ်မျိုး အခေါ်မှာ ဘိုင်စကုတ်။

နောက်ပိုင်း မြို့နယ်အတော်များများသို့ ရုပ်ရှင်ပြသခြင်း လုပ်ငန်း ပြန့်နှံ့သွားသောအခါ အခေါ်အဝေါ် အသုံးအနှုန်းတစ်မျိုး ပေါ်လာသည်။

ဓာတ်ရှင်။

ဓာတ်ရှင်သွားကြည့်ရအောင်ဆိုသော အပြောဖြင့် အဖော်ညှိကြသည်။

နယ်တွေမှာ လူကိုယ်တိုင်ကပြ အသုံးတော်ခံသည့်အငြိမ့်။

ဓာတ်သဘင်လောက် အငြိမ့်ပြပွဲကို စိတ်မဝင်စားကြ။





စီနီမာ ဒီပဲရစ် ရုပ်ရှင်ရုံက ပရိသတ်ကို အတော်ကြီး ဆွဲဆောင်မှု လုပ်ခဲ့ရသည်။

ရုံပြင်မှာ ရစ်သီရစ်သီ စုဝေးလာအောင် တူညီဝတ်စုံဝတ် ဘင်ခရာအဖွဲ့ဖြင့် ဖျော်ဖြေလေသည်။ ခေတ်က အင်္ဂလန်က ဘင်သံခေတ်။

ဆူဆူညံညံ စည်စည်ဝေဝေရှိသည့် ဘင်ခရာအဖွဲ့၏ တီးမှုတ်သံများကြောင့် လမ်းသွားလမ်းလာများမှာ စီနီမာ ဒီပဲရစ် ဂိုဒေါင်ရုပ်ရှင်ရုံကြီးကို စောင်းငဲ့မကြည့်ရှုဘဲ မဖြတ်သန်းနိုင် ဖြစ်ကြရသည်။

ဘင်သံရပ်သွားသည်နှင့် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် မြန်မာလူမျိုးတစ်ယောက်က ရုပ်ရှင်အကြောင်းနှင့် ပြသနေသော ဇာတ်ကားအကြောင်းကို ဟုတ်တာရော မဟုတ်တာရော ရောစွက်ပြီး အာဝဇ္ဇန်းရွှင်ရွှင်နှင့် စိတ်ပါဝင်စားမှုရှိအောင် ပြောပြနေသည်။

သူ၏ဟန်ပန်နှင့် ပြောလုံးက စိတ်ဝင်စားစရာ။ စီနီမာခေါ် ရုပ်ရှင်။ ဘယ်လိုပါလိမ့်။ စုံစမ်းချင်၊ စူးစမ်းချင်စိတ် ဖြစ်ကြရသည်။

ဒါပေသိ တစ်မတ်တစ်မူးကလည်း သူ့အထွာနှင့်သူ တန်ဖိုးရှိသောခေတ်မို့ ရုပ်ရှင်ရုံထဲကို ပေါ့ပေါ့လွယ်လွယ် မဝင်နိုင်ကြ။

ပိုက်ဆံတစ်မူးနှင့် ပုစွန်ကြော်အကြီးငါးဆယ်သား ဝယ်လို့ရသည်။ ရေခဲမုန့်စားမလား၊ ဖာလူဒါသောက်မလား၊ တစ်မူးမကုန်။

သို့တစေ ကြည့်သူကတော့ အထိုက်အလျောက် ရှိသည်။

မြန်မာလူမျိုးများမှာ အပျော်အပါးနှင့် ကြည့်မွေ့သည့် စရိုက်ရှိကြသည့်အတိုင်း ကြည့်ရှုသူတော်တော်လေး များသောကြောင့် ဝင်ငွေအကောင်းကြီးမဟုတ်စေကာမူ အကျိုးအမြတ် တွက်သားကိုက်သော ဝင်ငွေရသည်။

ဒါကြောင့်လည်း စီနီမာ ဒီပဲရစ်ရုံသက်တမ်းရှည်ကြာ၍ တည်တံ့ခဲ့သည်။

ရုံ၏ဟိတ်ဟန်မထည်ဝါပေမယ့် တူညီဝတ်စုံနှင့် ရုံဝင်ပေါက်စောင့်သူများ၏ အပြုံးကမ်းလင့်ကြိုဆိုပုံမှာ ပျူပျူငှာငှာ ငြိမ့်ငြိမ့်ထွေးထွေး ရှိသည်။

ရုံထဲမရောက်သေးသည့် ရုပ်ရှင်ကြည့်ရန် လာသူများ၏ရင်ကို အေးသက်စေခဲ့သည်။ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် မန်နေဂျာကြီးကလည်း အခန့်သားမနေ။ ရုံအပြင်ဘက်တွင် လူးလာခေါက်တုံ့လျှောက်ရင်းမှ ရွှေ့ပွဲလာပရိသတ်ကို အပြုံးတဝေဝေနှင့် ခေါင်းလေးညိတ်ကာ ညိတ်ကာဖြင့် နွေးထွေးစွာ ကြိုဆိုနေသည်။

တကယ်စီးပွားရှာသူများမှာ ထိုသို့သောအထာများဖြင့် သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကပ်ထဲက ငွေကို ကိုယ့်အိတ်ကပ်ထဲ ရောက်အောင် လုပ်စွမ်းသည့် ပရိယာယ်ကြွယ်သည်။ ထိုစဉ်က ရုပ်ရှင်ပြစက်မှာ တစ်လုံးတည်းသာရှိသောကြောင့် တစ်ဆက်တည်းပြလို့မရ။ တစ်ပိုင်းပြီးလျှင် တစ်ခါနားရသည်။

မြန်မာပရိသတ်ကြိုက်၊ သီချင်းခေတ်ပြားများကိုလည်း အော်လံခေတ်စက်ကြီးနှင့် ဖွင့်ပေးသည်။

ရုပ်ရှင်ဇာတ်ကားကို တစ်ဆက်တည်းမကြည့်ရဘဲ ပြတ်တောင်းပြတ်တောင်း ဆက်တင့်ငံ့ကြည့်ရစေကာမူ ရုပ်ရှင်ကြည့်ပရိသတ်က အော်တာဟစ်တာမျိုး မလုပ်။

ရုပ်ရှင်ကို ထိုသို့လျှင်ကြည့်ရသည်ဟု သဘောပေါက်ထားကြသည်။

ထိုစဉ် ရုပ်ရှင်ကားကို အာရုံမပြတ် တစ်ဆက်တည်း ကြည့်ရှုရမှန်း မသိကြသေး။

ပိတ်ကားကြီးပေါ်မှာ နောက်တစ်ပိုင်း ရုပ်သံများပေါ်လာသည်အထိ အေးအေးလူလူပင် စောင့်ဆိုင်းကြည့်ရှုကြသည်။

ကွာစေ့၊ နေကြာစေ့၊ ဆီးထုပ်၊ မရမ်းထုပ်စားပြီး အမှိုက်ပွရှုပ်အောင် လုပ်တာမျိုးလည်း မရှိ။ ဆေးလိပ်ကိုတော့ လွတ်လွတ်လပ်လပ် မီးခိုးငွေ့အလုံးလိုက်တက်အောင် သောက်ကြသည်။

ထို့ကြောင့် ရုပ်ရှင်ပြစက်မှ ထိုးလာသည့်ကာဗွန်၊ ကာဗွန်ဆလိုက် အလင်းရောင်တန်းနှင့် ဆေးလိပ်မီးခိုးများမှာ လုံးထွေးနေစမြဲရှိသည်။

ငွေကြေးတတ်နိုင်သူများကမူ ရုံအတွင်းမှာ လှည့်ရောင်းသည့် ချောကလက်၊ ပန်းသီး၊ လိမ္မော်သီး စားကြသည်။ ဘိလပ်ရည် သောက်ကြသည်။

အဲ့ဒီအချိန်က ခေတ်စားသည့် ဘိလပ်ရည်မှာ ကျောက်စိမ်းရောင်ကာရင်ဆိုဒါ။ ရုံတွင်းမှာ ခုခေတ်လို အမှိုက်မရှုပ်။ ရှင်းသည်။ သန့်သည်။

ကြမ်းပိုးတို့ ကြွက်တို့လည်းမရှိ။ ရုပ်ရှင်ကြည့်ပရိသတ်ကလည်း သန့်သန့်ပြန့်ပြန့် အေးအေးဆေးဆေး စည်းကမ်းရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရန်ကုန်မြို့မှာ ရုပ်ရှင်စတင်ပေါ်လာသည်။

စီးပွားရေးလာဘ်မြင်သည့် ဂျူးလူမျိုးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက စတင်လိုက်ခြင်း ဖြစ်၏။

စီးပွားရေးလုပ်ငန်းတွင် အရှုံးထက် အမြတ်က ဦးတည်နိုင်ပြီး ရေရှည်ပုံမှန်ဝင်ငွေရသည့် လုပ်ငန်းအဖြစ် လာဘ်မြင်၍ မျက်စိပွင့်လာသူများမှာ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်သူ ကုလားသူဌေး လုပ်ငန်းရှင်များဖြစ်ကြ၏။





ထိုသို့ကာလက ကုလားသူဌေးများမှာ အလွယ်တကူ ပတ်တာခံ၍ရသည့် ရန်ကုန်မြို့လယ်မှာ ဂရန်မြေများကိုရယူ၍ အခန်းပေါင်းများစွာပါသည့် လူနေတိုက်တန်းကြီးများဆောက်၍ လခဖြင့် ငှားစားကြသည်။

ရင်းနှီးငွေမှာ ပုံမှန်ဝင်ငွေရသည့်လုပ်ငန်းအဖြစ် ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်၏။

သူတို့က ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို မျက်စိကျလာသည်။

တိုက်ဆောက်ပြီး အခန်းငှားစားသည့်ဝင်ငွေထက် သာလွန်သော ဝင်ငွေရနိုင်ကြောင်း တွက်ချက်မိလာကြသည်။

ကုလားလူမျိုးတွေ အများဆုံးနေထိုင်သည့် ရန်ကုန်မြို့လယ်မှာ ရုပ်ရှင်ရုံဆောက်ပြီး ကုလားကားနှင့် အင်္ဂလိပ်ကားပြသခြင်းမှ ရနိုင်မည့်ဝင်ငွေကို ဇယားချကြည့်ကြသည်။

ထိုလုပ်ငန်းအပေါ် စိတ်ပါဝင်စားမှုရှိလာပြီး အာရုံစိုက်လာသည်နှင့်အညီ ယခုဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် ဒိုဗီအုန်း (နောက် ရဲရင့်) ရုပ်ရှင်ရုံကို စတင်တည်ဆောက်ခဲ့၏။

စီနီမာ ဒီပဲရစ်လို သွပ်မိုးသွပ်ကာ ဂိုဒေါင်ရုံမျိုးမဟုတ်။

ကုလားပြည်မှ ရုပ်ရှင်ရုံပုံစံ အုတ်ပတ်ကား အခိုင်အခန့် အဆောက်အအုံရုပ်ရှင်ရုံ ပေါ်လာသည်။

ထိုမှ နောက် လူစည်ကားရာ ဆူးလေဘုရားလမ်းကို ဗဟိုပြု၍ ရုပ်ရှင်ရုံတွေ အလျှိုလျှို ပေါ်လာသည်။

အဆောက်အအုံအဟောင်းကို ရုပ်ရှင်ရုံအသွင် ပြန်လည်ပြုပြင်တည်ဆောက်သလို အသစ်ဆောက်သည့် ရုပ်ရှင်ရုံများလည်း ပေါ်လာသည်။

ထိုစဉ်အချိန်က အသပ်ရပ်ဆုံးနှင့် အဆင့်တန်းအမြင့်ဆုံး အကောင်းဆုံး ရုပ်ရှင်ရုံမှာ ဂလုပ်ရုံ (နောက် ဂုဏ်ရုံ) ဖြစ်၏။

မြန်မာနှင့်တရုတ် လုပ်ငန်းရှင်သူဌေးများမှာ ရုပ်ရှင်ရုံလုပ်ငန်းကို စိတ်မဝင်စားသလို ထိုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်ကြ။

ရေရှည်အကျိုးဖြစ်ထွန်းလိမ့်မည်ဟု မတွက်ကြ။

ရှားရှားပါးပါးမြန်မာစစ်စစ်ပိုင်ဟူ၍ ပြောရမည့်ရုပ်ရှင်ရုံတစ်ရုံပေါ်လာသည်။

သွင် ရုပ်ရှင်ရုံ။

ဗြိတိသျှအားမာ သူဌေးဦးညွန့်က သူ့ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများပြသရန် ရုံငှားသည့်အခါ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုချင်သော ပြသရက်မရသည့်အပြင် ပြသလိုသောရုံကိုလည်း ငှားမရ။

အဲဒီလိုအခက်အခဲများ ဖြေရှင်းဖို့အတွက် အခြားနည်းလမ်းမရှိ။

ကိုယ်ပိုင်ရုပ်ရှင်ရုံဆောက်မှဖြစ်မည်ဟု ဆုံးဖြတ်ပြီး ဆောက်ခဲ့ရာမှ စစ်မဖြစ်မီကာလ မြန်မာစစ်စစ်ပိုင် ရုပ်ရှင်ရုံတစ်ရုံ ပေါ်လာခြင်း ဖြစ်၏။

စတားရုံ၊ အိုလံပီယာရုံ၊ ကင်းရုံ၊ အက်စပယ်စီယာရုံ၊ အိုဒီအိုးရီးဂျင့်၊ ဂလုတ် စသည့်ရုံများမှာ ကုလားသူဌေးများ ပိုင်ဆိုင်ခဲ့ကြသည်။

ပလာဒီယံရုံမှာ ဂျူးကပြားပိုင်ရုံ ဖြစ်၏။

နောက်တိုးရုံမှာ ကာလတန် (ယုဇန)နှင့် ရှိုင်ရယ် (တော်ဝင်)ရုံ။

နောက်တိုးရုံမှာ ကလာတန်နှင့် ရှိုင်ရယ်။

ထိုစဉ်ကာလက အင်္ဂလိပ်ဇာတ်ကားနှင့် ကုလားဇာတ်ကားများကို အိန္ဒိယ ကိုယ်စားလှယ်များထံမှတဆင့် ငှားရမ်းပြသကြရသည်။

ဇာတ်ကားငှားရမ်းခ ဈေးနှုန်းအလွန်သက်သာသည်။ ဈေးချိုသည်။

အိန္ဒိယရှိ ကိုယ်စားလှယ်ကြီးများက မြန်မာပြည်သို့ ဇာတ်ကားငှားရမ်းခြင်းကို ဈေးကွက်သဘောမထား။

အပိုဝင်ငွေသဘောထားပြီး အမှန်တကယ်ဈေးနှုန်းထက် လျှော့ပေါ့ ငှားရမ်းသည်။

ရုပ်ရှင်ရုံပိုင်ရှင်များ၏ဝင်ငွေမှာ မျှော်မှန်းသည်ထက် မြင့်တက်လာသည်။

ရုပ်ရှင်ရုံနှင့် ရုပ်ရှင်ဇာတ်ကားပြသသည့် လုပ်ငန်းဖြင့် ကုလားသူဌေးများ စီးပွားဖြစ်ခဲ့ကြသည်။

မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ပြည်စသော မြို့ကြီးများသို့အထိ တိုးချဲ့လာသည်။

အရှုံးဆိုတာ ချိုနဲ့လားဟု မေးရမည့် စီးပွားရေးလုပ်ငန်း ဖြစ်လာသည်။

ပထမဆုံး ရိုက်ကူးသည့်မြန်မာရုပ်ရှင်ဇာတ်ကားမှာ မေတ္တာနှင့်သူရာ။

ရုပ်ရှင်အတတ်ပညာကို စာတွေ့သာ လေ့လာဖူးသည့် ဝါသနာရှင် လန်ဒန်အတ်ဦးအုန်းမောင်က ဒီ၊ အေ၊ အဟူဂျာမှာ ရုပ်ရှင်ရိုက်သည့် ကင်မရာ အဟောင်းတစ်လုံးကို ဝယ်ယူလိုက်သည်။

အဆိုပါကင်မရာမှာ သူတစ်လုံးတည်း အသုံးပြု၍ရသော ကင်မရာမဟုတ်။

ရှာဖွေရရှိထားသည့် အခြားကင်မရာအဟောင်းတစ်လုံးနှင့် ပေါင်းစပ်ပြီး ရုပ်ရှင်ဇာတ်ကားရိုက်နိုင်သည့်အဖြစ် ကင်မရာတစ်လုံးကို ရုပ်ရှင်ရိုက်နိုင်သည့် ကင်မရာဖြစ်လာအောင် တီထွင်ကြိုးပမ်းခဲ့ရ၏။

ထိုထိုကာလက ဖြစ်တည်ရှိနေသော အခြေအနေ အနေအထားအရ





အတတ်ပညာပိုင်းဆိုင်ရာ ရှုထောင့်မှကြည့်လျှင် ဖြစ်နိုင်ဖွယ်ရာမရှိဟု ဆိုရမည်သော အတတ်ပညာကိရိယာတစ်ခုကို တကယ်လုပ် အဟုတ်ဖြစ်အောင် လုပ်ပြခဲ့သူမှာ ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ် ဦးအုန်းမောင် ဖြစ်၏။

ဦးအုန်းမောင် တီထွင်ကြိုးပမ်းခဲ့ရသော ကြိုးပမ်းမှုမှ ဖြစ်တည်ဖြစ်ရှိလာသည့် ကင်မရာမှာ သူတို့ဆီက မူရင်းကင်မရာနှင့် နှိုင်းယှဉ်ကြည့်လျှင် တီထွင်ကြိုးပမ်းခဲ့သူ ဦးအုန်းမောင်အား မတန်မရာ စိတ်ရှုပေါက်ရန်ကောဟု ဆိုကောင်းဆိုနိုင်ရာအောင်ပင် ကွာခြားသည်။

ထို စိတ်ရှုပေါက်ရန်ကောဆိုသည့် ကင်မရာလေးကနေ မေတ္တာနှင့်သူရာ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားကို ဖွားမြောက်လိုက်၏။

မေတ္တာနှင့်သူရာ မြန်မာ့ပထမဆုံး ရုပ်ရှင်ကားကို မြန်မာ့ပထမရုပ်ရှင်ရုံ ဖြစ်သည့် စီနီမာ ဒီပဲရစ်ရုံတွင် ပြသခဲ့သည်။

ပရိသတ်အားပေးမှုကို အောင်အောင်မြင်မြင် ရရှိလိုက်သည်။

ထိုမှနောက် မြန်မာ့အသံတိတ်ရုပ်ရှင်ခေတ် ထွန်းပေါက်လာသည်။

မြန်မာ့ရုပ်ရှင်ကားများ ထုတ်လုပ်ဖြန့်ချိရာတွင် ထင်ရှားသော ကုမ္ပဏီကြီးနှစ်ခုမှာ ဗြိတိသျှဘားမားနှင့် အေဝမ်း။

ကုမ္ပဏီကြီးနှစ်ခုမှာ အပြိုင်အဆိုင် မဟုတ်သော်လည်း နောက်ပိုင်းတွင်လည်း အပြိုင်အဆိုင်သဘော ဆောင်လာကြသည်။

ဗြိတိသျှဘားမားက အလှမ်းသွက်သလို အေဝမ်းကလည်း အလှမ်းကျဲသည်။

ဗြိတိသျှဘားမားက ရုပ်ရှင်ရုံပိုင် ရှိသည်။ အေဝမ်းက ကုမ္ပဏီ ဇာတ်ကားတွေကို အင်နှင့်အားနှင့် ကြော်ငြာဖို့ မဂ္ဂဇင်းပင်ရှိသည်။ မြန်မာ့ ရုပ်ရှင်ဇာတ်ကားများ၏ ပထမအဆင့်မှာ အသံတိတ်။ အစဦးပိုင်းတွင် ကြည်လင်မှုအားနည်းသလို၊ တည်ငြိမ်မှုပိုင်းတွင်လည်း အားနည်းသည်။

ထို့ကြောင့်. . .

'သုန်မြင်း၊ မှုန်မြင်း သီးခံပါ' ဆိုသော စကားဦးစာတန်းလေးများပင် ထိုးပြရသည်။

စာတန်းထိုးဇာတ်ကားများကို ပရိသတ်ပို၍ စိတ်ဝင်စားမှုရှိအောင် စန္ဒရားတီးဝိုင်းများဖြင့် အထောက်ကူပေးရသည်။

အဆိုအတီးသာမဟုတ်။ အပြောလည်းပါသည်။

ဇာတ်လမ်း၏ ဇာတ်ဝင်သီချင်းများကို ဂီတပညာရှင်များက သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် သီဆိုတီးမှုတ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

စကားပြော စာတန်းကို အသံထွက် ဖတ်သူများလည်း ပါသောကြောင့် အား ပလံများ စီစီဝေဝေ ရှိသည်။

ရုပ်ရှင်ကြည့်ပရိသတ်အတွက် သိပ်အနှောင့်အယှက်မဖြစ်။

သူ့ခေတ် သူ့အချိန်အခါ သူ့အထာနှင့်သူတော့ ခံစားရမှုတစ်မျိုးအဖြစ် ရှိစေသည်။

မဖတ်တတ်ဖတ်တတ် ဖတ်သူများ၏အသံနှင့် လွဲမှားသည်များကြောင့် ရယ်မောရသည်။

အဲဒီလို အော်ကြီးဟစ်ကျယ်မဖတ်နဲ့ဟု တားမြစ်သည်မျိုးလည်း မရှိ။

ရုပ်ရှင်ကြည့်ပရိသတ်အချင်းချင်း လွတ်လပ်မှုကို ပေးကြသည်။

တစ်ခါတရံ ရုပ်ရှင်ထဲက ဇာတ်ကောင်များပြောသည့်စကားလုံးထက်ပို၍ စိတ်ဝင်စားစရာကောင်းသည့် ပြောလုံးဆိုလုံးများကို တီးဝိုင်းသမားက ဖြည့်ပေးသည်။ သူတို့မှာ အဆိုအတီးသာမဟုတ် အပြောလည်းပါရသည်။ အပြောလည်း ပိုင်ရသည်။ ဟာသကွက်များကို ဝင်ရသည်မှာ မလွယ်။

ဒါပေသိ ဇာတ်ကောင်ပြောသော ဟာသထက် သူတို့ဟာသက ပို၍ ပြောင်မြောက်သောကြောင့် ရုပ်ရှင်ကြည့်ပရိသတ်၏ ရယ်မောသံမှာ ဝေဝေလွှင့်လွှင့် ထွက်လာရသည်။

မည်သို့ပင်ရှိစေ. . .

ဇာတ်လမ်းအားကောင်းသည့် ထိုးခန်းကြိတ်ခန်း၊ ဖိုက်တင်ခန်းတွေ ပီပြင်သည့် လက်ခေါက်မှုတ်သံ တရှိန်ရှိန်ထွက်လာစေသည့် ဒိုင်ဗင်ခန်းတွေကလည်း မိသည်။ မြန်မာအသံတိတ်ဇာတ်ကားများကို ရုပ်ရှင်ကြည့်ပရိသတ်ကြိုက်နှစ်သက်ကြသည်။ ဖိုက်တင်၊ ဒိုင်ဗင်နှင့် စွန့်စားခန်းအမျိုးမျိုးကို မင်းသားတွေက ခုခေတ်လို လူစားထိုးပြီးမလုပ်ကြ။ ကိုယ်တိုင် ဝင်သရုပ်ဆောင်ကြသည်။

ဖိုက်တင်ခန်းများ ပီပြင်သည်ဆိုရာမှာ ခုခေတ်လို ဟန်ထိုးဟန်ကန်မဟုတ်။ အထိထိုးပြီး အထိကန်ကြသည်အထိ အနာခံကြသည်။

နောက်တစ်ဆင့်တက်လာတာက သံစုံသွင်းဇာတ်ကား။

အသံတိတ်လည်းမဟုတ်၊ အသံထွက်လည်း မဟုတ်သော အသံတိတ်တစ်ပိုင်း၊ အသံထွက်တစ်ပိုင်း၊ ကြားပေါင်းကူးဇာတ်ကား။

သံစုံသွင်းမှာ. . .

အသံထွက်ခေတ်ကို ကူးပြောင်းဖို့အတွက် ဆက်စပ်ပေးသော ပေါင်းကူးတံတားဟူ၍လည်း ဆိုနိုင်၏။





သံစုံသွင်းပြီးတော့မှ အသံထွက်ခေတ်သို့ ကူးပြောင်းခဲ့ရသည်။

အစပထမပိုင်းတွင် မပီဝိုးတဝါးအသံများ ရောစွက်ပါဝင်ခဲ့သေးသည်။

အေဝမ်းကုမ္ပဏီက အသံပိုင်းဆိုင်ရာ ဂျပန်ပညာရှင်ကိုပင် ငှားရမ်းခဲ့သည်။ ဗြိတိသျှဘားမားကလည်း အိန္ဒိယလူမျိုး ကျွမ်းကျင်သူ၏ အကူအညီကို ရယူခဲ့သည်။

အသံထွက်ခေတ် ရောက်တော့မှာပဲ ရုပ်ရှင်ကြည့်ပရိသတ်လည်း နားအေးပါးအေးနှင့် ဇိမ်ရှိရှိ ရုပ်ရှင်ကြည့်ကြရသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ မြန်မာဇာတ်ကားအများဆုံး ပြသသည့်ရုံ သုံးရုံရှိသည်။

စတားရုံ (နောင် ဝင်းဝင်းရုံ)

အော်လံပီယာရုံ (နောင် ရွှေဂုံမြို့မနေရာ)

သွင်ရုံ (ယခုလက်ရှိ မူလနေရာ)

အဲဒီအချိန်က ရုပ်ရှင်မှောင်ခိုလက်မှတ်တို့မရှိ။ ကြိုတင်လက်မှတ်ရောင်းစနစ်လည်း မရှိ။ တမတ်တန်း၊ ငါးမူးတန်းမှာတော့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အစွမ်း အစနှင့်ကိုယ် တိုးရသည်။လက်မှတ်ရောင်းသည့်စနစ်က တစ်ယောက်တစ်စောင်မဟုတ်။ ကြိုက်သလောက် ဝယ်လို့ရသည်။

လေးငါးစောင် ဝယ်မလား၊ ဆယ်စောင် ဝယ်မလား ရသည်။

ရုပ်ရှင်ကားကောင်းပြီဆိုရင်တော့ အကျီချွေးကို ရေစိမ်ပြီး ညှစ်ရအောင် တိုးရခွေ့ရသည်။ ကိုယ်လုံးနှင့်တိုးရသည်။ ခေါင်းနှင့်ခွေ့ရသည်။ ခုန်ပျံကျော်လွှားရသည်။ တံတောင်တို့၊ ဒူးတို့ ပေးတတ်ရသည်။

တိုးနေသူ လူအုပ်အပေါ် ဝမ်းလျှားထိုးမှောက်ပြီး စတန့်ထိုး ထိုးတတ်ရသည်။ အဲဒီလို မတိုးနိုင်လို့ကတော့ တမတ်တန်း၊ ငါးမူးတန်းကြည့်ဖို့ စိတ် မကူးလေနဲ့။ ကံကောင်းလို့ လက်မှတ်ကျန်လေးရရင်တောင် ခေါင်းမော့ထားပြီး ကြည့်ရသည့် ရှေ့ဆုံးတန်းခုံမှာပဲ နေရာရမည်။

ရုပ်ရှင်လက်မှတ် အတိုးကျွမ်းရင် အရပ်ထဲမှာ ဟီးရိုးဖြစ်ပြီ။

မျက်နှာချိုသွေးသူ အပျို အကြီးအသေးတို့ ဝိုင်းဝိုင်းလည်ပြီ။

ဟိုကခေါ်ချင်၊ သည်ကခေါ်ချင် မျက်နှာပွင့်သူ ဖြစ်ပြီပေါ့။

ဟိုတုန်းက ညာသံပေးပြီး အဲဒီလိုတိုးကြ၊ ခုန်ပျံကျော်လွှားပြီး ဝမ်းလျှားထိုး ဒိုင်ပင်ထိုးလုပ်ကြသည်ကို ရုပ်ရှင်ရုံပိုင်းဆိုင်ရာက အပြောအဆို အအားအမြစ် မရှိသလို ပုလိပ်တို့ဘာတို့ကလည်း ရှင်းလား ဝင်ဆွဲလား၊ ဖွင်နှင်လား


www.burmeseclassic.com

www.burmeseclassic.com

ထိုးလား မလုပ်။

ရုပ်ရှင်ကို အဲ့ဒီလိုမျိုး တိုးကြည့်ရတာကိုက ပျော်စရာ။

ရုပ်ရှင်ပြီး အိမ်အပြန်ခရီးမှာ ဘယ်သို့ဘယ်ပုံ တိုးရသည်ကိုလည်းကောင်း၊ တံတောင်တို့၊ ဒူးတို့ ဘယ်လိုပေးလိုက်ရပုံဟို လည်းကောင်း၊ တိုက်ချိတ်ကြီးနဲ့ ပင့်ထိုးလိုက်လို့ ဘယ့်နှယ်ခံလိုက်ရပုံကို လည်းကောင်း၊ စားမြုံ့ပြန်ရသည်မှာလည်း လျှာတွေ့အာတွေ့ ရှိဘိ၏။

ဟိုတုန်းက ခုလို ခုံနံပါတ်တွေ ဘာတွေမရှိ။ မူးတန်း၊ မတ်တန်းမှာ တန်းလျားခုံတန်းရှည်များ ဖြစ်၏။ လက်မှတ်ရဖို့ တိုးဝှေ့ရုံနှင့် မပြီးသေး။

နောက်တန်းကျသည့် ခုံများရဖို့အတွက်ကိုလည်း ရုံဝင်ပေါက်မှာ တိုးရသည်။ လက်မှတ်ပေါက်မှာလောက် အတိုးရမကြမ်းပေမယ့် ရုံဝင်ပေါက်မှာလည်း ခွန်အားကို အသုံးပြုရသည်။ ကိုယ့်လူတစ်ယောက် အထဲရောက်သွားဖို့က အဓိက။

တစ်ယောက်တည်းရောက်သွားရင် နောက်ပါကိုယ့်အသိုင်းအဝိုင်းအတွက် ခုံတန်းရှည်ပေါ်မှာ လှဲအိပ်ပြီး နေရာဦးထားလို့ ရသည်။

လူဘယ်နှစ်ယောက်ပါ၍ နေရာဘယ်လောက်ကျယ်အောင် ယူထားရတာလဲလို့ မေးမည့်ပြောမည့်သူမရှိ။

တင်ငွေ၊ တင်ဖေ၊ တင်ဆွေ၊ ချစ်ရွှေ၊ ကျော်ညွန့်တို့ပါသည့် ဇာတ်ကားဆိုရင် မတိုးနိုင်လို့ကတော့ တစ်ပတ်လောက် ရုံနားမကပ်လေနဲ့။

ဟိုတုန်းက ရန်ကုန်နေ လူဦးရေနည်းသည်။

ဒုတိယပတ်လောက်မှာ လူချောင်သွားတတ်သည်။

အဲ့ဒီအခါကတော့ အကျီခေါက်ရိုးမကျိုး၊ အတွန့်အကြေမမြင်ဘဲ အေးအေးသက်သာ လက်မှတ်ဝယ်ကြည့်လို့ရသည်။

မင်းသားဦးတင်မောင်၊ ခင်မောင်ရင်၊ မောင်မောင်အေး၊ ဘတင့်၊ ဘမြင့်တို့ပါဝင်သည့် ဇာတ်ကားများမှာ အများအားဖြင့် ဇာတ်နာ၊ ဇာတ်အေးများဖြစ်သည့်အလျောက် စတန့်မင်းသားတွေကားလောက် လူမတိုး။

သိုက်သမိုင်းကား၊ စုန်းကဝေကား၊ နတ်ကားတွေကြတော့ ဆေးလိပ်ခုံ အမျိုးသမီးပရိသတ် အတိုးအဝှေ့ပွဲ။

သူတို့ကြားထဲများ ဝင်သွားဖို့ စိတ်မကူးမှလေနဲ့၊ သွေးစိမ်းရှင်ရှင်ထွက်အောင် တိုက်ချိတ်မိသွားမည်။

စစ်ကြိုခေတ်ကာလတ အကျော်ကြားဆုံးနှင့် လူကြိုက်အများဆုံး၊ ဝင်ငွေ





စံချိန်တင်သည့် မြန်မာဇာတ်ကားမှာ သွင်ရုံတွင် ပြခဲ့သည့် ဗိုလ်အောင်ဒင်။

မြန်မာအမျိုးသမီးများ၏မျက်ရည်ကို ဆွဲထုတ်နိုင်ပြီး ဝင်ငွေစံချိန်တင်သွားသည့် အကျော်ဒေးယျ ကုလားကားမှာ ခါဆန်ချီ။

ရန်ကုန်မြို့ကြီးကို ဂျပန်များ ဗုံးစတင်ကြသည့်နေ့အထိ အော်လံပီယာရုံမှာ 'ခါဆန်ချီ'ကား ပြသနေဆဲ။

မှောင်ခိုလက်မှတ်အစ ဗိုလ်အောင်ဒင်နှင့် ခါဆန်ချီက။

မှောင်ခိုလက်မှတ်လို့တော့ အမည်နာမ အတိအကျ သတ်မှတ်လို့မရ။

ထိုခေတ်အခေါ်နှင့်ကတော့ ဘေးထွက်လက်မှတ်။

သဘောချင်းတော့ဆင်သည်။

ရုပ်ရှင်လက်မှတ်ရောင်းသူများက ရုံရှေ့တွင် ဈေးရောင်းသူများကို လက်မှတ်ပေးထား၊ တစ်ပဲ၊ တစ်မူးအမြတ်တင်၍ ရောင်းခိုင်းခြင်း ဖြစ်၏။

ရုပ်ရှင်ရုံအလုပ်သမားများနှင့် ပတ်ဝန်းကျင်မှာ ဈေးရောင်းသူတွေဆိုတာက မကင်းရာ မကင်းကြောင်း ပတ်သက်ဆယ်နွယ်မှု ရှိကြသည်။

ဈေးရောင်းသူတွေထဲမှာ သူတို့သားမယားတွေ၊ ဆွေမျိုးတွေ၊ မကင်းရာမကင်းကြောင်း အသိအကျွမ်းတွေ ပါသည်။ ဗိုလ်အောင်ဒင်နှင့်ခါဆန်ချီမှာ ပွဲတိုင်းလိုပင် ရုံပြည့်ကြည့်ကြသောကြောင့် လက်မှတ်ရောင်းအား ကောင်းသည့်အလျောက် ဘေးထွက်လက်မှတ်ပေါ်လာသည်။ လက်မှတ်ရောင်းသူ ဈေးသည်တွေက ခုခေတ်မှောင်ခိုလက်မှတ်ရောင်းသူများလို လူသိရှင်ကြားအော်ဟစ်မရောင်း။ တိုးတိုးတိတ်တိတ် ကြိတ်ရောင်းကြသည်။

ရုပ်ရှင်ရုံအလုပ်သမားတွေ လက်ဖက်ရည်ဖိုး ရှာကြခြင်းသာ ဖြစ်၏။

ဘေးထွက်လက်မှတ် ဝါ မှောင်ခိုလက်မှတ်အစ ဗိုလ်အောင်ဒင်နှင့် ခါဆန်ချီကဟု သတ်မှတ်ရမည်ပါ။

ဒါက စစ်ကြိုခေတ်ကာလ၊ အင်္ဂလိပ်လက်ထက် ရုပ်ရှင်ရုံများနှင့် ရုပ်ရှင်ကြည့်ပရိသတ်တို့၏ ဖြစ်တည်ရှိခဲ့သော အခြေအနေ အကြမ်းဖျင်းဖြစ်၏။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

(နှစ်)

ဂျပန်ခေတ်တွင် ရုပ်ရှင်မရိုက်သောကြောင့် ရုပ်ရှင်သရုပ်ဆောင် မင်းသားမင်းသမီးများ၊ ဇာတ်ပို့ဇာတ်ရန်များ၊ စက်မှုဘက်ဆိုင်ရာ အလုပ်သမားများမှာ အတော်ပင် ကသီလင်တ ဖြစ်ကုန်ကြသည်။

ကျပမ်းအလုပ်များကို လုပ်ကိုင်စားသောက်ကြရသည်။

အင်္ဂလိပ်ခေတ်က ဇာတ်ပို့ဇာတ်ရန်များ ထားဘိလို့ မင်းသားမင်းသမီးများပင် စုမိဆောင်းမိဝင်ငွေမျိုး မရရှိကြ။ လခစား မင်းသားမင်းသမီးက များသည်။ လခဆိုတာကလည်း ပြောစမှတ်ပြုရလောက်အောင်ရသော လခမျိုးမဟုတ်။ ဖောဖောသီသီလေး စားဝတ်နေ စားရိတ် ကာမိရုံသည့်လခ။

ရုပ်ရှင်လောကသားတွေက သောက်သောက်စားစား၊ လောင်းကစား မိတ်ဖွဲ့ထားကြသူက များသည်။

သို့မို့ကြောင့်လည်း သူတို့မှာ ဝင်ငွေနှင့် ထွက်ငွေ မမျှတကြ။

ရုပ်ရှင်ကားတွေ မရိုက်ရဘူးလည်းဆိုရော သူတို့လည်း ဒုက္ခရောက်ကုန်ကြပါလေရော။

ဇာတ်ကားထုတ်ပိုင်ရှင် ထုတ်လုပ်ဖြန့်ချိသူ ငွေရှင် ကြေးရှင်တွေကတော့ အငြိမ့်သားပေါ့။

သိမ်းဆည်းထားသည့် ဇာတ်ကားဟောင်းများကို မြို့လယ်ရုပ်ရှင်ရုံ တချို့တွင် ပြန်လည်ပြသခြင်းဖြင့် ဝင်ငွေရှာဖွေကြသည်။

အင်္ဂလိပ်ဇာတ်ကားကောင်း လက်ဝယ်ရှိသူများမှာမူ ဂျပန်ဟောဆိုသည်နှင့် လက်ဝယ်ရှိ ကားထုပ်များကို ပြာအဖြစ်သို့ ပြောင်းလဲပစ်လိုက်ရသည်။

မိသွားလို့များတော့လား၊ အစစ်အဆေး အမေးအမြန်းမရှိ ကိုယ့်ကျွင်းကိုယ်တူးရုံသာ။

စစ်ဘေးဒဏ်ကြောင့် ပြေးဟယ် လွှားဟယ် ရှောင်ဟယ် တိမ်းဟယ်နှင့်





အနိဋ္ဌာရုံသံသရာတွင် မျှောပါနေသူ မြန်မာလူမျိုးများမှာ အပျော်အပါးဟော ဆိုသည်နှင့် နောက်ကြောင်းတွေ မေ့ကုန်ကြသည်။

အထိတ်တလန့်ကြားထဲကနေ ရုပ်ရှင်ရုံများသို့ ခြေဦးတည်ခဲ့ကြသည်။

ပြန်လည်ပြသသည့် မြန်မာဇာတ်ကားဟောင်းများမှာ ငွေမြိုးမြိုးမြက်မြက် ရရှိကြသည်။

ရုပ်ရှင်ကို ရင်တမမနှင့် အထိတ်တလန့်ကြည့်ရသည်မှာ ဂျပန်ခေတ်။

ရုပ်ရှင်ကြည့်နေရင်း ဥသြသံကြားရင် ဝရုန်းသုန်းကား ထပြေးရသည်။

ဒါပေသိ ဘေးရန်ကင်းရှင်းကြောင်း ဥသြပြန်မှုတ်ရင်တော့ ရုံထဲသို့ ပြန်ရောက်ကြသည်သာ။

မြန်မာလူမျိုးတို့၏အထာက အပျော်အပါးနှင့် ပတ်သက်လာလျှင် သည်သို့ပင်ရှိကြသည်။

မြို့လယ်ခေါင်မှာ ရုပ်ရှင်ပြသသည့်လုပ်ငန်းမှာ ကြာရှည် မခံလိုက်။

မြို့ထဲမှာ နေထိုင်သူနည်းပါးသည့်အပြင် ပန်းဆိုးတန်းနှင့် ဆူးလေဘုရားလမ်းမှာ အသွားအလာကြဲသောကြောင့် တဖြည်းဖြည်း ရုပ်ရှင်ကြည့် ပရိသတ် ပါးလာသည်။

ဝင်ငွေတွက်သား သိပ်မကိုက်သောကြောင့် ရုပ်ရှင်ပြသခြင်း ရပ်စဲသွားသည်၊ ဂျပန်ခေတ် အစည်ကားဆုံးနေရာမှ ဗဟန်း။

အင်္ဂလိပ်ခေတ်က ရန်ကုန်မြို့လယ်မှာ လူစည်ကားပြီး အရောင်းအဝယ် လုပ်ငန်းပေါင်းစုံ၏ အချက်အချာနေရာဖြစ်သလို ဂျပန်ခေတ်မှာ ဗဟန်း နယ်မြေသည် လူအစည်ကားဆုံးနှင့် စီးပွားရေးလုပ်ငန်းသမားတို့၏ ဗဟိုချက်မဖြစ်လာသည်။

မြို့စွန်ကြီးလည်းမကျ၊ မြို့လယ်လည်း မကျသည့်အပြင် သစ်ကြီးဝါးကြီး အရိပ်အာဝါသကောင်း၍ နားခိုစရာနှင့် လေကြောင်းရန်အတွက် ပုန်းအောင်းစရာနေရာ ကောင်းသောကြောင့် ရန်ကုန်မြို့လယ်မှာ ခြောက်ကပ်သလောက် ဗဟန်းမှာ စိုပြည်စည်ဝေသည်။

ဗုံးရန်ကြောက်၍ ရန်ကုန်မြို့လယ်ခေါင်မှာ ရှောင်တိမ်းပြောင်းရွှေ့နေထိုင်ကြသူများမှာ ဗဟန်း၊ တာမွေ၊ ကျောက်မြောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ် စသည့် မြို့စွန်ကျသည့်ရပ်ကွက်များသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ဂျပန်ခေတ်က အစိုးရရုံးများသည်ပင် ဗဟန်းနယ်မြေနှင့် ကုက္ကိုင်း နယ်မြေတဝိုက်တွင် ရုံးစိုက်၍ လုပ်ငန်းလုပ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်၊ ဆေးဝါးနှင့်အခြား လူသုံးကုန်ပစ္စည်းများ ဝယ်ယူရရှိနိုင်သည့်နေရာမှ ဗဟန်း။

ရွှေရောင်းချင်သလား၊ စိန်ရောင်းချင်သလား၊ ရွှေဝယ်ချင်သလား၊ စိန်ဝယ်ချင်သလား၊ တခြားနေရာကို သွားလို့တော့ အလုပ်မဖြစ်။

ကြိမ်းသေပေါက် အလုပ်ဖြစ်သည့်နေရာမှာ ဗဟန်း။

ရောင်းချင်တာ အလွယ်တကူ ရောင်းလို့ရသည်။

ဝယ်ချင်တာကိုလည်း အလွယ်တကူ ဝယ်လို့ရသည်။

သကြားအစစ်နှင့် ဖျော်သည့်လက်ဖက်ရည် ကောင်းကောင်း။

ရှယ်လက်ဖက်ရည် သောက်ချင်သလား။ ဟိုတယ်အချက်အပြုတ်အစားအစာတွေ စားချင်သလား၊ ဗဟန်းကိုသာ ခြေဦးတည်ရသည်။ ကားအသုံးမရှိသည့် ဂျပန်ခေတ်က မြင်းလှည်းလမ်းပေါက်သည့် နေရာမှာ ဗဟန်း။ 'ဗဟန်းကို ဗဟန်းကို တစ်ယောက်လို နှစ်ယောက်လို'ဆိုသည့် မြင်းလှည်းသမားတို့ မိုးလင်းမိုးချုပ် နေ့စဉ်နှင့်အမျှ အော်သံစွဲမြဲသောကြောင့် ဗဟန်း၏ အချက်အချာကျပုံမှာ ပို၍ ထင်ပေါ်သည်။

ဗဟန်းက အချက်အချာကြသလို မြင်းလှည်းကလည်း အဓိက ကျသည်။

ဗဟန်းကို အမြန်ဆုံးရောက်ဖို့က မြင်းလှည်းနှင့်ဗျာ။မြင်းလှည်းသမားတွေ မျက်နှာပွင့်သည်၊ ဝင်ငွေရွှင်ကြသည်။ မြင်းလှည်းထောင်သည့်တွေ ငြိမ့်သည်။ မြင်းလှည်းစီးသည့်အခါ ချောင်ချိ၍ သက်တောင့်သက်သာစီးရသည့်နေရာမှာ မြင်းလှည်းမောင်းသူနှင့်ယှဉ်၍ စီးရသည့် မြင်းလှည်းမောင်းသူ၏ ဘေးနေရာ။ ခြေထောက်ကို လွတ်လွတ်ကျွတ်ကျွတ် ချထားလို့ရသည်၊ လေဆန်မှာ တိုက်လာသည့်လေကို လွတ်လွတ်လပ်လပ် ခံစားလို့ရသည်၊ ရှေ့မြင်ကွင်းကို အပြည့်အဝ မြင်ရသည်။

နောက်ပိုင်းနေရာတွေက အထိုင်မလွတ်လပ်သလို ချောင်ချောင်ချိချိမရှိ၊ မြင်ကွင်းတွေကို လွတ်လွတ်လပ်လပ် ကြည့်လို့မရ။

ရှေ့ထိုင်နေရာက တောင့်သော၊ ဖြောင့်သော၊ လှသော၊ ချောသောအမျိုးသမီးများပါလာရင် မြင်းလှည်းဆရာ၏ မျက်နှာမှာ မှီရသည့်မျက်နှာသို့နှယ် ရှိဘိ၏။ မစားရတစ်စုစု၊ စားရတစ်စုစု မျက်နှာထားမျိုး မရှိတော့။

အမျိုးသမီး၏ ကိုယ်သင်းရနံ့သည် ယောကျ်ားသားတို့၏ နှလုံးသားကို အေးသက်စေ၏။

ထန်မာသောစရိုက်ကို ပျော့သွယ်စေ၏ဟု အဆိုရှိသည် မဟုတ်ပါလား။





ထိုစဉ် မြင်းလှည်းသမားများမှာ အနီးကပ်ရှိနေသူကို မပြောနှင့် လမ်းဘေးမှ လျှောက်သွားသည့် ရွယ်ရွယ်လတ်လတ် အမျိုးသမီးများတွေ့လျှင်

"ဟဲ့ ကောင်မလေး၊ ဟင်းနော် ငါတယ်"

ဟု မြင်းကို ပြောသလိုလိုနှင့် ပါးစပ်သဝေထိုးကျင့် ရှိကြသည်။

မြင်းမလေးကို အဲ့ဒီလိုပြောပြီး ရှိတာမျိုးထက် ဒေါက်အထောင်းပေမိမြင်းထီးကြီးကို မောင်းနေပါလျက်ကလည်း 'ဟဲ့ ကောင်မလေး ဟင်းနော်ငါတယ်' ဟု လုပ်တတ်ကြသေးသည်။

ဂျပန်ခေတ်မှာ ဂါလီဝါးလားခေါ် မြင်းလှည်းဆရာတို့ခေတ်။

ကြိတ်ကြိတ်တိုးမျှ စည်ကားလျက်ရှိသော ဗဟန်းတွင် ရုပ်ရှင်ရုံတစ်ရုံလည်း ပေါ်လာသည်။ ကန်တော့မိတ် ရုပ်ရှင်ရုံ၊ ရုပ်ရှင်ရုံနာမည်ပေးပုံကလည်း သင်းသည်။

ကန်တော်ကြီးရေစပ်ဘေးတွင် ဆောက်လိုက်သည့် ရုပ်ရှင်ရုံကို 'ကန်တော်မိတ်' ဟု နာမည်ပေးလိုက်သည်။

စီးပွားရေးသမားဆိုတာက ကိုယ့်အိတ်ထဲ ငွေဝင်လာဖို့ အလွန်အမင်းရှင်သန်ကြသူတွေပါ။ ကန်တော်မိတ်ရုံမှာ ခံ့ခံ့ထည်ထည်ရုပ်ရှင်ရုံတော့မဟုတ်။ သွပ်မိုးသွပ်ကာအဖြစ် ဆောက်ထားသည့် ရုပ်ရှင်ရုံ။

သွပ်အသစ်မရနိုင်သော ခေတ်သမယမို့ မီးလောင်သွပ်များနှင့် သွပ်အဟောင်းများကိုရောစပ်၍ မိုးထားဆောက်ထားသည့်ရုံ။

ရောမသစ်ပင်ကြီးများ၏ ဝေဆာနေသော အခက်အလက်အရွက်များဖုံးအုပ်နေသောကြောင့် ကန်တော်မိတ်ရုံကို လေယာဉ်ပျံပေါ်မှ မြင်ရဖို့မလွယ်။

ပုံးဘေးရန် အရေးဟယ် အကြောင်းဟယ်ရှိလာလျှင်လည်း ရုံတစ်ဘက်ပေါက်ကနေထွက်ပြီး ကန်တော်ကြီး ရေပြင်ထဲ ခုန်ချလိုက်ရုံသာ။

ဗဟန်းမှာစည်ကားသလို ကန်တော်မိတ်ရုံမှာလည်း ရုပ်ရှင်ကြည့်ပရိသတ်တွေ အားကောင်းသည်။

ရန်ကုန်ရုပ်ရှင်ရုံမှ ကန်တော်မိတ်ရုံကို ကန်ထရိုက်ဆွဲ၍ ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့ရာ ဂျပန်ခေတ် ထောင်မလဲ သဲကော်တွေ သဲ့ယူသလိုရသည်။ လက်မှတ်တွေ ဘာတွေလုပ်မနေ၊ ငွေပေးဝင်စနစ်ဖြင့် ပြသည်။

ရုံဝင်ပေါက်စောင့်သူများမှာ ခါးပုံစကြီးကြီးလုပ်ပြီး ဂျပန်ငွေစက္ကူငွေကိုလက်မနားရအောင် တရစပ်ထည့်နေရသည်။

ကန်တော်မိတ်ရုံနှင့် မရှေးမနှောင်း ပေါ်လာသည်မှာ ဇေနသူရိန်ရုံ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီးဝါးကြီးများနှင့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်လိုက်သည့်ရုံ။

နေသူရိန်ရုံမှာလည်း ရုပ်ရှင်ပြသည်။

ဒါပေသိ ကန်တော်မိတ်ရုံလောက် လမိုင်းမကပ်။

ဒါပေသိ နေသူရိန်ရုံအမည်မှာ သမိုင်းမှတ်တမ်း ဝင်သွားသည်။

ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်သည့် နိုင်ငံရေးအစည်းအဝေးကြီး လုပ်ခဲ့သည်။

'နေသူရိန်ဆုံးဖြတ်ချက်' ဟူ၍ ထင်ရှားသော နိုင်ငံရေးသမိုင်းမှတ်တမ်း ကမ္ပည်းတင်စရာရှိခဲ့ကြောင်း နေသူရိန်အမည်မှာ ထင်ပေါ်ကျော်ကြားခဲ့သည်။

ကန်တော်မိတ်ရုံနှင့် နေသူရိန်ရုံမှာ နီးသည်။

နောက်ထပ်ပေါ်လာသည်ပ မြိုင်ရုံ။ မြိုင်ရုံက ရုပ်ရှင်မပြ။

ပြဇာတ်ကသည်။

မြိုင်ရုံမှာ ပြဇာတ်များတင်ဆက်ကပြသောကြောင့် ရုပ်ရှင်မရိုက်ရသော ရုပ်ရှင်ပညာသည်များ၏ စားဝတ်နေရေးကို အထိုက်အလျောက်ပြေလည် စေခဲ့သည်။

အရိပ်ကိုသာကြည့်ရသည့် ရုပ်ရှင်နှင့်မတူသော လူကိုယ်တိုင် သရုပ်ဆောင်ပြသည့် ပြဇာတ်မှာ ပရိသတ်အတွက် အမြင်ဆန်းသစ်သလို အကြိုက် လည်း တွေ့သွားသည်။

ပြဇာတ်ခေတ် တစ်ခေတ်ဆန်းသစ်ခဲ့သည်မှာ ဂျပန်ခေတ်။

ဂျပန်ခေတ်မှစတင် ဆန်းသစ်ခဲ့သောပြဇာတ်မှာ ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်နောက်ပိုင်းခေတ်အထိ ထွန်းပေါက်ခဲ့သည်။

မြိုင်ရုံပြဇာတ်များကို ပရိသတ်အကြိုက်တွေ့ပြီး လက်ခံကြည့်ရှုလာသည့် အလျောက် နောက်တိုးပြဇာတ်ရုံတစ်ရုံ တိုးလာပြန်သည်။

လွင်လွင်ရုံ။

လွင်လွင်ရုံက ရွှေဂုံတိုင်မှာ။

မြိုင်ရုံတွင် မင်းသားကျော်ဝင်းနာမည်ကြီးခဲ့သလို လွင်လွင်ရုံမှာ မင်း သားကျော်အေး နာမည်ကြီးခဲ့သည်။

မင်းသားချော ကျော်အေး ပါဝင်သရုပ်ဆောင်သည့် တစ်ဝါတွင်း ပြဇာတ်မှာ ဟိုးဟိုးကျော်သွားသည်။

◆ ◆ ◆





မြိုင်ရုံတွင် ပြဇာတ်များကပြနေခဲ့ရာမှ ပြဿနာ တစ်ခုပေါ်ခဲ့သည်။

စာရေးဆရာအသင်းမှ တင်ဆက်သည့်ပြဇာတ်။

ဂျပန်ခေတ်တွင် စာရေးဆရာအသင်းကြီးကို ပြန်လည်ဖွဲ့စည်းပြီးနောက် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဝိဇယပြဇာတ်ကို တင်ဆက်ခဲ့သည်။

ဂျပန်စစ်အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် စာရေးဆရာအသင်းကြီးမှ တင်ဆက်ခြင်း ဖြစ်၏။

ဝိဇယပြဇာတ်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော ဖက်ဆစ်ဂျပန် တို့၏ လူထုအပေါ် နှိပ်ထက်ကလူနှိပ်စက်နေသည့် သရုပ်သကန်ကို သွယ်ဝိုက်၍ ဖော်ညွှန်းသည့် ပြဇာတ်ဖြစ်၏။

တပည့်တပမ်းနောက်လိုက်နောက်ပါများနှင့် အမြဲတမ်း မူးယစ်သောက် စားပြီး တရားလက်လွတ် ပြည်သူများအပေါ် ညှင်းပန်းနှိပ်စက်နေသည့် ဝိဇယမင်းသားနှင့် နောက်လိုက်နောက်ပါများကို တိုင်းပြည်မှ နှင်ထုတ်စေ ခဲ့သည်။

ဖက်ဆစ်ဂျပန်တို့ကိုလည်း တစ်ချိန်သောအခါတွင် နှင်ထုတ်မည်ဟု လူထုအား နှိုးဆော်ပေးသည့် ရည်ရွယ်ချက်၊ ဦးတည်ချက်ဖြင့် တင်ဆက်သော ပြဇာတ်လည်း ဖြစ်၏။

ဓားသွားထက် ကလောင်သွားထက်၏။

စာရေးဆရာကြီးများက ကလောင်သွားကို လှလှပပလေး အသုံးပြု လိုက်သည်။ ပြဿနာပေါ်လာသည်က သည်လို။

ဝိဇယမင်းသား၏ နောက်ပါတစ်ယောက်က ပြည်သူ့အမျိုးသားတစ် ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို ရိုက်နှက်နှိပ်စက်ခန်းတွင် 'ခူးရကား၊ ဘက်ကဲရိုး' ဟုအော်ပြီး အမျိုးသား၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်သည့် အခန်း။

ဂျပန်စစ်သားတွေက မြန်မာတွေကို ပါးရိုက်သည့်အခါတိုင်း 'ခူးရကား၊ ဘက်ကဲရိုး' နှုတ်ထွက်အသံပြု၍ ရိုက်နှက်လေ့ရှိသည်။

ဂျပန်စစ်သားတို့ထံမှ 'ခူးရကား၊ ဘက်ကဲရိုး' အသံထွက်လာရင် လက်ဝါးနှင့်ပါး မိတ်ဆက်ရတော့မည်ကို မြန်မာလူမျိုးတွေက နားကြေပြီးသား။

သို့မို့ကြောင့် ဝိဇယမင်းသားနောက်လိုက်က မြန်မာလူမျိုးတို့အသုံး ကျနေသည့် ခူးရကား၊ ဘက်ကဲရိုးအပြောဖြင့် လက်စွမ်းပြ ရိုက်ခြင်းဖြစ်၏။

ပြဿနာပေါ်ပြီ။ ဂျပန်ကင်ပေတိုင်တွေက ရှစ်စပ်က ရှုပ်ချေလည်



www.burmeseclassic.com

www.burmeseclassic.com



သူတွေ၊ ဘာကိုရည်ရွယ်ပြီး ခူးရကား၊ ဘက်ကဲရှိုးလုပ်မှန်း သိလိုက်ကြသည်။

တာဝန်ရှိသူတွေကို အမေးအမြန်းရှိလာသည်။

"ခင်ဗျားတို့ရဲ့ ရာဇဝင်ဇာတ်လမ်း ဒိုင်ယာလော့ထဲမှာ ခူးရကား၊ ဘက်ကဲရှိုးဆိုတာ ပါသလား"

"မပါပါဘူးခင်ဗျာ၊ မပါပါဘူး"

"ဒါဖြင့်ရင် ကျုပ်တို့နဲ့လိုက်ခဲ့ပါ"

ဖြေရှင်းရမည့် ပြဿနာက လွယ်မယောင်နှင့်ခက်ပြီ။

တိမ်မယောင်နှင့် နက်လာပြီ။

"နိပွန်မာစတာများကို ချစ်ကြည်လေးစားတဲ့ အနေနဲ့ ခေတ်စားနေတဲ့ လူအများနားလည်လွယ်တဲ့ ဂျပန်စကားကို အသုံးပြုလိုက်ခြင်း ဖြစ်ပါတယ် ခင်ဗျာ၊ ဘယ်လိုရည်ရွယ်ချက်မှ မရှိပါဘူး"

ကင်ပေတိုင်တွေက လွယ်လွယ်လက်မခံ။

ကင်ပေတိုင်ရုံးကို ပါမသွားသူတွေက နောက်ပိုင်းကနေ ပြဿနာကို ဖြေရှင်းဖို့ ကြိုးပမ်းရသည်။

အေဝမ်းရုပ်ရှင်ကုမ္ပဏီက အသံဖမ်းအင်ဂျင်နီယာ ဂျပန်လူမျိုး မစ္စတာ ဝါတာနာဘီ၏ အကူအညီကို တောင်းခံပြီး လိုက်ရသည်။

လိပ်ခဲတင်းလင်း ဖြေရှင်းခဲ့ရသည်၊ ကင်ပေတိုင်ကျေနပ်အောင် တောင်းပန်လိုက်ရသည်။ နို့မဟုတ်ရင်တော့ မလွယ်။

စာရေးဆရာကြီးတွေ အသက်ကြီးကာမှ လက်သည်းကျွတ်တော့မလို့။

မြိုင်ရုံမှာ ဖြစ်ပျက်ခဲ့ဖူးသည့် လူသိနည်းသော ဖြစ်ရပ်ကြောင်းလေးကို ဆရာကြီးများထံမှတဆင့်စကား မှတ်သားနာယူဖူးလိုက်ရ၏။

ပြဇာတ်အကြောင်းရေးရင်းမှ အလျင်းသင့်၍ ဖော်ပြလိုက်ရခြင်းပါ။

◆ ◆ ◆





လူထင်ပြသည့်ဇာတ် ခေတ်စားလာသောကြောင့် အရိပ်ရုပ်ရှင်ပြသည်မှာ မှေးမှိန်သွားသည်။ ပြဇာတ်အစ ဗဟန်းမြိုင်ရုံက။

နောက်တိုးပေါ်လာသည့် ရုပ်ရှင်ရုံများက ဂျပန်တွေဆောက်ခဲ့သည့် ရုပ်ရှင်ရုံ။ တည်နေရာမှာ စမ်းချောင်း ပဒုမ္မာကွင်းဘေး ကွက်လပ်ကြီးထဲမှာ။

သစ်ဝါးအသစ်များဖြင့် အခိုင်အခံ့တည်ဆောက်ထားသည့် ရုပ်ရှင်ရုံကြီး။

ရုပ်ရှင်ရုံနာမည်က ဆာကုရ။

ဂျပန်စစ်အာဏာပိုင်များက သူတို့၏ ဝါဒဖြန့်စစ်ကားများနှင့် ဂျပန်လူမျိုးများအကြောင်း အမွှမ်းတင်ထားသည့် ဇာတ်ကားများ ပြသရန် ဆောက်လုပ်သည့်ရုံ။ ဂျပန်လို အတိအကျအသံထွက်ကိုတော့ မသိ။

မြန်မာလူမျိုး အများစုက မြန်မာအသံနှင့် အသိအမှတ်ပြု ခေါ်ဝေါ်သည့် အခေါ်အဝေါ်များမှာ သံစဉ်နှစ်မျိုးထွက်သည်။

ဆကုရ။

ဆာကုရ။

'ရ' ကို လျှာလိပ်သံနှင့် အသံထွက်သည်။

ပြသသည့် ဇာတ်ကားများမှာ ဝါဒဖြန့်စစ်ကားများ ဖြစ်သော်လည်း ကြည့်လို့ကောင်းသည်။

လေကြောင်းနှင့် ရေကြောင်းများကို အသားပေးထားသည့် စစ်ကားများ။

ရုပ်ရှင်ဝါသနာအိုး၊ လူငယ်များ အကြိုက်တွေ့ကြသည်။

ထို့ကြောင့်လည်း ဆကုရမှာ လူနည်းသည်၊ လူချောင်သည် ဟူ၍မရှိ။

ဗုံးဘေး၊ စက်သေနတ်ဘေးသာမ လက်ဝါးစောင်းဘေး၊ လက်ဝါးဘေး၊ တုတ်ဘေး ရန်အသွယ်သွယ်ကို မမှုဘဲ ဆကုရရုံသို့ ချီတက်စုဝေးစမြဲ ရှိကြသည်။

ဆကုရရုံနှင့် အလှမ်းဝေးသည့် ကျောက်မြောင်း၊ တာမွေ၊ သင်္ဃန်းကျွန်း ပရိသတ်များပင် စုရုံးရောက်ရှိကြသည်။

ဆကုရနှင့်အနီးဆုံး စမ်းချောင်း၊ ကြည့်မြင်တိုင်က လူတွေကတော့ ပင်တိုင်ပေါ့။ သွားရေးလာရေးတွင် အားကိုးအားထား နေရသည့် မြင်းလှည်း လမ်းကြောင်းလည်း ကျသည်။ မြင်းလှည်းပေါ်ကဆင်းသည်နှင့် ရုံရှေ့ကို ရောက်သည်။ ဆကုရရုံမှာ လက်မှတ်အတွက် တိုးဝှေ့စရာမလို။

တန်းစီစနစ်။

လက်မှတ်ရုံရှေ့မှာ အရင်ရောက်သူကအရင်၊ နောက်ရောက်သူက နောက် စနစ်တကျ တန်းစီရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးဝှေ့ဖို့မဆိုထားဘိ၊ တန်းကို ကောက်ကောက်ကွေးကွေးစီထားလို့ တန်းစီနေရာကနေ ဟိုထွက်သည်ထွက် အဝင်အထွက် လုပ်တာတို့၊ တန်းထဲကို ကြားဖြတ်ဝင်တာတို့၊ တန်းစီနေရင်း ခြေညောင်းလာလို့ တန်းထဲမှာ ထိုင်ချလိုက်တာကို တွေ့သွားလို့ကတော့ မလွယ်။

လက်ဝါးနှင့်ပါး အပ်သွားမည်၊

တုတ်တိုနှင့် ချိုစောင်းမိတ်ဆက်ခြင်း ခံလိုက်ရမည်။

လက်ဝါးစောင်းနှင့် ကုပ်ပိုး ဒုတ်ဒုတ်ထိသွားမည်။

ရှုတ်ရှုတ်သဲသဲ လုပ်လို့များတော့လား၊

ပါးမရှောင်သည့် လက်ဝါးရိုက်ချက်နှင့် ဒက်ထိတိုးသွားမည်၊

ဂျပန်တွေက ဒါဆိုဒါပဲသမားတွေ။

ဆကုရရုံရှေ့ တန်းစီရသည်မှာ သဘောအထာနှင့် အကြောအလွှာ မသိရင်မလွယ်။ ဆကုရရုံမှာ တန်းစီနေစဉ် လေကြောင်းအချက်ပေးသံကိုလည်း နားစွင့်ရသည်။ လက်ဝါး၊ တုတ်နှင့် လက်ဝါးစောင်း ဝင်လာမည်ကိုလည်း မလစ်သော သတိရှိနေရသည်။ သူတို့အချင်းချင်းကြတော့လည်း ပါးပဲရိုက်သည်။ သူတစ်ပါးကို ရိုက်တော့လည်း ပါးပဲရိုက်သည်၊

သူတို့နိုင်ငံမှာလည်း မိဘက သားသမီးကိုပဲ ရိုက်ရိုက်၊ လင်သားက ဇနီးမယားကိုပဲ ရိုက်ရိုက်၊ သူစိမ်းတရံစာကိုပဲ ရိုက်ရိုက်၊ အများအားဖြင့် ပါးကိုပဲ ရိုက်လေ့ရှိကြသည်။

အိုးရှင်းဇာတ်လမ်းတွဲထဲမှာ ဤစရိုက်အလေ့ပို၍ ပေါ်လွင်သည်၊

ပြီး ဂျပန်စစ်သားတွေက ပါးရိုက်ပြီဆိုရင် တစ်ဆက်တည်း ရိုက်ရိုးထုံးစံမရှိ။ ဘယ်ပြန်ညာပြန် ရိုက်လေ့ရှိသည်၊

ရိုက်လက်ကလည်း မြန်သလား၊ သွက်သလား မပြောနှင့်၊ ဘယ်လိုကနေ ဘယ်လို ရိုက်လိုက်မှန်းကိုပင် မသိအောင်ကို မြန်သည်၊ သွက်သည်။

သူတို့အကြီးအကဲတွေက လက်အောက်ငယ်သားများကို ရိုက်ရင်လည်း ပါးကိုသာ ရိုက်သည်၊

ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ရန် တန်းစီနေစဉ် ပါးနှင့်လက်ဝါး မိတ်ဆက်ခံရသည်မှာ အဆန်းမဟုတ်ဟု သဘောမှုကြရသည်။ .

တန်းစောင့် ဂျပန်စစ်သားတွေက စည်းကမ်းဖောက်သူကိုသာရွေးပြီး ရိုက်သည်မဟုတ်၊

စည်းကမ်းဖောက်သူ၏ ရှေ့နှင့်နောက်တွင် ရှိနေကြသူများကိုလည်း





လက်လှမ်းမီသလို လက်ဝါးရိုက်ချက် တုတ်ရိုက်ချက် ဆက်တတ်သည့် အလေ့အကျင့်ရှိသည်။ ထိုသို့ တုတ်ချက်သွက်သည်မှာ အကြောင်းမဲ့တော့မဟုတ်။

မိမိနှင့် နီးစပ်နေသူတို့ စည်းကမ်းဖောက်သည်ကို သိပါလျက် ဝိုင်းဝန်း မထိန်းသိမ်းသောကြောင့်ဟု အကြောင်းပြကြသည်။

စည်းကမ်းဖောက်သူနှင့် အလိုတူအလိုပါဟု သဘောမှုပြီး ရိုက်ခြင်း ဖြစ်၏။

ဆကုရရုံတွင် ရုပ်ရှင်ကြည့်ရသည်မှာမလွယ်။

အန္တရာယ်ကြိုးတန်းပေါ် လမ်းလျှောက်ရသည်သို့နှယ် ရှိပါချေ၏။

ဖာဂ်လိပ်များအုပ်စိုးစဉ်က တန်းစီစနစ်မရှိ။ ရုပ်ရှင်ရုံကလည်းမရှိ။

တခြား ဘယ်နေရာမှာလည်း မရှိ၊ မြန်မာလူမျိုးတွေ တန်းစီအလေ့အကျင့်ကို ရရှိခဲ့သည်မှာ ဂျပန်ခေတ်၊ မီးခြစ်တစ်လုံးနှင့် သကြားတစ်ဆယ်သားရဖို့အတွက် တန်းစီရသည်၊ အသားငါး ဝယ်ယူစားရဖို့ တန်းစီရသည်။

မီးရထားစီးဖို့ တန်းစီရသည်။ ဂျပန်ခေတ်အစပိုင်း ကြည့်မြင်တိုင်နှင့် ပုဇွန်တောင်ပြေးဆွဲနေသည့် အာအီးတီဘတ်စ်ကားကြီးများ စီးရဖို့လည်း တန်းစီရသည်။ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင် အဝင်အထွက်တွင်လည်း တန်းစီပြီး ဝင်ရသည်၊ ပြန်ထွက်တော့ တန်းစီပြီး ပြန်ထွက်ရသည်၊

ဝမ်း၊ ပုလိပ်ကာကွယ်ဆေးထိုးဖို့လည်း တန်းစီရသည်။

ရုပ်ရှင်ကြည့်တော့လည်း တန်းစီမလွတ်။

တန်းစီအလေ့အကျင့်မှာ ဤသို့လျှင် ဂျပန်ခေတ်မှ စတင်ခဲ့၏၊

ဤနေရာတွင် ဆကုရရုပ်ရှင်ရုံ၌ တွေ့ကြုံခံစားရသည့် ဒုက္ခအသွယ်သွယ် အကြောင်းအရာကို မဆက်သေးဘဲ ရုပ်ရှင်ဝါသနာအိုးများ၏ မရိုးဘဲနှင့် ဝါးလုံးကွဲ ရယ်စရာ ကြုံတွေ့ခဲ့ရသော ဤသည်လည်း တစ်ဒုက္ခအကြောင်း ဖော်ပြရမည်မှာ ဤသို့ပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင် ဈေးကြီးရပ်ကွက်၌ ရွှေတိုင်သီရိရုပ်ရှင်ရုံ ရှိသည်။

ဂျပန်ခေတ်က ရုပ်ရှင်ပြ မပြကိုတော့ အသေအချာ မမှတ်မိပါ။

တစ်နေ့တွင် ဂျပန်စစ်သားများနှင့် မြန်မာစကားပြန်ပါသော အဖွဲ့တစ်ဖွဲ့က အဆိုပါ ရွှေတိုင်သီရိရုံဟောင်းနေရာတွင် ဘင်ခရာတွေ တီးမှုတ်နေသည်။ ရွှေတိုင်သီရိရုံတည်ရှိရာနှင့် မနီးမဝေးတွင် ကြည့်မြင်တိုင် ကမ်းနားဈေး ရှိသည်။ ဂျပန်ခေတ်က ကြည့်မြင်တိုင် ကမ်းနားဈေးမှာ ရန်ကုန်မြို့ရှိဈေးတကာ့ ဈေးများအနက် အစည်ကားဆုံးဈေးဟု ပြောစမှတ်ပြုရသည်။

စစ်မဖြစ်မီ ဈေးစည်ကားစဉ်ကလိုပင် စည်ကားသည်ဟု အဆိုအပြော ရှိသည့်ဈေး။

အထက်ကုန်၊ အောက်ကုန်များ ဖလှယ်ရာ အရောင်းအဝယ်လုပ်ရာတွင် ဗဟိုချက်မဖြစ်သည်။

ပွဲရုံတန်းများမှာ ဈေးကြီးရပ်ကွက်လိုပင် သတ်မှတ်လျက် ရှိနေသည်။

အနယ်နယ်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်သယ်ယူလာသည့် လှေသမ္ဗန်ကြီး၊ လှေသမ္ဗန်ငယ်နှင့် မော်တော်လေးများမှာ ရန်ကုန်မြို့လယ်ဆိပ်ကမ်းများတွင် မကပ်ကြ။

မြို့လယ်ခေါင်မှာ ဘာအရောင်းအဝယ်မျှ မဖြစ်။

ဘာမဆို အရောင်းအဝယ်ဖြစ်သည်မှာ ကြည့်မြင်တိုင်ကမ်းနားဈေး။

အထက်အောက် ကူးသန်းသွားလာနေကြသည့် လှေ၊ သမ္ဗန်ကြီးငယ်များမှာ အရောင်းအဝယ်ဖြစ်ရာ ကြည့်မြင်တိုင် ဗားကရာဆိပ်ခံတံတားနှင့် ကမ်းနားဈေး အကြားရှိ ရေပြင်တွင်သာ ကပ်ကြ၊ နားကြသည်။

ကြက်ပျံမကျသို့နှယ်ဟု ဆိုရမည်အောင် စည်ကားသည်။

ရွှေဉာဏ်တော်စူးရောက်သည့် ကိုရွှေဂျပန်တို့က ထိုနေရာသို့ ဘင်ခရာ အတီးအမှုတ်များနှင့် စုဝေးရောက်ရှိခဲ့ကြသည်။

ဘင်ခရာသံကြားတော့ ရောင်းဝယ်ဖောက်ကားသွားလာနေကြသူများမှာ တစ်ခဏချင်းပင် စုဝေးရောက်ရှိလာကြသည်။

မဖိတ်ခေါ်ဘဲနှင့် ဘာပါလိမ့်ဟု စူးစမ်းလေ့လာဖို့အတွက် လာကြသည်။

မြန်မာလူမျိုးများမှာ ဆိုင်းသံဗုံသံ သဲ့သဲ့ ကြားကြား၊ ဘင်ခရာသံပဲ ကြားကြား နေမထိထိုင်မသာ ဖြစ်တတ်ကြသည်။

လူစုစုအုပ်တွေ့လျှင် နောက်ထပ် နောက်ထပ်သော လူစုလူဝေးမှာ





စုဝေးရောက်ရှိလာစမြဲလည်း ရှိကြသည်။

ဒါက မြန်မာလူမျိုးတို့၏ အလေ့အထ။

ထိုအလေ့အထ အထာသဘောကို နောကြေသည့် နီပွန်မာစတာတွေက ဘင်ခရာတီးပြီး လူစုလိုက်သည်။

ရွှေတိုင်သီရိနေရာက ဗားဂရာဆိပ်ခံတံတားနှင့် နီးလာသည်။

နာရီဝက်အတွင်းမှာပင် လူစုလူဝေးကြီး စုရုံးရောက်ရှိလာကြသည်။

ဂျပန်စကားပြန် နှစ်ယောက်က အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဘင်ခရာတီးနေသည့်အကြောင်းကို အော်ဟစ်သတိပေးနေသည်။

သူတို့ပြောနေသည့်အကြောင်းကို ကြားရသူတွေက နောက်ကြောင်းပြန်မလှည့်ကြတော့။

ရောက်သည့်နေရာတွင် နေမြဲဖြစ်ကုန်ကြသည်။

ဘာပြောသည်ကို မသိမမီလိုက်သည့် နောက်ထပ်ရောက်လာသူတွေက ရှေ့တွင် ရောက်နေကြသူများအား တီးတိုးမေးကြသည်။

ဒီလို ဒီလို အကြောင်းပေါ်ဆိုသည်နှင့် နောက်ရောက်လာသူတွေကလည်း နောက်ကြောင်းပြန်မလှည့်ကြတော့။

ဒီလို ဒီလိုအကြောင်းက မြန်မာလူမျိုးများ စိတ်ဝင်စားသည့် နားကြောစိမ့်စကား။

ဂျပန်စစ်ကားကြီး ပြမလို့ဆိုပါလား။ အခမဲ့ပြသမည်။ မည်သူမဆို ကြည့်ရှုနိုင်သည်။ ပြသမည့်ကား သိပ်ကောင်းသည့် ဂျပန်စစ်ကားကြီး။

ကြည့်ရှုရမည်က အခမဲ့။ တန်းစီကြ။ တစ်တန်းတည်းမဟုတ် နှစ်တန်း။

သုံးတန်းဖြစ်သွားသည်။ တံခါးဖွင့်လိုက်ပြီ။

ဂျပန်စစ်သားတွေက အပြုံးတဝေဝေနှင့် ရုံထဲဝင်ဖို့ ခြေပြလက်ပြ လုပ်နေကြသည်။

အပျော်အပါးနှင့် ယှဉ်လာလျှင် နောက်ကြောင်းနောက်မှ သဘောမူသည့် မြန်မာများပီပီ၊ လျှောခနဲ လျှောခနဲ ဝင်သွားကြလေစို့။

ပွဲသွားကြောကြောပုံဟန်များဖြင့် တန်းစီလျက် ဝင်ရောက်သွားကြသည်။

ရယ်မောခြင်းနှင့်မောခြင်း တွဲစပ်နေသည်ကို သတိမမူမိကြ။

အရယ်အပြုံး မသဲကွဲသော. . .

မောဟိုက်သွားကြပါလေပြီ။

ပြသည့်နေရာသို့ လက်မောင်းသားပေါ်အောင် အကျီကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



လှန်ပြီး တိုးကပ်သွားကြရသည်။ လက်မောင်းနှစ်ဘက်စလုံး အော်တုန်အောင် အောင့်သွားသည်။ မျက်နှာတွေ ရှုံမဲ့ကုန်ကြသည်။ စုတ်သပ်သံ ထွက်သွားသည်။ တချို့ အသည်းငယ်သူများ နှုတ်ဖျားမှ အထိတ်တလန့်အော်လိုက်သည့် အော်သံများပင် ထွက်လာသည်။ ဝမ်းရောဂါကာကွယ်ဆေးနှင့် ပုလိပ်ရောဂါကာကွယ်ဆေး။ ထိုးနေတုန်းလည်း နာသည်။ ထိုးပြီးတော့လည်း အောင့်သည်။

နောက်ပိုင်းတွင် လက်မောင်းများရောင်ယမ်းပြီး အဖျားပါဝင်လာတတ်သောကြောင့် ဂျပန်ခေတ်က ထိုးဆေးများထိုးရမည်ကို လူတိုင်းကြောက်ကြသည်။

ဘယ်နေရာမှာဆေးထိုးနေသည်ဆိုသည့် အသံကိုကြားရုံနှင့် ရင်တုန်ပန်းတုန်ဖြစ်ပြီး ဝေးဝေးက ကွင်းရှောင်စမြဲ ရှိကြသည်။

ဂျပန်တွေအကြောက်ဆုံးက ဝမ်းရောဂါနှင့် ပုလိပ်ရောဂါ။

ကူးစက်တတ်သည့် ရောဂါများဖြစ်သလို အကူးအစက်လည်း မြန်သည့်တပ်ရောဂါ။

ဂျပန်တွေဝင်လာသည်မှ ပြန်လည်ဆုတ်ခွာသွားသည့်အချိန်အထိ ပုလိပ်ရောဂါနှင့် ကာလဝမ်းရောဂါ ဆေးထိုးမပြတ်ခဲ့။

ဆေးအထိုးသန်သူ ကိုရွှေဂျပန်တို့က ဆေးထိုးအကြောက်လွန်သူ မြန်မာတို့၏အထာကို နောကြေသွားသည့်အလျောက် လှည့်ကွက်ထွင်ပြီး မက်လုံးအထာပေး၍ ပညာပြလိုက်ခြင်း ဖြစ်၏။

ကြံဖျားကို ကျားပျံလုပ်လိုက်သည့် နိပ္ပန်မာစတာတို့၏ ရွှေဉာဏ်တော်စူးရောက်ပုံမှာ ပြောစမှတ် တွင်ရစ်သွားသည်။

မြန်မာလူမျိုးတွေက အပျော်အပါး ထုံမွှေ့သည်။

ဇာတ်သဘင် ရုပ်ရှင်ဆိုလျှင် မလွှတ်တန်းသမားတွေ။

နောက်ပိုင်း ဂျပန်စစ်ကားကြီး ကောင်းလိုက်ပုံအကြောင်း ပြန်ပြောရင်း တသောသော ရယ်မောကြရသည်။

ငိုအားထက် ရယ်အားသန် ဆိုသည်မှာ အဲ့ဒီလိုအဖြစ်မျိုး။

ရုံထဲဝင်သွားသူတွေအားလုံးကို ဆေးထိုးသည်မှာ နှစ်နာရီနီးပါးကြာသည်။

အားလုံးပြီးတော့မှပြန်ထွက်ရန် အဝင်တံခါးဖွင့်ပေးသည်။

ပြန်ထွက်လာသူများ၏ မျက်နှာပေါ်မှာ အငိုမျက်လုံးနှင့် အပြုံးနှုတ်ခမ်းတွဲစပ်လျက်။ အပြင်ရောက်ကြပြီ။

နောက်တစ်ပွဲအတွက် စောင့်နေသူတွေက စစ်ကားကောင်းမကောင်း





မေးကြသည်။ ကြံဖျားအကြောင်း အမှန်အတိုင်းပြောသူက အနည်းစု။

ကျားပျံကောင်းကြောင်းပြောသူက အများစု။ ဟုတ်ပ။

လူ့သဘောသဘာဝက သည်သို့ပင်ရှိပါလေ၏။

ကိုယ်ခံလာရသည်ကို သူတို့မခံရပါစေနဲ့ဟု သဘောမမူဘဲ သူတို့လည်း ကိုယ့်လိုခံပါစေဟု ချောက်တွန်းချင်သည်။

တချို့ကလည်း ပျော်စေပြက်စေသဘော ဆောင်သည်။

မြေနီကုန်း ဆကုရရုံမှာ အဆင်မသင့်လျှင် မျက်လုံးထဲမှာ ကြယ်ပွင့်ကလေးတွေ တောက်ပသွားတတ်သလို၊ ကြည့်မြင်တိုင် ရွှေတိုင်သီရိရုံဟောင်းနေရာမှာတော့ လက်မောင်းရောင်သည့်ဒဏ်ကို သုံးလေးရက် အလူးအလိမ့်ခံလိုက်ရသည်။

အင်္ဂလိပ်ခေတ် ရုပ်ရှင်ကြည့်ရသည်မှာ သည်းထိတ်ရင်ဖို မဖြစ်ရ၊

ဂျပန်ခေတ် ရုပ်ရှင်ကြည့်ရသည်မှာတော့ ရာနှုန်းပြည့် သည်းထိတ်ရင်ဖို ဖြစ်ရသည်။

ဘယ်အချိန်လေကြောင်းရန် အချက်ပေး၍ ဘယ်အချိန် နားရင်းပါးရင်းပူသွားမည်ကို စိုးတထိတ်ထိတ်ဖြင့် ကြည့်ရသည်။

တစ်ခါတရံ ဆကုရရုံအထွက်မှာ ဆေးထိုးအဖွဲ့နှင့် ပက်ပင်းတိုးပြီး လက်မောင်းလှုပ်ပေးလိုက်ရသည်မျိုးလည်း ကြုံရသည်။

ဆေးထိုးအဖွဲ့နှင့်ကြုံလို့ ဆုံလို့များ ထွက်ပြေးဖို့များတော့ စိတ်မကူးလေနဲ့။

မိသွားရင် ဓာတ်တိုင်မှာ ကြိုးနှင့်တုပ်ပြီး နေလှန်းခံရမည်။

ဂျပန်ခေတ်က တရိုတသေ သိမ်းဆည်းပြီး သွားလေရာသို့ မမေ့မလျော့ယူဆောင်သွားရသည်မှာ ပုလိပ်နှင့်ကာလဝမ်းထိုးပြီးကြောင်း အသိအမှတ်ပြုလက်မှတ်ပင် ဖြစ်၏။

လူငယ်ရုပ်ရှင်ဝါသနာအိုးတွေကတော့ ဘယ်လိုအခက်အခဲ ဒုက္ခသုက္ခတွေနဲ့ ကြုံရပါစေ ဆကုရရုံကို ချီတက်မြဲချီတက်လျက် ရှိကြသည်။

ဂျပန်ခေတ်မှာ ကျောင်းလည်းမနေရ၊ အလုပ်အကိုင်လည်း မရှိသမို့ အင်းလျားသို့ရေကူးရောက်ရင်ရောက်၊ မရောက်ရင် ဆကုရသို့ ရောက်ကြသည်။

နေထိုင်ရာရပ်ကွက်နှင့် ဆကုရရုံက နီးသည်။

ဆင့်ငါးဆယ်ရှိရင် ကြည့်လို့ရသည်။

တုတ်နှင့်ချိုစောင်း၊ လက်ဝါးနှင့်ပါး မိတ်ဖွဲ့ခံရသည့် ကြားထဲကနေ ရုပ်ရှင်ကြည့်ခဲ့ရသည့် ဂျပန်ခေတ်ကို မမေ့သာ ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကန်တော်မိတ် နေသူနှင့် ဆက်ရက ရုပ်ရှင်ရုံ၊ မြင်နှင့် လွင်လွင်က ပြဇာတ်။ အဲဒီ ဂျပန်ခေတ်ကလည်း မှောင်ခိုလက်မှတ်ဆိုတာ မရှိ။

ဂျပန်အဆုတ် အင်္ဂလိပ်ပြန်အဝင်။

♦ ♦ ♦

ရုပ်ရှင်လောကအကြောင်းမဆက်မီ ခေတ်တစ်ခေတ်စာ အဖြစ်အပျက်ကို မမီ မသိလိုက်သူများအတွက် ဆေးထိုးလက်မှတ်နှင့်ပတ်သက်သည့် ဤလည်း တစ်ဇာတ်ဖြစ်ရပ်နမ်းကို ဖော်ပြရမည်မှာ ဤသို့ပါ။

ဂျပန်ခေတ်က ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံစာရွက်အပိုင်း လေး ပေးသည်။

စာရွက်အပိုင်းလေးက လက်တစ်ဝါးမရှိတတ် ရှိတတ် စာရွက်ကလေး ဖြစ်၍ တရှိတသေ သိမ်းဆည်းတတ်သူများအဖို့ သိမ်းဆည်းရလွယ်ကူသည်။

ထိုစာရွက်ကလေးကို အခြားစက္ကူထူထူကြားထဲမှာညှပ်ပြီး သွားလေရာ လာလေရာသို့ ယူဆောင်သွားရသည်။

အဲ. . . မီးရထားနှင့် ခရီးသွားသည့်အခါတွင်မူ ဆေးထိုးပြီးကြောင်း သက်သေခံကို သိမ်းဆည်းရသည်မှာမူ မလွယ်ကူ။

မလွယ်ကူသည်မှာ အတော်ကြီးကို မလွယ်ကူသည့်ကိစ္စပါ။

ဂျပန်ခေတ်က ရထားနှင့်ခရီးသွားမည်ဆိုလျှင် ရထားလက်မှတ်ဝယ်ရန် တန်းစီးရသည်။

လက်မှတ်ဝယ်ယူရမည့်တန်းထဲကို သည်အတိုင်း ဝင်စီလို့မရ။

ဘူတာရုံတွင် ထားရှိသည့် ပင်တိုင်ဆေးထိုးအဖွဲ့ရှိရာသို့ သွားရသည်။

ယခင်ဆေးထိုးပြီးကြောင်း လက်မှတ်ကို ထိုနေရာတွင် ပြလို့မရ။

ထိုလက်မှတ်ကို အသိအမှတ်မပြု။

ထိုလက်မှတ်မှာ ခရီးသွားခြင်းနှင့် မသက်ဆိုင်။

ခရီးသွားရင် ဆေးအသစ်စက်စက် အထိုးခံရမည်။

ဆေးထိုးပြီးသည့်အခါ ဆေးထိုးပြီးကြောင်း အသိအမှတ်ပြုထုတ်ပေး သည့် သက်သေခံလက်မှတ်မှာ စာရွက်ပေါ်တွင် ရိုက်နှိပ်ပေးသည့် သက်သေ





ခံလက်မှတ်မဟုတ်။

တစ်မူထူးခြားသော အသားတံဆိပ် သက်သေခံ အမှတ်အသား။

တံတောင်ဆစ်အောက် လက်ဖျံရိုးအသားပေါ်မှာ ဘူးသီးငါးပေါင်းကြော် အမှတ်အသားများပါသည့် ရာဘာတံဆိပ်ကို ရိုက်နှိပ်ပေးလိုက်ခြင်း ဖြစ်၏။

ရာဘာတံဆိပ်ကို မင်အနီရောင်ဖြင့် အသားပေါ်မှာ ထင်နေအောင် ရိုက်နှိပ်ပေးလိုက်သည်ပါ။

အဲဒီ ရာဘာတံဆိပ်ရိုက်နှိပ်ပြီးမှ တန်းစီသည့်နေရာတွင် ကြိုးကြပ်နေ သည့် နီပွန်မာစတာကို သွားပြရသည်။

ယောရောရှိဆိုမှ တန်းထဲဝင်စီရသည်။

ဂျပန်ခေတ်က နီပွန်စစ်သားများထဲ နှုတ်ထွက်စကားလုံးနှစ်လုံးကိုမူ လူတိုင်းပင် နားလည်ကြသည်။

အလိုကျရင် 'ယောရောရှိ'

အလိုမကျရင် 'ခူးရားဘတ်ကဲရိုး'

ယောရောရှိဆိုရင် အိုကေမှာ စိုပြည်ပြီ။

ခူးရားဘတ်ကဲရိုးဆိုရင် နောက်ဆက်တွဲ အဆွဲအခပ်ပါလာမည်။

လက်ဝါးဖြစ်စေ၊ တုတ်ဖြစ်စေ တစ်ခုခု တွဲစပ်လာမည်မှာ သေချာသည်။

ယောရောရှိသမားက တန်းဝင်စီ။

အဲဒီအချိန်ကစပြီး မိမိ၏ ညာလက်ဖျံအသားကို အကျီစနှင့်သော်လည်း ကောင်း၊ လုံချည်စနှင့်သော်လည်းကောင်း အခြားတစ်စုံတစ်ရာနှင့်သော် လည်းကောင်း မပွတ်မိ၊ မထိမိစေရန် ဂရုစိုက်ပေတော့။

ညာဘက်လက်ဖျံအသားကို ရွရွသသလေး ထားရတော့မည်ပါ။

လက်ဖျံအသားပေါ်မှာ တံဆိပ်ခပ်နှိပ်ပေးလိုက်သည့်အတွက် စာရွက် သက်သေခံလက်မှတ်ကို သိမ်းဆည်းရန် အခက်အခဲ ကင်းလွတ်သွားသည်။

သို့တစေ စာရွက်ကို သိမ်းဆည်းရသည်ထက် ခက်ဖွယ်ရယ်ကြုံ ဒုက္ခ အဖုံဖုံဟု ဆိုရမည်သို့ ရှိခဲ့ပြန်ချေ၏။

ခန္ဓာကိုယ်မှထွက်လာသည့် ချွေးကို မထွက်အောင် တားဆီးထားဖို့ မရသလို ဘယ်နေရာကိုသာထွက်စေ၊ ဘယ်နေရာကိုတော့ မထွက်စေနဲ့လို့ ကန့်သတ်ဖို့မရပေ။

လက်ဖျံအသားပေါ်တွင် ထင်ရှိနေသည့် မင်တံဆိပ်ကို ချွေးမစိုအောင် ဖွဖွလေးမှုတ်ပေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယပ်တောင်ပါသူကလည်း ထိုနေရာလေးကိုရွေးပြီး တဖျပ်ဖျပ် ယပ်ခတ်ပေးနေရသည်။

ကြံ့ရဆုံရပုံ၏ မလွယ်လိုက်ပုံများ ပြောစမှတ်ကို တွင်ပါလေရော။

တံဆိပ်ရိုက်လိုက်သည့်မင်က မင်ရေကြဲ။ ရေမပြောနှင့် ချွေးထိသော်မှ မခံ။ ချွေးဆိုရင် အလွယ်တကူ ပျက်သွားနိုင်သည်။

ရထားပေါ်တက်ခါနီး စစ်ဆေးလို့ ဆေးပျက်နေရင် မလွယ်ကြော။

ခုံးရားဘတ်ကဲရိုးနှင့်တိုးမည်။ လက်မှတ်ဆုံးမည်။

ပြီး ဘူတာရုံထဲက နှင်ထုတ်ခံရမည်။

သို့မို့ကြောင့် လက်ဖျံအသားပေါ်က တံဆိပ်ကို ကယုကယင် တယုတယ လုပ်နေကြရသည်။ ကိုယ့်ချစ်သူကို ကယုကယင် တယုတယလုပ်ရသည်ထက်ပင် ပိုသေး သည်ဟု ဆိုရမည်ပါ။ ထိုတံဆိပ်တုံးကလေးကို သူ့နေရာတွင် သူရှိပစေဆိုပြီး မျက်နှာလွှဲ ထားလို့မရ။ အချိန်နှင့်အမျှ တသသကြည့်နေရသည်။ ပိုးမွေးသလိုဆိုသော ပမာစကားသို့နှယ် ရှိပါချေ၏။

ထိုထက် အဆပေါင်းများစွာပို၍ ဂရုတစိုက်ရှိရသည်မှာ ရထားပေါ်သို့ ရောက်သည့်အခါတွင် ဖြစ်သည်။

ဂျပန်ခေတ်ရထားစီးရသည်မှာ အများအားဖြင့် လေဝင်လေပေါက်ပါရှိသော လူစီးတွဲများဖြင့် သက်တောင့်သက်သာစီးရသည်မဟုတ်ဘဲ အလုံပိတ် ကုန်တွဲများပေါ်တွင် လိုက်ပါစီးနင်းခွင့်ရကြသည်။

အရပ်သားခရီးသည်များအတွက် သတ်မှတ်ပေးထားသည့်တွဲမှာ သုံးလေးတွဲထက်မပို။ ထိုပါသည့် လူစီးတွဲများမှာ ဂျပန်စစ်သားများအတွက်သာ။

ဂျပန်စစ်သားများ အသွားအလာနည်းသည့် အလှည့်မျိုးနှင့် ကြုံရင်တော့ ဆယ်ခါတစ်ခါဆိုသလို လူစီးတွဲများမှာ စီးရသည်။

ဒါလည်း အမျိုးသားယောကျ်ားများ မစီးရ။

အမျိုးသမီး မိန်းမငယ်များနှင့် အလတ်များသာ စီးရသည်။ ဒါတောင် အမျိုးသမီးတိုင်းတော့ မဟုတ်။ သွားလာနေကျ အမျိုးသမီး၊ မိန်းမသူတွေသာ စီးရသည်။

သွားလာနေကျ အမျိုးသမီးတွေကသာ လက်ပတ်တကားကားနှင့် မာစတာများကို ဘယ်လိုအထာပေး၍ ဘယ်လိုမျက်နှာချိုသွေးရမည်တို့ ကျွမ်းကျင်ကြသည်။ ရထားတွဲနှင့် ခရီးသည်များမှာ ဘယ်တော့မှမမျှတ။

သို့တစေ...





ဂျပန်မာစကာတွေကမူ တန်းစီသူအားလုံးကို လက်မှတ်ရောင်းသည်။

သို့မို့ကြောင့်... ငါးပိသိပ် ငါးချဉ်သိပ် မြန်မာစကားသို့နှယ် မလှည့်သာမပဲ့သာ ပြွတ်သိပ် ညပ်သပ်စီးရသည်။

ဂျပန်ခေတ်က အဲဒီလိုမှ ခရီးမသွားတတ်ရင် ဘယ်လိုမှ မရောက်နိုင်။

သည်လိုမျိုး သွားလာနိုင်မှသာ မိမိသွားလိုရာသို့ ခရီးပေါက်သည်။

ဂျပန်ခေတ်မှာက အပျော်ခရီးအလည်အပတ်ခရီးသွားသူမရှိ။

အရောင်းအဝယ်ကိစ္စနှင့် မသွားမဖြစ် အကြောင်းကြီး ရှိသူများသာ ခရီးသွားကြသည်။

အထူးသဖြင့် အရောင်းအဝယ်ကိစ္စနှင့် သွားလာနေသူ အမျိုးသမီးများက လက်မှတ်အလွယ်တူရဖို့ ရထားပေါ်မှာ နေရာရဖို့ ဘယ်လိုဘယ်ပုံ အထာပေးရမည်ကို နောကြေကြသည်။

စိတ်ပါလက်ပါ လုပ်ကြသည်မျိုးတော့ မဟုတ်ပါ။

ကိုယ့်အတွက် အခွင့်အရေးကို မျှော်ကိုးပြီး လုပ်ရခြင်း ဖြစ်၏။

ငါးပိသိပ် ငါးချဉ်သိပ် စီးရသည့် ကုန်တွဲများမှာ စီးရသည်ထက် လူစီးတွဲများစီးရသည်က အစစအရာရာ သက်သာမှုရှိသည်။

အကျီရေညှစ်လို့ရအောင် ချွေးတလုံးလုံးနှင့် စီးရသည့် ကုန်တွဲစီးခရီးသည်များမှာ လက်ဖျံအသားပေါ်က တံဆိပ်ကို အသက်ရှူမှားမတတ် ဂရုစိုက်ရသည်။

ကိုယ့်ချစ်သူ၏ နဖူးဆံစပ်မှာ စို့ထွက်လာသည့် ချွေးကို သိပ်ပေးရသလိုမျိုး မင်ရည်ဖျော့တံဆိပ်ပေါ် တင်ကျန်လာသည့် ချွေးတို့ကိုလည်း တယုတယ ဖွဖွလေး သိပ်ပေးနေရသည်။

လမ်းခရီးဘူတာတွေမှာ အစစ်အဆေးရှိသည်။ တံဆိပ်ပျက်နေလို့တော့ မသက်သာ။ အရိုက်အနှက်လည်း ခံရမည်။ ရထားပေါ်က ဆွဲချသည်ကိုလည်း ခံရသည်။ မလွယ်ကြောနှင့် မောရသည်။

ဂျပန်ခေတ် ရထားစီးခရီးသွားရသည်မှာ ဤသို့...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(သုံး)

အင်္ဂလိပ်ပြန်အဝင်။

လွတ်လပ်ရေးမရမီ စစ်အုပ်ချုပ်ရေးကာလ၊ ကက်(စ)ဘီလက်ထက်။

အရပ်သားအုပ်ချုပ်ရေးကို မလွှဲပြောင်းမီကာလ၊ အင်္ဂလိပ်စစ်တပ်များ အုပ်ချုပ်ရေးလုပ်ငန်းများကို ကိုင်တွယ်ထားသည်။

ဂျပန်ခေတ်က ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံများမှာ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်ကြောင့် အနည်းနှင့်အများ ပျက်စီးခဲ့သည်။

ဖြုတ်ယူသိမ်းဆည်းထားရသည့် စက်မှုပိုင်းဆိုင်ရာ ပစ္စည်းများမှာ ချက်ချင်း ပြန်ဆင်၍မရ။ ဆေးကြောပြုပြင်ပြီးမှ ပြန်လည် တပ်ဆင်ရမည်။

စစ်ဘေးဒဏ်ကြောင့် အနယ်နယ်အရပ်ရပ်သို့ တိမ်းရှောင်နေထိုင်ရသူများမှာ အစုံအလင် ပြန်မရောက်ကြသေး၊

ဂျပန်ငွေစက္ကူ ထောင်မလဲသဲကော်များမှာ လုံးဝသုံးမရသော စက္ကူများဖြစ်သွားသောကြောင့် လူအများစုမှာ ငွေကြေးအခက်အခဲနှင့် ကြုံတွေ့နေရသည်။ ရုပ်ရှင်ကြည့်ဖို့ထားဘိလို့ စားဝတ်နေရေးအတွက်ပင် မနည်းကြီး ကြိုးစားရှာဖွေနေရသည်။

သည်လိုအခြေအနေမှာ ရုပ်ရှင်နှင့်ပတ်သတ်သည့် စီးပွားရေးလုပ်ငန်းရှင်များက ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားရသည်။

ပြသစရာ အင်္ဂလိပ်ကားလည်းမရှိ။

မြန်မာဇာတ်ကားလည်း ကားဟောင်းတွေ ပြန်ပြရမည်မို့ ရုပ်ရှင်မပြရဲကြ။

စစ်ပြီးခေတ် ကက်(စ)ဘီလက်ထက် ပထမဆုံး ရုပ်ရှင်ပြန်လည်ပြသသည့်ရုံမှာ ကာလ်တန်ရုပ်ရှင်ရုံ။

နောက် မီးလောင်သွားသည့် ယုဇန ရုပ်ရှင်ရုံ။

ကာလ်တန်ရုံတွင် ရုပ်ရှင်ပြန်လည်ပြသခြင်းမှာ ပြည်သူများကြည့်ရှုရန်





အတွက်မဟုတ်ဘဲ သူတို့စစ်သားများသာ သီးသန့်ကြည့်ရှုရန်အတွက် သတ်မှတ်၍ ပြသခြင်း ဖြစ်၏။

အမေရိကန်စစ်သား၊ အင်္ဂလိပ်စစ်သား၊ ကပ္ပလီစစ်သား၊ ကုလားစစ်သားများ အပန်းဖြေကြည့်ရှုရန် ကာလ်တန်ရုံကို ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်၏၊ သို့တစေ၊ စစ်သားများမှာ အခမဲ့ကြည့်ရှုခွင့်မရ။

သတ်မှတ်ထားသည့် နှုန်းထားကိုတော့ ပေးရသည်။

စစ်သားများ သက်တောင့်သက်သာကြည့်ရှုနိုင်ရန် အထူးနှုန်း သတ်မှတ်ပေးထားသည်။

ကာလ်တန်ရုံမှာ စစ်မဖြစ်ခင်ကတည်းက ရုံသေးသလောက် သပ်ရပ်သန့်ရှင်းသော ရုံအဖြစ် နာမည်ထွက်ခဲ့သည်။

ကာလ်တန်ရုံတွင် ရုပ်ရှင်ပြသနေပြီဆိုသည့် သတင်းမှာ ရန်ကုန်မြို့တွင်းနှင့် မြို့စွန်များသို့ ရက်ပိုင်းအတွင်း သတင်းပြန့်သွားသည်။

ရုပ်ရှင်ဝါသနာအိုးတချို့မှာ စစ်သားများသာဆိုသည်ကို မသိသောကြောင့် ရုပ်ရှင်ကြည့်ရန် ရောက်လာကြသည်။ ဒါပေသိ ရောက်ပေး ပြန်မောသာ ဖြစ်လိုက်ရသည်။ ရုပ်ရှင်ကိုမူ မကြည့်ရ။

အကြံအဖန်လုပ်ပြီး ရုံထဲဝင်ဖို့ကလည်း မလွယ်။

စစ်သားများရမ်းကားမှုမဖြစ်စေရန်နှင့် ပြဿနာ အထွေထွေမပေါ်ပေါက်စေရန် အမ်၊ ပီ လက်ပတ်နှင့် စစ်ရဲခေါ် စစ်ပုလိပ်များကို အပြည့်ချထားသည်၊ စစ်သားတွေက အမ်၊ ပီကိုတော့ ကြောက်ကြသည်။

မြန်မာ့တပ်မတော်အခေါ် တပ်ထိန်းပေါ့။

အမ်၊ ပီတွေက ထွားထွားကျိုင်းကျိုင်း၊ ဗလကောင်းကြီးတွေ သူတို့ခါးမှာ ရော်ဘာ ခြောက်လုံးပြူးကြီးတွေချိတ်လို့၊ မျက်နှာထားကလည်း တင်းမှတင်း၊

အမူးလွန်ပြီး အမ်၊ ပီကို အရေးမစိုက်၊ အမှုမထားသော စစ်သားတွေလည်း ရှိသည်။ အများစုတော့မဟုတ်၊ တစ်ယောက်စ နှစ်ယောက်စ။

မူးရင် သွေးဆိုးသူ စစ်သားတချို့ပေါ့။

အဲ့ဒီလို ငနဲသားတွေကို အမ်၊ ပီတွေက ရုပ်ရှင်ရုံထဲ အဝင်မခံ။

သူတို့ကို ဒီလိုလုပ်ရပါမို့လားလို့ ဂျစ်တစ်တစ် ခံတန်တန် လုပ်ကြသည်။

ဆူလား၊ ပူလား အော်လား ဟစ်လား လုပ်ကြသည်။

အာပဲလုပ်လုပ် နောက်ဆုံးခံလိုက်ရသူတွေက သူတို့သာ။

အမ်၊ ပီတွေ လက်ထဲမှာ ခြေကားရား လက်ကားရား ပါသွားခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပွဲအဆုံးသတ်စမြဲ ရှိကြသည်။

ထိုစဉ်ကာလ ကာလ်တန်ရုံဝန်းကျင်မှာ မြန်မာလူမျိုးများ အနေနည်းပါးသည်။ ကုလားလူမျိုးများ အနေများသည်။

ဒုတိယကမ္ဘာစစ်ဖြစ်စဉ်ကာလ၊ ကုလားလူမျိုးတွေ ကုလားပြည် ပြန်ကြသော်လည်း ပြည်တော်မပြန်နိုင်သူတွေလည်း အများကြီးကျန်ခဲ့သည်။

သူတို့က သူတို့နေရင်းစွဲနေရာတွင်ပင် ပြန်လည်နေထိုင်ကြသည်။

စစ်ပြေး ကုလားအခန်းများ လွတ်နေသည်လည်းရှိရာ မြန်မာလူမျိုးတချို့ ဝင်ရောက်နေထိုင်သည်များရှိသော်လည်း နှစ်ဦး၊ သုံးဦးစလောက်သာ ရှိသည်။

ရုပ်ရှင်လာကြည့်သည့် စစ်သားထဲတွင် အိန္ဒိယစစ်တပ်က ကုလားစစ်သားများလည်း ပါကြသည်။

ကုလားစစ်သားများနှင့် ထိုပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ကုလားကလေးများမှာ ဟိုရောဒီရောလုပ်ရင်း ပလူးပလဲ ဖြစ်လာကြသည်။

အကြောင်းအပေါင်း သင့်လာသည်။ ကုလားတွေက ငလည်လေးတွေ။

လူပျိုပေါက် အရွယ်ခပ်ကြီးကြီးတွေက ဘိုစကားကို မတောက်တခေါက်ရွှတ်ရှက်လုပ်တတ်သည်။

နောက်ပိုင်းတွင် ကပ္ပလီစစ်သားများနှင့်သာမက အင်္ဂလိပ်အမေရိကန်စစ်သားများနှင့်ပါ အကြောင်းအပေါင်းသင့်လာသည်။

စစ်သားများကိုယ်တိုင် မစွမ်းဆောင်နိုင်ကြသည့် အပျော်အပါး ဟိုဒင်းဟိုဟာကိစ္စကို ခပ်လည်လည်ကောင်လေးတွေက အလုပ်ဖြစ်အောင် ဖန်တီးပေးကြသည်။

သည့်အတွက် အကျိုးဆောင်ခ စီးကရက်ဘူး၊ ယိုဘူး၊ ငါးသေတ္တာဘူး၊ ချိ(စ်)ဘူး စသည်များ ရသည်။

စီးကရက်၊ ငါးသေတ္တာ၊ အသားဘူးတွေက စစ်တပ်ထဲမှာ အလျှံပယ်။

စစ်သားတွေယူလာသည့် ရောင်းစရာပစ္စည်းတွေကိုလည်း ဝယ်ရောင်းလုပ်ပေးကြသည်။

ဂျပန်ခေတ်တစ်ခေတ်လုံး အစားအသောက်၊ အဝတ်အထည်ရှားပါးသည့်အလျောက် စစ်သားများတွင် ပါလာသည့် ရာရှင်ပစ္စည်းများမှာ လူကြိုက်များသည်။

အရောင်းအဝယ် ဖြစ်သည်။ အရောင်းသွက်သည်။





နောက်ပိုင်း စစ်သားများသာ ကြည့်ရှုရန်မှ အရပ်သားများကိုပါ ကြည့်ရှုခွင့်ပြုလိုက်သည်၊ ရုံဝင်ခနှုန်းထားမှာမူ မတူ။

အရပ်သားက တစ်ကျပ်တန်းကို တစ်ကျပ်ပေးကြည့်ရသည်။

စစ်သားက တစ်ဝက်နှုန်း ငါးမူး။

စစ်သားလက်မှတ်နှင့် စစ်သားကြည့်ရမည်ဟု သတ်မှတ်ချက်ထားရှိပေမယ့် တင်းတင်းကြပ်ကြပ်ကြီး စစ်လား ဆေးလား မလုပ်တော့။

ကြီးကြပ်သူ အမ်၊ ပီကလည်း အလျင်ကလို ရုံမှာ အမြဲမနေ။

ကားနှင့်လှည့်ရင်းမှ တစ်ခါတရံ လှည့်ဝင်လာသည်။

ကုလားကလေးတွေက သူတို့နှင့် အကြောင်းအပေါင်းသင့်တည့်စစ်သားများကို လက်မှတ်အပိုဝယ်ခိုင်းပြီး တစ်ဝက်နှုန်းဖြင့် ကြည့်ကြသည်။

ပထမတော့ ရိုးရိုး၊ အမှန်အကန်။ နောက်တော့ အကြံအဖန်ပါလာသည်။

တစ်ကျပ်တန် စစ်သားလက်မှတ်ကို ငါးမူးနှင့် အကြံအဖန်လုပ်ယူပြီး တစ်မူး၊ တစ်မတ် ဈေးတင်ရောင်းကြသည်။

ကြည့်သူတွေအတွက်လည်း တွက်သားကိုက်သည်။

တစ်ကျပ်အပြည့်မပေးရဘဲ ခြောက်မူးသုံးမတ်နှင့် ကြည့်ရသည်။

အဲဒီတုန်းက တစ်မတ်ဟုဆိုရသောပိုက်ဆံမှာ အတော်တာသွားသည်။

လက်ဖက်ရည်လေးခွက် သောက်လို့ရသည်။

အကြော်နှင့် မုန့်ဟင်းခါးနှစ်ပွဲစားလို့ရသည်။

စစ်သားများအား ရောင်းချသည့်ခုံတွေက နေရာကောင်းသည်။

အလယ်ကျကျ နောက်တန်းခုံတွေ။

စစ်သားလက်မှတ်ရောင်းပြီးမှ အရပ်သားလက်မှတ်ရောင်းသည်။

နေရာမကောင်း၊ ရှေ့ဘက်ဘေးစွန်ကျသည့်နေရာများကို ရောင်းသည်။

ရုပ်ရှင်ကြည့်ပရိသတ် ဓာတ်သိတွေက နေရာကောင်းလည်းကြည့်ရ၊ ဈေးလည်းသက်သာသည့် အကြံအဖန်လက်မှတ်ကို ဝယ်ကြည့်ကြသည်။

အဲဒီလိုဝယ်ကြည့်သူများမှာ အမြဲတမ်းမဟုတ်သော်လည်း တစ်ခါတရံပြဿနာပေါ်တတ်သည်။

ရုံအဝင်ဂိတ်အပေါက်ဝမှာ အမ်၊ ပီများ၏ ရှောင်တခင်စစ်ဆေးသည့်အခါမျိုးနှင့်ကြုံလျှင် အရပ်သားများလက်ဝယ်၌ တွေ့ရှိသည့် စစ်သားလက်မှတ်များကို သိမ်းယူသည်။ တခြား အရေးယူမှုတော့ မလုပ်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်အသိမ်းခံလိုက်ရသည့်အတွက် ရုပ်ရှင်ရုံထဲ မဝင်ရတော့။

အတောက်တန်းလုပ်ပြီး လာရာလမ်းဘက်သို့ ခြေဦးတည်လိုက်ရုံသာ။

မြွေပါးလည်းဆုံး သားလည်းဆုံး မိအေးနှစ်ခါနာပေါ့။

လက်မှတ်လည်း ရှုံးသည်။ ရုပ်ရှင်လည်း မကြည့်ရ။

တော်သေးသည်ဟု ဆိုရပါမည်။

လက်မှတ်သိမ်းရုံမက နောက်ထပ် တစ်စုံတစ်ရာ အရေးယူမှုပြုလုပ်ခဲ့ရင် မိအေးနှစ်ခါနာမဟုတ်ဘဲ မိအေးသုံးခါနာ ဝေါဟာရအသစ်တစ်လုံး တိုးသွားမည်။

ထိုအဖြစ်မျိုးကတော့ ဆယ်ခါရုံမှ တစ်ခါဆိုသလို ကြုံရတတ်ပါသည်။

ထားဘိတော့။

ဘေးထွက်လက်မှတ် (ဝါ) နောင်အခေါ် မှောင်ခိုလက်မှတ်ပေါ်ရှိလာသည်မှာ ဒုတိယကမ္ဘာစစ် ဖြစ်ကာနီးကာလနှင့် ဒုတိယကမ္ဘာစစ်ပြီးစ ကာလဟု ဆိုသော် ဆိုနိုင်ရာ၏။

ဒုတိယကမ္ဘာစစ်ပြီးစက ကက်(စ်)ဘီလက်ထက် ကာလ်တန်ရုံအကြောင်းမှာ တဆင့်စကား ကြားဖူးနားဝဖြင့် ရေးထားခြင်း မဟုတ်ပါ။

စာရေးသူကိုယ်တိုင် မျက်စိလည်လမ်းမှားပြီး ရုပ်ရှင်ဝန်ထမ်းရောက်သည့်အခါ အဆိုပါ ကာလ်တန်ရုံတွင် ဒုတိယမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။

စာရေးသူတို့နှင့်လုပ်ဖော်ကိုင်ဖက် ကုလားမန်နေဂျာဖြစ်လာသူတစ်ယောက်မှာ ထိုစဉ်က ဘေးထွက်လက်မှတ်အကြံအဖန်လုပ်သူထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့၏။

ထိုပုဂ္ဂိုလ်က ထိုစဉ်ဖြစ်ရပ်ကို စကားစပ်မိရာမှ ပြန်လည်ဖောက်သည်ချခဲ့ခြင်း ဖြစ်၏။ သူ့အကြောင်းကလည်း စိတ်ဝင်စားစရာ။

ငယ်စဉ်က ကုလားစစ်သားများနှင့် အကြံအဖန်လုပ်၍ ဘေးထွက်လက်မှတ် ရောင်းသည်။

နောက် လွတ်လပ်ရေးခေတ်ဦး အစပိုင်းတွင် ရုပ်ရှင်ရုံလူမိုက်။

လည်လွှန်း၊ လျှင်လွှန်း၊ ပါးလွှန်း၊ နပ်လွှန်းသည့်အတိုင်း ရုပ်ရှင်ရုံပိုင်ရှင်၏ ညာလက်ရုံးလုပ်သားများ ရုပ်ရှင်လုပ်သားများ အလုပ်သမားအစည်းအရုံး ခေါင်းဆောင်။

ရုပ်ရှင်ရုံများ ပြည်သူပိုင်သိမ်းဆည်းရာတွင် ရုပ်ရှင်ရုံပိုင်ရှင်က သူ၏ ညာလက်ရုံးလူယုံကို မန်နေဂျာအဖြစ် စာရင်းတင်လိုက်ရာမှ ပြည်သူပိုင်





ခေတ်တွင် ရုပ်ရှင်ရုံမန်နေဂျာဖြစ်လာသူ။

စိတ်ဝင်စားစရာ သူ့အကြောင်းကို နောက်ပိုင်း ပြည်သူပိုင် ရုပ်ရှင်ရုံများအကြောင်း ရောက်သည့်အခါ အလျဉ်းသင့်သလို ထည့်သွင်းရေးသားသွားမည် ဖြစ်ပါသည်။

ကာလ်တန်ရုံဖွင့်ပြီး နောက်ပိုင်းတွင် ရုပ်ရှင်ရုံများ ပြင်ဆင်မှုလုပ်ငန်းကို အလေသုံးဆယ် လုပ်ကိုင်ခဲ့ကြသည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက အခြေအနေပေးလာသည်နှင့် သူတို့ပိုင်ရုပ်ရှင်ရုံများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ငွေအားလူအားဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသည်။

အိန္ဒိယသို့ရောက်နေသည့် ရုံပိုင်ကြီးများလည်း သူတို့လုပ်ငန်းရှိရာ ရန်ကုန်မြို့ကို အပြေးအလွှား ပြန်လည်ရောက်ရှိလာကြသည်။

စီးပွားရေးလုပ်ငန်းရှင်များမှာ နောက်ကျခံရိုး ထုံးစမရှိ။

နောက်ကျရင် နောက်ကျသူ ခံစမြဲမို့ လက်ဦးမှုရအောင် လုပ်ကြသည်မှာ သူတို့၏လုပ်ရိုးလုပ်စဉ်အဖြစ် သဘောမူလုပ်ကိုင်ကြစမြဲ ရှိကြသည်။

ဒုတိယကမ္ဘာစစ်အပြီး သူတို့၏ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို နှစ်ကူးမခံဘဲ လပိုင်းအတွင်းမှာပင် ပြန်လည် အသက်သွင်းလိုက်ကြသည်။

စစ်အတွင်း ရုပ်ရှင်ဝါသနာအိုးတွေကလည်း ဖြည်းဖြည်းပေါ့လို့မနေ။

ရုပ်ရှင်ရုံများရှိရာကို သူ့ထက်ငါဦး ခြေဦးတည်ကြသည်။

ထိုစဉ်အချိန်က ဘေးထွက်လက်မှတ်၊ မှောင်ခိုလက်မှတ်ဟူ၍ မရှိ။

ရုံတစ်ရုံတည်းမှာ စုပြုံကြိတ်တိုးနေခြင်းမျိုးလည်း မရှိ။

ဖွင့်လှစ်ပြီး ရုပ်ရှင်ရုံများတွင် ပြသနေသည့် ဇာတ်ကားများမှာ ဇာတ်ကားကောင်းတွေချည်းမို့ တစ်ရုံမှာ လက်မှတ်မရရင် နောက်ရုံများသို့ ကူးပြီး ကြည့်ကြသည်။ ရုံတွေမှာ အားလုံးမျိုးတူ ဇာတ်ကားပြသကြသည် မဟုတ်။ ဒရမ်မာကြိုက်သူက ဒရမ်မာဇာတ်ကား ပြသည့်ရုံကို သွားသည်။

အက်ရှင် ဖိုက်တင်ကြိုက်သူက အက်ရှင်ဖိုက်တင်ရုံကို သွားသည်။

စစ်ကားကြိုက်သူက စစ်ကားပြသည့်ရုံ၊ ရယ်စရာဟာသကြိုက်သူက ရယ်စရာဟာသကားပြသည့်ရုံကို သွားကြသည်။ ပရိသတ် မျှတသည်။

ဟိုတုန်းက တစ်ပတ်လုံး ရုံပြည့်နေတာမျိုး၊ တစ်လလုံး ရုံပြည့်နေတာမျိုး မရှိ။

ဇာတ်ကားသစ်လဲသည့်နေ့ကိုလည်း ပုံသေသတ်မှတ်မထား။

www.burmeseclassic.com



ပရိသတ်အခြေအနေကိုကြည့်၍ သုံးရက်၊ ငါးရက်၊ တစ်ပတ်၊ နှစ်ပတ် စသည့်ဖြင့် ဇာတ်ကားသစ်လဲသည်။

ထိုစဉ်က နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီရုံးခွဲတွေ၊ ဌာနခွဲတွေ ရန်ကုန်မှာ မဖွင့်သေးပေ။ နိုင်ငံခြားရုပ်ရှင်ကားများကို အိန္ဒိယရှိ ရုံးခွဲဌာနခွဲများမှတဆင့် အပြိုင်အဆိုင် တင်သွင်းပြီး သူ့ထက်ငါဦး ပြကြသည်။ ရုပ်ရှင်ကြည့်ပရိသတ် ဝါသနာအိုးတွေကလည်း တစ်ရုံမက တစ်ရုံအပြောင်းအလဲလုပ်၍ ခပ်ဇအေးအေးပင် ကြည့်ကြသည်။ မြန်မာရုပ်ရှင်ဇာတ်ကားအသစ်များ မပြသနိုင်သေးသည့်အလျောက် အင်္ဂလိပ်ဇာတ်ကားများ ဝင်ငွေကောင်းသည်။ ထိုစဉ်က ရုပ်ရှင်ဇာတ်ကားတင်သွင်းခြင်းနှင့် ပြသခြင်းလုပ်ငန်းကို ချုပ်ကိုင်ထားသူများမှာ ကုလားသူဌေးများ ဖြစ်၏။ ဒုတိယကမ္ဘာစစ် မဖြစ်မီက ရုပ်ရှင်ရုံများတွင် ကုလားလူမိုက်များကို အခကြေးငွေပေး၍ ဌားရမ်းထားရှိသည်ပင်။ ဒုတိယကမ္ဘာစစ်ပြီးစကာလတွင်လည်း ကုလားလူမိုက်များပင် မင်းမူ ကြီးစိုးခဲ့ကြသည်။

အင်္ဂလိပ်ဇာတ်ကားပြသသည့် ရုံများတွင် တာဝန်ခံကြီးကြပ်သူ၊ လက်မှတ်ရောင်းသူ၊ ဂိတ်စောင့်သူများမှာ ကုလားလူမျိုးများနှင့် ကုလားကပြားများက အများစုဖြစ်သည်။

မြန်မာဇာတ်ကားပြသသည့်ရုံများတွင်သာ မြန်မာလူမျိုးရုပ်ရှင်ရုံလုပ်သားများ ရှိကြသည်။

ထိုစဉ်က ကြီးကြပ်သူ တာဝန်ခံများမှာ ကုလားသူဌေးရုံပိုင်ရှင်များ၏ ညာလက်ရုံးသဖွယ် သဘောထားခံရသူများဖြစ်၍ သူတို့ကလည်း နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ကြသည်။ ပါဝါအာဏာကလည်း အပြည့်အဝရှိသည်။

ကြိုက်သည့်အလုပ်သမားကို ချက်ချင်းခန့်နိုင်သည်။ မကြိုက်သည့် အလုပ်သမားကိုလည်း ချက်ချင်း ဖြုတ်နိုင်သည်။ သွားတော့ဆိုရင် တစ်ခွန်းပဲ။ သူတို့နောက်မှာ အကြမ်းကိုင်မည့် လူမိုက်ရှိသည်။

ရုပ်ရှင်ရုံလုပ်သားများမှာ သတ်သတ်မှတ်မှတ် နာရီမရှိသလို လုပ်ခ လစာလည်း အလွန်နည်းသည်။ ပုံသေသတ်မှတ်ထားသည့် လုပ်ခလစာဟူ၍ မရှိ၊ တစ်ရုံနှင့် တစ်ရုံ လုပ်ခသတ်မှတ်ပေးပုံခြင်းလည်း မတူ။

နေ့ချင်းရှင်း နေ့စားသမားပင် ရှိခဲ့သည်။

ထိုစဉ်ကာလက ရုပ်ရှင်ရုံလုပ်သားများမှာ ရုပ်ရှင်လက်မှတ်အပြင် ထုတ်ရောင်းသည့် ဘေးထွက်လက်မှတ် အကြံအဖန်မျိုးလည်း မရှိ။





အတော်ကြီးသည့် ကလေးများထံမှ လျှော့နှုန်းပိုက်ဆံယူပြီး အကြံအဖန်လုပ်၍ သွင်းပေးသည်မျိုးတော့ ရှိသည်။ ဒါကလည်း ဟုတ္တိပတ္တိ အလုပ်မဖြစ်။

ဆေးလိပ်ဖိုးလောက် ဘာလောက်ပဲ ရကြသည်။

ထိုအချိန်က ရုပ်ရှင်လက်မှတ်ကို လက်မှတ်ရောင်းသည့် အပေါက်မှာသာ ဝယ်လို့ရသည်။ လမ်းဘေးပလက်ဖောင်းပေါ်မှာ ဝယ်လို့မရ။

မှောင်ခိုလက်မှတ်ဟူသော အသုံးအနှုန်းဝေါဟာရလည်း မပေါ်သေး။

နောင်တွင် ရုပ်ရှင်လက်မှတ် မှောင်ခိုလောကကြီးကို ခါးစောင်းတင်၍ ချုပ်ကိုင်ကြီးစိုးခဲ့သူ ကိုရေခဲ။ မှောင်ခိုလက်မှတ်ရောင်းသူ အုပ်စု၏ ခေါင်းကိုင် ဖခင် ဂေါ်ဖားသား ကိုရေခဲ။ သူ့ခေတ်ဟုဆိုရလောက်အောင် ကျော်ကြား မော်ကြွားနိုင်ခဲ့သော ရုပ်ရှင်လက်မှတ်မှောင်ခိုဘုရင် ကိုရေခဲ။

အဲဒီခေတ်ကာလတုန်းက ဘယ်သွားနေသလဲ မောင်ရေခဲ။

ဘယ်ရောက်၍ ဘယ်မှာများရှိနေသလဲဟု အမေးရှိခဲ့ရင် ဤသို့ ဖြေရပါလိမ့်မည်။ မောင်ရေခဲသည် လူဖြစ်စ၊ လူ့လောကထဲသို့ ရောက်စပဲ ရှိပါသေးသည်ဟု။ သူသည် ထိုအချိန်က ငေါက်တောက်ကလေးနှင့် ပြေးလွှား ဆော့ကစား နေဆဲအရွယ်။

ဘောင်းဘီတိုကလေးနှင့် ကကြီးရေကစ အရွယ်ပဲရှိပါသေးသည်။

ဒါပေသိ သူက အူဝဲဆိုကတည်းက ရုပ်ရှင်ရုံနှင့် တွဲစပ်လာသူ ဖြစ်ခဲ့သည်။

ရုပ်ရှင်ရုံအောက်မှာ မမွေးခဲ့သော်လည်း ပခုံးလက်နှစ်သစ် လူဖြစ်စ အရွယ်ကတည်းက ရုပ်ရှင်ရုံပေါ်တီကိုအောက်သို့ ရောက်ခဲ့သူဖြစ်၏။

ဘဝအခြေအမြစ် စတင်ခဲ့သည်မှာ ရုပ်ရှင်ရုံဝန်းကျင်။

မိခင်ဖြစ်သူက ရုပ်ရှင်ရုံပေါ်တီကိုအောက်မှာ ဈေးရောင်းသည့် ဗန်းဈေးသည်။ ထိုစဉ်က လမ်းဘေးဈေးသည်တို့ ပလက်ဖောင်းဈေးသည်တို့ အဖမ်း အဆီးဟူ၍ မရှိသေး၊ ကျီးလန့်စာစား ဟိုကြည့်သည်ကြည့် ဘယ်က နေပေါ်လာမလားလို့လည်း စိုးရိမ်စရာမလို။ ရုံကခွင့်ပြုထားရင် လွတ်လွတ် လပ်လပ် ဖင်ကျောက်ချ၍ အေးအေး ဆြိမ့်ဆြိမ့် ရောင်းနိုင်သည်။

နေရာလုရဘာမျိုးလည်း မရှိ။

ကိုယ့်နေရာကိုယ်၊ သူ့နေရာသူ၊ နေရာအပိုင်း အပိုင်ထားပြီး ရောင်းရသည့်ခေတ်ကာလ။

ရုပ်ရှင်ရုံတွေကလည်း သူတို့ရုံရှေ့မှာ လာရောင်းရပါမို့လားဆို၍ ကနှောင့်အယှက်မပေး။ ဂကျိုဂကြောင်မလုပ်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်များကို ကြည်ကြည်သာသာပင် ခွင့်ပြုထားသည်။

သူတို့ရှိနေခြင်းကြောင့် ရုံကို အနှောင့်အယှက်မဖြစ်ဘဲပို၍ စည်ပင်သောကြောင့် တရားဝင်ခွင့်ပြုထားသည်။ နေ့စဉ် နေရာလုစရာမလို။

ကိုယ်ဦးယူထားသည့် လေးငါးပေး အကျယ်အဝန်းနေရာကို ကိုယ်က မစွန့်လွှတ်မချင်း ပုံသေပိုင်ဆိုင်သည်။

သုံးလေးပေဗန်းကလေးထဲမှာ ကွမ်းယာ၊ ဆေးလိပ်၊ စီးကရက်၊ ချောကလက်၊ ချိုချဉ် သကြားလုံးများကို သူ့အတန့်အသတ်နှင့်သူ ထည့်၍ရောင်းသည်။ အမြင်နုတ်ပေမယ့် ရွှေထုပ်သည့်မြပဝါ ဆိုသလို ဝင်ငွေကောင်းသည်။ ဝင်ငွေမှန်သည်။

ပဲစု မူးစုမှ ကျပ်စု ဝင်ငွေမှန်သလို မိသားစုတစ်စု၏ စားဝတ်နေရေးကို ထိန်းထားနိုင်သည်။ ချောင်ချောင်လည်လည် ဝတ်နိုင်စားနိုင်သည်။

သူတို့မိသားစုမှာ ဖခင်ဖြစ်သူကလည်း ဝင်ငွေရှိသမို့ စားနိုင်သောက်နိုင်ရုံမက စုနိုင်ဆောင်နိုင်လည်း ရှိခဲ့သည်။

ပရိသတ်များသည့် ဇာတ်ကားမျိုးနှင့်ကြုံလျှင် ဝင်ငွေပိုကောင်းကြသည်။

မိခင်ဖြစ်သူက ရုပ်ရှင်ရုံမှာ ဈေးရောင်းရသည့်အလျောက် မောင်ရေခဲလေးမှာ မိခင်ရင်ခွင်ပိုက် ကလေးဘဝကတည်းက ရုပ်ရှင်ရုံအောက်မှာပဲ နို့ချိုစို့ခဲ့ရသည်။ အိပ်စက်ခဲ့ရသည်။

နို့တိုက်ချော့သိပ်၊ သေးကလူး ချေးကလူး ကိစ္စတွေကို မိခင်ဖြစ်သူက ဈေးရောင်းရင်း လုပ်သွားရသည်။ သူတို့ဆိုင်ထွက်တာက အိမ်မှာ ချက်ပြုတ်စားသောက်ပြီး ဆယ့်တစ် နာရီလောက်မှ ဈေးထွက်နေရာကို ရောက်သည်။

နေသည့်နေရာနှင့် ဈေးထွက်နေရာကလည်း အနီးကလေး။တစ်ခေါ်သာသာလောက်ပဲ ဝေးသည်။ သူတို့နေတာက ၃၆လမ်း အပေါ်ဘလောက်။

ဈေးရောင်းသည့် သွင်ရုံနှင့်နီးသည်။ အင်္ဂလိပ်ခေတ်က အဲ့ဒီနေရာတွေမှာ ခုနစ်ကျပ်ခွဲ တစ်ဆယ်မျှသော အိမ်လခပေးနိုင်လျှင် ငှားနေလို့ရသည်။ စပေါ်မရှိ။ အပျောက်မရှိ။

စစ်အတွင်း ကုလားတွေ ကုလားပြည်ပြန်သောကြောင့် အခန်းလွတ်တွေက ပေါ်မှာပေါ်။

သူတို့နေသည့် အခန်းခမှာ တစ်လ ခုနစ်ကျပ်ခွဲသာ ပေးရသည်။

အခန်းက အထိုက်အလျောက် ကျယ်သည်။

မိသားစု ချောင်ချောင်ချိချိ နေနိုင်သည်။





အငှားချတိုက်ခန်းဖြစ်သောကြောင့် အကောင်းစားကြီးဟု မဆိုသာစေကာမူ မိုးလုံလေလုံ နေလို့ရသည်။

ပထမ ဖခင်ဖြစ်သူ၏မိသားစုနှင့် ပေါင်းစပ်နေကြရသည်။

ပေါင်းစပ်နေထိုင်သူများ တခြားသို့ပြောင်းရွှေ့သွားသည့်အခါ သူတို့တစ်ဦးတည်း ကျန်ခဲ့သည်။

မိခင်ဖြစ်သူက ဆိုင်ထွက်ကာနီးကျမှာ သားကို ရင်ခွင်ပိုက်ပြီး ဈေးဗန်းလေး ခေါင်းရွက်ထွက်သွားရုံသာ။

ဈေးဗန်းထောက်သည့် ဒေါက်ကိုတော့ အိမ်ပြန်မယူ။

ရုံအလုပ်သမားများနှင့် ခင်မင်နေသည့်အလျောက် ရုံမှာပဲ အပ်ထားခဲ့သည်။ သယ်ပိုးရသည့် ဝန်စည်စလှယ်မရှိ။

ဈေးဗန်းချမည့်နေရာကလည်း အနီးကလေး။

ဈေးရောင်းထွက်ရသည့်မိခင်အဖို့ အပမ်းမကြီးသမို့ သူ့ကို ထိန်းကျောင်းဖို့လည်း အပမ်းမကြီး

ရုပ်ရှင်စပြသည်မှ နောက်တစ်ပွဲပြသချိန်နီးသည်အထိ အားလပ်နေသည်။

ဆိုင်နီးချင်းများကို ဈေးဗန်းအပ်ပြီး ခဏတဖြုတ် အိမ်ပြန်လို့ရသည်။

သူတို့ဆိုင်နီးချင်းတွေက မျိုးတူ ကုန်တူရောင်းကြပေမယ့် မနာလိုဝန်တိုမျိုး မရှိကြ။ အလုအယက်လုခေါ်ပြီးလည်း မရောင်းကြ။

သူ့ဆိုင်ဝင်ရင် သူ့ဆိုင်ကရောင်း။ ကိုယ့်ဆိုင်ဝင်ရင် ကိုယ့်ဆိုင်ကရောင်း။ မိသားတစ်စုလို ဆက်ဆံပေါင်းသင်းနေထိုင်ကြသည်။

ပြောစရာဆိုစရာရှိလည်း ဟက်ဟက်ပက်ပက် ပွင့်ပွင့်လင်းလင်း။

ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ရှိကြသည်။ ကလေးချစ်တတ်သော ဗီဇရှိသူဆိုင်နီးချင်းဖော် ရောင်းဖက်မိန်းမသူတွေကလည်း ဝိုင်းဝန်းထိန်းပေးကြသည်။ မောင်ရေခဲမှာ မိခင်ရင်ခွင်မှာချည်း မနေရ။

ရင်ခွင်အပြောင်းအလဲဖြင့် လှည့်နေရသည်။

ရန်ကုန်မြို့လယ်ခေါင်တွင်မွေး၍ ရန်ကုန်မြို့လယ်ခေါင်တွင် ကြီးပြင်းခဲ့ရသည့် မောင်ရေခဲ။

ငယ်စဉ်ဘဝကတည်းက သူသွားလာလှုပ်ရှားခဲ့ရသည့် ပတ်ဝန်းကျင်မှာ ရုပ်ရှင်ရုံများတည်ရှိရာ ပတ်ဝန်းကျင်။

သို့တစေ. . .

နောင်တွင် သူရုပ်ရှင်လက်မှတ် မှောင်ခိုကိုက်းခေါင်းဆောင်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ ထိုပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရသောကြောင့် ဆိုရမည်ထက် အလိုအလျောက် ဖြစ်ရှိလာသည့် အခြေအနေက တွန်းပို့သောကြောင့်ဟု ဆိုပါက ပို၍ မှန်ပေမည်လား မသိ။

ရုပ်ရှင်ရုံဝန်းကျင်မှာမွေးပြီး ရုပ်ရှင်ရုံဝန်းကျင်မှာ ကြီးပြင်းခဲ့ရသော ကိုရေခဲတစ်ယောက် ရုပ်ရှင်လက်မှတ် မှောင်ခိုရာဇာဖြစ်လာသည်မှာ လက်ရုံးရည်သာမက နှလုံးရည် အလှည့်အပြောင်း ဖန်တီးနိုင်စွမ်းမှုနှင့် ကွက်ကျော်လုပ်ကိုင်တတ်သည့် အရည်အချင်းရှိသောကြောင့်ဟု ဆိုနိုင်ရာ၏။

ဒါပေသိ သူဖြတ်သန်းခဲ့ရသော လမ်းကြောင်းမှာမူ မှုလွယ်ကူ၊ မချောမွေ့ခဲ့။

ကြမ်းတမ်းသော မာကြောသော ခလုတ်ကန်သင်းများသော အန္တရာယ် ပွှန်းတီးသော ဆူးခင်းလမ်းကို ဖြတ်သန်းခဲ့ရသည်။

သူ့ ကျော်လွှားဖြတ်သန်းခဲ့ရသည့် လမ်းကြောင်းမှာ ဖြောင့်ဖြူးခြင်း မရှိသလို နောက်ဆုံး ဇာတ်သိမ်းခန်းမှာလည်း မကောင်းခဲ့ပါပေ။

◆ ◆ ◆



(လေး)

သူပြောသည့်အတိုင်း. . .

ကျွန်တော်အသက် နှစ်ဆယ့်ငါးနှစ်အရွယ်မှာ ကျွန်တော် ပလက်ဖောင်း မင်းသား ဖြစ်နေလေပြီလေ။

ပန်းဆိုးတန်းတစ်ဝိုက်မှာဆို ကျွန်တော့်ခြေရာချည်းပေါ့။

ခိုးဆိုးတိုက်ခိုက် လုယက်ဆိုတဲ့ ဒုစရိုက်လုပ်ငန်းတွေနဲ့တော့ ကျွန်တော် လုံးဝကင်းရှင်းတယ်။ ဒါမျိုးနဲ့ ပတ်သက်ပြီး လုပ်ရအောင်လို့ ဆွယ်တာမျိုးကို လည်း လုံးဝ လက်မခံခဲ့ဘူး။ လူငယ်ဘာဝ ကိုယ့်အပေါ် အကြောတင်လာတယ်၊ စော်ကားမော်ကား လုပ်လာတယ်လို့ထင်ရင်တော့ ရွယ်တူချင်း မပြောနဲ့ ကြီးတဲ့လူကိုတောင် မခံခဲ့ဘူး။ လက်သီးနှင့် ရှင်းတယ်။

တုတ်နှင့်ပြီးမှ ဖြစ်မှာမျိုးကိုလည်း တုတ်နှင့်ရှင်းတယ်။

ဓားကိုတော့ အသုံးမပြုဘူး။ ဆောင်လည်း မဆောင်ဘူး။

ကျွန်တော့်မိဘက ကျောင်းမထားလို့ စားရမဲ့ သောက်ရမဲ့ဖြစ်လို့ တေလေပြီး ပလက်ဖောင်းမင်းသား ဖြစ်ခဲ့တာ မဟုတ်ပါဘူး။

ပတ်ဝန်းကျင်ကြောင့် အပေါင်းအသင်းကြောင့်လို့ ထမင်းရေပူ လျှာလွှဲ ပြောတာမျိုးနှင့်လည်း မကာကွယ်လိုပါဘူး။

ကျွန်တော်ကိုယ်တိုင်က အဲဒီလို နေချင်လို့ နေရတာကို အဟုတ်ကြီး ထင်လို့ စာသင်ခန်းကို ကျောခိုင်းပြီး ပလက်ဖောင်းပေါ် ရောက်ခဲ့တာပါ၊

လူငယ်ဘာဝ တော်ရာနေရာထက် ပျော်ရာနေရာကို ရွေးချယ်ခဲ့တာပါ၊

လူပေါင်းမှားခဲ့လို့လည်း မဟုတ်ပါဘူး။ ကိုယ်တိုင်ပါပြီ၊ လမ်းကြောင်း မှားခဲ့တာပါ၊

ကျွန်တော့်မိဘတွေက မချမ်းသာပေမယ့် သားသမီးကို ပညာရေးလမ်း ကြောင်းပေါ် မတင်ပေးနိုင်လောက်အောင် မဆင်းရဲ မငြိုကျခဲ့ပါဘူး။

www.burmeseclassic.com



ကျွန်တော့်ကို ရေကျော် မဲသောဒစ်ကျောင်းမှာ ကျောင်းထားပေးခဲ့ပါတယ်။

ကျွန်တော့်မိဘတွေက ချောင်ချောင်လည်လည်ကြီး မဟုတ်ပေမယ့် မိဘက သားသမီးအပေါ် ထားတဲ့ ထူးကဲတဲ့မေတ္တာစေတနာထားပြီး ကျောင်းကောင်းကောင်းမှာ ထားပေးခဲ့ပါတယ်။

ကျောင်းမှာ မျက်နှာမငယ်ရအောင် အဝတ်အစားဆိုလည်း လူများနှင့်တန်းတူ၊ မုန့်ဖိုးဆိုလည်း သူများနှင့်တန်းတူ၊ အနေအထိုင်ဆိုလည်း သူများနှင့်တန်းတူဖြစ်အောင် အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးခဲ့ပါတယ်။

မိဘတွေက သူတို့ရဲ့သားကို ဖြောင့်ဖြူးတဲ့လမ်းကြောင်းပေါ် ရောက်အောင် မနိုင်ဝန်ထမ်းပြီး တင်ပေးခဲ့တာပါ။

ဗွေဖောက်ပြီး အကွေ့အကောက်လမ်းကိုရွေးပြီး ကွေ့ကောက်လျှောက်ခဲ့တာက ကျွန်တော်ပါ။

အဲဒီတုန်းကတော့ အဲဒီလိုအသိမျိုး မသိခဲ့ပါဘူး။

သိရအောင်လည်း တစ်ခါမှ မစဉ်းစား မတွေးခေါ်ခဲ့ပါဘူး။

သေသေချာချာ နက်နက်ထင်ထင် စဉ်းစားတွေးခေါ်ပြီး သိတာက ထောင်ထဲရောက်မှပါ။

ကျွန်တော်ကျခံရတဲ့ ထောင်ဒဏ်ကလည်း နည်းမှမနည်းပဲကိုး။

ပြစ်မှုထင်ရှားတဲ့ လူသတ်မှုတရားခံတစ်ယောက်နည်းပါး ထောင်ဒဏ်ကျခံခဲ့ရပါတယ်။ အားလုံးပေါင်းရင် ၁၆နှစ်။

ကျွန်တော် အုတ်ရိုးအပြင် လူပြန်ဖြစ်ပါတော့မလားလို့။

ဒီအရင်တုန်းကတော့ ကျွန်တော့်ဘဝနဲ့ ကျွန်တော်လျှောက်လှမ်းခဲ့တဲ့ လမ်းကြောင်း အဆိုးအကောင်းကို ယောင်လို့တောင်မှ မစဉ်းစားခဲ့ဖူးပါဘူး။ မစောကြောခဲ့ပါဘူး။ စဉ်းစားရကောင်းမှန်းလည်း မသိပါဘူး။

ကျွန်တော် ဆယ့်ငါးနှစ်သား ပလက်ဖောင်းမင်းသားဖြစ်ကတည်းက မုန့်ဖိုးနဲ့ အဝတ်အဆင် ဘာညာအတွက် မိဘဆီမှာ လက်ဝါးမဖြန့်ခဲ့ပါဘူး။ ထမင်းတိုတော့ တစ်ခါတလေ အိမ်ပြန်စားတတ်ပါတယ်၊ ဒါကလည်း အမေစိတ်ကောင်းအောင်လို့ပါ။

ကျွန်တော်ပလက်ဖောင်းမင်းသားဖြစ်တော့ မျက်ရည်နဲ့ မျက်ခွက်နေခဲ့ရသူက အမေပါ။ ကျွန်တော်လည်း အမေ့ကို သနားပါတယ်။





အမေစိတ်ချမ်းသာအောင် ကိုယ့်ကိုကိုယ် ပြုပြင်ဖို့ကိုတော့ ကျွန်တော် လုံးဝ ဦးမလည်ခဲ့ပါဘူး။ ကျွန်တော်က အပေါင်းအသင်းကို သိပ်ခင်တယ်။

တွယ်တာတယ်။ အပေါင်းအသင်းအလိုကို ပယ်ရိုးထုံးစံမရှိခဲ့ပါဘူး။

အမေ့စကားကို နားထဲက ခါထုတ်နိုင်ပေမယ့် အပေါင်းအသင်းစကားကိုတော့ ခါမထုတ်နိုင်ခဲ့ပါဘူး။

အဖော်ကောင်းရင် ငရဲကြီးရှစ်ထပ်ကို ဒိုင်ဗင်ထိုးဆင်းမယ်ဆိုတဲ့ အထဲမှာ ကျွန်တော်လည်း ပါပါတယ်။ တစ်ခုတော့ ရှိပါတယ်။

ခိုးဆိုးတိုက်ခိုက် လုယက်ဆိုတဲ့ ဒုစရိုက်လုပ်ငန်းမျိုးနဲ့ ပတ်သက်ရင်တော့ အပေါင်းအသင်းအလိုကို မလိုက်ပါဘူး။

သောက်စား၊ ကစား၊ ပျော်ပါးဆိုတဲ့ ကိစ္စမျိုးတွေကိုတော့ အပေါင်းအသင်းတွေအလိုအတိုင်း ခေါင်းမခါခဲ့ပါဘူး။

အသက် ဆယ့်ငါးနှစ်ကတည်းက ကိုယ့်အသုံးစရိတ်ကို ကိုယ့်ဟာကိုယ် ဖန်တီးနိုင်ခဲ့တယ်။

အဲဒီတုန်းက ရုပ်ရှင်လက်မှတ် မှောင်ခိုမလုပ်သေးပါဘူး။

ကျွန်တော်က ပန်းဆိုးတန်းတစ်ဝိုက်မှာရှိတဲ့ ကောင်းတာလုပ်တဲ့လူရော၊ မကောင်းတာလုပ်တဲ့လူရော အားလုံးနဲ့ပြေလည်အောင် ဆက်ဆံခဲ့သလို ကျွန်တော့်အပေါ် ခင်မင်လာအောင် ချစ်ခင်လာအောင် ပြောတတ်၊ ဆိုတတ်၊ နေတတ်၊ ထိုင်တတ်လုပ်တတ်ပါတယ်။

နောင် ရုပ်ရှင်လက်မှတ်မှောင်ခိုလုပ်တော့လည်း တဖြည်းဖြည်း အလုပ်ဖြစ်လာသလို ဆရာကြီးနေရာမျိုးကနေ လုပ်ခဲ့ရတာပါ။

ငွေရှာရတာလွယ်ပြီး စားနိုင်၊ ဝတ်နိုင်၊ သုံးနိုင်၊ ဖြုန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်အဆင့်ကနေ လက်ဖျားငွေသီးတဲ့ အဆင့်အနေအထားကို ရောက်ခဲ့ပါတယ်။ လုပ်သမျှ ဖြစ်တယ်။ လုပ်သလို အောင်မြင်တယ်။

ငါကွ ရေခဲလို့ လက်မထောင်နိုင်လာတယ်။

အဲဒီလိုအခါမျိုးမှာ ကိုယ်လျှောက်နေတဲ့ လမ်းကြောင်း ဖြောင့်သလား၊ ကွေ့ကောက်နေသလားဆိုတာမျိုးကို ဘယ်စဉ်းစားမိပါ့မလဲ။

တစ်ခါဖူးမျှ အဲဒီလို အတွေးအခေါ်မျိုး မတွေးခေါ်ဖူးပါဘူး။

အဲဒီလို စဉ်းစားဖို့ တွေးဖို့ကလည်း လိုမှမလိုဘဲကိုး။

ခု ဆရာ့ကိုပြောတဲ့အချိန်မှာ ဘာမှ အကွယ်အဝှက်ထားစရာမလိုတော့ပါဘူး။ တရားဥပဒေရဲ့ အဆုံးအမကိုလည်း ခံပြီးပါပြီ။ ပြစ်မှုကြွေးကို



www.burmeseclassic.com

www.burmeseclassic.com



ချွေးနဲ့လည်း ဆပ်ခဲ့ပြီးပါပြီ။ ဆင်သတ်ပြီး အရပ်ဝေတဲ့အလုပ်ကြီးကိုလုပ်ပြီး ခံစရာရှိတော့ ကိုယ်တစ်ယောက်တည်း ကြုံးရုန်းခံရတယ်ဆိုတာကိုလည်း အသိနက်နက် သဘောပေါက်ခဲ့ပါပြီ။ လက်ဖျားငွေသီးတဲ့ဘဝကိုလည်း မြန်ပြီး မတမ်းတချင်တော့ပါဘူး။ သည်လုပ်ငန်းမျိုးနဲ့ မပတ်သက်အောင် နေတော့မည်လို့လည်း ဆုံးဖြတ်ပြီးပါပြီ။

ခု ကျွန်တော်ပြောတာဟာ အရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြောတာပါ။ ကျွန်တော် ဝန်ခံစရာတစ်ခု ကျန်ပါသေးတယ် ဆရာ။ ကျွန်တော်အုတ်ရိုးအတွင်း လူဖြစ်နေတုန်းက အသိနက်နက် သဘောပေါက်ခဲ့ပေမယ့် အုတ်ရိုးအပြင်လူပြန်ဖြစ်တော့ လက်ဖျားငွေသီးခဲ့တဲ့အလုပ်ကို စွန့်လွှတ်ရမှာ၊ ကျောခိုင်းရမှာ ဝန်လေးသွား ပြန်ရော။ ကျွန်တော်တစ်ပတ် ပြန်လည်သွားပါသေးတယ်။

ဒီလုပ်ငန်းနဲ့ ပြန်လည် တွဲစပ်ကြည့်ဖို့ ကြိုးစားခဲ့ပါသေးတယ်။

လုပ်လည်း လုပ်ကြည့်ခဲ့မိပါသေးတယ်။

ဒါပေမယ့် တရားဥပဒေက ကျွန်တော်တို့အပေါ် ထိန်းချုပ်လာပါတယ်။

အဝတ်ပေါ်မှာ အစွန်းထင်းတဲ့ အမည်းစွန်းကို နည်းအမျိုးမျိုးနဲ့ ဖျက်လို့ရပေမယ့် လူ့ခန္ဓာကိုယ်ပေါ်မှာ စွန်းထင်းတဲ့ အမည်းစက်ကြီးကိုတော့ ဘာနဲ့မှ ဖျက်လို့မရပါဘူး။

ကျွန်တော်တို့လှုပ်ရှားလိုက်တာနဲ့က မျက်လုံးဒေါက်ထောက်ကြည့်နေတဲ့ ဥပဒေဘက်တော်သားတွေက လှုပ်ရှားမှုကို အချိန်မပေးဘဲ ထိန်းချုပ်လိုက်ပါတယ်။ ပုဒ်မ ၅(ည)နဲ့ အုတ်ရိုးအတွင်းဘက်ကို ပို့လိုက်တာပါပဲ။

မကောင်းမှုနဲ့ ကျော်ဇောတာဟာ မကောင်းပါဘူး။

နောက်ထပ် အသက်ရှင်လျက် နေထိုင်ရဦးမယ့် ဘဝသက်တမ်းမှာ ကျွန်တော်ဟာ မကောင်းမှုနဲ့ မတွဲစပ်မိအောင် ကြိုးစားနေထိုင်ပါတော့မယ်။

ဆရာစိတ်ဝင်စားတယ်ဆိုလို့ ကျွန်တော်ပြောပြတာပါ။

◆ ◆ ◆





သူပြောသည့်အတိုင်း လက်ဖျားငွေသီးခဲ့သည်မှာ အမှန်တကယ်ဖြစ်၏။

စာရေးသူက သူတို့အကြောင်း အတွင်းသိမို့ အမှန်တကယ်ဟု ဆိုလိုက်ရခြင်းပါ။

စာရေးသူက ယုဇနရုပ်ရှင်ရုံနှင့် သမ္မတရုပ်ရှင်ရုံများတွင် ဒုတိယမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ နည်းအမျိုးမျိုးဖြင့် သူတို့ရယူနိုင်သည့် လက်မှတ်အရေအတွက် ခန့်မှန်းခြေကိုလည်းကောင်း၊ နေ့စဉ်လက်မှတ်ပေါက်ဈေးအရ သူတို့ရရှိနိုင်သည့် ဝင်ငွေခန့်မှန်းခြေကိုလည်းကောင်း တွက်ဆနိုင်သောကြောင့် လက်ဖျားငွေသီးဆိုသည်ကို အမှန်တကယ်ဟု ဆိုနိုင်ခြင်း ဖြစ်ပေသည်။ ပြီး သူက ရုပ်ရှင်လက်မှတ်တစ်မျိုးတည်းကိုင်သူ မဟုတ်။

ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲနှင့် နိုင်ငံခြားဘောလုံးပွဲလက်မှတ်။

ဂီတပဒေသာပွဲလက်မှတ်။ လူကြိုက်များ၍ ဈေးကောင်းရသော ဂီတပဒေသာလက်မှတ်၊ နိုင်ငံခြားတင် ပွဲလက်မှတ်။

အခြားသော ပွဲလမ်းသဘင်လက်မှတ်အမျိုးမျိုးကိုလည်း ကိုင်ခဲ့သူ ဖြစ်၏။

ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲမှာ တစ်နှစ်တစ်ကြိမ်သာ ကျင်းပသော်လည်း ထိုစဉ်က ကွင်းလုံးပြည့်မက ကွင်းလျှံထွက်အောင် ကြည့်ကြသောကြောင့် လက်မှတ်ဈေးကောင်းသည်။

ကိုရေခဲတို့ အိတ်ဖောင်းအောင် မြိုးမြိုးမြက်မြက် ရသည်။

အထူးဖိတ်ကြားထားသူများသာ ကြည့်ရှုခွင့်ရှိသည့် အထူးလက်မှတ်ယူမလား၊ အထူးတန်း နေရာကောင်းလက်မှတ်ယူမလား။

တန်ဖိုးအနည်းဆုံးနှင့် အထူးထုတ်ပေးသည့် အထူးတန်းမှကြည့်ရှုရသော သံပန်းစင်လက်မှတ်ယူမလား။ သူတို့လက်ဝယ်မှာ အားလုံးရှိသည်။

ဂီတပဒေသာပွဲဆိုရင်လည်း ကြည့်သူကြိတ်ကြိတ်တိုး



www.burmeseclassic.com

www.burmeseclassic.com



ဗွီအိုင်ပီအတန်းက လက်မှတ်ပင်လျှင် သူတို့လက်ထဲမှာ ရှိသည်။

ဆိုသလောက်စျေးကို လက်မတွန့်လက်မနှေးပေး ဝယ်ကြည့်သည့် နိုင်ငံခြားဘောပွဲလက်မှတ်ဆိုလည်း သူတို့လက်ထဲမှာပင်။

အဲ့ဒီလို လက်မှတ်မျိုးတွေကို တစ်စောင်ချင်း ကောက်သင်းကောက်ပြီး စုတာမဟုတ်။

ဆယ်စောင်စျေး၊ အစောင်တစ်ရာစျေး၊ သတ်မှတ်ပြီး လက်ထဲကို အထပ်လိုက်ရောက်လာအောင် လုပ်စွမ်းနိုင်သည်။ သူက အဲ့ဒီလိုပြောသည်။

"လက်ဖက်ရည်တစ်ခွက်တစ်ကျပ်၊ ရွှေတစ်ကျပ်သား ၄၀၀ ရှိတဲ့အချိန်မှာ ကျွန်တော့်ဝင်ငွေ ဂဏန်းငါးလုံးတန်းကို ရောက်နေပြီလေ"

ဂျိမ်း(စ)ဘွန်းလိုကားမျိုးဆိုရင် တစ်ဝက်၏ ဂဏန်းကြီးငါးလုံးလောက် သာသာလေးရသည်။

ကိုရေခဲခေတ်မှာ သမ္မတနှင့် ပပဝင်းရုံများတွင် ရုပ်ရှင်ကြည့် ပရိသတ် ကြိတ်ကြိတ်တိုးစည်ကားသည့် တစ်လလုံးဟောက်(စ)ဖူးချိတ်ရသည့် ဇာတ်ကား တွေ ပြသခဲ့သည်။

အဲ့ဗီတုန်းက တရားဝင်စျေးနှုန်းက ဖေလေးကျပ်တန်း၊ ငါးကျပ်တန်း။ ပလက်ဖောင်းစျေးနှုန်းက အစိတ်၊ သုံးဆယ်၊ သုံးဆယ့်ငါးကျပ်။

ကိုရေခဲပြောသည့် ဂဏန်းကြီးငါးလုံးဆိုတာ ဖြစ်နိုင်ပါ့မလား၊ ဟုတ်နိုင်ပါ့မလားလို့ ဒွိဟဖြစ်စရာမလို၊ ဖြစ်လည်း ဖြစ်သည်။ ဟုတ်လည်း ဟုတ်သည်။

ထိုစဉ်က အင်္ဂလိပ်ဇာတ်ကားတွေသာမဟုတ်၊ မြန်မာဇာတ်ကားတွေ ကလည်း တစ်ပတ်လောက်ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်နိုင်သည့်ကားမျိုးတွေ ပြသခဲ့သည်။

ရုပ်ရှင်ကြည့်ပရိသတ်မှာ လူကိုမဖြင်ဖူးပေမယ့် ရေခဲဆိုသည့် သူ့နာမည် ကိုတော့ ကြားဖူးကြသည်။

တပည့်တပမ်းတွေကလည်း အများကြီး၊ ဝင်ငွေကလည်း သောက်သောက်လဲ။ လက်ဖျားငွေသီးတာ ဘာဆန်းမလဲ။

ရွှေတစ်ကျပ်သား လေးရာမပြည့်တတ်၊ ပြည့်တတ်ကာလက လက်ဖျား ငွေသီးခဲ့တာတော့ ဟုတ်ပါပြီ။ အဲ့ဒီငွေတွေ ဘယ်လောက်အဖတ်တင်ခဲ့သလဲ။

ဘယ်လောက်စုဆောင်းမိခဲ့သလဲလို့ ကိုရေခဲကိုမေးတော့ သူက သူ့ ငယ်အပြုံးလေး ပြုံးပြီး ခေါင်းချပြသည်။ ပြီးတော့မှ သူက သည်လိုပြောသည်။

ငွေသိပ်ဝင်လာတော့လည်း ငွေကို ငွေလို့ အမှတ်မထားတော့ဘူးဆရာ။





စုရဆောင်းရမယ်။

စုရဆောင်းရကောင်းတယ်ဆိုတဲ့ အသိမျိုးလည်း ကျွန်တော့်မှာမရှိ။ ဘယ်လိုသုံးပြီး ဘယ်လိုဖြုန်းရမလဲဆိုတာကိုပဲ ခေါင်းထဲမှာ ထားတာ။

အဲ့ဒီတုန်းက ကျွန်တော်အသုံးသမား မဟုတ်တော့ဘူး။ အဖြုန်းသမား ဘဝ ဖြစ်နေပြီ။

ကျွန်တော့်အတွက် ငွေကြေးဆိုတာ ရှာရဖွေရခက်တယ်ဆိုတာမျိုး မဟုတ်တော့ တန်ဖိုးကြီးရကောင်းမှန်း တန်ဖိုးထားရကောင်းမှန်း သဘော မမူသာလို့ မသိတာလည်း အမှန်ပဲ။ ကျွန်တော်ကြွားပြောတာ မဟုတ်ပါဘူး။

ရုပ်ရှင်ရုံတွေဟာ ကျွန်တော့်ရဲ့ အခိုင်မာဆုံး ငွေတွင်းကြီးတွေ မဟုတ်လား။

သည်ကနေ့ ကျွန်တော့်လက်ထဲမှာ ကျပ်တန်လေးတစ်ရွက်သော်မှ မကျန်အောင် ပြောင်တလင်းခါသွားပါက နောက်တစ်နေ့ နေမတိမ်းခင် ရာတန်တွေ ဝင်လာဖို့က သေချာနေတယ်လေ။

ပြောသာပြောရတာပါဆရာ၊ လက်ဖျားငွေသီးဆိုပေမယ့် အဲ့ဒီဝင်ငွေ တွေကို ကျွန်တော်တစ်ယောက်တည်း ရတာတော့ မဟုတ်ပါဘူး။

တပည့်တပမ်းတွေကို သူ့အဆင့်နှင့်သူ ဝေချမ်းပေးရတယ်၊

ဒါ့အပြင် ဆို့ရဖို့ရ ပေးရကမ်းရတဲ့ ဘေးထွက်ငွေတွေကလည်း နည်း တာမှမဟုတ်တာ။

ကျွန်တော်တို့လုပ်ငန်းက တရားဝင်လုပ်ငန်းမှ မဟုတ်ဘဲ။ ဘေးထွက် လက်မှတ်ကို အရောင်းအဝယ်လုပ်တာဆိုတော့ ဘေးထွက်ငွေကို လက်တွန့်လို့ မရဘူးလေ၊

တကယ်တော့ ကျွန်တော်က ဆင်သတ်ပြီး အရပ်ဝေနေရတာပါ။

စာရင်းမရှိ၊ အင်းမရှိ၊ သတ်မှတ်ချက်မရှိ၊ ငွေဝင်သလို ဘေးထွက်ငွေ ကလည်း သတ်မှတ်ချက်မှမရှိဘဲ။

ဘေးထွက်ငွေတွေနဲ့ ကျွန်တော့်အဖြုန်းစရိတ်က ဝင်လာတဲ့ငွေနဲ့ ကာမိ ရုံပဲ ရှိပါတယ်၊ အရကြီးပဲလားဆိုတော့လည်း မဟုတ်ပါဘူး၊

တစ်ခါတလေ ခွက်ခွက်လန်အောင် ရှုံးတဲ့ကားမျိုးနှင့်ကြုံရင် အကြွေး ဝိုင်းတာမျိုးလည်း ရှိပါတယ်။

အရင့်အရင်က ယောင်ထဲကို တစ်ခါမှ မရောက်ခဲ့တာကတော့ ကျွန်တော့်ရဲ့ ပါးပါးနပ်နပ် အလှည့်အပြောင်းလုပ်နိုင်တာကြောင့်ရယ်၊ ဘေး ထွက်ငွေကို မျှဝေနိုင်တာကြောင့်ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းအဆီးမခံရပေမယ့် ခြေချုပ်လုပ်တာတော့ ခဏခဏ ခံရပါတယ်။

ဒါကလည်း သက်ဆိုင်ရာတွေက မလုပ်မဖြစ်လို့ လုပ်ရတာပါ။

တစ်နည်းပြောရရင်တော့ လက်ဝါးရိုက်ပြီးမှ လုပ်ကြတာပါ။

ဆရာလည်း ရုပ်ရှင်ရုံမှာ လုပ်ခဲ့တာပဲဟာ။ ကျွန်တော် ဒီလောက်ပြောရင် သဘောပေါက်ပြီးသား ဖြစ်မှာပါ။

ခြေချုပ်ဆိုတာကလည်း ကျွန်တော့်အတွက်တော့ သဘောလောက်ပါပဲ။

ခြေချုပ်အမိန့်က ရုပ်ရှင်ရုံအများစုရှိတဲ့ ကျောက်တံတားနယ်မြေထဲကို ကျွန်တော် မောင်ရေခဲ မဝင်ရ။

ကျွန်တော်က ကျော်ဇောသူဆိုတော့ ခြေချုပ်အမိန့်နဲ့ ကန့်သတ်လိုက်တာပါ။

ခြေချုပ်အမိန့်ကို ကျွန်တော် အပြည့်အဝ လိုက်နာခဲ့ပါတယ်။

ကျောက်တံတားနယ်မြေထဲမှာ ကျွန်တော့်ခြေရာ မထင်စေအောင် ခြေတစ်လှမ်းစာ မကျော်မိအောင် ထိန်းသိမ်းလိုက်နာခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ဟိုဒင်းဟိုဟာလေးတွေ ရှိတဲ့နေရာကိုတောင် ခြေဦးမကျခဲ့ပါဘူး။

ဒါပေမယ့် ကျွန်တော့်လုပ်ငန်းကို နည်းနည်းလေးမှ မထိခိုက်ပါဘူး။

အလုပ်ကတော့ ဖြစ်မြဲဖြစ်လျက်ပါ။ မောင်ရေခဲက ပန်းပန်လျက်ပါပဲ။

ပပဝင်းရုံမှာ ဝင်မယ့်ကားက နာမည်ကြီးကား။

ဇာတ်ကားမပြခင် နမူနာထိုးကတည်းက ရုပ်ရှင်ဝါသနာအိုးတို့ ပါးစပ်ဖျားမှာ တဖွဖွပြောရအောင် စွဲထင်သွားသည့်ကား။

တစ်လကိုးသီတင်း ရုံပြည့်ပြီဆိုင်းဘုတ် ကျိန်းသေချိတ်ရမည့်ကား။

ဒီဇာတ်ကားမလဲခင် ကျွန်တော့်ကို ခြေချုပ်လုပ်လိုက်တာပါ။

ပပဝင်းရုံက ကျောက်တံတားနယ်မြေအပိုင်ထဲမှာ ရှိပါတယ်။ ပပဝင်းရုံရှေ့လမ်းက ကျွန်တော်ခြေချခွင့်မရှိသည့် နယ်နိမိတ်အဆုံးပါ။

ပြည်သူ့မုန့်တိုက်နှင့် ယုဇနတော်ဝင်ရုံက ပန်းဘဲတန်းနယ်နိမိတ်ထဲမှာ ရှိပါတယ်။ ပန်းဘဲတန်းအပိုင်ပါ။

ပပဝင်းရုံနှင့် တစ်ခေါ်သာသာအကွာအဝေးမှာရှိတဲ့ ယုဇနရုံဘေးက မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲရောင်းတဲ့ဆိုင်မှာ ကျွန်တော်ပြောင်ပြောင်တင်းတင်းထိုင်လို့ ရပါတယ်။

ရုပ်ရှင်လက်မှတ်တွေကလည်း ကျွန်တော့်လက်ဝယ်ကို ရောက်ပြီးသားပါ။





ဒါပေမယ့်. . .

ကျွန်တော့်လက်ထဲမှာတော့ တစ်စောင်မှမရှိပါဘူး။

ကျွန်တော့်လူယုံတပည့်ကြီးတွေလက်ထဲမှာပဲ ရှိပါတယ်။

ကျွန်တော်လုပ်ရတာက လက်မှတ်ဈေးနှုန်း အလျှော့အတင်းကိစ္စ၊ ရောင်းပြီးလက်မှတ်နဲ့ လက်ကျန်အခြေအနေကိုကြည့်ပြီး လက်မှတ်ဈေးနှုန်း သတ်မှတ်ပေးဖို့နဲ့က အဖမ်းအဆီးရှိလျှင် ဘယ်လိုဘယ်လို အလှည့်အပြောင်း လုပ်ရမယ်ဆိုတာကို ညွှန်ကြားချက်ပို့ဖို့ပါ။

ယုဇန ရုပ်ရှင်ရုံထိပ်နဲ့ မုန့်တိုက်ပေါ်တီကိုအောက်မှာ ကျွန်တော် ပြောင်ပြောင်တင်းတင်း သွားလာလှုပ်ရှားနေပေမယ့် ကျွန်တော့်ကို အရေးယူလို့ မရပါဘူး။

ဒီတော့ ခြေချုပ်အမိန့်ဟာ သဘောလောက်ပဲ ဖြစ်သွားတာပေါ့။

ခြေချုပ်မောင်ရေခဲ သည်နားတဝိုက်မှာ ရှိနေတယ်ဆိုတာကို အမြင်မလို မကောင်းဘူးဆိုရင်တော့ ပန်းစံပယ်လက်ဖက်ရည်ဆိုင်မှာ ဒူးနှံ့ပြီး ထိုင်နေလိုက်ရုံပါပဲ။

မောင်ရေခဲ ရန်ကုန်နယ်နိမိတ်ထဲကို မဝင်ရလို့ ကန့်သတ်လိုက်ရင်တော့ တစ်မျိုးဖြစ်ကောင်းဖြစ်မှာပေါ့။ ခုဟာက သည်လိုမှ မဟုတ်တာကိုး။

ကျောက်တံတားနယ်မြေထဲကို မဝင်ရ။

ပန်းဘဲတန်းနယ်မြေထဲမှာတော့ လွတ်လွတ်လပ်လပ် နေနိုင်တယ်ဆိုတဲ့ သဘောမို့ ကျွန်တော်ကတော့ ပန်းပန်လျက်ပါပဲ။

ဇာတ်ကားကောင်းကြီးတွေ ရုံတင်တဲ့ သမ္မတရုပ်ရှင်ရုံမှာလည်း သည်လိုပါပဲ။

သမ္မတရုပ်ရှင်ရုံရှိတဲ့ ဒဂုံနယ်မြေထဲကို မဝင်ရ။

ခြေချုပ်အမိန့်။

ဟုတ်ကဲ့။

ကျွန်တော် မဝင်ပါဘူး။

ဒါပေမယ့် သမ္မတရုပ်ရှင်ရုံနှင့် တစ်လမ်းသာခြားတဲ့ မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာ ကျွန်တော်ရှိနေပါတယ်။

ခြေချုပ်အမိန့်က ဒဂုံနယ်မြေထဲကိုလို့ ဆိုထားပါတယ်။

ကျွန်တော်ရှိနေတာက မင်္ဂလာတောင်ညွန့်အပိုင် နယ်မြေထဲမှာပါ။

အလံပြဘုရားလမ်းမကြီးရဲ့တစ်ဘက် ပလက်ဖောင်းသည် ဒဂုံနယ်မြေအပိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘူတာကြီးဘက်ရှိ တစ်ဘက် ပလက်ဖောင်းမှာ မင်္ဂလာတောင်ညွန့် မြို့နယ်အပိုင်။

သမ္မတရုံနှင့် လမ်းတစ်လမ်းသာခြားတဲ့ ပလက်ဖောင်းပေါ်မှာ တက်ထရက်ဘောင်းဘီ၊ စပို့ရှပ် အပွဲစားဝတ်ပြီး စီးကရက်လေးခဲ၊ လက်ကလေး ပိုက်ပြီး သမ္မတရုံကိုလာနေတဲ့ ပရိသတ်အင်အား အခြေအနေကို အကဲခတ် ကြည့်နေတဲ့ ကျွန်တော်မောင်ရေခဲကို ခြေချုပ်အမိန့်အရ အရေးယူလို့ မရပါဘူး၊ ကျွန်တော့်ကို မမြင်စေချင်ရင်လည်း ဖြစ်ပါတယ်။

မီးရထားရိပ်သာထဲဝင်ပြီး ဘီယာတမြံ့မြံ့ စုပ်နေလိုက် ရုံပါပဲ။

ဈေးနှုန်းကိစ္စကိုလည်း ကျွန်တော့် တပည့်တပမ်းတွေက ကျွန်တော့်ဆီ လာပြောဖို့ မလိုပါဘူး၊

ပရိသတ်အခြေအနေကို လေ့လာအကဲခတ်ပြီး ကျွန်တော်က လက်သုံး ချောင်း ထောင်ပြလိုက်ရင် တစ်စောင် သုံးဆယ်ပေါ့။

သုံးချောင်းထောက်ပြီး တစ်ဝက်ဖြတ်ပြလိုက်ရင် သုံးဆယ့်ငါးကျပ်ပေါ့။

ဒါကြောင့် ခြေချုပ်အမိန့်ကို သဘောလောက်ပါလို့ ကျွန်တော်ပြော ရတာပါ၊ ကျွန်တော်က လက်မှတ်ကို လုံးဝမကိုင်ဘူးလေ။

ဒီတော့ လက်မှတ်နဲ့အတူဆိုပြီး ကျွန်တော့်ကို ဘယ်ဖမ်းလို့ရမလဲ။

ပြီး . . . ခြေချုပ်အမိန့်ထုတ်တော့မယ်ဆိုရင် အမိန့်မထုတ်ခင် တစ်ပတ် လောက်ကတည်းက ကြိုသိနေတယ် မဟုတ်လား၊

အဲ့ဒီလိုသိတဲ့အချိန်ကစပြီး ကျွန်တော့်ကို ခြေချုပ်လုပ်မယ့် နယ်မြေ ထဲမှာ ကျွန်တော် လပ်ယား လပ်ယား မလုပ်တော့ဘူးလေ။

ကျွန်တော် ဘယ်ကလဲ၊ သက်ဆိုင်သူတွေကို မထိခိုက်အောင် အဲ့ဒီလို ထိန်းခဲ့ပါတယ်။

ဆရာက ပိုင်လှချည်လားလို့ ပြောတော့ ကျွန်တော်ဘယ်လိုပြန်ပြော ရမှန်းတောင် မသိတော့ဘူး။

စီမံချက်ကြီးနဲ့ ကိုင်တော့မယ်ဆိုတာကိုတောင် ကျွန်တော်ကြိုသိလို့ ကြိုပြီး လစ်နိုင်ခဲ့တာပေါ့။

ဆရာ သမ္မတရုံရောက်ပြီး လက်မှတ်ရောင်းတဲ့ နေရာကို ကိုယ်တိုင် ဝင်ပြီး ကြီးကြပ်တယ်၊ တန်းစီတဲ့နေရာကို ကိုယ်တိုင်ထွက်ပြီး ကြပ်မတ်တယ်၊ လက်မှတ်လဲတဲ့နေရာကို ဝင်ကိုင်တယ်။

အချိန်တန်တော့ လက်မှတ်တွေက ကျွန်တော်တို့လက်ထဲ ရောက်နေ





တာပဲ မဟုတ်လား။ ဆရာ အပင်ပန်းခံလုပ်ပေမယ့် လူမုန်းများတာပဲ အဖတ် တင်တယ် မဟုတ်လား။ အချိန်တန်တော့ လက်မှတ်တွေက ကျွန်တော်တို့ လက်ထဲ ရောက်လာ တာပါပဲ။ ယပ်ခတ်ပြီး ငွေလက်ဖျားသီးတဲ့ လုပ်ငန်းကို ကျွန်တော်ဘယ်စွန့်လွှတ် နိုင်ပါ့မလဲ။ နောက်ပြီး သည်လုပ်ငန်းဆိုတာက ဥပဒေနဲ့ဆန့်ကျင်တယ်ဆိုပေမယ့် ကျွန်တော့်တို့ကို ဖမ်းဆီးပြီး ထောင်ချ နိုင်တဲ့ ပုဒ်မဆိုတာ မရှိဘူးလေ။ လမ်းပိတ်ဆို့မှုနဲ့ပဲ ဖမ်းဆီးနိုင်တယ်။

ဒါပေမယ့် မကောင်းမှုပြုသူများအတွက် တစ်နေ့ရှိတယ်ဆိုတဲ့ သင်ခန်း စာကို ရခဲ့တာကတော့ . . . ၊

◆ ◆ ◆

၁၉၇၄-ခုနှစ်။

ရန်ကုန်မြို့တော် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက် နေသည့် အမိန့်နှင့် ခေါင်းဆောင်မောင်ရေခဲ အပါအဝင် တပည့်လက်သား ငါးဆယ်ကျော် ဖမ်းဆီးခဲ့သည်။

ထိုမှ နောက်ဆက်တွဲ ရုပ်ရှင်ဝန်ထမ်းပေါင်း တစ်ရာ့ငါးဆယ်ကျော်ပါ ဟုတ်ရိုးလူသား ဖြစ်သွားသည်။

◆ ◆ ◆

အဲ့ဒီအကြောင်းကိုတော့ နောက်မှပဲ ဆက်ပြောပါ့မယ်။

အခု ကျွန်တော့်အကြောင်း ဖြစ်ရပ်စုံကို အိတ်သွန်ဖာမှောက် ဆရာ့ဆီ လာပြောတာက ဆရာရေးတဲ့ ခွေးမြီးကောက်ဘအေး စာအုပ်ထဲက အညွှန်း စာပိုဒ်ကလေးကို ဖတ်မိပြီး သဘောကျလို့ပါ။

- လူသည် လူနှင့်တူအောင် ကျင့်လျှင် မည်သူမှ ဆုံးမရန် မလို။

- လူသည် လူနှင့်တူအောင် မကျင့်လျှင် မည်သူနှင့်မှ မဆိုင်၊ ဥပဒေနှင့်

www.burmeseclassic.com



သာဆိုင်သည်။

နောက်ဆုံးတစ်နေ့မှာတော့ ကျွန်တော်ဟာ ဥပဒေနှင့်ဆိုင်သွားရုံမကဘူး ဘယ်လိုမှ ချမှတ်ခံရလိမ့်မယ်လို့ မထင်မှတ်ခဲ့ဖူးတဲ့ ထောင်ဒဏ်ကိုပါ ချမှတ်ခံလိုက်ရပါတယ်။

ငါလိုလူ ဇမ္ဗူမှာဆိုတဲ့ မာန်နဲ့ ထောင်လွှားခဲ့တဲ့ ကျွန်တော်ဟာ တစ်နေ့ကျတော့. . . ။

♦ ♦ ♦



(ငါး)

ခုနစ်တန်းကျောင်းသား မောင်ရေခဲ။

ကျောင်းသားကြီးမဟုတ်သေးပေမယ့် ကျောင်းသားလတ် ဖြစ်လာပြီ။

အလယ်တန်းအဆင့် ကျောင်းသား။

စာမေးပွဲ တစ်ခါမှမကျဘူးသေးတဲ့ တစ်နှစ်တစ်တန်း မှန်မှန် တန်းတက်လာသော သားဖြစ်သူအတွက် မိဘတွေ ပီတိဖြစ်နေကြသည်။

သူ လေးတန်းရောက်သည့်နှစ်တွင် ဖခင်ကြီး တိမ်းပါးသွားသည်။

အမေက နည်းနည်းမှမမှု။ သူမ၏ ရည်မှန်းချက်ကို တစ်ပြားသားမှ မလျှော့။ အဲဒီတုန်းကတော့ သူကလည်း ကျောင်းသွားမှန်သည်။

စာကျက်မှန်သည်၊ ကျောင်းပြေးသည်ဆိုသည့် အသံကို တစ်ခါမှ မကြားရစဖူးသေး။ မိဘဖြစ်သူတွေနားမှာ လေသံမျှပင် မကြားနိုင်သေး။

အမေက သူ့အတွက် ကြွားလိုက်ဝါလိုက်ရသည်မှာ မမောနိုင် မပမ်းနိုင်။

အိမ်အလုပ်ရော ဆိုင်အလုပ်ပါ တစ်ခုမှမခိုင်း။

သူက အလိုက်တသိလုပ်ပေးသည်ကိုပင် အမေကလက်မခံ။ သားဖြစ်သူကို ဂုဏ်တင်ပြီး ကြော့ကြော့ထင်ထင် ထားခဲ့သည်။

အမေ့ရည်မှန်းချက်က သူတို့မိသားစုထဲမှာ မရှိဖူးသေးသည့် ပညာတတ်တစ်ယောက် ဖြစ်လာစေဖို့။ အဝတ်အစား ပိုဆင်သည်။

ကောင်းပေ့ ညွန့်ပေ့ဆိုသည့် အင်္ကျီလုံချည်ထည်လဲဝတ်နိုင်အောင် ဝယ်ခြမ်းပေးသည်။ အဲဒီတုန်းက ကျောင်းဝတ်စုံ ဝတ်ရသည့် ခေတ်မဟုတ်သေး။ ကိုယ့်ဝမ်းအတွက် ကိုယ်ဝတ်ဖို့အတွက် အမေလုံးဝ မစဉ်းစား။

ငွေပိုငွေလျှံလေးရှိလာသည်နှင့် သားဖြစ်သူကို ဘာဝယ်ပေးရမလဲ ဆိုသည်ကိုသာ အလေးထား စဉ်းစားသည်။

ကျောင်းသားလတ် ဖြစ်လာသည့်အလျောက် မုန့်ဖိုးကိုလည်း ပိုပိုလျှံလျှံ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ကျောင်းသွားတုန်းသာမဟုတ် ကျောင်းပြန်လည်း ပေးသည်။

ရုပ်ရှင်ဇာတ်ကားသစ်တွေ တစ်ကားပြီးတစ်ကား ထွက်လာသည့်အလျောက် ဆိုင်ကလေး၏ဝင်ငွေလည်း ဖွံ့ဖြိုးလာသည်၊

ဆိုင်အရောင်းအဝယ် ကောင်းလာသည့်အလျောက် အမေလည်း အရင်ကထက်ပိုပြီး လောဘတက်လာသည်။ ပင်ပန်းသည်ကို မမှု။

သားဖြစ်သူအတွက် တက်ရသည့်လောဘမို့ ပင်ပန်းရမှန်းမသိ၊

မိဘတို့၏ သားသမီးအပေါ် ထားသည့် မေတ္တာစေတနာအတိုင်းအဆမရှိဆိုသလိုပင် အမေသည် သားဖြစ်သူကို အတိုင်းအဆမရှိ ပံ့ပိုးပေးခဲ့သည်၊

အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သည်၊

သို့ကလို အမေက မိဘတို့ဝတ္တရားကို ခါးချိုးပြီး ရုန်းကန်လှုပ်ရှား၍ ဖြည့်စွမ်းပေးခဲ့ပေမယ့် မောင်ရေခဲက အမေ့ရည်မှန်းချက်ကို တုန့်ပြန်မဖြည့်စွမ်းနိုင်ခဲ့၊

လူငယ်ဘာဝ မိဘ၏ မေတ္တာနှင့် စေတနာကို နားလည်ရကောင်းမှန်းမသိ။ ကိုယ်ထင်ရာ ကိုယ်စိုင်းခဲ့သည်၊

မိဘစကားထက် အပေါင်းအသင်းစကားကို အလေးထားခဲ့သည်၊

အပေါင်းအသင်းများနှင့် လည်ရပတ်ရသည်ကို ပျော်မွေ့လာသည်၊

ခုနစ်တန်းရောက်သည့်နှစ်တွင် ကျောင်းပျော်ကနေ ကျောင်းပြေးစာရင်းဝင် ဖြစ်ခဲ့သည်။ အမေခမျာကတော့ ဘာမှမသိ။

သူကလည်း ခြေလှမ်းမပျက်၊ ကျောင်းချိန်အတိုင်း ကျောင်းသွားသည်၊

ကျောင်းပြန်ချိန်အတိုင်း အိမ်ပြန်သည်။

ကျောင်းသွားချိန်နှင့် ကျောင်းပြန်ချိန်ကြားတွင် စာသင်ခန်းမှာမရှိ၊

ဒါကို အမေကမသိ။

သူ ကျောင်းပြေးစာရင်းဝင် ဖြစ်သွားသည်မှာ အပေါင်းအသင်းနှင့်အလည်အပတ်ကြောင့်ချည်းမဟုတ်၊ စာမလိုက်နိုင်သည့် အကြောင်းလည်းပါသည်။ ကျက်ရ၊ ဖတ်ရ၊ မှတ်ရသည့်စာတွေက များလာသည်၊

ပြီး သူက ပင်ကိုယ်သချ်ာညံ့သည်၊

ခုနစ်တန်းမှာ အတန်းပိုင်ဆရာမက သချ်ာအသင်အပြ အားသန်သည်၊

ဆရာက စာနှင့်ပတ်သက်လျှင် တပည့်တွေကို မျက်နှာသာမပေးသလိုကျောသားရင်သား မခွဲခြားဘဲ တစ်ပြေးညီ ဆက်ဆံသည်၊

ဆရာ လက်နှင့်အချက်ပြလျှင် မတ်တပ်ရပ်ရသူတွေထဲမှာ သူပင်တိုင်





ပါသည်၊ ဆရာက စာညံ့သူ တပည့်တွေကို မျက်နှာသာမပေး၊

တတ်ချင်တတ်၊ မတတ်ချင်နေ သင်ပြချိန် ကုန်အောင် သင်ပြီးရင်ပြီးသောသဘောမမှု။

မသိရင်မေး၊ တတ်အောင်သင်ပေးမည်ဆိုသည့် ဆရာ၏ ပင်ကိုယ်စေတနာအရ သင်သည့်အခါ အားမလို အားမရ အအော်အငေါက် ပါလာသည်။

ဒဏ်ပေးသည်။ အတန်းပိုင်ဆရာဖြစ်သူက အရိုက်အနှက် ဝါသနာမပါ။

ဒဏ်ပေးဝါသနာပါသည်၊

တပည့်တွေ သေသေချာချာ တတ်သိစေချင်သည့် ထူးထူးချွန်ချွန်ဖြစ်စေချင်သည့် ဆရာ့ဆန္ဒနှင့် စေတနာကို သဘောမပေါက်သေးသူ လေးငါးယောက်ထဲမှာ သူလည်းပါသည်။ ဆရာသည် သူ့ကိုရွေးပြီး နှိမ်သည်ဟု အမြင်စောင်းသူတွေထဲမှာ သူက ထိပ်ဆုံးက။ ကျောင်းမနေရတော့ကောဘာဖြစ်သလဲဆိုသည့် လူငယ်ဘာဝ တလွဲ မာနဝင်လာသည်။အိမ်ကထွက်တုန်းက လွယ်အိတ်နှင့်၊ အမေ့မြင်ကွင်း ကွယ်သည်နှင့် လွယ်အိတ်တခြား၊ လူတခြား။ ကုလားကွမ်းယာဆိုင်မှာ လွယ်အိတ်အပ်ပြီး ပြေးဖော်များနှင့် ခြေဖွေ မွေ့နေခဲ့သည်။ အဲဒီတုန်းက ခြောက်ပေပတ်လည် ကုလားကွမ်းယာဆိုင်ကလေးတွေ နေရာတကာမှာ ရှိသည်။

ကျောင်းပြေးအများစုက သူတို့လွယ်အိတ်ကို ကုလားကွမ်းယာဆိုင်မှာ အပ်နှံထားသည့် အလေ့အထရှိကြသည်။

သွပ်မိုး၊ သွပ်ကာနှင့် အတည်တကျရောင်းသည့် ကွမ်းယာဆိုင်ပိုင်ရှင်ကုလားများမှာ ခြေတစ်ဆန့်စာရှိသည့် ဆိုင်ကလေးတွေမှာပင် နေထိုင်အိပ်စက် ချက်ပြုတ်စားသောက်ကြသည်၊

အတည်တကျဆိုင်ကလေးတွေမှာ ကိုယ့်လွယ်အိတ်ထားခဲ့ရသမို့ ပျောက်မှာ ရှုမှာ အပ်ထားသူမတွေ့မှာ မစိုးရိမ်ရ။

ကျောင်းပြေးလွယ်အိတ်တွေကို သိမ်းရဆည်းရတာ ရိုးနေပြီဖြစ်သည့်ကွမ်းယာဆိုင်ကုလားတွေကလည်း နိမ်းပေးလို့ မငြင်း။

လွယ်အိတ်အပ်သည့် ကျောင်းသားတွေထဲက ပိုလိုဘမားပါလာရင်စီးကရက် ရောင်းရသည်။

ပိုလိုသမားမဟုတ်သူတွေကလည်း သကြားလုံးလေး၊ ဘာလေး[illegible]ပြီးမြှုသွားတတ်သမို့ သူတို့လည်း စီးကရက်လေး သကြားလုံးလေး ရောင်းရသည်။

မောင်ရေခဲ စာသင်ခန်းကိုကျောခိုင်းပြီး ခြေဖွေဖောက်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းဈေးသည် မုဆိုးမမိခင်ကြီးက လုံးဝမသိရှာ။

မိသားစု စားဝတ်နေရေးအတွက် လုံးပမ်းနေရရှာသည်။ မောင်ရေခဲအတွက် ပို၍ရှာနေရသည်။

တစ်ဘက်တစ်လမ်းက အထောက်အကူ ပြုပေးနေသည့် ခင်ပွန်းသည် မရှိတော့သမို့ မိသားစု စားဝတ်နေရေးကိစ္စ အထွေထွေမှာ သူမ၏ပခုံးထက်သို့ ပို၍ပိလာသည်။

သားဖြစ်သူ ကျောင်းမှန်မှန်သွားရဲ့လား၊ စာကျက်ရဲ့လား၊ ဘာလား ညာလား ဆိုတာတွေကိုသာ သာမန်မေး သာမန်ပြော ပြောနိုင်သည်။

ထိုသို့နေခဲ့ရာမှ တစ်နေ့။

ကျောင်းဆရာကြီးက လာတွေ့ပါဆိုတော့ ဘယ်သွားနေသလဲ မောင်ရေခဲအကြောင်းကို ခရေစေ့တွင်းကျ သိလိုက်ရသည်။

ဆရာကြီးအခန်းက ထွက်လာပြီးနောက် အောင့်တက်လာသည့် ရင်ဘတ်ကို နှိပ်ပြီး မျက်ရည်များ သွန်ထုတ်လိုက်ရတော့သည်။

အိမ်ပြန်ရောက်သည့်အခါ အရုပ်ကြိုးပြတ်သို့နှယ် ပုံကျသွားသည်။

အမေ့မှာ မျှော်ထားစရာ မျှော်လင့်ချက် ဘာမှမရှိတော့၊ ရည်မှန်းထားသမျှတွေ သဲထဲရေသွန်သို့နှယ် ဖြစ်သွားရပါချေပြီ။

အဲဒီနေ့က ဆိုင်မထွက်ဖြစ်တော့။

ခင်ပွန်းသည် တိမ်းပါးစဉ်က စိတ်ထိခိုက်ခံစားရသည်ထက် သာလွန်သော စိတ်ထိခိုက်မှုကို ရင်နင့်အောင် ခံစားနေရသည်။

ထွက်မဆုံးသောမျက်ရည်များမှာ ကရားရေသွန်ဘိသို့ရှိနေပါချေ၏။

သွားချင်ရာသွားပြီး ခြေဗွေမွေ့နေသည့် မောင်ရေခဲမှာ အိမ်ပြန်မရောက်သေး။

ထိုနေ့က ညဉ့်ဦးယံ လွန်မြောက်ချိန်ရောက်သည့်တိုင် မောင်ရေခဲမှာ အိမ်ပြန်မရောက်ခဲ့။ ခါတိုင်း ကျောင်းပြန်ချိန် အမေ့ဆိုင်ကို အရင်ဝင်စမြဲ။ အမေကလည်း ကျောင်းပြန်မုန့်ဖိုး ဆီးကြိုပေးစမြဲ။ အဲဒီနေ့က မောင်ရေခဲမှာ ခါတိုင်းလိုပင် ကျောင်းလွှတ်ချိန် အချိန်မှန် ပြန်သည်။

အမေ့ချပန်းနေရာလေး ကွက်လပ်ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် အကြောင်းအလွန်ထူးပြီကို သိလိုက်သည်။ အမေက ဆိုင်မထွက်ဘဲ နေရိုးထုံးစံမရှိခဲ့။ ဖခင်ကြီး တိမ်းပါးစဉ်တုန်းကသာ ဆိုင်ထွက်သုံးရက် ပျက်ခဲ့ဖူးသည်။ ခု ဒုတိယအကြိမ် ဆိုင်ထွက်ပျက်ကွက်ခြင်း။





ဆိုင်နီးနားချင်းများကို မေးကြည့်တော့မှ အမေ မနက်က ကျောင်းသို့ လိုက်သွားရသည့်အကြောင်း သိလိုက်ရသည်။

"မင်းသူငယ်ချင်း ကျောင်းသားတစ်ယောက်ခေါ်လို့ ဆိုင်ထွက်မယ့်ဆဲဆဲ ဗန်းလေးပြန်ချခဲ့ပြီး လိုက်သွားရတယ်လေ"

ဆက်မေးစရာမလိုတော့။ လောလောဆယ် အမေနှင့်ရင်မဆိုင်ချင်။

အမေရိုက်မှာ နှက်မှာ ကြောက်လို့မဟုတ်။ အမေ မရိုက်ဘူးဆိုသည်ကို သူသိသည်။ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေမည့် အမေ့အား ရင်ဆိုင်ရမည်ကို စိတ် မခိုင်သောကြောင့်ပင်။

သူ့အပေါ် အားကိုးတကြီး မျှော်လင့်ချက်အစိုင်အခဲကြီး ထားခဲ့သည့် အမေ့ကို လောလောဆယ် ရင်ဆိုင်လိုက်လျှင် အမေတစ်စုံတစ်ခု ဖြစ်သွားမည်ကိုတော့ သူစိုးရိမ်သည်။

သူ့တွက်ကိန်းနှင့်သူ ရှေ့ဆက်လှမ်းရမည့် ခြေလှမ်းကို နောက်ဘက်သို့ ပြန်လှည့်လှမ်းလိုက်ရသည်။ ပထမဆုံး အိမ်သို့ မပြန်သောနေ့။ တစ်ပူပေါ် နှစ်ပူဆင့်ရသူမှာ အမေ။ ပြန်လာနိုး မျှော်တလင့်လင့်ဖြင့် လည်ပင်းသာရှည်ခဲ့ရသည်။ သားဖြစ်သူကိုတော့ ထွက်မရှာနိုင်။

ရုပ်ရှင်ရုံက ခင်မင်သူအလုပ်သမားနှစ်ယောက်ထံသွားပြီး အကူအညီတောင်းရသည်။

"မပူပါနဲ့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ မတွေ့တွေ့အောင် ရှာပေးပါ့မယ်။ ဒီကောင် ဝေးဝေးမသွားပါဘူး။ စိတ်ချပြီးတော့သာ ပြန်ပါ" ဆိုသည့် နှစ်သိမ့်စကားကို ပိုက်ထွေးပြီး ပြန်ခဲ့ရသည်။

နောက်တစ်နေ့။

ဆိုင်ထွက်ပျက်ပြီး သားဖြစ်သူကို အရှာမထွက်နိုင်။

တစ်ရက်ပျက်လျှင် တစ်ရက်ဆိုရမလောက် ဝင်ငွေသိသိသာသာ ထိခိုက်သည်။ တစ်ရက်ပျက်လျှင် ဝမ်းမီးတစ်ချက်တောက်သည့် သူတို့ဘဝမှာ ဆိုင်ထွက် လုံးဝအပျက်မခံနိုင်။ ရုပ်ရှင်တစ်ပွဲဝင်ပြီး နောက်တစ်ပွဲမစခင် ရသောအားချိန်ကလေးအတွင်း ဆိုင်ကိုအပ်ပြီး တွေ့လိုတွေ့ငြား ဟိုနားဒီနား အရှာထွက်ခဲ့ရသည်။ ခြေရာဖျောက်သူကို ခြေရာထောက်ဖို့မလွယ်။

ရှိတတ်လိမ့်မည်ထင်သည့်နေရာကို မှန်းဆပြီး ကြည့်ပြန်လုပ်ရုံသာ တတ်နိုင်သည်။ ကျောင်းမတက်ချင်နေပါ၊ အိမ်ကိုတော့ ပြန်ခဲ့ပါလို့ နီးစပ်ရာများကို ပြောခဲ့ရသည်။ ဆိုင်ထွက်ရသည်မှာ စိတ်မဖြောင့်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာနိုး၊ ပြန်လာနိုးနှင့် မျှော်လင့်တကြီး စောင့်ခဲ့ရသည်မှာ သုံးရက်ရှိပြီ။ မောင်ရေခဲ ပြန်မရောက်သေး။ လေးရက်မြောက်နေ့။

ညရှစ်နာရီလောက် အိမ်ပြန်ရောက်လာသည်။ အိမ်က ညီမဖြစ်သူက အမေ့ဆိုင်ကို ပြေးပြောသည်။ အမေ ဒရောသောပါး လိုက်လာသည်။

တွေ့တွေ့ချင်း အမေက ဖက်ငိုသည်။

အမေ့ရင်တွင်းမှာ ခံစားနေရသည့် ခံစားချက်တွေကို ပါးစပ်က တတွတ်တွတ်ပြောသလို မျက်ရည်တွေကိုလည်း မရပ်မနား သွန်ထုတ်နေသည်။

ကျွန်တော်လည်း မနေနိုင်တော့ဘူး၊ မျက်ရည်လည်ရာကနေ မျက်ရည်တွေစီးကျလာတယ်၊ ကျွန်တော် တော်တော့်ကို စိတ်ထိခိုက်သွားတယ်၊ အမေ့ကိုလည်း အရမ်းသနားသွားတယ်၊ ဒါပေမယ့် ကျွန်တော် လိမ်လိမ်မာမာနဲ့ ကျောင်းပြန်တက်မယ်ဆိုတဲ့ ဝန်ခံချက်မျိုး အမေ့ကို မပေးနိုင်ခဲ့ပါဘူး။ ဒရောသောပါး အိမ်ကို ပြန်လိုက်လာရတဲ့အမေဟာ ပြောချင်တာတွေကို ဆုံးအောင် မပြောနိုင်ဘဲ ကပျာကယာ ပြန်ပြေးရပြန်တယ်။

နောက်ဆုံးပွဲစဉ်အတွက် ဆိုင်ပြန်ထွက်ရဦးမယ်။

အဲ့ဒီပွဲက ခြောက်နာရီခွဲပွဲလောက် လူမများပေမယ့် ရုပ်ရှင်ကို အေးအေးလူလူကြည့်ချင်သူတွေ လာကြည့်ကြသည့်ပွဲ။

ရုပ်ရှင်လေးပွဲမှာ အရောင်းရအပါးဆုံးပွဲဖြစ်ပေမယ့် သူတို့လို ရုံနှင့်နီးနီးနားနားမနေနိုင်သူတွေ ဆိုင်သိမ်းပြန်လေ့ရှိသည့်အတွက် ဆိုင်အရေးအတွက် နည်းပါးသည့်အလျောက် အသင့်အတင့် ရောင်းရသည်။

တစ်ခါတရံ မထင်မှတ်ဘဲ နေ့ပွဲများထက် ပိုရောင်းကောင်းသည့် အလှည့်မျိုးလည်း ရှိသည်။

အမေက ဆိုင်ထွက်ရမည်မှာ သူ့အလုပ်။ ရောင်းကောင်းသည် မကောင်းသည်မှာ သူ့အလုပ်မဟုတ်ဟု သဘောထားမျိုး ထားတတ်သူ။

ရုပ်ရှင်ရုံမှာ ပရိသတ်နည်းနည်းများများ အမေကတော့ သူ့လုပ်ငန်းကို အခင်းမပျက်။ အမေနောက်ဆုံးပွဲ ဈေးရောင်းဖို့ ပြန်ထွက်သွားတော့ သူလည်း တစ်ပါတည်း လိုက်သွားသည်။

စိတ်ထိခိုက်မှု အကြီးအမားခံစားနေရသည့်အမေ့ကို စိတ်သာမှု တစ်စိတ်တစ်ပိုင်း ဖြစ်စေရန်နှင့် အမေ့ကို အတတ်နိုင်ဆုံး နှစ်သိမ့်မှုဖြစ်စေရန်အတွက် လိုက်သွားခြင်း ဖြစ်၏။

ထိုနေ့က ဆိုင်သိမ်းပြီး အိမ်ပြန်သည့်အခါ သူ တစ်ခါဖူးမျှ မသယ်





ဖူးခဲ့သည့် အမေ့ဈေးဗန်းကို ခေါင်းပေါ်ရွက်ပြီး အမေနှင့်အတူ ပြန်ခဲ့ကြသည်။

အမေက အတင်းတားမြစ်သည့်ကြားကနေ သူက အလုအယက်လုပ်ပြီး ခေါင်းပေါ်ရွက်ခဲ့ခြင်း ဖြစ်၏။

"ခြောက် . . . သားရယ်"

အမေ့မျက်နှာပေါ်မှာ မသိမသာ အပြုံးရိပ်ကလေး ယှက်သမ်းသွားသည်။

အိမ်ပြန်ရောက်တော့ ကျောင်းဆက်နေဖို့ ကိစ္စအတွက် အမေနှင့် အခြေအတင် ပြောရပြန်သည်။

သူက ကျောင်းပြန်မနေ၊ အလုပ်တစ်ခုခုလုပ်ပြီး အမေ့ကို တစ်ဖက်တစ်လမ်းက ကူညီမည့်အကြောင်း၊ အမေအတင်းအကြပ်ကျောင်းပြန်တက်ခိုင်းရင် သူရောက်ရာပေါက်ရာထွက်သွားတော့မည့်အပြောဖြင့် အကြောက်အကန် ငြင်းခဲ့သည်။ နောက်ဆုံးတော့ အမေကပဲ မျက်ရည်ဆက်လက်နှင့် အလျှော့ပေးလိုက်ရသည်။

"အမေ သားအတွက် ဘယ်လိုမျှော်လင့်ချက်မျိုးထပ်ပြီး ထားရဦးမလဲ သားရယ်၊ အမေထားစရာ မျှော်လင့်ချက်မရှိတော့ဘူးပေါ့နော်"

အမေ့နှုတ်ဖျားမှ ယူကြုံးမရထွက်လာသည့် အသည်းနှလုံးက ပြောလိုက်သောအသံ။

မျက်စိကွယ်ရာမှာထက် မျက်စိအောက်မှာ နေတာက ပူပင်သောက ငြိမ်းအေးလိမ့်မည်ဟု အမေတွက်ဆလိုက်ရဟန်ရှိသည်။

နောက်တစ်နေ့ကစပြီး ဈေးဗန်းကို အမေ့အား ရွက်ခွင့်မပေးတော့။

ဆိုင်အထွက်၊ ဗန်းအခင်းအကျင်း၊ ဆိုင်အသိမ်း လုပ်စရာရှိတာတွေကို သူကပဲ ဒိုင်ခံလုပ်ခဲ့သည်။

ဈေးရောင်းသည့်နေရာမှာလည်း အမေ့ကို ကူသည်။

ဝယ်စရာခြမ်းစရာရှိသည်များကိုလည်း ဘယ်မှာဘယ်ဈေးနှင့် ဝယ်ရမည်ကို မေးပြီး သူပဲသွားဝယ်လိုက်သည်။

ဟိုနားသည်နား ခဏတဖြုတ်သွားသည်ကလွဲ၍ အမေ့ရှေ့မှောက်မှာပဲ မသေဝပ်ဝပ် နေခဲ့သည်။

ရုပ်ရှင်ရုံထဲမှာ ဘိလပ်ရည်၊ လိမ္မော်သီး၊ ချော့ကလက်၊ သီချင်းစာရွက် ရောင်းသည့်ကောင်လေးတွေနှင့် ဝင်ရောင်းတာမျိုးကိုပင် သူက မျက်မကြောက်လုပ်ခဲ့သည်။ အမေကတော့ သားဖြစ်သူအတွက် ဝမ်းသာဝမ်းနည်း ဝန်ကျင်ဘက် နှစ်မျိုးကို တွဲစပ်ခံစားနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးက ပေပေတေတေ ခြေပွေမမွေ့ဘဲ မျက်စိအောက်ကနေ ဘယ်မှမသွားဘဲ အေးအေးလူလူ နေထိုင်နေသည့်အတွက် ဝမ်းသာရသည်။

ဈေးဗန်းခေါင်းရွက် ဆိုင်ခင်းပြီး ရုပ်ရှင်ရုံထဲ သီချင်းစာရွက် ဝင်ရောင်းနေရသည့်အတွက် ဝမ်းနည်းရသည်။ မချိတင်ကဲ ခံစားနေရသည်။

ဒါပေသိ မောင်ရေခဲ၏ အနေအထိုင် အလုပ်အကိုင်ပြောင်းလဲနေသည်မှာ ထာဝရမဟုတ်ဘဲ တစ်ခဏသာဖြစ်လိမ့်မည်ကို အမေသာကြိုတင်သိစွမ်းနိုင်ခဲ့ရင် အမေ၏ဝမ်းသာမှုမှာလည်း တစ်ခဏသာပင် ဖြစ်လိမ့်မည်ပါ။

အမေ့မျက်စိအောက်၌ ရေခဲနေခဲ့သည့် အချိန်ကာလနှင့် အမေ့အား လက်တိုလက်တောင်းကူညီခဲ့သည့် အချိန်ကာလမှာ တစ်လကျော်ကလေးမျှသာပင်။ အတိအကျဆိုရသော် ရက်ပေါင်းလေးဆယ့်နှစ်ရက်။

ထိုမှ နောက်တော့ အမေ့အား လက်တိုလက်တောင်းအကူအညီမှာ သူနှင့်မဆိုင်ဘိသို့ မျက်နှာလွှဲလိုက်သည်။

အမေ့မြင်ကွင်း၌ နေထိုင်ခြင်းကိုလည်း ကျောခိုင်းလိုက်သည်။

အမေ့ကို ဥပက္ခာပြုပြီး မျက်နှာလွှဲခဲ့ပစ် ကျောခိုင်းလိုက်သည်မျိုးတော့ မဟုတ်ပါ။ အခစားအလုပ်တစ်ခုခုရအောင်ရှာဖွေရန်ဆိုသည့် အကြောင်းပြချက်ဖြင့် အမေ့မျက်စိအောက်က ထွက်ခဲ့ခြင်းဖြစ်၏။ အမေကလည်း မတားသာသောကြောင့် မျက်ရည်သွယ်လျက်က ခေါင်းညိတ်လိုက်ရသည်။

အမေဆိုင်မထွက်ခင် သူအိမ်ကထွက်သည်။ အမေဆိုင်သိမ်းပြီးမှ သူအိမ်ပြန်ရောက်သည်။ အမေက အလုပ်ရှာထွက်မည့်သားအတွက် တစ်နေ့ ငွေတစ်ကျပ် အိတ်ထဲထည့်ပေးလိုက်သည်။

အရောင်းအဝယ်အဆင်ပြေသောနေ့မျိုးတွင် တစ်ကျပ်ခွဲ နှစ်ကျပ် ပေးခဲ့သည်။ အဲ့သည့်အချိန်က ငွေတစ်ကျပ်ဆိုတာက ထမင်း၊ လက်ဖက်ရည်၊ ဝီစကီ ဖိုးဖူလုံရုံတင်မက ပိုလျှံသေးသည်။ ဘာပဲဖြစ်ဖြစ် အမေ့မှာလည်း ဘယ်သွားနေသလဲ မောင်ရေခဲလို့ သူများ အမေးရှိလာရင် သားကလည်း အလုပ်ရှာသွားနေတယ်လို့ ပြောစရာအဖြေရှိသွားသည်။

နှစ်ပတ်လောက်တော့ ရက်ဆက်ဆိုသလို အလုပ်ရှာထွက်ခဲ့သည်။

သူ၏အတန်းပညာနှင့်က အရိပ်အောက်မှာ သက်တောင့်သက်သာ လုပ်ရမည့် အလုပ်မျိုးမရနိုင်။ ထမ်းရ၊ ပိုးရ၊ သယ်ရ၊ မရမည့်အလုပ်မျိုးတော့ ရသည်။ သူကလည်း ဒီလောက်အထိ အဆင့်နိမ့်နိမ့်မျိုးတော့ မရည်မှန်း။

စာရေး၊ စာချီမဟုတ်တောင် မင်းစေခေါ် ရုံးလုလင်အလုပ်မျိုးရမှ





သော်မှ လုပ်မည်ဟု သတ်မှတ်ချက်ထားခဲ့သည်။

မင်းစေခေါ် ရုံးလုလင်အလုပ်ကလည်း သူ့အဆက်နှင့်သူ ဖေးမအကူအညီပေးမှ ရသည့်အလုပ်မျိုး။

လျှောက်ရ၊ သွားရ၊ မေးရ၊ မြန်းရသည်ပဲ အဖတ်တင်သည်။ ရက်နှစ်ဆယ်လောက်ထိအောင်တော့ ကြိုးစားကြည့်လိုက်သေးသည်။ လမ်းစ မမြင်။

မျက်စိလည် လမ်းလျှောက်သူ လမ်းစရှာရသလိုသာ ရှိခဲ့သည်။

"အဆင်ပြေခဲ့ရဲ့လားသားလို့" နေ့တိုင်းအမေးရှိလာသည်ကိုပင် ပြန်ပေးစရာ အဖြေခက်လာသည်။

ဒါပေသိ သူ၏အိမ်ကထွက်ချိန်နှင့် ပြန်ရောက်ချိန်မှာမူ အပြောင်းအလဲမရှိ၊ အမေက အလွတ်ပညာသင်ကျောင်းမှာနေပြီး ဆယ်တန်းလောက်ရောက်အောင် ကြိုးစားဖို့ တိုက်တွန်းခဲ့ပြန်သည်။

သူက အကြောက်အကန် မငြင်းပေမယ့် ဟုတ်ကဲ့ပါ ဆိုသည့် အဖြေကိုတော့မပေး။ ကျွန်တော်ဘယ်ကျောင်းကောင်းသလဲဆိုတာ စုံစမ်းပြီးမှ ဆိုသည့် ပတင်မကျအဖြေဖြင့် အမေ့ကို နှစ်သိမ့်ခဲ့သည်။

သို့ဖြင့် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေရင်းမှ ဘိလိယက်ခုံဘော်ဒါ ဖြစ်လာသည်။

အမေ့ဆိုင်နှင့်ရော၊ အိမ်နှင့်မဝေးသည့်နေရာ ပန်းဆိုးတန်းမှာ။

အစဦးပိုင်းကတော့ သွားစရာ၊ လာစရာ၊ ခြေဦးတည့်စရာကလည်းမရှိ။

ရုပ်ရှင်ရုံအောက်မှာ တစ်နေကုန်တစ်နေ့ခန်း မနေချင်သောကြောင့် ဘယ်သူမဆို ဝင်ထိုင်လို့ရသည်၊ ကြည့်လို့ရသည်။

အဲ့ဒီခေတ်ကာလက ဘိလိယက်ခေတ်စားသည်။

အင်္ဂလိပ်ခေတ်ကတည်းက ခေတ်စားလာသော ကစားနည်း။

ဂျင်တဲလ်မင် ပလေးဂိမ်း။

လူကြီးလူကောင်း ကစားနည်းလိုကလည်း အမှတ်သညာ ပြုထားသည်။

ဘိလိယက်ကစားနည်းမှာ လူကြီးလူကောင်းများ အပျော်းလည်းပြေ၊ ကိုယ်လက်လှုပ်ရှားမှုဖြစ်စေသည့် ကျန်းမာရေးအထောက်အကူပြု ကစားနည်း ဖြစ်၏။

အသင်းအဖွဲ့ကလပ်များ၊ ရက်စတော့ရင့်ကြီးများ၊ ဟိုတယ်များတွင် ဘိလိယက်ခုံ ရှိသည်။

ဘိလိယက်ခုံကြီးကို ဝိုင်းပတ်လျှောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းလိုက်၊ ဆန့်လိုက် ထိုးရသည်။

မြိုင်ဘက်များ ဘယ်လိုဘယ်ပုံထိုးသည်ကို ရပ်လျက်တစ်ဖုံ၊ လှည့်ပတ်၍ တစ်သွယ် ကြည့်ရသောကြောင့် အညောင်းပြေ ကိုယ်လက်လှုပ်ရှားမှု အလို အလျောက် ဖြစ်စေသည်။ ကိုယ့်အလှည့်မရောက်ခင် ဘီယာလေးစုတ်လိုက်၊ အရက်ကလေးမြှုံ့ လိုက်ဖြင့် ဇိမ်ယူလို့လည်းရသည်။ ဘီလီယက်ခုံကြီးတိုင်းမှာ လူစည်သည်။ ယခု ရွှေဂုံရုပ်ရှင်ရုံနောက်ဘက် မြေကွက်လပ်ကြီးထဲမှာ ဘီလီယက်ခုံ ရှိသည်။ ခုံကြီးခုံကောင်းမို့ ကစားသူလည်းများသည်။

ပလက်ဖောင်းဘေးတွင်ရှိသောကြောင့် လမ်းသွားလမ်းလာများလည်း ခရီးသွားဟန်လွှဲ ခဏတဖြုတ် ဝင်ကြည့်လေ့ရှိသမို့ စည်စည်ကားကား ရှိသည်။

ခါးကုန်းမောင်မောင် (နောင်ရုပ်ရှင်များတွင် ဇာတ်ရံသရုပ်ဆောင် အဖြစ် ပါဝင်ခဲ့သူ) ဦးစီးသည့် ဘီလီယက်ခုံ။

မည်သူပိုင်ဆိုင်သည့် ဘီလီယက်ခုံဖြစ်သည်ကိုတော့ သူလည်းမသိ။

ဘီလီယက်ခုံနှင့်တွဲလျက်မှာ ထမင်းဆိုင်ကြီးရှိသည်။

ဟင်းချက်လက်ရာကောင်းသည်။ ဟင်းလျာစုံသည်၊ သဘောကောင်း သည်၊ ဈေးချိုသည်ဟု ပါးစပ်သတင်း လွင့်ပျံ့သည်။

အဲဒီဆိုင်က ခါးကုန်းမောင်မောင်နှင့် ပတ်သက်ဆက်နွယ်သည့် ထမင်းဆိုင်။

ထိုစဉ်ကာလက ခါးကုန်းမောင်မောင်မှာ ပန်းဆိုးတန်းလူမိုက်။

ပန်းဆိုးတန်းထိပ်က မြေကြမ်းသည်။ အဲဒီနေရာမှာ ခါးကုန်းမောင် မောင်က မီးသေသည်၊ သူ့ကို လှန်ရဲသူမရှိ။ ခါးကုန်းမောင်မောင်ဦးစီးသည့် ဘီလီယက်ခုံဆိုတော့ ဗရုန်းသုတ်ခလုပ်ရဲသူ၊ ပေါ့လားဝါးလား အနှောင့် အယှက်ပေးရဲသူ ဘယ်ရှိလိမ့်မှာပ။

မောင်ရေခဲက ဘီလီယက်ခုံမှာ ဘေးထိုင်ကြည့်ရင်း အချိန်ဖြုန်းနေသူ။

သို့တစေ. . .

သူက ဖင်တျောက်ချပြီး ထိုင်တတ်သူမဟုတ်။ လုပ်စရာရှိတာတွေ့လျှင် ခိုင်းမှ လုပ်တတ်သူမဟုတ်။ ဖင်ပေါ့သူဖြစ်သည့်အတိုင်း လုပ်ကိုင်ပေးတတ်သည်။ စကားပြောညက်သည်။ လည်လည်ပတ်ပတ်ရှိသည်။ အထာသဘောကို နောကျေသလို အထာပေးကျွမ်းသည်၊ လူကြီးတွေ ခင်အောင်မင်အောင် အနေတတ်၊ အပြောတတ်သည်။ မောင်ရေခဲက ရုပ်မလှ၊ ဒါပေမဲ့ သူ့အပြုံးက လှသည်။ ဆွဲဆောင်မှုရှိသော အပြုံးမှာ သူ၏ပင်ကိုယ်အပြုံး။

ခါးကုန်းမောင်မောင်က မောင်ရေခဲကို အမြင်တည့်သွားသည်။ အမြင်





ကြည့်သွားသည်။

ဘယ်မှာနေသည် ဘာလုပ်သည် မိဘတွေ ဘယ်သူဘယ်ဝါဖြစ်သည်ကို အမေးအမြန်းရှိလာသည်။ သူကလည်း သူ့မိသားစုအနေအထားနှင့် သူ့ အခြေအနေကို အရှိအတိုင်းပြောပြသည်။

အလုပ်ရှာတာ အဆင်မပြေသည့်အကြောင်းပါ ထည့်ပြောလိုက်သည်။

ခါးကုန်းမောင်မောင်က အလုပ်အဆင်မပြေခင် သူ့ဘီလီယက်ခုံမှာ လုပ်ဖို့ပြောသည်။ ထမင်း၊ လက်ဖက်ရည် ဖရီး။

ခုံအဆင်ပြေရင် အဆင်ပြေသလို မုန့်ဖိုးကြည့်ပေးသည်။ သူခိုင်းသည့် အပြင်အပအလုပ်များကိုလည်း လုပ်ရမည်၊ လုပ်နိုင်မလားဟု မေးလာသည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ" ပေါ့။

မနက်၊ နေ့လည် လက်ဖက်ရည်အပြင် နံနက်စာ ထမင်းစာလည်း ကျွေးသည်။ ကိုမောင်မောင်ပေးသည့် ငါးမူး၊ တစ်ကျပ်မုန့်ဖိုးအပြင် ဘက်တင် ထိုးသူများကပေးသည့် တစ်ပဲတစ်မူး မုန့်ဖိုးကလည်း စုလိုက်လျှင် ငါးမူး တစ်ကျပ်ရသည်။

ခါးကုန်းမောင်မောင်ကလည်း မောင်ရေခဲ၏ ပြောဆိုလုပ်ကိုင်ပုံများကို သဘောကျပြီး သူ့မှာအဆင်ပြေရင် ပြေသလို မောင်ရေခဲအတွက် အဝတ် အထည်များ ဝယ်ခြမ်းပေးသည်။

မောင်ရေခဲ အဲဒီလိုနေထိုင်လုပ်ကိုင်နေသည်ကို အမေက သဘော မကျပေမယ့် ပြောမထူးမို့ မပြောတော့။

အသောက်အစား မဖက်ဖို့ကိုဘဲ တဖွဖွ ပြောဆိုဆုံးမနေသည်။

အဲဒီနားတဝိုက်မှာက အရက်နှင့်ကင်းသူဟူ၍ လက်ညှိုးထိုးပြရလောက် အောင် မသောက်မစားသူ အရေအတွက် နည်းပါးသည်။

အမေ့မှာ ဖြေသာစရာတစ်ခုတော့ ရှိသည်။

သားဖြစ်သူရှိနေသည့် နေရာမှာ အမေအမြဲရှိနေသည့်နေရာနှင့် အလှမ်း မဝေးသောကြောင့် မျက်စိအောက်မှာ ထားရသလိုရှိသည်မို့ စိတ်သက်သာ ခွင့်ကလေးရသည်။

ခါးကုန်းမောင်မောင်ထံသို့ အမေကိုယ်တိုင်သွား၍ သားဖြစ်သူကို စောင့်ရှောက်ထိန်းသိမ်းပေးဖို့ ဆုံးမစရာရှိ ဆုံးမဖို့ ပြောဆိုအပ်နှံခဲ့သည်။

ခါးကုန်းမောင်မောင်က ပန်းဆိုးတန်းတဝိုက်မှာ အရှိန်အဝါနှင့် ထည်ဝံ့ နေနိုင်သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကိုလည်း ကိုင်ထားနိုင်သည်။ သူ့မှာ ဝင်ငွေအမျိုးမျိုး၊ အခွဲထွေထွေရှိသည်။

ပန်းဆိုးတန်းထိပ် ရုပ်ရှင်ရုံတဝိုက်မှာ ထိုစဉ်ကတည်းကပင် မိန်းမဖျက်များ၊ မိန်းမထိန်းများ၊ အနှိုက်သမား၊ အလစ်သမားများ၊ ဂန်ဂျာခေါ် ဆေးခြောက်အရောင်းသမားများ စတည်းချရာ ကျက်စားရာ လှုပ်ရှားရာနေရာ ဖြစ်ခဲ့သည်။

သူတို့ဆီက ဆက်ကြေး၊ အငှားဂျစ်ကားဂိတ်ဆက်ကြေးကို ကိုမောင်မောင်ရသည်။ အရက်ပုန်းရောင်းသူတွေကလည်း သူ့ကို ပေးရကမ်းရသည်။

ခါးကုန်းမောင်မောင်မှာ ကိုယ်ကာယတောင့်ထည်သန်စွမ်းသူ မဟုတ်စေကာမူ အများအသိအမှတ်ပြုလူမိုက်အဖြစ် ထိုနေရာတွင် ကြီးစိုးမင်းမူနေနိုင်သည်။

အရိုက်အနှက် လက်ယဉ် လက်ရဲသည့် တပည့်သုံးလေးယောက်လည်း ရှိသည်။ သူကိုယ်တိုင်ကလည်း လက်စလက်န ရှိခဲ့ဖူးသည်။

အခြားသော အရှိန်အဝါ သြဇာသက်ရောက်စေမည့် အကြောင်းများလည်း ရှိလိမ့်မည်။

စောင်းငန်းစောင်းငန်း၊ ရွဲ့စောင်းရွဲ့စောင်းနှင့် မသန်စွမ်းပုံဟန် ရှိစေကာမူ သူ့ကို မထီလေးစားမလုပ်ဝံ့သည့် ဟိတ်ဟန်ရှိသည်။

ခါးကုန်းမောင်မောင်ဆိုသည့် အမည်ကို သူ့ရှေ့မှောက်မှာ မည်သူမျှ မခေါ်ရဲကြ။ သူ့ကွယ်ရာတွင်သာ အခေါ်အဝေါ်ပြုရသည့်နာမည်။

ရှေ့တင်မှာတော့ ကိုမောင်မောင်၊ ဦးမောင်မောင်၊ ကိုမောင်မောင်ကြီး၊ စသည့်အခေါ်အဝေါ်ဖြင့် ဆက်ဆံကြသည်။

သူနှင့်အလွန်ရင်းနှီးသူများကသာ ခါးကုန်းကြီးဟု လည်းကောင်း၊ ဗိုလ်ကုန်းကြီးဟုလည်း ခေါ်ကြသည်။

သူ၏ရုပ်ဆင်းအင်္ဂါမှာ အကျည်းတန်သည့်ဘက်သို့ ယိမ်းစေကာမူ တရင်းတနှီးပေါင်းကြည့်သူတိုင်းက သူ၏စိတ်အလှကို အသိအမှတ်ပြုရသည်။

သဘောကောင်းသူတစ်ယောက်အဖြစ် ပြောစမှတ်ပြုရသည်။

ကိုယ်ကာယတည်ဆောက်ပုံ အချိုးအဆစ် မပြေပြစ်သမို့ ရုတ်တရက်အမြင်တွင် အကျည်းတန်မှုပို၍ ပေါ်လွင်သည်။

သို့တစေ သူ၏မျက်လုံးအကြည့်မှာမူ စူးရှသည်။

နက်ထင်သည်။ ဆွဲဆောင်မှုအား ပြည့်တင်သည်။ သူရယ်သည့်အခါ အက်တက်တက်အသံကြီးနှင့် ဟက်ဟက်ပက်ပက် အားရပါးရ ရယ်တတ်သည်။





ဟက်ဟက်ပက်ပက် အားရပါးရ ရယ်တတ်သူများမှာ ဟန်ဆောင်မှုကင်းပသည်ဟု ဆိုစကားရှိသည်နှင့်အညီ သူသည်လည်း ဟန်ဆောင်မှုကင်းပသည်။

အနီးကပ်ပေါင်းသင်းနေသူများက ချစ်ခင်ဖွယ် မဟုတ်သည့်တိုင် နှစ်လိုဖွယ်ရာ သဘောထားအမူအကျင့်များရှိသည်ဟု အပြောအဆို ရှိသည်။

ပြဇာတ်နှင့် ရုပ်ရှင်တွင် ဇာတ်ရံသရုပ်ဆောင်ဖြစ်လာသည့်နောက် လူချစ်လူခင်များသူအဖြစ် ပြောစမှတ်ပြုခံရပြီး လူမိုက်ဆိုသည့် နာမည်ဆိုးကြီးလည်း ကင်းပျောက်သွားသည်။ ခါးကုန်းမောင်မောင်မှာ သေသည်အထိ ဒုစရိုက်လုပ်ငန်းနှင့် မတွဲစပ်တော့ဘဲ ခင်ရာမင်ရာအပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါး နေထိုင်သွားခဲ့သည်။

သေသည်အထိ မိုက်တွင်းနက်သူဟု ပြောရမည့် လူဆိုးစာရင်းဝင် မဖြစ်ခဲ့။

မောင်ရေခဲက ကိုမောင်မောင်နှင့်လိုင်းပူးခဲ့သည်။ လိုင်းပူးစက တပည့်တပမ်းအဆင့်၊ နောက်တော့ လက်ရုံးတပည့်။

ထိုမှ ဆရာ့ထက် လက်ဖောင်းထက်ပြီး ငါ့နာမည် မောင်ရေခဲဟု လက်မထောင်ပြီး ပြောနိုင်သူအဆင့်သို့ ရောက်ခဲ့သည်။

မောင်ရေခဲ၏ လက်စလက်နကို ပြောင်လက်အောင် အရောင်တင်ပေးခဲ့သူမှာ ခါးကုန်းမောင်မောင်။

သတ္တိသွေးကြွစအရွယ် လက်စလက်နသွေးခွင့်ရသွားသူ မောင်ရေခဲမှာ "ဒီကောင်လေးကို သွားမလုပ်နဲ့နော်၊ သူ့ဆရာထက် လျင်တယ်၊ လက်သံပြောင်တယ်"

ဟု အပြောအဆိုခံရသူ ဖြစ်လာသည်။ မောင်ရေခဲက မတရားတာမလုပ်။ သူတစ်ပါးအပေါ် အနိုင်ကျင့် ဗိုလ်ကျတာမျိုးမလုပ်။

မဟုတ်မခံစိတ်ဖြင့် အကြောင်းရှိလာလျှင် သူ၏လက်စလက်နကို ထုတ်ပြတတ်သူ ဖြစ်၏။ သူများအပေါ် ဗိုလ်မကျသလို သူ့အပေါ် ဗိုလ်ကျတတ်စီးလာသည်ကို လည်းမခံ။ ခင်မင်သူ အပေါင်းအသင်းများအတွက် အကြောင်းရှိလာလျှင် လက်မနှေး။ တစ်ခုတော့ရှိသည်။ ကိုယ့်ဘက်က မတရားလုပ်ရတာမျိုးကျရင်တော့ သူမပါ။

ငွေကြေးပေးပြီး အခွင့်အရေးပြုပြီး တပည့်မွေးတာမျိုးကိုလည်း သူမခံ။

လူမိုက်လိုသဘောမူပြီး ဆက်ကြေးပေးတာမျိုးကို သူမယူ။ အပေးအယူသဘောမျိုးနှင့် ကန့်သတ်ချက်ထားပြီး ပေးသည့် ငွေကြေးမျိုးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူလက်မခံ။

သန့်သန့်ရှင်းရှင်း စေတနာနှင့် ပေးတာကိုတော့ ယူသည်။

ကျွေးရင် စားသည်။ တိုက်ရင် မသောက်။ မကြိုက်လို့တော့ မဟုတ်။

အမေ့ကို ကတိပေးထားရသောကြောင့်။

ဘယ်သွားနေသလဲ မောင်ရေခဲကနေ . . .။

◆ ◆ ◆



(ခြောက်)

ငါ့နာမည်က ရေခဲကွ။

လက်မထောင် ရင်ကော့ပြီး ပြောနိုင်သည့် အဆင့်သို့ တန်းဝင်လာသည်။ နှုတ်နှင့်လက် တပြိုင်တည်း မောင်ရေခဲဖြစ်လာသည်။

ဟိတ်ဟန် အထာပေး ကောင်းသည်။ နာမည်အေးပေမယ့် လူက မအေး။

အသက်ဆယ့်ခုနစ်နှစ်သားအရွယ်လောက်ကတည်းက လူပုလူ့စွာလေး ဖြစ်လာသည်။

စားဝတ်နေရေးလုံးပမ်းနေရသည့်အမေကလည်း ရာဇဝတ်မှုနှင့်ကင်း အောင်နေရင်ပြီးရော သဘောမျိုး လွှတ်ပေးထားရသည်။

သူကလည်း ရဲနှင့်မရှုပ်ထွေးအောင် အချုပ်နှင့် မပတ်သက်အောင် အလှည့်အပြောင်း၊ အတိမ်းအရှောင် ကျွမ်းသည်။

လုပ်စရာရှိ၍လုပ်ရသည့်တိုင် သွေးထွက်သံယိုမှုမဖြစ်စေသည့် ရာဇ ဝတ်ဖြစ်ဒဏ်ထိုက်သည့် ဒဏ်ရာကြီးမျိုး မဖြစ်စေသည့်နည်းမျိုးဖြင့် ရှင်းသည်။

လက်လွန်ခြေလွန်မှုမဖြစ်အောင် ထိန်းပြီး လုပ်သည်။

ကိုင်စရာရှိရင် အထိုးအကြိတ်လောက်နှင့် ကိစ္စပြတ်အောင် ကိုင်သည်။

ရဲစခန်းရောက် ဘာရောက်ဆိုသည်မျိုး မရှိခဲ့။

လူပုလူ့စွာလေးဖြစ်လာသည့် မောင်ရေခဲမှာ ငယ်ငယ်က အလွန်အေးသည်။

မွေးကတည်းက အငိုအရယ်နည်းပြီး အမေဈေးရောင်းသည့် ရပ်ခွင် ထဲမှာ ထင်းရှူးသေတ္တာလေးပေါ်မှာ ဘယ်လိုထားထား ငိုသံမကြားရလောက် အောင်ပင် အနေအေးတတ်လွန်းသောကြောင့် ဆိုင်နီးနားချင်းမျာ၊က ရေခဲ တုံးလေးဟု ချစ်စနိုး ကင်ပွန်းတပ်ခဲ့ရာမှ ပညတ်အမည် မောင်ရေခဲ ဖြစ် လာသည်။ သူက ဗုဒ္ဓဟူးသား။ နေ့နံလည်း သင့်သောကြောင့် အတူးတလည် နာမည်မရွေးတော့ဘဲ မောင်ရေခဲလို့ပဲ ခေါ်တွင်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘဖြစ်သူများက သူတို့၏အခြေအနေအရ ဗေဒင်ဆရာများကို နာမည်ရွေးစေပြီး ဖိတ်စာကမ်း၍ ကင်ပွန်းတပ်မင်္ဂလာမကျင်းပဘဲ သင့်မြတ်ရာနာမည်ကိုရွေးပြီး အသိအမှတ်ပြုလိုက်ကြသည်။ ငယ်ငယ်က အေးသောကလေးများ ကြီးရင်ပူသည်။ ငယ်ငယ်က ပူသောကလေးများ ကြီးရင်အေးသည်။ လူကြီးသူမများက ထိုသို့နှယ် အဆိုစကား ထားရှိခဲ့သည်။

မောင်ရေခဲမှာ ထိုဆိုစကားနှင့် ကိုက်ညီသူဖြစ်လိမ့်မည်။

ငယ်ငယ်က ရေခဲတုံး၊ ကြီးတော့ ရေနွေးအိုးဖြစ်လာသည်။

"ငါ့နာမည် ရေခဲ" ဆိုသည့် ပြောလုံးကို သူကလည်း အသုံးလေ့လာသည်။

သူက လက်သွက်လက်မြန်သလို ခြေရာဖျောက် အတိမ်းအရှောင်လည်း လျင်သည်။ သူပါသည့် ပွဲတွင် နာမည်သာကျန်လေ့ရှိသည်။

လူမကျန်။ နာမည်သာကျန်ပြီး လူမကျန်သောကြောင့် အလီဘိုင်ပြလို့ကောင်းသည်။ အလီဘိုင်ဆိုတာက သူမဟုတ်ပါဘူး။ ထင်ကြေးနှင့် စွပ်စွဲတာပါ။

အဲဒီအချိန်က သူဘယ်မှာရှိနေသည်ကို သက်သေသက္ခာယနှင့် အထောက်အထားပြသခြင်း ဖြစ်သည်။ နာမည်သာကျန်ပြီး လူမကျန်တော့ အရေးယူမှုစက်ကွင်းနှင့် မချိတ်မိ၊ အဆုံးစွန်အားဖြင့် ခေါ်ယူသတိပေးထားတာမျိုးလောက်သာ ခံရနိုင်သည်။

သူက သို့ကလို အလှည့်အပြောင်းလုပ်တတ်မှု၊ အတိမ်းအရှောင်လျင်မြန်မှုကို ငယ်စဉ်ကတည်းက အလေ့အကျင့်ရှိခဲ့သည်၊ ကျွမ်းဝင်ခဲ့သည်။

အဲဒီအလေ့အကျင့်က ရုပ်ရှင်လက်မှတ်မှောင်ခိုရာဇာဖြစ်လာတော့ အသုံးတည့်ခဲ့ပြန်သည်။ ပညတ်က ရေခဲ၊ ပရမတ်က အရှိန်။

ဒါက သူ၏ငယ်စဉ်ဘဝ ဖြတ်သန်းခဲ့ရသည့်လမ်းကြော။

◆ ◆ ◆





မောင်ရေခဲ၏ရုပ်ရည်မှာ အချောဘက်သို့မနွယ်၊

ရွက်ကြမ်းရေကျို ယောကျ်ားပီသသည့် အင်္ဂါရုပ်နှင့် လိုက်ဖက်ညီသော ရုပ်ရည်၊ အသားညိုသည်။ အရပ်နှင့် ကိုယ်လုံးကိုယ်ပေါက်မှာ အနေတော်။

သူ၏ အပြုံးမှာ ချစ်စဖွယ်မဟုတ်သော်လည်း နှစ်လိုဖွယ်ရှိသည်၊

စကားပြောမြန်သည်၊ လေပေါက်မှာ မပျော့၊ မထန်၊

အကြောင်းကိစ္စရှိ၍ မာစရာ ထန်စရာရှိပြီ ဆိုရင်တော့ ပြောနေကျလေသံထက် ခက်ထန်မာကြောသည့် လေသံဖြင့် ရင်ဆိုင်တတ်သည်။

သူ့အကြောင်းကို သူ့တပည့်တွေက အသိဆုံး၊

အပြုံးရိပ်ပျောက်၍ လေသံမာကြောလာပြီဆိုရင် လက်ပါလာတော့မှာသေချာသည်၊ တပည့်တွေကို ကိုင်တွယ်ရာတွင် အထာကြေသည်။ သူ့ကိုကြောလို့မရ၊ ကြောဖို့ကြိုးစားသူတိုင်း မောသွားစမြဲ ရှိကြသည်သာ။

လှန်ဖို့တော့ မကြိုးစားနှင့်၊

မှတ်လောက်သားလောက်အောင် အကိုင်အတွယ်နမ်သည်၊

ကိုယ့်အပေါ်ပြန်ပတ်လာမည့် အကြမ်းနည်းကို သုံးခဲ့သည်၊

တပည့်လက်သား အချင်းချင်း ဖြေရှင်းသည့် နည်းဖြင့် အလှည့်အပြောင်းလုပ်ပေး၍တစ်မျိုး၊ ထောင်ထဲပို့ပေးသည့်နည်းဖြင့်တစ်သွယ်၊ သူတို့လောကထဲကနေ အပြီးအပိုင်ထွက်သွားအောင် ကျဉ်နည်းသုံး၍တစ်ဖုံ ရှင်းပစ်သည်။

သူ့ဩဇာကို ခံနေရသူတွေထဲမှာ သူ့ကို မကြိုက်နှစ်၊ မခင်တွယ်သူများလည်း ရှိသည်၊ သို့တစေ. . .

သူနှင့်လက်တွဲမဖြုတ်ရဲကြ။ သူ့ကြောင့် သူတို့အလုပ်ဖြစ်နေကြသည်ကိုတော့ သူတို့နှစ်နှစ်ကာကာ သဘောပေါက်ကြသည်။

ပြီး သူက ငါးစာကြီးမလုပ်၊ ပေးစရာရှိသည်ကို ပေးသည်၊ ကျွေးစရာရှိသည်ကို ကျွေးသည်။ သည်ကြားထဲက ဗွေဖောက်လျှင် သူနှင့်လက်တွဲဖြုတ်၊

တပည့်တပမ်းများ၏ မိသားစုစားဝတ်နေရေးကို အထိုက်အလျောက်ပြေလည်အောင် ဖန်တီးဖြေရှင်းပေးသည့် သူ့ကို ဘယ်သို့လျှင် လက်တွဲဖြုတ်နိုင်လိမ့်မှာပ။

ကိုရေခဲက ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည်။

လုပ်ငန်းကို အနှောင့်အယှက်ပေးနိုင်သူများနှင့် လမ်းကြောင်းတည့်အောင် ဖန်တီးနိုင်သည်။ ဘယ်သူ့ဆီကို ဘယ်လိုဝင်ရမည့်အထာ ကျွမ်းသည်၊

အောက်စည်းက ဝင်ရမလား၊ အလယ်စည်းက ဝင်ရမလား၊ အထက်



www.burmeseclassic.com

www.burmeseclassic.com



စည်းက ဝင်ရမလား၊ ဝင်ရမည့်လမ်းကြောကို သိပ်ရွေးတတ်သည်။

အချိုးကြိုက်သူကို အချိုး၊ အပူအအေးကြိုက်သူကို အပူအအေး၊ အဆိမ့်ကြိုက်သူကို အဆိမ့်ပေးရာတွင် ကြေညက်သည်။

ဘယ်လိုပုံစံနှင့်ဝင်ပြီး ဘယ်လိုပုံစံနှင့် အပေးအယူလုပ်ရမည်ဆိုသည်ကို သူမတူအောင် ကျွမ်းကျင်သောကြောင့် အထာကိုင်တော်သောကြောင့် ဥပဒေနှင့်မလွတ်ကင်းသည့် လုပ်ငန်းကို အထင်ကရ လုပ်နေပါလျက် သူ့ဘက်သို့ မြားဦးမလည်ခဲ့ပေ။ အုတ်ရိုးအတွင်းလူအဖြစ်သို့လည်း မရောက်ခဲ့။အုတ်ရိုးအပြင်လူအဖြစ် ယပ်ခတ် ဒူးနှံ့ပြီး နေနိုင်ခဲ့သည်။ တရားဝင်လုပ်ငန်းကြီးသို့နှယ် လှုပ်ရှားနိုင်ခဲ့သည်။

ငယ်သူကို ငယ်သူအလျောက်၊ ရွယ်တူကိုရွယ်တူအလျောက်၊ ကြီးသူကိုကြီးသူအလျောက် ဝင်ဆံ့အောင် အထာပေးရာတွင် ချောမွေ့သည်။

ညီလေးခေါ်ရမည့်လူကို ညီလေး၊ အစ်ကိုကြီးခေါ်ရမည့်သူကို အစ်ကိုကြီး၊ ဆရာလေး၊ ဆရာကြီးခေါ်ရမည့်သူကို ဆရာလေး၊ ဆရာကြီး အခေါ်အဝေါ်များဖြင့် သူ့ခွင်သူ့စည်းဝိုင်းထဲရောက်အောင် ဆွဲသွင်းမှု ကျွမ်းသည်မှာ သူ့အထာ။

မောင်ရေခဲက သည်လုပ်ငန်းကို ဘလိုင်းကြီး ဝင်လုပ်ခဲ့သည်တော့မဟုတ်သလို မတော်တဆ ရောက်လာသည်လည်း မဟုတ်ပေ။

ကိုမောင်မောင်နှင့်တွဲပြီး ပန်းဆိုးတန်းတွင် ဘဝလမ်းကြော အခြေချခဲ့စဉ်က သည်လုပ်ငန်းနှင့် ဆယ်နွယ်ရာဟုဆိုနိုင်သော ဘောထွက်ပြဇာတ်လက်မှတ် အရောင်းလမ်းကြောင်းပေါ်တွင် သူလည်း ပါဝင်လျှောက်လှမ်းခဲ့သည်။ ဂျပန်ခေတ်တွင် တစ်ခေတ်ဆန်းသစ်ခဲ့သည့် ပြဇာတ်မှာ စစ်ပြီးခေတ်တွင်လည်း ပြန်လည်ဆန်းသစ်လာပြန်သည်။ ရုပ်ရှင်ရုံများ ဝန်းကျင်မှာနေရာပြန်ယူလာနိုင်သည်။ စစ်မဖြစ်ခင် ကျော်ညွန့်၊ ချစ်ရွှေအတွဲ ဖိုက်တင်ကားများပြသခဲ့သည့် စတားရုံကို ပြဇာတ်ရုံအဖြစ် ပြောင်းလဲလိုက်သည်။

ဝင်းဝင်းရုံ။

အငုံ့ဆရာတင်၊ ဘိုကလေးတင့်အောင်တို့၏ စင်တင်ပြဇာတ်များခေတ်စားလာသည်။ ပရိသတ်၏ ထူးထူးကဲကဲ အားပေးမှုကြောင့် အောင်မြင်ခဲ့သည်။ ရုပ်ရှင်က အရိပ်။ ပြဇာတ်က ကိုယ်ထင်ပြသည့်ပွဲ။

လူကိုယ်တိုင်လှုပ်ရှားသည်ကို ကြည့်ရသည်မှာ ပို၍အားပါးတရရှိသည်။

ငယ်ကျွမ်းဆွေပြဇာတ်မှာ နှစ်ပေါင်းလေးဆယ်ကျော် ကြာမြင့်ခဲ့သည့်တိုင်တသသ ပြောနေရစမြဲ။ ယနေ့ထက်တိုင်လည်း ငယ်ကျွမ်းဆွေ နာမည်ကြီးနေဆဲ။





ရုပ်ရှင်မင်းသား မင်းသမီးများ သီချင်းဆိုသည့်အခါ ကိုယ်တိုင်သီဆိုသူ လေးငါးယောက်ထက်မပို။ ကျန်မင်းသားမင်းသမီးအများစုမှာ ပါးစပ်လှုပ်ရုံသာ၊ သီချင်းနှင့် လိုက်ဘက်အောင် အိုင်တင်လုပ်ရုံသာ။ သူတို့အတွက် အဆိုတော်များက နောက်ခံသီဆိုပေးရသည်။

ပြဇာတ်မှာက အငှားပါးစပ်နှင့် သရုပ်ဆောင်၍မရ။ ကိုယ်တိုင်သီချင်းဆိုပြီး သရုပ်ဆောင်ရသည်။ ပြဇာတ်မင်းသားများမှာ တစ်မျိုးကောင်းနှင့်မရ။ သုံးမျိုးသုံးဖလှယ် စုံရသည်။ အသံကောင်းရမည်။ အဆိုပိုင်ရမည်။ ရုပ်ချောရမည်။ သရုပ်ဆောင်အမှုအရာ နိုင်နင်းရမည်။ တစ်မျိုးကောင်း တစ်ခုကောင်းနှင့် စင်ပေါ်တက်လို့မရ။ မျိုးချစ်၊ ခင်အုံးမြင့်မှာ ပြဇာတ်စတား။

ပရိသတ်အကြိုက်စုံတွဲ။ ခင်မောင်မြင့်၊ ကြည်ကြည်ဌေး။ မြင့်မြင့်ဌေး၊ မေရီမြင့်တို့လည်း ပြဇာတ်လောကတွင် ထင်ပေါ်ခဲ့သည်။

ကျွန်တော်ချစ်မောင်၊ မြင့်ဖေတို့အတွဲမှာ ပရိသတ် လက်ခံသည့် လူရွှင်တော်အတွဲ။

ဂီတလုလင်မောင်ကိုကိုတီးဝိုင်းမှာ ပရိသတ်အကြိုက်နှစ်သက်ဆုံး ဂီတဝိုင်း။

ရုပ်ရှင်ရုံကို ပြဇာတ်ရုံအဖြစ် ပြောင်းလဲသည့်အခါ ရုံတွင်းထိုင်ခုံများ၊ပါ ပြောင်းပစ်လိုက်ရသည်။

ရုပ်ရှင်အရိပ် လှုပ်ရှားမှုက နောက်ဘက်ကျလေ ကြည့်ကောင်းလေ။

လူကိုယ်တိုင်လှုပ်ရှားရသည့် ပြဇာတ်က ရှေ့ဆုံးကျလေ ကြည့်ကောင်းလေ။

ရုပ်ရှင်ရုံဝင်ခမှာ ရှေ့ဆုံးအတန်းက ဈေးအနည်းဆုံး။

ပြဇာတ်ကျတော့ ရှေ့ဆုံးတန်းက ဈေးအကြီးဆုံး။

စပေါ့လိုက်ထိုးရန်အတွက်ကိုမူ ရုပ်ရှင်ပြစက်ကာဗွန်အလင်းတန်းထိုးသည့် အပေါက်များကပင် ထိုးပေးရသည်။ ယနေ့ခေတ်လို မီးကစားပေးသည့် စက်မှုပိုင်းဆိုင်ရာ တီထွင်မှုမရှိသေး။ ရုံဝင်ခမှာ ပြဇာတ်က ရုပ်ရှင်ထက် ဈေးကြီးသည်။ အဲဒီအချိန်က တစ်နေ့ နှစ်ပွဲသုံးပွဲပြလို့လည်းမရ။ စနေ၊ တနင်္ဂနွေနှစ်ရက်တွင်သာ နှစ်ပွဲပြသည်။ ကျန်ရက်များမှာ တစ်ဝနေ့တစ်ပွဲ။

ရုံဝင်ခဈေးကြီးပေမယ့် ပရိသတ်အကြိုက်ပြဇာတ်များမှာ ရုံလျှံစမြဲ။

ပြဇာတ်ခေတ်မှာ ဘောထွက်လက်မှတ် ရှိလာသည်။

လက်မှတ်ရောင်းသည့်နေရာတွင် ဝယ်မရဘဲ ဘောမှာဝယ်လို့ရသည့် လက်မှတ်ကို ဘောထွက်လက်မှတ်ရယ်လို့ ခေါ်တွင်လာကြသည်။

ရှေ့ဆုံးတစ်ဆယ်တန်း နှစ်တန်း၊ သုံးတန်း အလယ်နေရာများမှာ

www.burmeseclassic.com

ပရိသတ်အကြိုက် ဈေးကွက်ဝင်နေရာ၊ ဘေးထွက်လက်မှတ် ကိုင်သူထဲမှာ မောင်ရေခဲလည်းပါသည်၊ သို့တစေ. . .

ရုပ်ရှင်ရုံလို လေးပွဲမပြဘဲ တစ်နေ့တစ်ပွဲသာ ပြသသောကြောင့် ဟုတ္တိပတ္တိ အလုပ်မဖြစ်၊ အပျော်သဘောပဲ အလုပ်ဖြစ်ခဲ့သည်။

အဲ့ဒီတုန်းကတော့ ဝမ်းရှိုးသမားပေါ့၊ နောက်ပိုင်းကျမှ ဝမ်းရှိုးအလုပ်သဘောကို အခြေခံပြီး ဖိုးရှိုးလုပ်ကွက် ကို တီထွင်ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်၏။ ဖိုးရှိုးလောကမှာ ကင်း။ ရုပ်ရှင်လက်မှတ် မှောင်ခိုလုပ်ငန်း၏ ရာဇာကြီး၊ ထိုလောကသားများ၏ ခေါင်းကိုင်အဖေ ဂေါ့ဖားသား။

ငါ့နာမည် ရေခဲလို့ ဟစ်ကြွေးစရာမလိုတော့၊

လူကို မမြင်ဖူးပေမယ့် ရေခဲဆိုသည့်နာမည်မှ ရုပ်ရှင်ဝါသနာအိုးများ၏ ကြားတွင် ထင်ပေါ်ကျော်ဝင့်လာခဲ့သည်။

ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ၊ ဖြန့်ချိသူများအတွက် သူတို့ရုပ်ရှင်ကားများ ငှားရမ်းခြင်း၊ ကံထရိုက်ဈေးကွက်တွင် တန်းမြင့်ဈေးကွက်ဝင်ရန် ဖန်တီးပေးသူ ဖြစ်လာသည်။ မှောင်ခိုလုပ်ငန်းကနေ တဆင့်တက်လာသည့်လုပ်ငန်း။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ဖြန့်ချိသူများက အရေးတယူဆက်ဆံရသူ၊ ဧည့်ဝတ်ပြုပြီး အကူအညီတောင်းရသူ အဆင့်အထိ ပေါက်ရောက်အောင် မြင်လာသည်။

နောက်ပိုင်းကျတော့ ရုပ်ရှင်လက်မှတ်သာမက ဈေးကောင်းဈေးကွက်ဝင်သည့် ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲလက်မှတ်၊ နိုင်ငံခြားဘောလုံးပွဲလက်မှတ်။

ဂီတပဒေသာပွဲလက်မှတ်၊ နာမည်ကြီး ဇာတ်သဘင်ပွဲလက်မှတ်တွေကို ကိုင်ခဲ့သူအဖြစ် လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခဲ့သည်၊

ချဲ့ထွင်သလောက်လည်း အလုပ်ဖြစ်ခဲ့သည်၊ လက်ဖျားငွေသီးခဲ့သည်၊

အထူးသဖြင့် တစ်ချိန်သောအခါက ဘောလုံးပရိသတ် ခြိမ့်ခြိမ့်သဲသဲ အားပေးခဲ့သည့် တိုင်းဘောလုံးပွဲနှင့် နိုင်ငံခြားဘောလုံးပွဲ ဘေးထွက်လက်မှတ် အဝယ်ဈေးနှုန်းနှင့် အရောင်းဈေးနှုန်းမှာ သူ့နှုတ်ဖျားတွင်တည်သည်၊

အထူးတန်း၊ ငါးကျပ်တန်းလက်မှတ်တစ်စောင်ကို ငါးဆ ခြောက်ဆ ရှစ်ဆထက်ဈေးနှုန်းကို သူက သတ်မှတ်သည်။ အထပ်လိုက်ကိုင်ထားသော ဘောလုံးပွဲလက်မှတ်များမှာ မကုန်ဘဲ ကျန်နေသည်ဟူ၍ မရှိ။

လက်မှတ်မရ၍ တလည်လည်ဖြစ်နေသည့် ဘောလုံးဝါသနာအိုး ပရိသတ်သာ ကျန်စမြဲရှိသည်၊ တိုင်းဘောလုံးပွဲ၊ နိုင်ငံခြားဘောလုံးပွဲလက်မှတ်က





အဲ့ဒီလောက်ကို အလုပ်ဖြစ်သည်။ မုဆိုးစိုင်သင်ဆိုသလို လုပ်ရင်းကိုင်ရင်းမှာ စားကျက်သစ်တွေ မြင်တွေ့လာပြီး အကွက်သစ်တွေ တည်ထွင်ခဲ့ခြင်းဖြစ်သည်။ တကယ်တော့ ကိုရေခဲက သူများတည်ထွင်ပြီးသားလမ်းဟောင်းအပေါ် နင်းလျှောက်တတ်သူ မဟုတ်။

ကိုယ့်နည်း ကိုယ့်ဟန်၊ ကိုယ့်အကြံအဖန်ဖြင့် လမ်းကြောင်းသစ်ကို တည်ထွင်ပြီး ပိုင်ပိုင်နိုင်နိုင် အကွက်သစ်ထွင်၍ လျှောက်ခဲ့သည်မှာ ရေခဲဟူ၍ ဖြစ်လာရသူပါ။ သူကိုင်တွယ် လှုပ်ရှားခဲ့သည့်လုပ်ငန်းက အပေါ်ယံ ကြောကြည့်လျှင် လွယ်လွယ်လေးပါဟု ဆိုနိုင်လှ၏၊

ဘာခက်တာမှတ်လို့လည်း ဟူ၍လည်း ပြောနိုင်ရာ၏၊

လက်မှတ်ဝယ်တယ်၊ ပြန်ရောင်းတယ်။ လုပ်ငန်းသဘော ဒါပဲ မဟုတ်လား။

အရောင်းအဝယ် လုပ်ငန်းသဘော သက်ရောက်ပေမယ့် ဥပဒေဘောင်မဝင်သော တရားမဝင် လုပ်ငန်းဖြစ်သောကြောင့် ဥပဒေနှင့် ငြိစွန်းသည်။

အကြံအဖန်လုပ်ကွက်၊ အတိမ်းအရှောင်လှည့်ကွက် မကျွမ်းရင်ခံကြော။

အန္တရာယ်လမ်းကြောင်းပေါ်မှာ လူးလွန့်လှုပ်ရှားပြီး ဥပဒေကြိုးတန်းပေါ်မှာ လှုပ်ကာလှဲကာ လျှောက်နေရသောကြောင့် လှစ်နေအောင်လျစ်မှ လွှာနေအောင်ပါးမှ သွက်နေအောင်နစ်မှ ပွနေအောင်ကျေမှ လုပ်ငန်းအထာနှင့် အံဝင်ခွင်ကျ ဖြစ်မည်။ နို့မဟုတ်ရင်တော့ လုံးတီးစကားပဲ ပြောရမည်၊

အပေါ်ယံတိမ်ပေမယ့် အတွင်းနှိုက်တော့နက်သည့် လုပ်ငန်းသဘော ရှိသောကြောင့် သည်လုပ်ငန်းခွင်ထဲသို့ တိုးဝင်မလာရဲကြ။

အန္တရာယ်ကြိုးတန်းပေါ် ဟန်ချက်ညီအောင် ထိန်းရင်း လက်ဖျားငွေသီးဖြစ်လာသည့် ကိုရေခဲမှာ လုပ်ငန်းအောင်မြင်သူအဖြစ် ရပ်တည်နေခဲ့ရာမှ. . .၊

တုတ်နှောင်မိလိမ့်မည်ဟု မထင်မှတ်ခဲ့သည့် ဥပဒေကျော့ကွင်း၏ သုံးလွန်တင်ကြိုးနှင့် တုတ်နှောင်မိသွားသောအခါ. . .၊

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(ခုနစ်)

မှောင်ခိုနှင့် ဝယ်ရောင်း။

သူတို့ကို အများက အခေါ်အဝေါ်ပြုကြသည်မှာ မှောင်ခို။

ရုပ်ရှင်ရုံလက်မှတ်ရောင်းသည့် နေရာမှအပ ပြင်ပတွင် ရောင်းသည့် လက်မှတ်များကို မှောင်ခိုလက်မှတ်ဟု ခေါ်ကြသည်။

တရားဝင် မဟုတ်သော လုပ်ငန်းဟူသမျှကို မှောင်ခိုလုပ်ငန်း၊ တရားဝင်မဟုတ်သော အရောင်းအဝယ်မှန်သမျှကို မှောင်ခိုအရောင်းအဝယ်ဟု ခေါ်ဝေါ်သုံးစွဲသည့် အသုံးအနှုန်း ဖြစ်ပေါ်ခဲ့သည်မှာ မော်လမြိုင်၊ မြဝတီလမ်းကြောင်းမှ စတင်ခဲ့သည်။

ပုန်းလျှိုးဝှက်လျှိုး သယ်ယူရောင်းဝယ်မှန်သမျှသည် မှောင်ခို။

ရုပ်ရှင်လက်မှတ် ပုန်းလျှိုးဝှက်လျှိုးရောင်းဝယ်သည့် သူတို့ကိုလည်း မှောင်ခိုဟု ခေါ်ကြသည်။ သူတို့ကမူ ထိုအခေါ်အဝေါ် အမည်နာမကို လက်မခံ၊ သူတို့ဘက်မှ သူတို့အမြင် အကြောင်းပြချက်များဖြင့် စောဒကတက်လာကြသည်။ ဒင်္ဂါးကို ခေါင်းဘက်မှကြည့်သူက ခေါင်း[illegible]လျှင် မှန်သည်၊ ပန်းဘက်မှကြည့်သူက ပန်းဟုပြောလျှင် မှန်သည်။

သူတို့က ကျွန်တော်တို့မှောင်ခိုမဟုတ်ပါဟု စောဒကအဆိုပြုလာသည်။

ကျွန်တော်တို့က ဝယ်ရောင်းတွေပါ။

သူတို့ရှုထောင့်က အဲ့ဒီလိုအဆိုအပြော ရှိလာသည်။

သူတို့အကြောင်းပြချက်မှာ ခိုင်လုံသည်ဟု မဆိုသာပေမယ့် ယုတ္တိကင်းမဲ့သည်ဟု မပြောသာပြန်။ သူတို့က ဤသို့ဆိုကြသည်။

ကျွန်တော်တို့ဟာ ပြည်သူပိုင် ရုပ်ရှင်ရုံတွေရဲ့ ဝင်ငွေကို တစ်ပြားတစ်ကျပ်သော်မှ ထိခိုက်အောင် နစ်နာဆုံးရှုံးအောင် လုပ်နေသူတွေ မဟုတ်ပါဘူး။ ဝင်ငွေတိုးအောင် တစ်ဘက်တစ်လမ်းက အထောက်အကူ ပြုနေသူ





တွေပါ။ ပံ့ပိုးပေးနေ သူတွေပါ။

ကျွန်တော်တို့ကြောင့် ရုပ်ရှင်ရုံတွေ ဝင်ငွေလုံးဝမထိခိုက်ဘဲ ဝင်ငွေပိုကောင်းတယ်ဆိုတာ ငြင်းလို့မရပါဘူး။

ကျွန်တော်တို့ကြောင့် ဝင်ငွေထိခိုက်နစ်နာမှုရှိတယ်လို့ ပြောစရာဖြစ်စရာ အကြောင်းရှိရင် သာဓကရစရာအကြောင်းလေး တစ်ခုလောက်ပြောပြစမ်းပါ။

အဲ့ဒီလို ကျွန်တော်တို့က ပြောရင် ဆရာတို့မှာ ဖြစ်စရာအကြောင်းမရှိပါဘူး။ သူတို့က သို့လိုပြောလာသည်ကို ကျွန်တော်တို့က မချိပြုံးလေးပြုံးပြီး ခေါင်းညိတ်ဝန်ခံလိုက်ရသည်။

သူတို့ပြောလာသည်ကလည်း အမှန်ဖြစ်နေသည်။

တကယ်တမ်းဆိုရပါမူ သူတို့ကြောင့် ရုပ်ရှင်ရုံဝင်ငွေ မထိခိုက်ခဲ့ပါ။ မနစ်နာခဲ့ပါ။ ရုပ်ရှင်ကြည့်ပရိသတ်အတွက် ငွေပိုပေးရပြီး စိတ်အနှောင့်အယှက်ဖြစ်ရသည်မျိုးတော့ ရှိပါသည်။

ဒါကလည်း ရုပ်ရှင်ကြည့် ပရိသတ်အားလုံးနှင့်တော့ မသက်ဆိုင်ပါ။

အနည်းစု တချို့ပရိသတ်က သူတို့ရှိသည်ကို လိုလိုလားလား ထောက်ခံကြသည်။

ကျွန်တော်တို့နှင့် ထိပ်တိုက်လာတွေ့ပြီး ပြောသူများပင် ရှိခဲ့သည်။ သည်အကြောင်း နောက်ပိုင်းတွင် ပါလာပါမည်။

ခု သူတို့ပြောသည့်အကြောင်း အပြည့်အစုံကို ဆက်ပါမည်။

[illegible]ကားတစ်ကားလဲတော့မယ်ဆိုရင် အဲ့ဒီဇာတ်ကားဟာ ဘယ်လိုဇာတ်က[illegible]ဖြစ်မယ်။ ပရိသတ်အကြိုက်တွေ့မယ့် ဇာတ်ကားမျိုးလား၊ ပရိသတ်မကြိုက်မယ့် ဇာတ်ကားမျိုးလားဆိုတာ မသိဘဲ တစ်ပတ်စာလက်မှတ်တွေကို ကြိုတင်ဝယ်ထားရတာပါ။

နမူနာ အပြကောင်းပေမယ့် တကယ့်ဇာတ်ကားပြတော့ နမူနာမှာပါတဲ့ ကောင်းခန်းလေးပဲပါပြီး အားလူးဖုတ်တဲ့ကားမျိုးနဲ့တိုးရင် ကျွန်တော်တို့ ခွက်ခွက်လန်လန်အောင် ရှုံးပါလေရော။

ကျွန်တော်တို့က ဘာမသိ ညာမသိနဲ့ ကြိုတင်ရင်းလိုက်ရတာပါ။

ပြီးတော့ ကျွန်တော်တို့က လေးကျပ်တန်းကို လေးကျပ်၊ ငါးကျပ်တန်းကို ငါးကျပ်၊ ရှစ်ကျပ်တန်းကို ရှစ်ကျပ် နှုန်းထားအပြည့်ပေးပြီး ဝယ်ရတာပါ။

တန်[illegible]ရတဲ့ လူတွေအတွက် ကြိုတင်လက်မှတ် စလစ်တစ်စောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်ပေးရပါတယ်။ ငါးကျပ်တန်းလေးစောင်ကို ဈေးရင်းနှစ်ဆယ်ကျပါတယ်။ ကျွန်တော်တို့က သုံးဆယ်ပေးဝယ်ရတာပါ။ ဘေးထွက်လက်မှတ်ကျတော့ တစ်စောင်ကို အနည်းဆုံးစတော့ သုံးကျပ်၊ ဒီစီ ငါးကျပ် ပေးရပါတယ်။

ကျွန်တော်တို့က လက်မှတ်တစ်စောင်ကို ရှစ်ကျပ်၊ တစ်ဆယ်ရင်းလိုက်ရတာပါ။

ဘေးထွက်စရိတ်ပါ ထည့်တွက်လိုက်ရင် ဒီစီလက်မှတ်တစ်စောင်ရဲ့ တန်ဖိုးဟာ တစ်ဆယ့်သုံးကျပ် အနည်းဆုံးရှိပါတယ်။

ဒါကို ကျွန်တော်တို့က နှစ်ဆယ်၊ အစိတ်နဲ့ ရောင်းရပါတယ်။

ကားသိပ်ကောင်းမှ သုံးဆယ်၊ သုံးဆယ့်ငါးကျပ်ရတာပါ။

ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူပိုင်ရုပ်ရှင်ရုံတွေရဲ့ ဝင်ငွေကို တက်အောင် တစ်ဘက်တစ်လမ်းက ကူညီနေသူတွေလို့ ပြောရခြင်း ဖြစ်ပါတယ်။ တန်းစီပြီး ဝယ်ခိုင်းလို့ရတဲ့လက်မှတ်က နေရာမကောင်းပါဘူး။

ဘေးဘက်ကျတဲ့ နေရာမျိုးပဲ ရတတ်ပါတယ်။

သိပ်အကြမ်းပတမ်း တိုးတဲ့ကားမျိုးကျရင် နေရာဘေးဘက်ကျတဲ့ လက်မှတ်က ဈေးကောင်းမရပါဘူး။

ရုံက ထွက်တဲ့ဘေးထွက်လက်မှတ်ကျမှ အတန်းကောင်း၊ နေရာကောင်းတွေ ရပါတယ်။ ရောင်းပန်းလှပြီး ဈေးကောင်းလည်း ရပါတယ်။

ကျွန်တော်တို့ လုပ်ရကိုင်ရတာ မလွယ်ပါဘူး။

လေးကျပ်တန်းကို လေးကျပ်နဲ့ရပြီး နှစ်ဆယ်အစိတ်ပြန်ရောင်းရရင် ကျွန်တော်တို့ဝင်ငွေဟာ ဂဏန်းကြီးတွေ ဖြစ်ကုန်မှာပေါ့။

ဘေးထွက်အထွေထွေစရိတ်က နည်းတာမှမဟုတ်တဲ့ဟာ။ ကျွန်တော်တို့အကြောင်း ဆရာတို့ပိုသိပါတယ်။

ပြီးတော့ ကျွန်တော်တို့မှာက ငွေရင်းငွေနှီး အလုံးအခဲ ရှိတာမဟုတ်ပါဘူး။

ကျွန်တော်တို့က ရသုံး ဖြုန်းကုန်သမားတွေပါ။

လွယ်လွယ်ရတဲ့ငွေကြေးကို လွယ်လွယ်ဖောဖော သုံးပစ်ကြပါတယ်။

ကားသစ်ကားကောင်း လဲတော့မည်ဆိုသည့်အခါ လက်ထဲမှာ သောင်းဂဏန်းငွေကြေးရှိဖို့ လိုလာပါတယ်။ အဲ့ဒီလိုအခါမျိုးမှာ ငွေရှင်တွေဆီက တစ်ရာကို နှစ်ဆယ်အတိုးပေးပြီး ယူရပါတယ်။ တစ်သောင်းယူရင် ရှစ်ထောင်ပဲရပါတယ်။ ပြန်ပေးတော့ တစ်သောင်းပြန်ပေးရပါတယ်။

အတိုးကို ငွေစချေးကတည်းက ဖြတ်ယူထားလိုက်တဲ့ သဘောပါ။





ကျွန်တော်တို့ဆီက ခေါင်းမြီးခြုံပြီးထွက်သွားတဲ့ စာရင်းပျောက်ငွေက နည်းတာမှ မဟုတ်ဘဲကိုး။

ရင်းနှီးရတဲ့ငွေနဲ့ ရမယ့်အမြတ် တွက်သားကိုက်အောင် ကျွန်တော်တို့ကလည်း ဈေးနှုန်းကို လေးငါးဆ တင်လိုက်ရတော့တာပါပဲ။

လက်မှတ်ပြန်ရောင်းတဲ့အခါမှာ ပို့ရဖို့ရ ပေးရကမ်းရဆိုတဲ့ ခေါင်းမြီးခြုံတွေ ကြေးစရိတ်တွေ နုတ်လိုက်ရင် ကျွန်တော်တို့မြတ်တဲ့ အမြတ်ငွေဟာ လက်မှတ်တစ်စောင်ပေါ်မှာ အများဆုံး တစ်ဆယ်လောက်ပဲ ကျန်တာပါ။

အဲ့ဒီတစ်ဆယ်ကို ကျွန်တော်တို့ ဝေမျှစားသောက်ကြရတာပါပဲ။

ကျွန်တော်တို့လုပ်ငန်းက စွန့်စားခြင်းကို အရင်းတည်ထားရတာပါ။

ပရိသတ်အကြိုက်ကားမျိုးနဲ့တိုးရင် ကျွန်တော် ဖလဲပေါ့။ ပရိသတ်အကြိုက်နဲ့မတိုးရင် ကျွန်တော်တို့အကွဲပေါ့။ ကွဲပြီဆိုရင်လည်း ဟက်တက်ပဲ။

တစ်ခါတလေများ ဒီစီကို တစ်ကျပ်နဲ့ရောင်းလို့မရလို့ အရပ်မှာ အလကားဝေပေးရတာမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်ဓာတ်မကျစေတဲ့ မျှော်လင့်ချက်လည်း ရှိတာပေါ့လေ။ သည်တစ်ကားကွဲရင် နောက်တစ်ကား ဖလဲဖြစ်မယ်ဆိုတဲ့ မျှော်လင့်ချက်ပေါ့။

တကယ်တော့ ကျွန်တော်တို့က မှောင်ခိုမဟုတ်ပါဘူး။ ဝယ်ရောင်းပါ။ ရုပ်ရှင်လက်မှတ်ကို သတ်မှတ်ဈေးနှုန်းပေးပြီး ဝယ်တယ်။ ကြိုက်ဈေးနဲ့ပြန်ရောင်းတယ်။

ကျွန်တော်တို့က ဝယ်သူကို ခြိမ်းခြောက်ပြီး အတင်းအကြပ် မရောင်းပါဘူး။ ကျွန်တော်တို့ရောင်းနိုင်တဲ့ဈေးကို ခေါ်ပြီးမှ ရောင်းသူဝယ်သူ ကြည်ကြည်ဖြူဖြူ ရောင်းချဝယ်ကြတာပါ။

သူတို့ဘက်က အတွေးအမြင်ကို ဤသို့လျှင် ရင်ဖွင့်ပြောပြသွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကတော့ မှောင်ခိုပဲဆိုဆို၊ ဝယ်ရောင်းပဲဆိုဆို၊ သူတို့သာမရှိရင် ရုပ်ရှင်ကြည့်ပရိသတ်မှာ အပိုကြေး ပေးရသည့် ထွက်ငွေသက်သာမည်ကိုတော့ ငြင်းချက်ထုတ်လို့မရနိုင်ပါပေ။

သူတို့သာမရှိရင် ရုပ်ရှင်ကြည့်ပရိသတ်မှာ အေးအေးဆေးဆေးလာပြီး ကိုယ်ကြည့်မည့်အတန်းက လက်မှတ်ကို အေးအေးလူလူ ဝယ်၍ စမတ်ကျကျ ဝင်ကြည့်ရုံသာ။

ခု သူတို့ရှိနေသည့်အတွက် ကြိုတင်လက်မှတ် ဝယ်မထားရင် ရုပ်ရှင်ကြည့်ဖို့များ စိတ်ကူးထဲတောင် မထည့်ပါလေနဲ့ဟု ပြောရမည်သို့ ရှိပါချေ၏။

သူတို့ကြောင့် သက်တောင့်သက်သာ အပန်းဖြေရန် လာရောက်ကြသည့် ရုပ်ရှင်ကြည့်ပရိသတ်က စိတ်အနှောင့်အယှက် ဖြစ်ရသလို ငွေကြေး ပိုမို ကုန်ကျခံရသည့် အခက်အခဲကိုလည်း တွေ့ကြုံရသည်။

လေးကျပ်တန်းလက်မှတ်ကို နှစ်ဆယ် အစိတ်ပေး ကြည့်ရသောကြောင့် နစ်နာသည်။

ရုပ်ရှင်လက်မှတ်ရောင်းသည့်နေရာတွင် အလွယ်တကူဝယ်မရဘဲ သူတို့ ရှိရာနေရာနောက်ကို အမောတကော လိုက်ဝယ်ရသည်။

တစ်ခါတရံ အဖမ်းအဆီးရှိသောအခါမျိုးတွင် သူတို့က အရှောင်အတိမ်း လုပ်နေကြသည်။

အဲ့ဒီအခါမျိုးတွင် သူတို့ရှိရာနေရာသို့ လိုက်ရသည်မှာ ချွေးပြန်သည်။

သမ္မတရုံရောက်ပြီးကာမှ ကားအသွားအလာရှုပ်သည့် အလံပြဘုရားလမ်းမကြီးကို ဖြတ်ကူးပြီး ဘူတာကြီးနားအထိ အောင်ဆန်းကွင်း အထူးတန်းဘက်လမ်း ခြုံကြိုခြုံကြားထဲအထိ လိုက်ဝယ်ရသည်။

ရောင်းသည့်လူကိုတွေ့ပေမယ့် လက်မှတ်ချက်ချင်းမရ။ သူတို့တတွေက





လက်မှတ်ကို ကိုင်မထား။ ဝှက်မထားသည့်နေရာကို သွားယူပြီးမှရမည်။

ကိုယ်ရော စိတ်ပါမောကြောဆိုက်ရသည်။

ရုံအနားတွင် စောင့်ကျန်နေရသည့် မိသားစုမှာလည်း ရင်တမမ၊ စိတ်တမောမော။ လည်ပင်းတရှည်ရှည်နှင့် မောမျှော် မျှော်နေကြရသည်။ တဖဂ် သောကပွေပြီး စိတ်ထွေနေရသည်။

လက်မှတ်ရပါ့မလား၊ ဘယ်အထိအောင်များ လိုက်နေရပါလိမ့်။ လက်မှတ်မရခဲ့သော်. . .။

လူကြီးတွေချည်းက အကြောင်းမတတ်။ ဂျီတိုက်တတ်သည့် ကလေး ပါလာရင် မလွယ်ကြော။ အိမ်က ထွက်လာတုန်းက စိတ်လက်ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း။

ရုပ်ရှင်ရုံရောက်တော့ စိတ်ထွေပြားပြီး လေးလံထိုင်းမှိုင်းမှုနှင့် ဆုံဆည်းလိုက်ရသည်။

ရုပ်ရှင်ကြည့်ချင်စိတ် ကုန်ခမ်းရမတတ် ဖြစ်ကြရသည်။

စိတ်လက်ကြည်ကြည်သာသာနှင့် အပန်းဖြေဖို့လာကာမှ ရုပ်ရှင်တစ်ခါ ကြည့်ရဖို့အရေး တော်ပါတော့ဟု သြချယူရသည်။

ကြိုတင်လက်မှတ် ဝယ်ထားဖို့ကလည်း လက်မှတ်ရဖို့ကမလွယ်။

ဘွတ်ကင်ဖွင့်သည့်အချိန်က ရှစ်နာရီ။ တန်းစီဖို့ အိမ်ကထွက်ရသည့် အချိန်က ခုနစ်နာရီ၊ ရုံနားရောက်တော့ ရှစ်နာရီမထိုးတတ်သေး။

အဝေးကနေ မြင်ကွင်းကြောင့် စိတ်ရောကိုယ်ပါ မောဟိုက်သွားသည်။

ဘဲအုပ်ကတစ်ရာနှစ်ရာ မဗေဒါက တစ်ပွင့်တည်းဆိုသော တန်းထဲသို့ ဝင်စီရသည်။ ဘဲအုပ်ကြီးကို တစ်ပွင့်တည်းသော ဗေဒါလေးက ကျော်လွှားပြီး လက်မှတ်ရောင်းသည့် အပေါက်ရှေ့သို့ ရောက်ဖို့က မလွယ်။

လက်မှတ်ယူပြီး ပြန်ထွက်လာသည့် သူတို့အုပ်စုသမားတွေက သူတို့လူတွေကြားသို့ တစ်ကြော့ပြန်ဝင်ကြပြန်သည်။

တကယ် ရုပ်ရှင်ကြည့်မည့် တန်းစီနေသူများမှာ ရှေ့သို့ခြေတစ်လှမ်း စာရွေ့ဖို့ အနည်းဆုံးဆယ့်ငါးမိနစ် စောင့်ရမည်။

ဘဲအုပ်ကြီး လုပ်ချင်သလိုလုပ်နေသည်ကို မဗေဒါတစ်ပွင့်တည်းက ဘယ်ပြောလို့ ဖြစ်လိမ့်မှာပ။

ဘဲအုပ်က အုပ်စုလိုက် ပြန်တန်းလိုက်မှဖြင့် မဗေဒါ ညက်ညက်ကြေ သွားမည်မှာ သေချာသည်။ သူတို့နှင့် ဖက်ဖြစ်ဖို့ကလည်း မဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



နာပြီးရင်း နာရမည်မှာ ကိုယ်သာပါ။ ရဲအစောင့်အကြပ်ရှိရာသို့ သွားပြောပြန်တော့လည်း အကြောင်းမထူး။ ရုပ်ရှင်ရုံဝန်ထမ်းကလည်း သူ့အကြောင်းနှင့်သူ။ သူတို့သုံးဦးသုံးဖလှယ်ကြားထဲမှာ အကြောင်းကြောင်းတွေ ရှိနေကြသည်။

တကယ် ရုပ်ရှင်ကြည့်မည့်တန်းစီပရိသတ်လက်မှတ်ရောင်းသည့်အပေါက်သို့ ရောက်သွားသည့်အချိန်မှာ မွန်းတည့်ချိန်အတော်ကြီး လွန်သွားပြီ။

ရက်ကောင်း၊ ပွဲကောင်း၊ နေရာကောင်းတွေကုန်ပြီ။

မနက်ဆယ်နာရီခွဲပွဲ၊ ညနေလေးနာရီခွဲပွဲ၊ ဘေးအစွန်ဆုံး နေရာတွေလောက်ပဲ ကျန်တော့သည်။ တစ်နာရီခွဲပွဲ၊ ခုနစ်နာရီခွဲပွဲတွေကိုတော့ စိတ်ကူးထဲတောင် ထည့်မကြည့် ပါလေနဲ့။ အဲ့ဒီလက်မှတ်တွက ဘဲအုပ်တွေအတွက်။

မဗေဒါတို့အတွက်ကတော့ တစ်ခုံတလေ ကတ်ကတ်သပ်သပ် အကျန်လေးသော်မှ မရနိုင်။ ဘွတ်ကင်ခေါ် ကြိုတင်လက်မှတ်ရောင်းသူကလည်း အဲ့ဒီအရောင်း ဇယားကြီးကို လှန်ပြလိမ့်မယ်မဟုတ်။

မေးရန်လည်း နှုတ်အဖြေမပေး။ ပွဲစဉ်ဇယားဆိုင်းဘုတ်ရှိရာကို လက်ညှိုးထိုးပြလိမ့်မည်။ ဆိုင်းဘုတ်အထွက်ကလေးတွေမှာ အက်(ဖ)ယူ၊ အဲ့ယ်လ်၊ အယ်လ်စာလုံးလေး တွေ့ရမည်။

ဖူး(လ်)။ ပြည့်ပြီ (ဝါ) ကုန်ပြီ။

သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်စာ တစ်ဆယ့်နှစ်ပွဲသော လက်မှတ်များမှာ ဘလက်မတ်ကတ် မောင်ရေခဲတို့နှင့် ဝှိုက်မတ်ကက်ခေါ် အထူးဖြူရောင်းရသော လက်မှတ်များကြောင့် သုံးရက်စာ လက်မှတ်ရောင်းချိန်မှာ နှစ်နာရီထက်မပို။ ဆယ်နာရီကြိုတင်လက်မှတ် အရောင်းဖွင့်သည်။

ဆယ့်နှစ်နာရီမထိုးခင် ကုန်သည်။ဝှိုက်မတ်ကတ်ဆိုတာက စက္ကူဖြူပေါ်တွင် တံဆိပ်အမျိုးမျိုး ရိုက်နှိပ်၍ ဝယ်ခိုင်းသော အထူးပုဂ္ဂိုလ်များအား ရောင်းချပေးရသော လက်မှတ်များ ဖြစ်၏။

ကားသစ်လဲလို့ ကြိုတင်လက်မှတ်ရောင်းတော့မည်ဟု ကြော်ငြာလိုက်သည်နှင့် စာရွက်ဖြူသမားများမှာ နှစ်ရက်ခန့်ကြိုတင်လက်မှတ်ရောက်လာပြီး စာရွက်ဖြူများကို ပေးသွားကြ၏။

ကြိုတင်လက်မှတ်မရောင်းမီကတည်းက ရောင်းချမည့်ဇယားပေါ်တွင် နေ့စွဲနှင့်ပွဲစဉ်ကိုကြည့်၍ သီးသန့်မှတ်သားပေးရသည်။

စာရွက်ဖြူများကို သုံးမျိုးသုံးစားခွဲပြီး နေရာကောင်း၊ နေရာသင့်၊ နေရာ





မကောင်း ဟူ၍ ခွဲခြားမှတ်သားပေးရသည်။ ဝှိုက်မတ်ကတ်သမားတွေက တန်းစီစရာမလို။ တစ်ရက်ကြိုတင်၍ စာရွက်ကလေးလာပေးပြီး နောက်တစ်ရက်ခြားပြီး လက်မှတ်စလစ်လာယူရုံသာ။ ဝှိုက်မတ်ကတ်သမားတွေကို ရောင်းရသည့် လက်မှတ်အရေအတွက်ကလည်း နည်းနည်းနောနော မဟုတ်ပါ။

သုံးရက်စာ ပွဲကောင်းလက်မှတ် အရေအတွက် ထက်ဝက်နီးပါးရှိသည်။

တစ်ခါတုရံ ထက်ဝက်ကျော်သေးသည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး သုံးလေးနာရီ တန်းစီရရှာသည့်

သာမာန် ရုပ်ရှင်ကြည့်ပရိသတ်မှာ ဘလက်မတ်ကတ်နှင့် ဝှိုက်မတ်ကတ်ကြားတွင် ညပ်ပြီး အမောသာအဖတ်တင်ကြရသည်။

ဘယ်သွားနေသလဲ မောင်ရေခဲတို့ အုပ်စီးထားသည့် လွန်လေပြီးသောတစ်ချိန်က ဤသို့သောဖြစ်ကြောင်းဖြစ်ရပ်ရှိခဲ့သည်ကို ရုပ်ရှင်ကြည့်ပရိသတ်တိုင်း သိရှိခံစားခဲ့ကြရသည်။ မောင်ရေခဲတို့ဘက်က သူတို့အမြင်၊ သူတို့အပြောရှိသလို ရုပ်ရှင်ကြည့်ပရိသတ်ကလည်း သူတို့နှင့် ပတ်သက်၍ ပြောကြမည်ဆိုလျှင် သူတို့မရှိတာ အကောင်းဆုံးပါဟု တစ်ညီတစ်ညွတ်တည်း ပြောကြလိမ့်မည်သာပါ။

သို့တစေ ရုပ်ရှင်ကြည့်ပရိသတ်မှာလည်း နှစ်မျိုးနှစ်စားရှိပြန်သည်။

တစ်မျိုးသောအများစု ရုပ်ရှင်ကြည့်ပရိသတ်က ကြည့်ချင်သည့်နေ့ ကြည့်ချင်သည့်ပွဲကို အလွယ်တကူ ကြိုတင်လက်မှတ်ကို ဝယ်ယူပြီး ကြည့်လိုသည့်ဆန္ဒရှိသူက တစ်မျိုး။

တစ်မျိုးသော အနည်းစုကမူ ဘယ်နေ့ဘယ်ရက်ပွဲကြည့်မည်ဟု ကြိုတင်သတ်မှတ်ချက် မထားနိုင်လောက်အောင် စီးပွားရေးလုပ်ငန်းများနှင့် ဂျင်ခြေလည်နေသူများနှင့် နယ်မှမရောင်းအဝယ်ကိစ္စဖြင့်လာရင်း အချိန်လုနေရသူများမှာမူ မောင်ရေခဲတို့ရှိမှ အလုပ်ဖြစ်ကြသည်။

ထိုသူမျိုးတွေကတော့ ငွေကြေးသည် သူတို့အတွက် အကြောင်းမဟုတ်၊ သူတို့အားလပ်ခိုက် အချိန်ရခိုက် ရုပ်ရှင်ကြည့်ဖို့ အပြေးအလွှားရောက်လာစဉ် နေရာကောင်းကောင်းက လက်မှတ်ရဖို့ပဲလိုသည်။

ဈေးဘက်လောက်ပိုပေးရ ပေးရ၊ ဈေးကို အဓိကမထား။ သူတို့ရောက်လာစဉ် လက်မှတ်ရဖို့ ရုပ်ရှင်ကြည့်ရဖို့ပဲ အဓိက ထားသည်။

သူတို့က ရုံမှာ လက်မှတ်ရှိသေးသလား။ လက်မှတ်ရဦးမလားဆိုသည်ကို အရေးမထား၊ သွားမေးတာတို့ စုံစမ်းတာတို့လည်း လုပ်လေ့လုပ်ထမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝယ်နေကျ မျက်မှန်းတန်းမိသူ အရောင်းသမားများထံ၌ လက်မှတ်ဝယ်ယူပြီး ရုံထဲသို့ ခပ်ကြော့ကြော့ကလေး ဝင်သွားကြသည်သာ။

နယ်က ခဏတဖြုတ်လာသူတွေကလည်း ထိုနည်းလည်းကောင်းပင် အချိန်ပို ရက်ပို မပေးနိုင်။

ရသည့်အချိန်ကလေးအတွင်း အလုအယက် ရုပ်ရှင်ကြည့်ပြီး သဘော်ာဆိပ်ကို ဆင်းကြသည်။ ဘူတာရုံကို ပြေးကြသည်။

ကားထွက်မည့်နေရာကို ဒရောသောပါး သုတ်ခြေတင်ကြရသည်။

ထိုသူမျိုးတွေကတော့ ကိုရေခဲတို့ကို ကျေးဇူးတောင်တင်သေးသည်။

မောင်မင်းကြီးသားတွေ ရှိပေလို့ သမ္မတရုံကကားကို ကြည့်လို့ရတာ။

အဲဒီကားမျိုးကို သူတို့နယ်မှာကြည့်ရဖို့ နှစ်ချီစောင့်ရသည်။

ခု အစောကြီးကြည့်လိုက်ရတော့ နယ်ပြန်ရောက်ရင် အပေါင်းအသင်းတွေကြားမှာ ကြွားနိုင် ဝါနိုင် မော်နိုင်ပြီ။

သည်တော့လည်း ပလက်ဖောင်းမင်းသားတွေကို ကျေးဇူးတင်ရသည်ပေါ့။

ထိုသို့သော အထာသဘောရှိသည်ကို ရုပ်ရှင်ကြည့်ပရိသတ်များ သတိမမူ၊ သိရှိမိ ရှိကြလိမ့်မည် မထင်ပါ။

စာရေးသူက ရုပ်ရှင်ရုံဝန်ထမ်းလုပ်ခဲ့ဖူးသောကြောင့်သာ ထိုအထာသဘောကို သိရှိခဲ့ခြင်း ဖြစ်ပါသည်။

တချို့ကဆို မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်ဆိုသလို စာရေးသူတို့ကို ချဲသွား ဆဲသွားဖူးသည်များ ရှိခဲ့သည်။

တစ်ခါတရံ နယ်မြေခံက မဟုတ်ဘဲ အထက်ဆိုင်ရာက စီမံချက်ဖြင့် အဖမ်းအဆီးကြီး လုပ်သည်မျိုးလည်း ရှိသည်။

ထိုအခါမျိုးတွင် နယ်မြေခံများကပါ ပါဝင်ကြရသည်။

ထိုသို့သော အခြေအနေမျိုး ရှိလာသည့်အခါ ဘယ်သွားနေသလဲ မောင်ရေခဲလည်း မတတ်နိုင်တော့။

တပည့်တပမ်းတွေကို အခြေအနေကြည့်လုပ်ပေတော့ဟုပဲ ထားခဲ့ပြီး သူကိုယ်တိုင်ပင် ကိုယ်ရောင်ဖျောက်၍ လျှိုနေ ခိုနေရသည်။

ငွေအကြောင်းမဟုတ်၊ လက်မှတ်သာ အကြောင်းဆိုသူတွေက ကျွန်တော်တို့ဆီ ရောက်လာကြသည်။ ခါးထောက်ပြီး မျက်နှာထားတင်းတင်းနှင့်. . .

"ခင်ဗျားတို့ ဖမ်းလားဆီးလားနဲ့ မယောင်ရာဆီလူး မနေစမ်းပါနဲ့။ ကျုပ်တို့ဟာ ကျုပ်တို့ အပိုပေးကြည့်နိုင်လို့ ကြည့်တာ၊ ခင်ဗျားတို့ပဲ လက်မှတ်





တွေ မှောင်ခိုထုတ်ပြီး ခုမှ ဖမ်းလားဆီးလားနဲ့"

ဟုကြည့်ကြည့်ပြီး အဲဒီလို အခြောက်တိုက် ကလိသွား ရိသွားတာမျိုးလည်း ကြုံရဖူးသည်။

အခြောက်တိုက်လာပြီး ချဲတာကြောင့် ထိုးရကြိတ်ရသည့် အဖြစ်မျိုးရောက်သွားသည်မျိုးလည်း ရှိခဲ့ဖူးသည်။ မောင်ရေခဲတို့မှာ အများအတွက် ရှိမကောင်း။ လက်မှတ်သာရ ဆိုသည့် လူတချို့အတွက်တော့ မရှိမကောင်းဟု ဆိုရ လေမလား။ မည်သို့ပင် ရှိစေ။

ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ရုပ်ရှင်လက်မှတ်မှောင်ခိုလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာသည်မှာ ရုပ်ရှင်ပြသမှုအခြေခံ အပြောင်းအလဲရှိသောကြောင့်ဟု ဆိုရမည်ဖြစ်ပေသည်။

ထိုအခြေခံအပြောင်းအလဲမှာ. . .။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(ရှစ်)

ရုပ်ရှင်ရုံများ ပြည်သူပိုင် မသိမ်းမီကပင် ရုပ်ရှင်ဘေးထွက်လက်မှတ်အရောင်းအဝယ်ရှိနေပြီ။

ထူးထူးထင်ထင် ပေါ်ပေါ်လွင်လွင်ကြီးတော့ ဖြစ်မလာသေးသလို ကျယ်ကျယ်ပြန့်ပြန့် အဓိကရ လုပ်ငန်းအဆင့်သို့ မရောက်သေး။

ကြုံသလို ကျပမ်းလုပ်ကိုင်သည့်အဆင့် အနေအထားလောက်ပဲ ရှိသေးသည်။ အင်္ဂလိပ်ဇာတ်ကားနှင့် ကုလားဇာတ်ကားပြသသော ရုံများတွင် ဆာလေနှင့် မာမွတ်တို့နှစ်ယောက်က ခြယ်လှယ်စိုးမိုးထားသည်။

ပြည်သူပိုင်မသိမ်းမီ ပုဂ္ဂလိက လက်ထက်။ ဆာလေ (ခေါ်) မောင်စိန်နှင့် မာမွတ် (ခေါ်) ဘာဘူတို့မှာ ရုပ်ရှင်ရုံပိုင်ရှင်များ၏ လက်သပ်မွေး တပည့်များဖြစ်သည်။ သူတို့နှစ်ယောက်က လက်မြန်ခြေမြန်ရှိသည်။မြန်မာရေလည်သည်။ အပေါင်းအသင်း ဝင်ဆန့်သည်။

သူတို့နှစ်ယောက်ကို ရုပ်ရှင်ရုံပိုင်ရှင်တွေက ငွေကြေးပေးကမ်းပြီး သူတို့ပိုင် ရုပ်ရှင်ရုံတွေကို စောင့်ရှောက်ခိုင်းထားလေသည်။

သူတို့က ထိုနေရာတဝိုက်တွင် ကျက်စားရင်း လူကြိုက်များသည့် ရုပ်ရှင်ကားများပြသသည့်အခါ လက်မှတ်ရောင်းသူတွေဆီက ဘေးထွက်လက်မှတ် ဆယ်စောင် ဆယ့်ငါးစောင်တောင်းယူပြီး အကြံအဖန် လုပ်ကြသည်။

တစ်စောင်ကို ငါးမူးတစ်ကျပ် အပိုကြေးယူ၍ ရောင်းကြသည်။

သူတို့က အော်ဟစ်မရောင်း ခါတ်သိတွေက သူတို့ဆီမှာ ဝယ်ကြသည်။

နောက်ပိုင်းတွင် အကြောင်းသိသူများက ကြိုတင်မှာထားသောကြောင့် သူတို့လည်း အထိုက်အလျောက် အလုပ်ဖြစ်ခဲ့ကြသည်။

ကိုရေခဲက မြန်မာဇာတ်ကားများပြသသည့် ပန်းဆိုးတန်းတဝိုက်တွင် ကျက်စားနေဆဲကာလ။





ပုဂ္ဂလိက ရုပ်ရှင်ခေတ်တွင် မှောင်ခိုလုပ်ငန်း မကျယ်ပြန့်ခဲ့သည်မှာ ရုပ်ရှင်ဇာတ်ကားများကို အပြိုင်အဆိုင်ပြသ၍ အပြိုင်အဆိုင် ဇာတ်ကားလဲသောကြောင့် ဖြစ်၏။

ထိုအကြောင်းမှာ မှောင်ခိုလက်မှတ် မဖြစ်ထွန်းစေသည့် အဓိကအကြောင်းဟု ဆိုရမည်။

ပုဂ္ဂလိကများလက်ထက်က ရုပ်ရှင်ဇာတ်ကားသစ်လဲသည့်ရက်ကို သတ်မှတ်ချက်မထားဘဲ ရုံလူဝင်သည့် အခြေအနေနှင့် ဝင်ငွေပေါ်ကြည့်၍ ဇာတ်ကားသစ်လဲကြသည်။

တစ်ပတ်နှစ်ပတ်ပြသည့်ကားရှိသလို သုံးရက်နှင့်ဖြုတ်သည့်ကား တစ်ရက်တည်းနှင့်လဲလိုက်သည့် ဇာတ်ကားများလည်း ရှိသည်။

အနည်းဆုံးဝင်ငွေကို ပုံသေသတ်မှတ်ထားကြသည်။

အနည်းဆုံး သတ်မှတ်ဝင်ငွေကို မမီသည်နှင့် ကားသစ်လဲပစ်ကြသည်။

ပြည်သူပိုင်မသိမ်းမီ ပုဂ္ဂလိက လက်ထက်က ရုပ်ရှင်ရုံပိုင်ရှင်များနှင့် မန်နေဂျာများမှာ လုပ်ငန်းခွင်လည်ပတ်ရေးတွင် သမာရိုးကျ ပုံမှန်သဘောဆောင်ပြီး လုပ်လို့မရ။

အကြံအဖန်အမျိုးမျိုး အလှည့်အပြောင်း အထွေထွေသုံးပြီး အကွက်ဝင်အောင် အကွက်မိအောင် ဉာဏ်ကစားရသည်။ ကွက်ကျော်ရိုက်ရသည်။

စီးပွားရေးလုပ်ငန်းတူ အချင်းချင်းအပေါ် ခေါင်းတစ်လုံးပိုမြင့်အောင် ကြိုးစားရသည်။ အမြဲတမ်း ရှေ့ခြေတစ်လှမ်းသာနေအောင် သွက်လက်လျင်မြန်ရသည်။ ရုပ်ရှင်ရုံတွေက တစ်ရုံနှင့်တစ်ရုံ အပြိုင်အဆိုင်။

လုပ်ငန်းသဘောက အလှည့်အပတ် အကွေ့အကောက်အကြံအဖန်အမျိုးမျိုးဖြင့် ကွက်ကျော်ရိုက်နိုင်အောင် အကွက်ဖော်သည်။

လေ့ကြီးထိုးလမ်းကြောင်းရိုး လျှောက်လို့ကတော့ သူများနောက်မှာကျန်ရစ်ခဲ့မည်မှာ သေချာသည်။

ဦးနှောက်စားရသည်။ ဉာဏ်နီဉာဏ်နက် သုံးရသည်။ အလှည့်အပတ်နည်းလမ်းအထွေထွေကို ပါးပါးလွှာလွှာသုံး၍ အကွက်အသစ်သုံးပြီး ခြေလှမ်းအသာစီးရအောင် ခြေလှမ်းသွက်နေရသည်။

ကွက်ကျော်ရိုက်မကျွမ်းကျင်လျှင် စံကြောပျောက်ပြီး ခံကြောပေါက်သွားမည်။

တစ်ရုံနှင့်တစ်ရုံ ကွက်ကျော်ရိုက်ဖို့ လုပ်ကြံဖန်တီးချက်သုံးပြီး အလှည့်



www.burmeseclassic.com

www.burmeseclassic.com



အပတ် လုပ်ရစမြဲ ရှိသည်။

စီးပွားပြိုင်ဘက်အချင်းချင်း မျက်စိလည်အောင် လှည့်ပေးသည့်နည်းလမ်း အသွယ်သွယ်ကို သုံးရာတွင် တရားသော မတရားသော ကိစ္စကို ထည့်တွက်စရာမလို၊ ဆိုပါစို့။

ကိုယ့်ရုံမှာ နောက်လဲမည့်ကား ဘာကားဆိုသည်ကို မပေါက်ကြားအောင် နက်နက်နဲနဲ သိပ်သိပ်သည်းသည်း လျှို့ဝှက်ရသည်၊

ကိုယ့်ဇနီးမယားကိုသော်မှ မပြောမိအောင် နှုတ်လုံရသည်။

သို့တစေ. . .

သူများရုံတွေမှာ ဘာဇာတ်ကားလဲမည်ဆိုသည်ကိုတော့ အကြံအဖန် နည်းလမ်းအသွယ်သွယ်ဖြင့် သိအောင်လုပ်ရသည်။

အပေးအကမ်း ရက်ရက်ရောရောဖြင့် သူ့လူကိုယ့်ဘက်သား မွေးရသည်။ အရက်မူး ကျွဲခိုးပေါ် ဆိုစကားနှင့်အညီ ကျွဲခိုးပေါ်အောင် တိုက်ရကျွေးရသည်။ ကိုယ့်ဘက်က သတင်းမှားတွေ သူတို့ဘက်ရောက်အောင် လွှင့်ပေးရသည်။

ယုံထင်ကြောင်ထင်ဖြစ်အောင် လှည့်စားနည်းကို သုံးရသည်၊

သူတို့ဆီက ဘယ်လိုကားထုပ်အသစ်မျိုးတွေ ရောက်နေပြီကို သိအောင် လုပ်ရသည်။ ကိုယ့်ဘက်မှာ ဘာကားထုပ်တွေ ရောက်နေကြောင်း မပေါက်ကြားအောင် ထိန်းရသည်၊

သူတို့ဘက်ကလည်း ကိုယ်သုံးသည့်နည်းတွေ သုံးကြသည်မို့ ကိုယ့်အထာမပေါက်ဖို့ကိုလည်း ဆည်ရဖို့ရသည်။

သူများရုံမှာ ကြက်ပျံမကျ၊ ကိုယ့်ရုံမှ ကျီးနှင့်ဖုတ်ဖုတ်ဖြစ်မည်၊

အဲ့ဒီလိုမျိုးမဖြစ်ရအောင် သူများရုံတွေမှာ ဘာကားလဲ မလဲ၊

စစ်ကားလဲမလား။ အချစ်ကားလဲမလား၊ နမ်းစတော့ အက်ရှင်ကားလဲမလား၊ မြင်းတွေ တရကြမ်းစီးပြီး အပစ်အခတ်ကြမ်းသည့် ရမ်းသည့်ကောင်းဘွိုင်ကားလဲမလား၊ စိတ်ဝင်စားစရာ ပြည့်လွှမ်းသည့် တောတွင်းစွန့်စားခန်းကား လဲမလား၊ ရယ်ရွှင်မြူးစရာ ဟာသကားလဲမလား၊

စသည် စသည်များကို ကြိုသိထားမှ ကိုယ့်ရုံဘယ်ကားမျိုးထုတ်ရမည်ကို ကြိုတင်စီစဉ်နိုင်မည်၊ သို့မှသာ. . .၊ သူက စစ်ကားဆိုရင် ကိုယ်က စစ်ကားနဲ့၊ သူက အချစ်ကားဆိုရင် ကိုယ်ကအချစ်ကားနဲ့၊

သူက ဖိုက်တင်အက်ရှင်ဆိုရင် ကိုယ်ကဖိုက်တင်အက်ရှင်ကားနဲ့၊

တန်းတူရည်တူကားမျိုးနှင့် တိုက်နိုင်အောင် ကိုယ့်ဘက်က အဆင်သင့်





ဖြစ်အောင် ပြင်ဆင်ရမည်။ တစ်ခါတရံကျတော့ အပစ်အခတ် ဖိုက်တင်အက်ရှင်တွေကြားထဲမှာ ဒရမ်မာကားကောင်းကောင်းနဲ့ ဝင်တိုးဖိုက်ရတဲ့ ကိုယ်က သူတို့နဲ့တစ်ပန်းသာသွားတာမျိုးလည်း ရှိသည်။ သူများခြေလှမ်းကို ကိုယ်က အမိလိုက်နိုင်မှသာ သူများအကြောကို ကိုယ်မခံရ။

နို့မဟုတ်ရင် သူများက ကိုယ့်ထက်ခြေတစ်လှမ်းသာပြီး ကွက်ကျော်စားကြောဝါးကြောမိသွားမည်။

ထို့ထက်ပိုဆိုးသည်က အချင်းချင်းတွယ်ရာမှာ မထိခလုတ်ပြောသည့် ရိစကား။ ဘယ်လိုလှည့်ကွက်လုပ်ပေးလိုက်တာ ဘယ်လိုကော့ဆင်းသွားတာပဲ ဆိုသည့် မခံချိမခံသာ အပြော။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းက အပြိုင်အဆိုင်။

သူတို့လာကသားတွေက ပိုဆိုးသည်၊ နှာတစ်ဖျား အဖြတ်အကျော် ခံလို့မရ။ ထိုစဉ်ကာလက ရန်ကုန်မှာ နိုင်ငံခြားရုပ်ရှင်ကားများ တင်သွင်းဖြန့်ချိ သည့် နိုင်ငံခြားရုပ်ရှင် ကုမ္ပဏီဌာနခွဲတွေ ရှိနေပြီ။စစ်မဖြစ်မီကာလကလို အိန္ဒိယဌာနခွဲများမှတဆင့် တင်သွင်းပြသရတာမျိုး မဟုတ်တော့၊

တွမ်တီး ရက်စင်ကျူရီဖောက်(စ်)၊ ဝါနာဘရားသား၊ ဂျေအာသာရင့်(ခ)၊ ရီဒင်မေယားစသော ကုမ္ပဏီများ၏ ရုံးခွဲများကို ရန်ကုန်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားပြီး ဖြစ်သည်၊

အဆိုပါ ကုမ္ပဏီရုံးခွဲတွေက သူတို့နှင့် ပင်တိုင်စာချုပ် ချုပ်ထားသည့် ရုံများတွင် သူတို့ကုမ္ပဏီထွက် ဇာတ်ကားများကို ပြသသည်။

ရုပ်ရှင်ရုံတွေက ဇာတ်ကားကောင်းများကို အပြိုင်အဆိုင် ပြသကြသောကြောင့် ဇာတ်ကားရွေးစရာမလို။

လက်မှတ်အတွက် တစ်ရုံမှာ အဆင်မပြေလျှင် အဆင်ပြေသည့်ရုံ ဝင်ကြည့်ပြီး ပြန်ရုံသာ။

သုံးလေးရက်ခြားပြီး နောက်တစ်ခေါက်သွားလျှင် ပထမအဆင်မပြေ၍ မကြည့်ရသေးသည့်ရုံမှာ လူချောင်နေပြီမို့ အေးအေးဆေးဆေး ဝင်ကြည့်နိုင်သည်၊ မှောင်ခိုလက်မှတ်မရှိ၊ မောင်ရေခဲတို့ခေတ် မရောက်သေး။

ပန်းဆိုးတန်း ရုပ်ရှင်ရုံများဝန်းကျင်တွင် သွားလာလှုပ်ရှားနေသည့် မောင်ရေခဲသည်ပင် ထိုနေရာနှင့် ကင်းကွာသွားပြီ။

ဦးလေးဖြစ်သူ၏ ဆက်သွယ်ကူညီပေးမှုဖြင့် လခစားအလုပ်ဝင်လုပ်နေပြီ၊ တာလီစာရေး၊ သင်္ဘောတင်ဆန်အိတ်များ အရေအတွက်မှတ်ရသည့် အလုပ်၊ လစာနည်းသော်လည်း တည်တည်ငြိမ်ငြိမ် လုပ်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထမ်းရပိုးရသည့် အလုပ်မဟုတ်သော်လည်း အလုပ်မပြီးမချင်း မတ်တပ်ရပ်လျက်လုပ်ရသည်။

ဟိုသွားသည်သွား လှုပ်ရှားလို့မရ။ ဆေးလိပ်မသောက်ရ၊ လပိုင်းပဲခံလိုက်သည်၊ တပ်လန်ထွက်လာသည်၊ သူက ခြေငြိမ်ငြိမ်နေတတ်သူမဟုတ်။ လှုပ်ရှားမှုနှင့် တွဲစပ်နေတတ်သူ။ နှစ်လကျော်သာ အလုပ်မြဲလိုက်သည်၊

နောက်ထပ် အလုပ်ရှိရာ ခြေဦးမလှည့်တော့၊ အပေါင်းအသင်းများနှင့် ခြေဖွေမွှေ့ပြီး လှုပ်ရှားနေခဲ့သည်။ ရေခဲဟူသော နာမည်တစ်လုံးနှင့် ရုပ်ရှင်လက်မှတ်မှောင်ခိုရာဇာဖြစ်လာသည်မှာ ရုပ်ရှင်ရုံများ ပြည်သူပိုင်သိမ်းပြီးသည့် နောက်ပိုင်းခေတ်။

◆ ◆ ◆

ရုပ်ရှင်ရုံများကို ပြည်သူပိုင်သိမ်းလိုက်ပြီးနောက်. . .

သမ္မတ၊ ပပဝင်း၊ ကာလ်တန်ရုံသုံးရုံမှာမူ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ချေးယူထားသည့် ကြွေးမြီများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊ ဝင်ငွေခွန်နှင့် အမြတ်ခွန်ပေးရန် ပျက်ကွက်ခြင်းတို့ကြောင့် လေလံတင်ရောင်းချရသည်။ ပြင်ပမှ ဆွဲဝယ်မည့်သူမရှိသောကြောင့် အစိုးရသိမ်းပိုက်လိုက်ရသည်။ ပုဂ္ဂလိကလုပ်ငန်း ချုပ်ငြိမ်းသွားသည်၊

ပြည်သူပိုင်ခေတ်မှာ အပြိုင်အဆိုင် အလှည့်အပတ် အကျော်အမြတ်လုပ်တာတွေ အကြံအဖန် လှည့်ကွက်တွေမရှိတော့။

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားရုပ်ရှင် ကုမ္ပဏီခွဲများလည်း ရုပ်သိမ်းသွားကြသည်။

ရုပ်ရှင်ရုံပိုင် ကုလားသူဌေးများနှင့် ရန်ကုန်မြို့ အခြေစိုက်နိုင်ငံခြား ရုပ်ရှင် ကုမ္ပဏီခွဲများက ပူးပေါင်း၍ ဇာတ်ကားငှားခ စာရင်းပိုပြပြီး နိုင်ငံခြားငွေလိမ်ထုတ်သည့် အကြံအဖန်လုပ်ရပ်ကြီးလည်း ဘူးပေါ်သလို ပေါ်လာသည်။

အမြတ်ခွန်ပေးဆောင်ဖို့ကျတော့ အရှုံးစာရင်းပြသည်။

နိုင်ငံခြားသုံးငွေနှင့် ဝယ်ယူတင်သွင်းသည့် လုပ်ငန်းကို အစိုးရအဖွဲ့အစည်းက ချုပ်ကိုင်လိုက်သည်။ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို နိုင်ငံခြား





ကားတင်သွင်းရေး အေဂျင်စီမှ တိုက်ရိုက်မှာယူတင်သွင်းပြီး ပြည်သူပိုင်ရုံများတွင် ပြသခဲ့သည်၊

ထိုသို့ စနစ်ပြောင်းလဲလုပ်ဆောင်လိုက်သောကြောင့် နိုင်ငံတော်အစိုးရမှာ နိုင်ငံခြားငွေများကို လိမ်လည်၍ ပြင်ပသို့ထုတ်ယူသည့် အကြံအဖန်ကိစ္စကြီးကို ဟန့်တားလိုက်နိုင်သည်၊

တင်သွင်းသည့် ရုပ်ရှင်ဇာတ်ကားဈေးနှုန်းမှန် ရသောကြောင့် နိုင်ငံခြားငွေ သက်သာသည်။

နိုင်ငံခြား ရုပ်ရှင်ကားများကို ဗုံးပေါလအော မသွင်းတော့ဘဲ ဝင်ငွေကောင်း၍ စံချိန်မီသည့် ဇာတ်ကားများကိုသာ စိစိစစ်စစ် တင်သွင်းခဲ့သည်၊

ပြသသည့်အပိုင်းတွင်လည်း ကားတစ်ကား၏ ဝင်ငွေစံနှုန်းပြည့်မီနေသမျှ နောက်ထပ်ကားသစ်မလဲဘဲ ကားဟောင်းကိုသာ ဆက်လက်ပြသသည့်စနစ် ကျင့်သုံးခဲ့သည်၊ နိုင်ငံခြားငွေ (ဝါ) ရွှေနှင့်လဲဖယ်ရသည့် ဇာတ်ကားတင်သွင်းမှုကို လျှော့ချလိုက်သည်၊

ပုဂ္ဂလိကလက်ထက်က နိုင်ငံခြားကား ငှားရမ်းသည့်ဈေးနှုန်းကို ကုမ္ပဏီခွဲများနှင့် လက်ဝါးရိုက်၍ ဈေးနှုန်းပိုပြကာ နိုင်ငံတော်၏ ဘဏ္ဍာငွေများအားမတရားနည်းလမ်းများဖြင့် အကြံအဖန်လုပ်၍ နိုင်ငံခြားသို့ ခိုးထုတ်ကြသည်။

ပြည်သူပိုင်လက်ထက်တွင် ထိုသို့လုပ်၍မရတော့၊ နိုင်ငံတော်ဘဏ္ဍာငွေနစ်နာမှု လျော့နည်းသွားသည်။ ပွဲခွန်၊ အမြတ်ခွန် ကလိမ်ကျမှုများကင်းရှင်းသွားသည်၊

ပုဂ္ဂလိက လက်ထက်ကလို ဇာတ်ကားတွေကို အကန့်အသတ်မရှိသွင်းပြီး ဇာတ်ကားတွေကို သတ်မှတ်စံနှုန်းမထားဘဲ သူ့ထက်ငါဦး လဲပြသောကြောင့် ရုပ်ရှင်ရုံတွေမှာ ကြိတ်ကြိတ်တိုး ကြည့်ကြသည်မျိုးမရှိ။

အောက်တန်းများတွင်သာ တိုးရကြိတ်ရသည်မျိုး ရှိသည်။

စတော ဒီစီ၊ အထက်တန်းများတွင်မူ အေးအေးသက်သာကြည့်နိုင်သည်။

ပြည်သူပိုင်ရုပ်ရှင်ရုံခေတ်ကျတော့ ဇာတ်ကားအလဲကြဲသလို လဲပြီး ဇာတ်ကားတစ်ကားကို အနိမ့်ဆုံး နှစ်ပတ်ပြသည်၊ ဝင်ငွေစံချိန်မီနေလျှင် လနှင့်ချီ၍ ပြသည်၊ ဆယ်ပတ်၊ ဆယ့်နှစ်ပတ် ပြရသည့်ကားများပင် ရှိလာသည်၊

ပုဂ္ဂလိကလက်ထက်က ပွဲခွန်တော်နှင့် အမြတ်ခွန်ဆောင်ရသည့်စံနှုန်းနည်းအောင် ဝင်ငွေမှန်ကို ဖော်မပြကြ။

သူတို့ စာရင်းလုပ်ပြသည့် တစ်ပွဲချင်းဝင်ငွေမှာ အနည်းဆုံးသုံးပုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံ၊ အများဆုံးထက်ဝက်ခန့် လျှော့ပြကြသည်။

ပွဲစဉ်အလိုက် စစ်ဆေးရန် တာဝန်ရှိသူများအား ဘောင်းဘီအိတ်ထဲ ထည့်ငွေဖြင့် အကြံအဖန် စာရင်းဇယားပြကြသည်။

ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းသည့်အခါ ပိုင်ရှင်လက်ထက် ဝန်ထမ်းအားလုံးကို မူလရာထူးအတိုင်း အလုပ်ပြန်လည်ခန့်ထားခဲ့ရာ ပိုင်ရှင်ခန့် မန်နေဂျာဟောင်းများလည်း ပါဝင်သည်။

သူတို့က ပိုင်ရှင်လက်ထက်တုန်းက သူတို့ကိုယ်တိုင် အကြံအဖန် အလှည့်အပတ်လုပ်ခဲ့ရပုံများကို စကားစပ်မိတိုင်း ပြန်လည်ပြောပြကြသည်။

သူတို့အပြောအရဆိုရပါမူ ဝင်ငွေတစ်ထောင်ကို လေးရာထက်ပိုမပြ။

ကျန်ခြောက်ရာက စာရင်းပျောက် ဝင်ငွေ။

ပွဲခွန်တော်အပေးရနလျှော့သွားသလို အမြတ်ခွန် သက်သာသည်။

ပြည်သူပိုင်ခေတ်မှာ ဒီလိုစာရင်းပျောက်လုပ်စရာမလို၊ လုပ်၍လည်း မရ။ သတ်မှတ်ဝင်ငွေ စံနှုန်းအမြဲမီနေသောကြောင့် မကြာခဏ ဇာတ်သစ်မလဲ့။ အဲဒီတော့ ဇာတ်ကားသစ်လဲထည့်ရုံမှာ ရုပ်ရှင်ကြည့်ပရိသတ်ကြီး ကြိတ်ကြိတ်တိုး ဖြစ်လာသည်။

သမ္မတနှင့် ပပဝင်းရုံမှာ ပထမတန်းစား တန်းဝင်ရုံနှစ်ရုံ။ဇာတ်ကား ကောင်းကြီးများကို အဲဒီရုံနှစ်ရုံမှာ ဦးစားပေးပြသသည်။ သမ္မတ ဒါမှမဟုတ် ပပဝင်းမှာ ကားလဲပြီဆိုရင် ပရိသတ်မှာ ဝက်ဝက်ကွဲ ဟုဆိုရလောက်အောင် များသည်။ ထိန်းသိမ်းရန် တာဝန်ရှိသည့် ရဲများလည်း မတတ်နိုင်။ ထိုနှစ်ရုံမှာလည်း နှစ်ရုံတပြိုင်တည်း ကားလဲရိုးထုံးစံမရှိ။

ပရိသတ်အလွန်အကျွံများမည့် ကားမျိုးကိုသာ နှစ်ရုံတပြိုင်တည်း ပြသရိုးထုံးစံရှိသည်။ တကယ် ပရိသတ်ကြိုက် (၀၀၇)လိုကားမျိုးဆိုရင် နှစ်ရုံပြလည်း ပရိသတ်ကတော့ ကြိတ်ကြိတ်တိုးပါပဲ။

ရုံနှစ်ရုံရှေ့မှာတာစူနေသည့် လူအုပ်ကြီးမှာ မြင်မကောင်း၊ ရှုမကောင်း ရှိစမြဲ။ အောက်တန်းနှစ်တန်းမှာ တန်းစီနေကြသော လူတန်းကြီးမှာ ရုံထဲသို့ ရောက်သွားကြပြီ။ လက်မှတ်လည်းကုန်ပြီ။

သို့တစေ နောက်တစ်ပွဲအတွက် တန်းစီနေကြသူများမှာ လျော့မသွား။ နောက်တစ်ပွဲစာ ဝင်ရမည့် လူအရေအတွက်မက ရှိနေသည်။

ထိုစဉ်အချိန်က ရုပ်ရှင်ရုံများနှင့် ပွဲကြည့်ပရိသတ်အခြေအနေမှာ ဤသို့ပင်ရှိခဲ့သည်။ ကားသစ်လဲသည့် ရုံများတွင် စနေ၊ တနင်္ဂနွေလို ရုံးပိတ်





ဈေးပိတ်အားရက်များတွင်သာမက ကြားရက်များတွင်ပါ ပရိသတ်အား လျော့မသွား။ ဤသို့သောအခြေအနေ အနေအထားကြောင့် ဘယ်သွား နေသလဲ မောင်ရေခဲတို့ ပေါ်လာရသည်။

အချိန်အခါ အခြေအနေအရပေါ်လာသည့် အခွင့်အလမ်းကို မြင်တတ်သူ အကွက်ဖော်တတ်သူ လမ်းကြောင်းထွင်တတ်သူမှာ မောင်ရေခဲ။

ထိုစဉ်ကာလ ကိုရေခဲနေတာ သမ္မတရုံနှင့် မနီးမဝေး ဖ-ဆ-ပ-လ ရပ်ကွက်မှာ. . .။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

(ကိုး)

ရပ်ကွက်ထဲမှာ လူစွာကလေး။ နေရာတကာမှာ စပ်စပ်စပ်စပ်ပါတတ်သလို မိုက်သွေးကြွချင်သည့် ဥာဉ်ကလေးလည်း ရှိသည်။

လူမိုက်မဟုတ်ပေမယ့် အပေါင်းအသင်းတွေကြားထဲမှာတော့ ခေါင်းတစ်လုံးပိုမြင့်သူဖြစ်နေသည်။ အလုပ်အကိုင် မယ်မယ်ရရမရှိပေမယ့် အပေါင်းအသင်းဆန့်သောကြောင့် ငွေရှာလွယ်သည်။ စားဝတ်နေရေး အခက်အခဲမရှိပြေလည်သည်။ လက်ထဲမှာ အသုံးမပြတ်။ သည်သို့နေခဲ့ရာမှ . . .။ ၁၉၅၂-ခု၊

တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲစတင်ကျင်းပသည်။

အောင်ဆန်းဘောလုံးကွင်းဝင်ပေါက် စောင့်သူများမှာ ဖ-ဆ-ပ-လ ရပ်ကွက်သားတွေများသည်။ မောင်ရေခဲတို့က ဘယ်အတန်းက ဝင်မလဲ ဖရီး။

ထိုစဉ်က ဘောလုံးပွဲဝင်ကြေးမှာ မများ။

ငါးမူးလား၊ တစ်ကျပ်လားတော့ ကောင်းကောင်းမမှတ်မိ။

အရှေ့ဘက်ပွဲကြည့်စင်နှင့် တောင်ဘက်တန်းပွဲကြည့်စင် မရှိသေး။

ငါးမူး၊ တစ်ကျပ်၊ နှစ်ကျပ်ဆိုပေမယ့် နှစ်ကျပ်တန်းမှာ ပိုက်ဆံပေးကြည့်သူ နည်းသည်။

မေတ္တာလက်မှတ်သမားနှင့် အထူးတန်းဂိတ်စောင့်များနှင့် အကြောင်းအပေါင်းသင့်သူ ဖရီးသမားက ထက်ဝက်ခန့်ရှိသည်။

ထိုစဉ်က ပထမတန်းပွဲများမှာ ယခုခေတ်လက်ရွေးစင်များကန်သည့်ပွဲထက် ကြည့်ကောင်းသောကြောင့် ဘောလုံးဝါသနာအိုး ပုံမှန်ပရိသတ်များသည်။ အရှေ့ဘက်ပွဲကြည့်စင်နေရာတွင် အဝေးကွင်းရှိသည်။ အဝေးကွင်းမှာလည်း ဒုတိယတန်းဘောလုံးပွဲများ နေ့စဉ်ရှိသည်။

ပထမတန်းနှင့် ဒုတိယတန်းပွဲများမှာ ဘေးချင်းယှဉ်လျက်ရှိသည့် ကွင်းနှစ်ကွင်းတွင် တပြိုင်တည်း ကန်ကြသည်။





ပထမတန်းပွဲ မကောင်းလျှင်လည်း အကြောင်းမဟုတ်၊ ဒုတိယတန်းပွဲကန်နေသည့် ကွင်းဘက်သို့ လှမ်းကြည့်လို့ ရသည်။ တိုင်းနှင့်ပြည်နယ်ပွဲများ၊ စတင်ကျင်းပစဉ်က ပြိုင်ပွဲစီစဉ်သူများသည်ပင် ပွဲကြည့်ပရိသတ်များလိမ့်မည်ဟု မထင်မှတ်ခဲ့။

ပြိုင်ပွဲကျင်းပသောအခါ အစပိုင်းတွင် ပရိသတ်အတော်အသင့်ရှိသော်လည်း ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲများတွင် ကွင်းလုံးပြည့်မျှသော ပရိသတ်ကြီး ကြည့်ရှုအားပေးကြသည်။

ကိုရေခဲက သူ့အပေါင်းအဖော်များနှင့် စီးကရက်များနှင့် ဆေးပေါ့လိပ်၊ မီးခြစ်စသည်များကို လွယ်အိတ်နှင့် ထည့်၍ ရောင်းချခဲ့ရာ အတော်လေးအလုပ်ဖြစ်ခဲ့သည်။

နောက်နှစ်များတွင် ဒေသစွဲနှင့် ပရိသတ်များ ပိုမိုများပြားလာသောကြောင့် ဖိုင်နယ်ပွဲများတွင် ကွင်းလျှံထွက်သည်အထိ ပွဲကြည့်ပရိသတ်များခဲ့သည်။

ခုံနံပါတ်နှင့် ကြည့်ရသည့် အထူးတန်းလက်မှတ်ဈေးကွက် ဝင်လာသည်။

ချက်ဆို နားခွက်ကမီးတောက်သည့် ကိုရေခဲက ဒီအကွက်ကို ဘယ်လက်လွတ်ခံလိမ့်မှာပ။

ဘယ်သူမှ မမြင်တတ်သည့်အကွက်ကို သူကမြင်တတ်သည်။

အကွက်ကိုမြင်သည်နှင့် ရမည့်လမ်းကြောင်းကို သူ့ခေါင်းထဲမှာ ပုံဖော်ပြီးသားဖြစ်သွားရသည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုလုပ်ငန်းနှင့်မတွဲစပ်မီကတည်းက ဘောလုံးပွဲလက်မှတ်မှောင်ခိုလုပ်ငန်းနှင့် တွဲစပ်ခဲ့သည်။ လုပ်ရင်းကိုင်ရင်းမှ လာဘ်မြင်လာသည်။ နောက်တော့ နိုင်ငံခြားဘောပွဲ လက်မှတ်ကိုပါ ကိုင်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းပွဲများမှာ တစ်နှစ်ထက်တစ်နှစ် ပွဲကြည့်ပရိသတ်အင်အား တိုးသထက် တိုးလာသည့်အပြင် ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲများတွင် ဒေသခံများမှာ ဘောလုံးပွဲကြည့်ရန်အတွက် ကုန်းထစ်တန်၊ ရေတစ်တန် ခရီးဆန့်၍ ရန်ကုန်သို့ စုန်ကြ၊ ဆန်ကြရှိလာသောကြောင့် အထူးတန်းနေရာကောင်း လက်မှတ်များမှာ ကိုင်ထားနိုင်ရင် ခေါ်သလောက်ဈေးရသည်။

ထိုစဉ်က သူနှင့်တွဲ၍ လုပ်ကိုင်နေကြသူများမှာ လက်မှတ်တစ်စောင်ကိုတစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ်မြတ်လျှင် ရောင်းမည်တကဲကဲဖြစ်ပဲ သူ့အားနားပွနားဆာလုပ်ကြသည်။ သူက ဆုလွယ်နပ်လွယ် သွေးနည်းသမားမဟုတ်။

ခေါင်းအေးသည်။ သွေးရဲသည်။ အတွက်ကောင်းသလို အကွက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အမိအရ ကိုင်တတ်သည်။

အထူးတန်းလက်မှတ်တစ်စောင်၏ဈေးရင်းမှာ ငါးကျပ်၊ သူက ငါးကျပ်တန်လက်မှတ်ကို လက်ဝါးရိုက်ထားသူအတွင်းလူထံမှ ဆယ်စောင် ရှစ်ဆယ်ပေးပြီး ဝယ်ယူသည်။

ဆယ်စောင်ပြန်ရောင်း၍ ရသည့်ဝင်ငွေမှာ အနည်းဆုံးသုံးရာ။

အကွက်မိသွားလျှင် လေးရာ၊ လေးရာ့ငါးဆယ်အထိပင် ရသည်။

"ကျွန်တော်ရင်းထားတာ ရှစ်ဆယ်ပဲရှိတယ်။ ကွင်းထဲမှာ ဘောလုံးပွဲကန်နေတာ ဆယ်မိနစ်လောက်ရှိပါက ဘယ်လိုရောင်းရောင်း အရင်းအတိုင်းအချိန်မရွေးရတယ်။ ကဲ. . . ကျွန်တော်ဘာရှုံးမလဲ။ အပိုကြေးပေးရတဲ့သုံးဆယ်ပဲရှုံးမှာပေါ့။ ဒါအကြောင်းမှမဟုတ်ဘဲ၊ ဒီနေ့ရှုံးရင် နက်ဖြန်မြတ်မယ်။ ဒီနေ့ရှုံးသွားတဲ့ငွေသုံးဆယ်ကို နောက်တစ်နေ့လက်မှတ်တစ်စောင်ပြန်ရောင်းလိုက်ရုံနဲ့ကျေတယ်။ ကျွန်တော်က အဲ့ဒီလိုသွေးရဲတယ်။ ရုပ်ရှင်လက်မှတ်လုပ်တော့လည်း ဒီလိုပဲသွေးရဲရဲနဲ့ လုပ်ခဲ့တာပဲ၊ ရုပ်ရှင်လက်မှတ်လုပ်တုန်းကဆို တပည့်တွေက အခြေအနေ သိပ်မကောင်းဘူး၊ ဈေးလျှော့ရမလားလို့ လာမေးရင် ကျွန်တော်ခေါင်းခါလိုက်တာပဲ၊ ရုပ်ရှင်လာကြည့်တဲ့နဲ့တွေက အချိန်တန်ရင် ဒီကောင်တွေ ဈေးလျှော့ရောင်းတာပဲဆိုတာမျိုးအထင်မခံဘူး။ တစ်ခါတလေ လျှော့မလားလို့ စောင့်နေတဲ့ငနဲသားတွေရှေ့မှာ လက်မှတ်တွေကို မီးရှို့ပြလိုက်တယ်လေ။ သူတို့ထင်သလို မဖြစ်ဘူးဆိုတာမျိုး လုပ်ပြလိုက်တာပါ"

သူက အဲ့ဒီလိုပြောသည်။

သူ့အတွေးနှင့်သူ့သွေးမျိုးက သေမြေကြီး ရှင်ရွှေထီးဆိုသည်မျိုး။

ထိုစဉ်ကာလက ချစ်ကြည်ရေးကစားရန် နိုင်ငံခြားဘောလုံးအသင်းတွေမကြာခဏလာသလို လေးနိုင်ငံ ဘောလုံးပွဲ၊ အရှေ့တောင်အာရှ ဘောလုံး၊ ဗိုလ်လုပွဲ၊ အိုလံပစ် ခြေစစ်ပွဲစသည့် ပွဲကြီးပွဲကောင်းများလည်း အောင်ဆန်းကွင်းမှာ ကစားခဲ့သည်၊ လက်မှတ်တွေ အရောင်းသွက်သလို ဈေးကောင်းလည်းမိသည်။ ငွေရှင်လာသူ မောင်ရေခဲလည်း မျက်နှာပွင့်လာသည်။

ငြိစရာ၊ တွဲစရာ၊ ချိတ်စရာလေးတွေနှင့် ငြိတွဲချိတ်ခဲ့သည်။

နဂိုကတည်းက မိန်းကလေးတို့၏ အထာသဘောကို ကြေညက်ပြီးသားမို့ တွဲပေမယ့် မငြိအောင် မချိတ်မိအောင် အလှည့်အပတ် အရှောင်အတိမ်း ကျွမ်းသည်။





မချောဆယ်ယောက် ကိုယ်တစ်ယောက် မောင်ရေခဲမှာ မညိုနှင့်ငြိပွားချိတ်သွားသည်၊ ထာဝရအတွဲလမ်းကြောင်းပေါ်သို့ ရောက်သွားသည်။

မညိုက အချောအလှကြီးမဟုတ်စေကာမူ ယောကျ်ားတစ်ယောက်၏နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းသည့် ဆွဲဆောင်မှုအား ပြည့်ထင်သည်။

မညို၏ ညိုရီသော အသားအရည်မှာ မခြောက်မသွေ့၊ ဝင်းပစိုပြည်သည်။ အပြုံးလှသည်၊ စကားတတ်သည်။ အပြောလည်သည်။ ခရာတာတ ပလီပလာစကား အထာပေး ကျွမ်းသည်။ ယောကျ်ားတို့၏ အညာသဘောကိုမနာကြေသည်။

အပွဲပွဲနွှဲခဲ့သည့် မောင်ရေခဲ သည်တစ်ပွဲမှာတော့ အလဲထိုးခံလိုက်ရသည်။ ကကယ်တော့ သူကလည်း မညိုကိုချစ်သည်။

မညိုဆိုသည့် အခေါ်အဝေါ်လေးကို သူ့နှုတ်ဖျားက မချခဲ့။ မညိုနှင့်ကျမှ မောင်ရေခဲလည်း ခြေငြိမ်သွားသည်။ အပွေအလိမ် ရပ်သွားသည်၊ မညိုက ရတာတွေကို သိမ်းထုပ်သည်။ အသုံးနှင့် အဖြုန်းလိုင်းပူးနေသည့်မောင်ရေခဲကို မညိုက လိုင်းခွဲပေးလိုက်သည်။

ဘယ်ဟာကအသုံး၊ ဘယ်ဟာကအဖြုန်းဆိုသည်ကို မောင်ရေခဲ နားဝင်အောင်ပြောပြီး အသုံးကိုမတားပေမယ့် အဖြုန်းကိစ္စတွေကို ရပ်တန့်စေလိုက်သည်။

ပလက်ဖောင်းမင်းသားလေးကို အိုးနှင့်အိမ်နှင့် တည်တည်တံ့တံ့ရှိလာအောင် မညိုက မိန်းမတို့၏အတတ်ပညာမျိုးစုံဖြင့် အလှည့်အပြောင်း လုပ်ပေးခဲ့သည်။

အိမ်ထောင်သည်ဘဝ၏ အစသည် ပျော်ရွှင်ချမ်းမြေ့ရိပ်ထင်စမြဲရှိ၏။

ခဏနှင့် ထာဝရဆိုသည်မှာမူ ကာယကံရှင်တို့အပေါ်တွင် တည်မှီသည်။ မောင်ရေခဲ မညိုအပေါ်ပေးထားသည့် ကတိစကားတွေ တည်ခဲ့သည်မှာရုပ်ရှင်မှောင်ခိုလက်မှတ်ရာဇာမဖြစ်ခင် အထိသာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄-ခုနှစ်၊ ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းဆည်းလိုက်သည

နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေး အေဂျင်စီကို ဖွဲ့စည်းပြီး နိုင်ငံခြ ရုပ်ရှင်တင်သွင်း ပြသရေးကို ချုပ်ကိုင်လိုက်သည်။

သမ္မတရုံနှင့် ပပဝင်းရုံမှာ ဇာတ်ကားကောင်းတွေချည်းပြသသည်။

ပြသထားတိုင်း လူတိုးသည်။ တန်းစီပြီး လက်မှတ်ဝယ်လို့ရပေမယ် အနည်းဆုံးတစ်နာရီနီးပါးလောက် စီရသည်။ အဲဒီအစဦးပိုင်းမှာ တကယ် ရုပ်ရှင်ကြည့်မည့်သူတွေသာ တန်းစီကြသည်။

တန်းစီရသည့်ဒုက္ခရှိပေမယ့် လက်မှတ်ရဖို့ကတော့ သေချာသည်။ လက်မှတ်ရောင်းသူများကလည်း သူတို့ရောင်းရမည့် လက်မှတ်အရေအတွက် ကို အပြည့်အဝ ရောင်းချပေးကြ၏။ ဘေးထွက်လက်မှတ်မရှိသေးသလို ဘလက်မတ်ကတ်လည်း မရှိသေး။ ဗွိုက်မတ်ကတ်တော့ ရှိနေပြီ။

ဒါပေါ်သီ စာရွက်အဖြူတွေတစ်ထပ်ကြီးနှင့်လာသည့် ဗွိုက်မတ်ကတ မျိုးတော့မဟုတ်သေး။ မန်နေဂျာကြီးနှင့်သိသည့် အပေါင်းအသင်းမိတ်ဆွေ တချို့တလေနှင့် ရုံးဝန်ထမ်းများ၏ အပေါင်းအသင်း တချို့တလေကို ဝယ်ယ ပေးရတာလောက်ပဲ ရှိသေးသည်။ မြန်မာရုပ်ရှင်ကြည့်ပရိသတ်ထဲမှာက လူအမျိုးမျိုး စိတ်အထွေထွေ သမားတွေပါကြသည်။ ဘယ်လောက်ပဲ တန်းစီရ တန်းစီ တန်းစီရသည်ကို အကြောင်းဟု သဘောမမူတွေပါသည်။

တန်းစီရသည်ကို အကြောင်းသိချင်သူတွေလည်း ပါသည်။

သူတို့က တန်းစီပြီး လက်မှတ်ဝယ်ရသည်ကို စိတ်မရှည်။ အချိန်ကု သည်။ ကိုယ့်အဆင့်အနေကို နိမ့်ကျစေသည်ဟု သဘောမူသူများက တန မစီချင်။ အပိုကြေးပေးပြီး လက်မှတ်ကို အလွယ်တကူ ရချင်ကြ၏။

မောင်ရေခဲတို့အတွက် အကွက်။ ပထမတော့ ကိုရေခဲက အစ





သဘောလုပ်ကြည့်သည်။ ခပ်ရွယ်ရွယ်ကောင်လေးတွေကို မုန့်ဖိုးနှစ်ကျပ် သုံးကျပ်ပေးပြီး တန်းစီခိုင်းသည်။ ဆယ်ယောက်တန်းစီခိုင်းရင် ရုံဝင်လက်မှတ် အစောင်လေးဆယ် ရသည်။ ငါးကျပ်တန်းအစောင်လေးဆယ်အတွက် အပိုကြေးအပါအဝင် အရင်းစိုက်ရသည့်ငွေမှာ နှစ်ရာ့သုံးဆယ်။

ငါးကျပ်တန်းကို သုံးကျပ်အမြတ်တင်၍ ရောင်းရသည့် အမြတ်ငွေမှာ သုံးရာ့နှစ်ဆယ်။ အသားတင် အမြတ်ငွေကိုးဆယ်။

အတူနေသူငယ်ချင်းတစ်ယောက်နှင့်တွဲ၍ ကိုယ်တိုင်ရောင်းသည်။ စလုပ် စက လူကြည့်များသည့် ခြောက်နာရီခွဲပွဲတစ်ပွဲသာ စကိုင်သည်။

လက်ဘက်ရည်တစ်ခွက်ငါးမူး၊ ထမင်းအဝစား နှစ်ကျပ် ငွေတစ်ဆယ်နှင့် အကျီလုံချည် အသစ်တစ်စုံရသည်။

လက်မှတ်အစောင်လေးဆယ်မှာ တစ်နာရီကြာအောင်ပင် မရောင်းရ

အောက်တန်းစာရေးတစ်ယောက်၏ တစ်လ လစာမှာ တစ်ရာ့နှစ်ဆယ် ငါးကျပ် ခုနစ်ဆယ့်ငါးပြား။

သူက တစ်ပွဲပဲကိုင်သည်။ တစ်နေ့ဝင်ငွေ ခုနစ်ဆယ်အထက်မှာရှိသည်။ အဲဒီတုန်းက ပေးရကမ်းရ ဝေမျှရသည့် ခေါင်းမြီးခြုံဘေးထွက်ငွေ မရှိသေး။

သပိတ်ဝင် အိတ်ဝင် အသားတင်ရသည်။ တစ်ပွဲကိုင်ရာမှာ တစ်နေ နှစ်ပွဲ စမ်းကိုင်ကြည့်သည်။

လူကြည့်များသည့် ဆယ့်နာရီခွဲပွဲကို စမ်းကြည့်သည်။ ခြောက်နာရီခွဲ လောက် အရောင်းမသွက်ပေမယ့် အရှုံးမရှိ။ ကိုယ့်အတွက် လေးငါးဆယ်တော့ ကျန်သည်။ တစ်ရက်ဝင်ငွေ တစ်ရာအထက်မှာ ရှိသည်။

သမ္မတရုံမှာပြသည့်ကား ပရိသတ်နည်းသွားချိန်တွင် ပပဝင်း ကာလ တန်မှာ ကားသစ်လဲသည်။

တံတားကျော်ပြီး အောက်ဘက်ဆင်း၍ လုပ်ကွက်အသစ်သို့ပြောင် ရသည်။ ထိုမှလုပ်ငန်းခွင်ကျယ်အောင် တဖြည်းဖြည်း ချဲ့ထွင်ခဲ့ရသည်။

အင်္ဂလိပ်ကားသာမဟုတ်၊ မြန်မာကား၊ ကုလားကားလက်မှတ်များကိုပ ကိုင်ခဲ့သည်။ အင်္ဂလိပ်ဇာတ်ကားတွေလောက် တွက်သားမကိုက်စေကာ အထိုက်အလျောက် တွက်သားကိုက်သည်။ အထူးသဖြင့် ကုလားကားမှ ကိုင်ရသည်က အကျိုးအမြတ် ပိုကျန်သည်။

ပြည်သူပိုင်သိမ်းပြီးနောက် ရန်ကုန်မြို့လယ်မှာ မြန်မာကား၊ ကုလား ကား၊ အင်္ဂလိပ်ကားပြသဆဲရုံပေါင်း တစ်ဆယ့်လေးရုံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မဖြစ်၍ ထိုင်နေရသော်ဟူ၍ ဘယ်ရှိလိမ့်မှာပ။

လုပ်ငန်းအထာအကြော ကျွမ်းလာသည့်ကိုရေခဲက အကွက်သစ်ထပ်၍ ထွင်ခဲ့ပြန်သည်။

တန်းစီပြီးလက်မှတ်ယူခိုင်းရသည်မှာ ကိုယ်လိုချင်သည့်ပုံစံဝင်သည့်အခါ ဝင်သည်။ မဝင်သည့်အခါလည်း ရှိသည်။

ဈေးကွက်မှာ ဈေးကစားသည့် အလှည့်အပြောင်းလုပ်ဖို့မှာ ကိုယ့်လက်ထဲတွင် အပိုင်လက်မှတ်များများ ကိုင်နိုင်မှဖြစ်မည်ကို ကွက်ကျော်မြင်သူ ကိုရေခဲက ဘေးထွက်လက်မှတ်ရရှိရေးအတွက် တစ်ဆင့်တက်ခဲ့သည်။

ပြည်သူပိုင်သိမ်းပိုက်ထားသည့် ရုပ်ရှင်ရုံများမှာ ပိုင်ရှင်လက်ထက်က ဝန်ထမ်းဟောင်းများကိုပင် ပြန်လည်ခန့်ထားခဲ့သည်။ ရောင်း သိမ်း များ။

ပိုင်ရှင်လက်ထက်က ဂိတ်သမား လက်မှတ်ရောင်းသူဟူ၍ အခေါ်အဝေါ် ပြုခဲ့သည်။ ရရှိသည့်လုပ်အား လစာငွေလည်း ကွာခြားသည်။

အပေါက်စောင့်ထက် လက်မှတ်ရောင်းသူက ပိုရသည်။

အပေါက်စောင့်က စာတတ်တတ် မတတ်တတ် လုပ်လို့ရသည်။

လက်မှတ်ရောင်းသူကျတော့ ရေးတတ် ဖတ်တတ်ရှိမှ ဖြစ်သည်။

အထူးသဖြင့် အတွက်အချက်လောက်ကိုတော့ ကောင်းကောင်းတတ်ရမည်။ ပြည်သူပိုင်လက်ထက်ကျတော့ အပေါက်စောင့်သူ လက်မှတ်ရောင်းသူအားလုံးကို ရောင်း သိမ်းဟုခေါ်သည်။

ထိုအထဲမှ လည်လည်ဝယ်ဝယ် အရေးအဖတ် အတွက်အချက် ကျွမ်းကျင်သူများကို ရွေးထုတ်ပြီး ပွဲစဉ်လက်မှတ်ရောင်းတာဝန် ချထားပေးရသည်။

ပွဲစဉ်လက်မှတ်ရောင်းသမားနှင့် ကြိုတင်လက်မှတ်ရောင်းသမားကို သီးခြားခွဲပြီး နေရာချထားရသည်။

ပွဲစဉ်လက်မှတ်က အေးအေးဆေးဆေးရောင်းလို့ရသည်။

ရောင်းသည့်လက်မှတ်ပေါ်မှာ ထိုင်ခုံဇယားနံပါတ်ရေးပြီး ထိုင်ခုံဇယားပေါ်မှာ ရောင်းပြီး လက်မှတ်နေရာကို ကြက်ခြေခတ်လေး ခတ်လိုက်ရုံသာ။

ကြိုတင်လက်မှတ်အရောင်းသမားက သွက်မှ လျင်မှ အရေးအခြစ်မြန်မှာ ဖြစ်သည်။ ထိုင်ခုံဇယားပေါ်မှ ရောင်းပြီးခုံနံပါတ်ကိုခြစ်ရသည်။

ကြိုတင်လတ်မှတ် စလစ်ပေါ်တွင် အတန်းအား အက္ခရာနှင့် ခုံနံပါတ် ပွဲစဉ်နေ့စွဲကို သွက်သွက်မြန်မြန် မရေးနိုင်ရင် ကြိုတင်လတ်မှတ်အရောင်းခုံမှာထိုင်လို့မဖြစ်။





စလစ်စာရွက်ပေါ်မှာ မိနစ်အတွင်း ပြီးအောင်ရေးရသည်။ မလျင်ရ ခုံနံပါတ် အရေးခြစ်မှားသွားမည်။

အရေးအခြစ်မှားလို့ ခုံထပ်သွားလျှင်မလွယ်။ ရုံပြည့်နေသည့်အ ခုံအစားထိုးပေးရန် ထိုင်ခုံမရှိ။ ပြဿနာ အကြီးအကျယ် တက်တတ်သည

သမ္မတလိုရုံမျိုးမှာဘွတ်ကင်အရောင်းသောင်းဂဏန်း ငွေကြေးပမာဏ ရှိသည်။ ညနေဘက် ဘွတ်ကင်ပိတ်ချိန် အရောင်းစာရင်းနှင့် ငွေကွက်တ တိုက်ရမည်။ မကိုက်ရင် ပြဿနာ။ သို့မို့ကြောင့် ဝန်ထမ်းတိုင်းကို ကြိုတ အရောင်းနေရာမှာ အလှည့်ပေးလို့မရ။ စတော ဒီစီအရောင်းသမ နှစ်ယောက်စီ အတွဲတွဲ၍ တစ်ပတ်တစ်လှည့် ပြောင်းပေးရသည်။

သမ္မတ၊ ပပဝင်းရုံကြီးမျိုးမှာ ဘွတ်ကင်အရောင်းကျွမ်းသူခြောက်ယော ထက်ပိုမရှိ။ ဘေးထွက်လက်မှတ်ဖန်တီးပေးနိုင်သူက ဘွတ်ကင်ထိုင်သ လက်မှတ် အရောင်းသမားများသာ ဖြစ်၏။

ကိုရေခဲက ဘေးထွက်လက်မှတ် အကြံအဖန်လုပ်ပေးနိုင်သူထဲက ဘ သူတွေ ချဉ်းကပ်လျှင် ဖြစ်နိုင်မည်ကို ရွေးထုတ်လိုက်သည်။

ရွေးထုတ်လိုက်သူတွေထဲက ဘယ်သူတွေ ဘာကြိုက်တတ်သည် လေ့လာခဲ့သည်။ အရက်လား၊ မိန်းမလား၊ ဒါမှမဟုတ် ငွေသမားသက်သက်လား

အဲဒီလို လေ့လာပြီးမှ တသသစွဲကျန်မည့် သူတို့ကြိုက်တတ်ရာတွေ အစွမ်းကုန်ဖြည့်ပေးပြီး အပိုင်စည်းရုံးသည်။ ပြီးတော့မှ အပေးအယူကိစ္စဖြ မလှုပ်သာ မလှည့်သာအောင် ချည်တုတ်လိုက်သည်။

ပရိသတ် ကြိတ်ကြိတ်တိုးမည့် ပထမတန်းဇာတ်ကားများသာ ပြသသ သမ္မတနှင့် ပပဝင်းရုံကြီးနှစ်ရုံက ဘေးထွက်လက်မှတ်အားလုံးကို ရေခဲလက်ထ ရောက်လာသည်။ ညနေ ဘွတ်ကင်ပိတ်ပြီးချိန်မှာ ချိန်းဆိုထားသည် နေရာကနေ အဆင့်သင့် စောင့်နေရုံသာ။ ကျွေးစရာရှိကျွေး၊ တိုက်စရာရှိတာ တိုက်၊ ပေးစရာရှိတာပေးပြီး ယူစရာရှိတာယူပြီး လမ်းခွဲ။

သူတို့လည်း တစ်လစာရသော လခထက်မက ရသွားကြသည်။

ကိုရေခဲအတွက်ကလည်း ငွေစက္ကူအထပ်လိုက် အထပ်လိုက် ဝင်လာ သေချာသွားလေပြီ။

သူ အသစ်ထွင်လိုက်သည့် လမ်းကြောမှာ ပြေချော ဖြောင့်ဖြူးသွားသည်

တပည့်လက်သားသုံးလေးဆယ်နှင့် လုပ်ငန်းရှင်ကြီးတစ်ဦးအသွင် စီး ခန့်ခွဲရသူ ရာဇာကြီးဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေးစား ဂဏန်းသုံးလုံးဝင်ငွေဖြင့် စတင်ခဲ့သည့် သူ၏ရုပ်ရှင်လက်မှတ်မှောင်ခိုလုပ်ငန်းမှာ ဂဏန်းကြီးငါးလုံး ဝင်ငွေအဆင့်သို့ ရောက်လာသည်။

လက်ဖျားငွေသီးလာသူ ကိုရေခဲ၏ အနေအထားလည်း ပြောင်းလဲသွားပြီ။ အကောင်းဘက်သို့ ပြောင်းလဲသည်လို့တော့ မဆိုသာ။ အဆိုး၏အစဟု ဆိုရမည်သို့။ ခေါ်ချင်ပြောချင် ဆက်ဆံချင်သူတွေ များလာသည်။

အရပ်ထဲမှာပါ အရေးတယူ အဆက်ဆံခံ စာရင်းဝင်လာသည်။

ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ အလှူခံပုဂ္ဂိုလ်တွေက သူ့ဆီရောက်လာစမြဲရှိကြသည်။

"ကဲ. . . ကိုရေခဲရေ၊ ဘာအတွက်"

ဆိုလိုက်သည်နှင့် သူက အိတ်ထဲလက်နှိုက်ပြီးသား။

သူ့မှာ လက်ကိုင်ထည့်ရင်ထည့်သလောက် အထပ်လိုက်ပဲ။ သူက သည်လိုမျိုး။ တစ်ရပ်ကွက်တည်းသား ချို့တဲ့သူများ၏ နာရေးကိစ္စဖြစ်လျှင် သိသိမသိသိ သူ့ဆီသာ အကူအညီသွားတောင်း။

ရော့. . . အသင့်ပဲ။

အကြွန်မကျွပ်တို့ ဘာတို့အတွက်ဆိုလည်း မငြင်း။

ဆုနှစ်ဆုလောက် တာဝန်ယူပါဆိုလည်း ခေါင်းမမာ။

ပြီး. . . သူလုပ်နေသည့်လုပ်ငန်းက ဥပဒေစည်းနှင့် မလွတ်မကင်းရှိသည်ဟု ဆိုရသည့်တိုင် ခိုးဆိုး တိုက်ခိုက် လုယက် ဒုစရိုက်လုပ်ငန်းကြီးများနှင့် ဆက်နွယ်ပတ်သက်မှုမရှိ။

မှောင်ခိုလက်မှတ် ရောင်းတာလောက်ကတော့ အရပ်အမြင်မှာ အဆိုးမထင်။ သူက အဲ့ဒီလိုမျိုး ပေါင်းတတ်၊ သင်းတတ်၊ နေတတ်၊ ထိုင်တတ်သောကြောင့် ခင်မင်သူများသည်။

ရပ်ကွက်ထိန်းသိမ်းရေး တာဝန်ယူထားရသူများသည်ပင် သူ့အပေါ် အဆိုးမမြင်။

အထက်ဆိုင်ရာသို့ ပို့ရသည့် စောင့်ကြည့်စာရင်းမျိုးထဲမှာပင် သူ့နာမည်မပါ။ ထို့ကြောင့်လည်း သူ့လုပ်ငန်း သက်ရှည်ကြာခဲ့သည်။

ရေခဲဆိုသော နာမည်တစ်လုံးနှင့် ကျော်ကြားလာသည်မှာ လမ်းမတော်ဖိုးတုတ်တို့လို လူမိုက်ဘွဲ့ခံပြီး ဆက်ကြေးတောင်း၊ မိုက်ကြေးခွဲ၊ ရိုက်နှက်ထိုးခုတ်ဆိုးသွမ်း သဘောဆောင်သောကြောင့်မဟုတ်။

လူတစ်ရာမှာ ကိုးဆယ်လောက် ဝါသနာထုံမွေ့သည့် ရုပ်ရှင်လက်မှတ်





နယ်ပယ် ခါးစောင်းတင်ထားနိုင်သောကြောင့် ဖြစ်၏။

လူဆိုသည်မှာ အကောင်းနှင့်အဆိုး ဒွန်တွဲစမြဲ ရှိသလို သူသည်လည်း အကောင်းနှင့်အဆိုး ဒွန်တွဲလျက်သာ။

လက်ဖျားငွေသီးလာတော့ ပေါက်တတ်ကရတွေ လုပ်လာသည်။

အထူးသဖြင့်. . .

မိန်းမကိစ္စမှာ ကျော်သတင်းထွက်လာသည်။

ဆိုးတူကောင်းဘက် ရုန်းကန်လှုပ်ရှားခဲ့သည့် ပထမဆုံးအသိအမှတ်ပြုခံဇနီးမယားမညိုက နံပါတ်တစ်နေရာက လျှောမကျသွားစေကာမူ တစ်ဦးတည်းမူပိုင်အခွင့်အရေးကိုမူ လက်လွှတ်လိုက်ရ၏။

နှစ်၊ သုံး၊ လေး၊ ငါး စပယ်ယာလေးတွေကို မူပိုင်ခွင့်ခွဲဝေပေးလိုက်ရသည်။

အခြေအနေအရ တစ်နေရာမှာ တရားဝင်တည်ရှိနေဆဲ ရှိနေသည်ကိုပင် မောင်မင်းကြီးသားကို ကျေးဇူးတင်ရမည်သို့။ မညိုကတော့ ဒီလိုပဲ ဖြေချလိုက်ရသည်။ မုန့်သာဝေစားမယ်ဆိုသော ပြောစမှတ်စကားမှာ မညိုအတွက်တော့ အဆိုစကားအဖြစ်ပဲ ထားလိုက်ရပါချေပြီ။ မညိုမှာ မူပိုင်အခွင့်အရေးစွန့်လွှတ်လိုက်ရသည်နှင့်အတူ ငွေကြေး ပိုင်ဆိုင်ခွင့်ကိုပါ ခွဲဝေပေးလိုက်ရသည်။

ဒါမျိုးဆိုတာက အပျော့ဆွဲနှင့် ဆွဲလို့ ဖြစ်သည်မျိုးမဟုတ်။ လေကုန်ရုံပဲရှိသည်။ အကြမ်းနည်းကျပြန်တော့ ကိုယ်က သိပ်ကြမ်းလိုက်လျှင် တစ်ဘက်ကပို၍ ရမ်းတတ်သောကြောင့် ကိုယ့်ခွင်ထဲမရောက်ဘဲ ချော်ထွက်သွားတတ်သမို့ လုံးဝလွှတ်ထွက်မသွားရင်ပြီးရော သဘောမူထားလိုက်ရသည်။

မချောင်းယောက် ကိုယ်တစ်ယောက်ဟု သတင်းကျော်ခဲ့သူ ပလက်ဖောင်းမင်းသားကို ထိုအကြောင်း မေးကြည့်ရသည်။

ပထမတော့ သူက ခေါင်းလည်းမညိတ်၊ ခေါင်းမခါဘဲ ပြုံးဖြီးဖြီး လုပ်နေသည်။ ဒါဆို ကျွန်တော် ဒီအတိုင်းပဲ ထည့်ရေးလိုက်ရမလား။

ထိုသို့မေးလိုက်တော့မှ ပလက်ဖောင်းမင်းသားလေး လက်ဝါးနှစ်ဘက် ထောင်လာသည်။

"ဒီလိုတော့ မဟုတ်ပါဘူးလေ၊ စကားဆိုတဲ့အတိုင်း ကားပြီး ပြောကြတာပါ။ ကျွန်တော်အတည်ယူပြီး တစ်အိုးတစ်အိမ်ထူထောင်ပေးထားတာက တစ်ယောက်တည်းပါ။ နံပါတ်နှစ်ပေါ့၊ အဲ့ဒီကိစ္စကို မညိုလည်းသိပါတယ်၊ သုံး၊ လေး၊ ငါးဆိုတာတော့ မဟုတ်ပါဘူး။ မချောနှစ်ယောက် ကိုယ်တစ်

www.burmeseclassic.com



ယောက်ပါ။ ယာယီတွဲခုတ်တာတွေကတော့ သုံး၊ လေး၊ ငါး ဘယ်ကမလဲ၊ ဆယ်ဂဏန်းကျော်ပါတယ်။ အဲ့ဒီအထဲမှာ လုပ်ငန်းသဘောအရ ဆက်ဆံရတာလည်း ပါတာပေါ့”

ဒါက သူ့အပြော။

သုံးနိုင်ဖြုန်းနိုင်၊ ပေးနိုင်ကမ်းနိုင်သည့် ပလက်ဖောင်းမင်းသားအတွက် ပလက်ဖောင်းမင်းသမီးတွေလည်း ရှိကြလိမ့်မည်ပါ။

သူ့လုပ်ငန်းမှာ ရုပ်ရည်သန့်သန့်၊ ခေတ်ဆန်ဆန် ဆင်ယင်ထုံးဖွဲ့တတ်သည့် အမျိုးသမီးသုံးလေးယောက် ပင်တိုင်ထားရသည်။

လက်မှတ်ရောင်းသူတပည့်တွေ လက်ထဲမှာ လက်မှတ်အနည်းငယ်သာ ပေးထားသည်။ အကြောင်းကြောင်းကြောင့် အဖမ်းအဆီးရှိသည့်တိုင် လက်မှတ်တွေ အထပ်လိုက်ပါမသွားအောင် သူတို့လက်ထဲမှာ များများ ပေးမထား။ ဆယ်စောင်လောက်ပဲ ပေးထားသည်။

ပါသွားရင်လည်း အကြောင်းမဟုတ်၊ အမျိုးသမီးလေးတွေဆီမှာ လက်မှတ်တွေပေးထားသည်။ သူတို့က ရုံနှင့် ခပ်လှမ်းလှမ်းမှာနေသည်။

အရောင်းသမားက လက်မှတ်ကုန်ရင် အမျိုးသမီးတွေထံမှာသွားယူ။

ဘော်ဒါ အမျိုးသမီးလေးတွေက လက်မှတ်များကို လက်ထဲမှာ၊ ပိုက်ဆံအိတ်ထဲမှာ မထားဘဲ ဘော်လီအင်္ကျီအတွင်းဘက် ရင်ဘတ်ထဲမှာထားသည်။

သူတို့ထားသည့်နေရာက ရှာဖွေသူတွေအတွက် အန္တရာယ်ရှိသည့်နေရာ၊ မတော်ရာကို ဆွဲပါ ကိုင်ပါသည်ဟု အော်လိုက်လျှင် ပြဿနာ၊ လက်မှတ်ရောင်းတာကိုမတွေ့ဘဲ ဖမ်းလားဆီးလားလုပ်လို့ကလည်း မလွယ်။

ကိုရေခဲက မိုးမပြို၊ ပြိုခဲ့သော် ကာကွယ်ဖို့အတွက် အဲ့ဒီလို လှည့်ကွက်လေးများဖြင့် အကွက်ရိုက်ထားသည်။ လက်မှတ်နည်းနည်းနှင့်မိရင် လမ်းပိတ်ဆို့မှုပုဒ်မအသေးစားလေးဖြင့် သာ အရေးယူလို့ရသည်။

လမ်းပိတ်ဆို့မှုပုဒ်မက ဒဏ်ငွေအနည်းငယ်ဖြင့် ကိစ္စပြီးသည်။ ဒဏ်ငွေလောက်တော့ သူတို့က လုံးဝမမှု။ အများဆုံးပေးနိုင်သည့်အပြစ်က ထောင်ဒဏ်ခုနစ်ရက်၊ ဒါကိုလည်း သူတို့က မမှု။ အုတ်ရိုးအတွင်းဘက်သို့ အလည်အပတ်သွားသည်လို့ပဲ သဘောမှ သည်။ အသွားပြုံးပြုံး၊ အပြန်ပြုံးပြုံး။

တရားရုံးရောက်ရင် သူတို့က ငြင်းကွယ်ရိုး ထုံးစံမရှိ။

ကိစ္စမြန်မြန်ပြတ်အောင် ဝယ်ထားသည့်လက်မှတ် မကြည့်ဖြစ်လို့ ပြန်ရောင်းတာပါလို့ ဖြောင့်ကွယ်လေးမျိုးဖြင့် ပေးသည့်အပြစ်ကို ခံယူလိုက်





သည်။ ကိုရေခဲကိုယ်တိုင်ကတော့ သူ့ကိုယ်ပေါ်မှာ လက်မှတ်တစ်စောင်တလေပင်မထား။

လက်မှတ်နှင့်တူသည့် စက္ကူအတိုအစကိုသော်မှ မထား။

သူ့ကိုယ်ပေါ်မှာရှာလို့တော့ ငွေစက္ကူအထပ်လိုက်နှင့် စီးကရက်ဘူး၊ မီးခြစ်သာတွေ့ရမည်။ မောင်ရေခဲ ဘာလုပ်နေသည်ကို သိပေမယ့် အရေးယူဖို့အပိုင်းကျတော့ တရားဥပဒေဘောင်နှင့် မငြိစွန်းပြန်။ ကျော်ဇောမှုနှင့် ထိန်းသိမ်းလို့တော့ရသည်။

ကျော်ဇောဆိုသည်က ဒုစရိုက်လုပ်ငန်းကြီးများကို ဦးစီး၍ လုပ်ကိုင်သူဟု သတင်းကြီးသူများအား ကျော်ဇောနှင့် အရေးယူရန် အကြုံးဝင်သည်။

ကိုရေခဲလုပ်နေသည့်လုပ်ငန်းက ထိုသို့ ဒုစရိုက်ကျော်ဇောအမည်တပ်၍ အရေးယူရန် အကြုံးမဝင်ပြန်။

သူက သူ့လုပ်ငန်းကို ထောင့်စေ့အောင် အကွက်ချပြီး ပျားလည်းစွဲ၊ ရှဥ့်လည်းလျှောက်သာစေ၊ လမ်းကြောကို အပိခင်းထားသောကြောင့် ရှောင်သာတိမ်းသာဖြင့် လုပ်နိုင်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့လယ်တွင် အင်္ဂလိပ်၊ ကုလား၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသဆဲ၊ ရုပ်ရှင်ရုံ တစ်ဆယ့်လေးရုံရှိသည်။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ရုံအားလုံးမှာ သူနှင့် အပေးအယူရှိသည့် ဝန်ထမ်းတွေရှိသည်။

အကျိုးအမြတ်ရှိမည့် ဇာတ်ကား ဘယ်ရုံမှာလဲလဲ။ သူလိုချင်သည့်လက်မှတ်ရဖို့မှာ ငှက်ပျောသီး အခွံနွှာရသလို လွယ်သည်။ သောင်းဂဏန်း၊ သိန်းဂဏန်းရသည့် ထိုနှစ်ရုံက သမ္မတနှင့် ပပဝင်း။

ကျန်ရုံတွေကတော့ ထောင်ဂဏန်းဝင်ငွေသာသာပဲ အလုပ်ဖြစ်သည်။

မည်သို့ပင်ရှိစေ. . . ။

အလုပ်မဖြစ်လို့ ဝင်ငွေခန်းသည်ဟူ၍ မရှိသလို ရုပ်ရှင်ရုံဝန်ထမ်းပိုင်းတွင်လည်း သူနှင့်ငြိချိတ်မတွဲမိသူဟူ၍ မရှိသလောက်ဟု ပြောရမည်ဆိုသောအဆင့်သို့ ရောက်ရှိခဲ့သည်။

ပြင်ပက တာဝန်ရှိသော သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြေလည်သည်။ သမ္မတရုံမှာ ရုပ်ရှင်ကြည့်မည်။

ဘယ်ပွဲအတွက် လက်မှတ် ဘယ်နှစ်စောင် လုပ်ထားလိုက်ပါဟု ဖုန်းဆက်လိုက်သည်။ ဖုန်းလာသည့် အချိန်က ညနေသုံးနာရီ။

ပုဂ္ဂိုလ်ကြီး ကြည့်မည့်ပွဲက ခြောက်နာရီခွဲပွဲ။



www.burmeseclassic.com

www.burmeseclassic.com



ရုံမှာလက်မှတ် လက်ကျန်မရှိတော့ ဟောက်(စ်)ဖူးလ်ချိတ်ထားပြီ။ ပုဂ္ဂိုလ်ကြီးမိသားစုအတွက် မှာသည့် လက်မှတ်က ဒီစီခြောက်စောင်၊ ရုံပြည့်နေပါပြီ။

လက်မှတ်မရနိုင်တော့ပါဘူးခင်ဗျာလို့ တယ်လီဖုန်းထဲကနေ ဘယ်ပြန်ပြောရဲလိမ့်မှာပ။ ပြန်ပြောနိုင်တာက. . .

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါ၊ စိတ်ချပါ၊ ကျွန်တော်ကိုယ်တိုင် ရုံဝင်ပေါက်ကနေ စောင့်နေပါ့မယ်"

"ခင်ဗျာ. . . ဟုတ်ကဲ့၊ အလယ်ကျကျ နေရာကောင်း ရရပါစေမယ်"

တယ်လီဖုန်းဆက်သူက ဖုန်းချသွားတော့မှ တယ်လီဖုန်းကိုင်သူမှာ 'ဟူးခနဲ' သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ရသည်။ ကျိန်းသေပေါက်ရပါစေမယ်ဟု အာမခံလိုက်ရပေမယ့် ပြန်ကြားလိုက်ရသူလက်ထဲမှာ လက်မှတ်မရှိ။

ရုံကို အကူအညီတောင်းရင် ရနိုင်သော်လည်း အိတ်ထဲကငွေ အရင်ထွက်သွားမည်။ ကိုယ့်အထက်လူကြီးဆီက ပြန်ရဖို့ မျှော်လင့်လို့မရ။

တောင်းလို့လည်း မကောင်း။ ပေးသည့်တိုင်အောင် ယူဖို့က ခက်သည်။

သည်တော့ ဘယ်သူ့ဆီသွားရမှာပ။ ဘယ်သွားနေသလဲ မောင်ရေခဲဆီကိုပေါ့။ သည်လိုအကြောင်းမျိုးပေါ်လာလို့ ပြောလိုက်ရစ် ကိုရေခဲကလည်း ခေါင်းခါရိုး ထုံးစံမရှိ၊ အကောင်းဆုံးနေရာကို ရွေးပေးလိုက်သည်သာ။

အမြတ်ထားလို့အရင်းပင် ပေးစရာမလို၊ ဒါက နားလည်မှုရှိပြီးသား။

သည်တော့လည်း အပြန်အလှန်တွေ ရှိလာရသည်ပေါ့။

ကိုရေခဲက အညာကိုင် ကျွမ်းသည်။

အညာကို ကိုင်မိတော့မှ အသီးကိုရဖို့ ဘယ်ပြေးလွတ်တော့မလဲ။

သူ့လုပ်ငန်းက ရုပ်ရှင်လက်မှတ်တစ်ခုတည်း မဟုတ်။

ဘောလုံးပွဲအမျိုးမျိုး၊ ဂီတပဒေသာဖျော်ဖြေပွဲအမျိုးမျိုး၊ ရွှေမန်းတင်မောင်လို ဇာတ်သဘင်ပွဲမျိုးပင် မလွတ်၊ လိုင်းစုံကိုင်ထားသော လုပ်ငန်းခွင်လည်ပတ်မှုကလည်း မှန်နေသည်။ ငွေဝင်ပြတ်လပ်သွားသည်ဟူ၍ မရှိ။

တစ်ခါတရံ ဖြစ်တောင့်ဖြစ်ခဲ ပြတ်လပ်သည့် အလှည့်မျိုးကြုံရင်သော်မှု အကြောင်းမဟုတ်။ ကိုရေခဲယူသည့် လှည့်ငွေကို ပေးသူက ငြင်းဆန်ရိုး ထုံးစံမရှိ။ သူကလည်း မှန်သည်၊ အယူသွက်သလို အပေးမြန်သည်။

အခြေအနေ အကြပ်အတည်း ရှိလာရင်လည်း ဦးအောင်သွားပြီး အကို့ အကြောင်းအသိပေး၍ အပိုင်ကတိပါပေးသည်။ပေးသည့်ကတိအတိုင်းလည်း တည်အောင်လုပ်သည်။ အပေးသမားတွေကလည်း သူလာရင် အလွယ်တကူပင်။





"ကိုရေခဲ ဒီလောက်ဝင်ငွေကောင်းတာ စုမိဆောင်းမိ မရှိဘူးလား။ ကိုယ့်ကိုယ်ပိုင်ငွေနဲ့ လုပ်နိုင်တဲ့အခြေအနေ မရှိဘူးလား"

"ဆရာပြောသလို စုတတ်ဆောင်းတတ်ရင်တော့ တိုက်နဲ့ကားနဲ့ ဖြစ်ပြီပေါ့။ ကျွန်တော်က လက်ကြီးသမား၊ ငွေကို နှမြောတွန့်တိုရမှန်း မသိဘူး၊ အမြောက်ကြိုက်တာလည်း ပါတာပေါ့"

"ကိုရေခဲ ရုပ်ရှင်ကုမ္ပဏီတွေအတွက် လုပ်ပေးခဲ့ရတာတွေလည်း တဆင့်စကားကြားပါတယ်၊ အသေးစိတ်တော့ မသိဘူးပေါ့။ အဲ့ဒါတွေလည်း ပြောဦး၊ ဒါမှပြည့်စုံမှာ"

"အဲ့ဒီအကြောင်းမပြောခင် ပြောဖို့ကျန်နေတဲ့ ရေခဲသုံးယောက်အကြောင်း ပြောဦးမှ"

ရေခဲသုံးယောက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ်)

ရုပ်ရှင်ကြည့်ပရိသတ် ရုပ်ရှင်ဝါသနာအိုးများနှင့် ရုပ်ရှင်လောကသားများ ကြားထဲမှာ သူ၏နာမည်ကျော် ဟိန်းထွက်လာသည်။

လူကိုမမြင်ဖူးပေမယ့် သူ့နာမည်ကိုကြားသိသူရှိလာ၏။

ရုပ်ရှင်ကြည့်ရန် ရက်နှင့်အချိန် အကန့်အသတ် မပေးနိုင်သူ စီးပွားရေးလုပ်ငန်းဖြင့် လုံးထွေးနေရသူ တချို့က သူ့တပည့်များမှတဆင့် သူနှင့်ဆက်သွယ်လာကြသည်။

သူတို့အားသည့်အချိန် ကြည့်နိုင်မည့်ပွဲအတွက် ကြိုတင်ပြောမထားဘဲ လက်မှတ်ရနိုင်အောင် ကိုရေခဲက ဖန်တီးပေးဖို့ဖြစ်၏။

ဈေးစကား ပြောစရာမလို။ လက်မှတ်ရဖို့အတွက် လုပ်ပေးနိုင် မပေးနိုင်။ သူတို့ကြည့်နိုင်မည့်ရက်မှာ တနင်္ဂနွေနေ့တစ်နေ့သာ။ နေ့ပွဲ၊ ဒါမှမဟုတ် ညပွဲ။

ကိုရေခဲက အဲ့ဒီလို ပင်တိုင်ဖောက်သည်သမားတွေအတွက် နာရီဝက်သာ ကြိုပြော ရစေမည်ဟု အာမခံလိုက်သည်။ အဲ့ဒီလို ပင်တိုင်ဖောက်သည်သမားတွေကလည်း အချိန်တန်ရင် ကိုရေခဲဆီ ရောက်လာစမြဲ။

သူတို့က ခေါ်ကြေးသာမက အပိုကြေး (ဝါ) ကျေးဇူးတင်ကြေးပါ ပေးသွားကြသည်။

ပင်တိုင်ဖောက်သည် သုံးဆယ်ကျော်ကိုလည်း သူက အပိုင်ကိုင်ထားနိုင်သည်။ သူတို့က တစ်ယောက်တည်း လာကြသူများမဟုတ်ဘဲ မိသားစု လိုက်လာကြတာဆိုတော့ ကားသစ်တင် တားလဲတိုင်း လက်မှတ်အစောင်တစ်ရာ ပုံမှန်ရောင်းရသည်။ သမ္မတရုံလက်မှတ်များကို တစ်ဦးတည်း ကိုင်ထားရာမှ သူနှင့်နားလည်မှုယူ လက်ဝါးရိုက်ပြီး ဖက်စပ်လုပ်မည့်သူတစ်ဦး ပေါ်လာသည်။





သူ့နာမည်က ဆလမ်၊ သူက မြန်မာ မဟုတ်၊ ကုလား။ သူ့ကို မြန်မာရေခဲ၊ ဆလမ်ကို ကုလားရေခဲ။

အဲ့ဒီလိုခေါ်ကြသည်။ နောက်ထပ်အသစ်တစ်ယောက် ပေါ်လာသည့်တိုင် အသစ်နာမည်ကို အသိအမှတ်မပြု။

သူ့နာမည်ကိုပင် အသိအမှတ်ပြုပြီး ကုလားဆလမ်ကို ကုလားရေခဲဟု ခေါ်ကြသည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုလောကမှာ ရေခဲနာမည်က အဲ့ဒီလောက်အထိ လွှမ်းထင်လေသည်။

နောက်တစ်ယောက်က တရုတ်ရေခဲ။

သူတို့နှင့် လိုင်းတူမဟုတ် လိုင်းကွဲသည်။

တရုတ်ရေခဲဟု နာမည်တွင်လာသူက ဘောလုံးပွဲလောင်းကစားကို ကိုင်သူ။ သူကလည်း နာမည်ကြီး။

ကိုရေခဲနာမည် လူသိများ ထင်ရှားလာသည့်အလျောက် ဘောလုံးပွဲကိုင်သူကို လူသိများသည့်အပြင် တင်စားခေါ်ခဲ့ရာမှ တရုတ်ရေခဲဟု အမည်တွင်လာသည်ဟု ဆိုကြသည်။

မည်သို့ပင် ရှိပါစေ။

တစ်ချိန်သောအခါက ရန်ကုန်မြို့မှာ နာမည်ကြီးရေခဲသုံးယောက် ရှိခဲ့ဖူးသည်ကိုတော့ အသိအမှတ်ပြုရမည်သာပါ။

မြန်မာရေခဲ၊ ကုလားရေခဲ၊ တရုတ်ရေခဲ ဟူ၍ပါ၍...။

◆ ◆ ◆

ပလက်ဖောင်းမင်းသားလေး မောင်ရေခဲမှာ ရုပ်ရှင်လက်မှတ် မှောင်ခိုလောကတွင်သာ အသိအမှတ်ပြုခံရသူမဟုတ်၊ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များ၊ ဇာတ်ကားဖြန့်ချိသူများ၏လောကတွင်ပါ အသိအမှတ်ပြုခံရသူ ဖြစ်လာသည်။

သူ့ကို အရေးတယူ ဆက်ဆံလာရသည်။ စားစရာသောက်စရာများဖြင့်ဧည့်ခံ၍ လုပ်ငန်းအကြောင်း ပြောကြရသည်။ အပေးအယူကိစ္စ လုပ်ကြရသည်။ ထိုစဉ်ကာလက မြန်မာရုပ်ရှင်ဇာတ်ကားများ၏ နယ်ရုပ်ရှင်ရုံများသို့ ငှားရမ်းခနှုန်းထားမှာ ရန်ကုန်တွင် ပြသသည့် ပွဲစဉ်တွင် ဘယ်နှပွဲ ရုံပြည့်သည်ဆိုသည့် အပေါ်တွင်မူတည်၍ ဈေးစကားပြောရသည်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကားကောင်း ဇာတ်ကားသန့်များ ထုတ်လုပ်သည့် ကုမ္ပဏီတွေကျတော့ ကြိုတင်ငွေပေးနှုန်းထားဖြင့် ငှားရမ်းကြသည်မျိုးလည်း ရှိသည်။

ကြိုတင်ငွေပေးငှားရမ်းမထားသည့် ဇာတ်ကားမျိုးကျတော့ ဘယ်နှစ်ပွဲရုံပြည့်ပြီး ရန်ကုန်မြို့လယ် ဝင်ငွေမပေါ်တည်၍ နယ်ငှားရမ်းနှုန်းထား သတ်မှတ်သည်။

ဘယ်နှစ်ပွဲရုံပြည့်ပြီဆိုသည့် ဟောက်(စ်)ဖုးလ် ဆိုင်းဘုတ်ချိတ်နိုင်သည့်အပေါ်တွင် မူတည်၍ ကုမ္ပဏီအရှိန်အဝါ တက်သည်။

ပြီး. . . ရုပ်ရှင်ကြည့်ပရိသတ် သဘောသဘာဝက လက်မှတ်အလွယ်တကူ ဝယ်ရလျှင် ကားမကောင်းလို့ များလားလို့ စိတ်စနိုးစနောင့်ဖြစ်ပြီး ကြည့်ရကောင်းနိုး မကြည့်ရကောင်းနိုး ဖြစ်တတ်သည်။

ရုံရှေ့မှာ လူနည်းနေလျှင် တန်းစီသည့်နေရာမှာ လူနည်းနေလျှင် တခြားရုံဘက်သို့ ခြေလှမ်းပြောင်းတတ်သည်။

ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်ထားပြီဆိုရင် အဲဒီရုံက လက်မှတ်ကို မရမကလိုက်မေးဝယ်တတ်သည်။

အဲဒီလိုအကြောင်းများနှင့် အခြားအကြောင်းများ ရှိသည့်အလျောက်မိမိတို့ဇာတ်ကားရုံတင်ပြီဆိုရင် အနည်းဆုံး သောကြာ၊ စနေ၊ တနင်္ဂနွေသုံးရက် ရုံပြည့်ပြီ ဆိုင်းဘုတ် ချိတ်ချင်ကြသည်။

ကုမ္ပဏီတွေကလည်း တစ်ကုမ္ပဏီနှင့် တစ်ကုမ္ပဏီ အပြိုင်အဆိုင်။ ရုံမပြည့်ဘဲ ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်နိုင်ရန် အမှန်အကန်မဟုတ်သည့် အကြံအဖန်ဖြင့် လှည့်ကွက် ဖန်တီးရမည်။

အဲဒီအကြံအဖန်လှည့်ကွက်ကို ပိပိရိရိ အကောင်အထည်ဖော်ပေးနိုင်စွမ်းရှိသူမှာ ပလက်ဖောင်းမင်းသားလေးကိုရေခဲ။

သို့မို့ကြောင့် သူ့ကိုချဉ်းကပ်ရသည်။ လက်ကမ်းရသည်။ လက်မှတ်တွေကိုကိုယ့်ဟာကိုယ်ဆုတ်ပြီး ရုံထဲမှာ လူမရှိဘဲ ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်လို့လည်းမဖြစ်။ ပါးစပ်တစ်ပေါက်ကို ပိတ်ဖို့ မလွယ်သည့်ကိစ္စ။ လူမရှိဘဲ ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်သည့် ကျော်သတင်းပြန့်ကားထွက်သွားလျှင် ကိုယ့်မြားချက်ကိုယ့်ပြန်စူးပြီး အဖတ်ဆယ်မရ ဖြစ်သွားမည်။

ရုံရှေ့မှာ ပရိသတ်က ကျိုးနှင့်ဖုတ်ဖုတ် ရှိနေပါလျက် ရုံအဝင် ဘာဂျာတံခါးမှာ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်လို့လည်း မဖြစ်။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမိသည့် နာချက်မျိုးအထိ နာသွားမည်။ ရုံထဲမှာ ပရိသတ်အပြည့်နှင့်





ရုံပြည့်ပြီဆိုင်းဘုတ်မျိုးချိတ်နိုင်မှ ရည်မှန်းချက်ပြည့်မည်။

ရင်ကော့ ခေါင်းမော့၍ လက်မထောင်နိုင်မည်။

အကြံအဖန်ဖြစ်စေကာမူ အမှန်အကန်လို အထင်ပေါက်အောင် ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်နိုင်ရန်အတွက် ကိုရေခဲကို စားသောက်ဆိုင်တစ်ခုခုသို့ပင့်ဖိတ်ပြီး စားရင်းသောက်ရင်း ပြောဆိုရသည်။

"ကဲ. . . ကိုရေခဲ ကျွန်တော်တို့ကား ရှေ့အပတ် ရုံတင်မယ်။ ကားအခြေအနေ ခင်ဗျားလည်း သိပြီးသားဆိုတော့ အထူးပြောစရာမလိုဘူး။ အောက်တန်းပြည့်ဖို့ စိတ်ချရတယ်။ အထက်တန်းကတော့ အလွန်ဆုံးတစ်ဝက်ပဲ။ အဲဒါ ကိုရေခဲ ကိုင်ပေးစမ်းပါဦး"

"သိပ်ဖြစ်တာပေါ့၊ နှုန်းထားက. . ."

"သုံးထောင်"

ကိုရေခဲက ကျယ်သောသူ၏ပါးစပ်ပေါက်ကို အစွန်းနှစ်ဘက်သို့ ဆွဲဆန့်လိုက်သည်။ ပြုံးနေကျအပြုံးရိပ်ထင်သွားသည်။ ပြီးမှ ခေါင်းကို သာသာလေးယမ်းလိုက်သည်။

သူ ထောင်ပြလိုက်သည်က လက်ငါးချောင်း။

"ကိုရေခဲကလည်း ဒီလောက်တော့ မလုပ်နဲ့လေ"

"အဲဒါ ခင်ဗျားကိုအားနာလို့"

"ကဲ. . . လေးခုတော့ လုပ်ဗျာ"

"ကျွန်တော့်အထက်ရုံ သမ္မတမှာ တစ်ပွဲဘယ်လောက်ရတယ်ဆိုတာဆရာတို့သိပါတယ်၊ ဒီမှာလုပ်ရမှာက တစ်ပွဲကိစ္စ မဟုတ်ဘူးလေ။ ကျွန်တော်တောင်းတာမများပါဘူး၊ ငါးချောင်း တစ်ချောင်းယုတ်ဆိုရင်တော့ မဖြစ်ဘူး။ ကျွန်တော်တော့ ငါးချောင်းအပြည့်ရမှဆိုတော့. . ."

နောက်ဆုံး ကိုရေခဲ တောင်းသည့်အတိုင်း ရသွားသည်။ လေးကျပ်တန်းနှင့်ငါးကျပ်တန်းလက်မှတ်တွေ ကိုရေခဲလက်ထဲ ရောက်လာသည်။ ကိုရေခဲလက်ထဲရောက်လာသည့် လက်မှတ်များကို ကုမ္ပဏီက တစ်ဘက်လှည့်နှင့် ဝယ်ယပေးလိုက်ခြင်း ဖြစ်၏။

ကုမ္ပဏီက ထိုလက်မှတ်များအတွက် ငွေအပြည့်မစိုက်ရ။ ပွဲခွန်အတွက်မပေးရမည့်ငွေ လေးကျပ်တန်းအတွက် တစ်ကျပ်နှင့် မြားခြောက်ဆယ်၊ ငါးကျပ်တန်းလက်မှတ်တစ်စောင်အတွက် နှစ်ကျပ်ပဲစိုက်ရသည်။

ကိုရေခဲက အဲဒီလက်မှတ် တချို့တဝက်ကို ဖရီသမားတွေလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်သည်။

သူ့မှာက သူ့နည်းသူ့ဟန်နှင့် ရပ်တွက်ရှိသည်။

တချို့တဝက်ကို သူတို့လက်ထဲမှာကိုင်ပြီး ရောင်းပေးသည်။ ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်ဆွဲထားသလို ရုံရှေ့မှာလည်း ပရိသတ်စည်စည်ကားကားရှိနေသည်။ လက်မှတ်မရသော ရိုးရိုးလာကြသည့် ပရိသတ်မှာ သုံးလေးကျပ်အပိုပေးဝယ်ယူပြီး ကြည့်ရသည်။ ရုံပြည့်နေလို့ အပြင်မှာ လက်မှတ် မနည်းရှာဝယ်ရတယ်ဟူ၍သောအပြော ပြန့်ကားသွားသည်။

ကုမ္ပဏီအတွက်လည်း တကယ့်လူအပြည့်နှင့် ရုံပြည့်ပြီဆိုင်းဘုတ်ချိတ်နိုင်သွားသည်။ ဒါက သူ့လုပ်ကွက်ထဲက တစ်နည်း။ အောက်တန်းတွေ အပေါ်တန်းပါ လူကြိုက်များမည့် ဇာတ်ကားကောင်းတင်မည့် ကုမ္ပဏီတွေကတော့ ပရက်(စ်)ရှိုး အထူးပွဲပြသည့်အခါ ကိုရေခဲကို ဖိတ်စာနှင့်တကွ ဖိတ်ခေါ်ပြသရသည်မျိုးလည်း ရှိသည်။ ဤသို့ ပရက်(စ်)ရှိုး အထူးပွဲသို့ ကိုရေခဲအားအထူးတလည် ဖိတ်ခေါ်ပြသရသည်မှာ အကြောင်းရှိသည်။

သူတို့ကား အခြေအနေကို မှောင်ခိုလက်မှတ် ကိုင်သည့် မှောင်ခိုရာဇကိုရေခဲ ကြိုတင်သိထားဖို့ဖြစ်၏။ သူတို့ကားကို အောက်တန်းရော၊ အထက်တန်းပါ ကြိုက်မှာသေချာပေမယ့် လူကြည့်များသည့် ပွဲစဉ်အတွက်က အကြောင်းမဟုတ်၊ ထိုစဉ်က သုံးနာရီခွဲပွဲနှင့် ကိုးနာရီခွဲပွဲမှာ လူကြည့်နည်းသည့်ပွဲ။

သည်ပွဲတွေအတွက် သိပ်စိတ်မချရ။ သည်ပွဲတွေအတွက်ပါ စိတ်ချလက်ချဖြစ်စေရန် ကိုရေခဲ အကူအညီယူဖို့ဖြစ်၏။

တအိအိမှ ရုံပြည့်ပြီ ဆိုင်းဘုတ်ချိတ်ရတာထက် အစောကြီးရုံပြည့်ပြီဆိုင်းဘုတ် ချိတ်ချင်သည်။

ကိုရေခဲက မှောင်ခိုလက်မှတ်ကိုင်ပြီး လှုပ်ရှားပေးရင် ပွဲတိုင်းပြည့်သလိုလက်မှတ်အတွက် စိတ်မချရဘူးဟူ၍ အပြောအဆို လေသံထိန်းရင် သူတို့ကားအရှိန်ပိုတက်မည်။

အဲ့ဒီလို အကြံအဖန်လှည့်ကွက်ကလေးကို အကောင်အထည်ပေါ်လာစေရန် အလှည့်အပြောင်း လုပ်ပေးနိုင်မည့်သူမှာ ကိုရေခဲ။

"မောင်ရင်တို့ ကားကိုကြည့်ပြီးပြီနော်၊ အောက်တန်းရော အထက်တန်းပါကြိုက်မယ့်ကားဆိုတာ သေချာတယ်၊ ဒါပေမယ့် တို့က လှုပ်လှုပ်ရှားရှားဖြစ်ပြီးရုံပြည့်စေချင်တယ်။ အဲ့ဒါကို မောင်ရင်က လုပ်ပေးဖို့ပဲ"

"ဖြစ်ပါတယ် မိုင်နာပါ၊ ဘယ်လိုပုံစံနဲ့လုပ်ချင်တယ်ဆိုတာကိုပြော





ကျွန်တော်လက်ခံနိုင်ရင် လုပ်ပေးမယ်"

"အိုကေ၊ မောင်ရင်က ငွေရင်းစိုက်ဖို့ မလိုဘူး၊ တို့ငွေနဲ့ လက်မှတ်ဆုတ်ပြီး မောင်ရင်က လှုပ်ရှားပေးဖို့ပဲ"

"အကျိုးအမြတ်ကိစ္စက"

"ဟုတ်ပြီ၊ မောင်ရင်ဈေးပိုရောင်းလို့ရတဲ့ ငွေကြေးအစွန်းအမြတ်ကိုမောင်ရင်ယူ၊ လက်မှတ်မကုန်ရင် လက်မှတ်တွေပြန်ပေး၊ မောင်ရင်စိုက်စရာမလိုဘူး၊ ဒါတင်မကဘူး၊ အလုပ်ဖြစ်တဲ့အပေါ်မှာကြည့်ပြီး မောင်ရင့်အတွက်အပိုကြေးထပ်ပေးမယ်"

"ပေးမယ့်ကြေးရဲ့ နှုန်းထားကရော"

"အဲ့ဒါကတော့ မောင်ရင် မနစ်နာစေရဘူး၊ မောင်ရင်ကိုင်ပေးတဲ့ဟိုကုမ္ပဏီက ကားတုန်းကထက် ပိုစေရမယ်"

ကိုရေခဲ ခေါင်းညိတ်လိုက်သည်။

မကုန်သည့်လက်မှတ်ပြန်ပေး၊ ကုန်သည့်လက်မှတ်အကျိုးအမြတ်ကိုကိုယ်ရမည်။ ကိုယ်က ငွေရင်းစိုက်စရာမလို၊ အပိုကြေးပါ ပါသေးသည်မို့ သူ့ဘက်က မလုပ်နိုင်စရာမရှိ။

မကုန်သည့်လက်မှတ် ကိုရေခဲဆီက ပြန်မလာဘူးဆိုတာကို သိပေမယ့်မက်လုံးပေးသည့်သဘောဖြင့် အပြောအဆို ရှိထားခြင်းသာဖြစ်၏။

နှစ်တန်းပေါင်းလက်မှတ် အစောင်တစ်ရာလောက်ကိုတော့ ကိုရေခဲကအသာလေး၊ ဘယ်လိုကုန်အောင် အလှည့်အပြောင်းလုပ်ရမည့် အထာကိုကျွမ်းပြီးသား။

သည်လိုလုပ်ကွက်မျိုးပေါ်လာရင် သူ့အတွက် ငြိမ့်သည်။

စီးပွားရေးသမားတွေ၏ အကြံအဖန်လှည့်ကွက်မှာ သူက အသုံးတော်ခံမင်းသား။ သူကလည်းသိသည်။ သူ့ဘက်ကလည်း အရင်းမစိုက် လှေထိုးလိုက်ရသည်မို့ ဒါမျိုးကိုမုငြင်း။

သူ့မှာ အဲ့ဒီလိုလုပ်ကွက်တွေလည်း ရှိသည်။ ပလက်ဖောင်းမင်းသားလေးကိုရေခဲမှာ ရုပ်ရှင်လက်မှတ်မှောင်ခိုလောက၏ ခေါင်းဆောင်အဖြစ်သာမဟုတ်ဘဲ ဘောလုံးပွဲလက်မှတ်၊ ဂီတပဒေသာအပါအဝင် ပွဲလက်မှတ်တွေကိုပါ ကိုင်ခဲ့သည်။ တရုတ်လက်တစ်ဖက်ပြတ်ရုပ်ရှင်ကားတွင် နှစ်သိန်းကျော် သုံးသိန်းနီးပါးမျှ လက်ဖျားငွေသီးခဲ့သည်ဟု အဆိုအပြောရှိသည်အထိကျော်သတင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆယ်စုနှစ် တစ်စုကျော်ကျော် သည်လောကကို ဦးစီးခေါင်းဆောင်၍ လှုပ်ရှားခဲ့သူ ကိုရေခဲမှာ အုတ်ရိုးအတွင်းလူအဖြစ်သို့ မရောက်ခဲ့ဘဲ အုတ်ရိုး အပြင်လူအဖြစ် ထည်ဝင့်နိုင်ခဲ့သည်။ ဒါတွေက တရားဥပဒေနှင့် သက်ဆိုင် ပတ်သက်လာမည့်နေ့တစ်နေ့ကို မရောက်ခင်အထိ ဖြစ်၏။

သို့တစေ မကောင်းသောနေ့များနှင့် ဆက်နွယ်ပတ်သက်သူများမှာ မကောင်းသောနေ့တစ်နေ့ ကိုယ့်ဘက်သို့ဦးလည်လာမည်ကို သတိမူမိလေ့ မရှိကြ။ ကိုယ်လုပ်တာ ဖြစ်မြောက်အောင်မြင်မှုအပေး မိန်းမူးကျေနပ်လေ့ ရှိကြသည်။ ထိုမကောင်းသောတစ်နေ့ကို မလွဲမသွေ တွေ့ဆုံရမည်သာ ဖြစ်သည်။ မကောင်းသည်ကိုလုပ်၍ ဖြစ်မြောက်အောင်မြင်မှုမှာ ထာဝရ မဟုတ်။ တစ်ခဏသာ။

ထိုနိယာမသဘောကို သူလည်း ဘယ်ရှောင်လွှဲလို့ လွတ်နိုင်လိမ့်မှာပ။ မမျှော်လင့်သော ထိုတစ်နေ့ကို ထိပ်တိုက်ရင်ဆိုင် လိုက်ရတော့၏။

ထိုတစ်နေ့မှာ. . . ။

◆ ◆ ◆



(တစ်ဆယ့်တစ်)

၁၉၇၄-ခု၊ ဇူလိုင်လ ၂၈ရက်နေ့တွင် ရန်ကုန်မြို့တော် အုပ်ချုပ်ရေး တရားဥပဒေစိုးမိုးရေးကို ဦးစားပေးရသည့်အလျောက် ရန်ကုန်မြို့တော် တစ်ခွင်ရှိ ဒုစရိုက်သမားများကို ပိုက်စိပ်တိုက်၍ ဖမ်းဆီးထိန်းသိမ်းရသည်။

သူတို့ရှိနေခြင်းကြောင့် သူတို့လှုပ်ရှားနေခြင်းကြောင့် အေးချမ်းသာယာစွာ နေထိုင်လိုသည့်ပြည်သူလူထုကို အနှောင့်အယှက် ဖြစ်စေသည်။

သို့မို့ကြောင့် သူတို့ကို ပိုက်စိပ်တိုက်ရသည်။ ပိုက်စိပ်တိုက်ရသည့် စာရင်းပေါက်သူတွေထဲမှာ ကိုရေခဲနာမည်လည်း ပါသည်။ မင်းနီဝိုင်းခံရသူ များစာရင်းထဲမှာ သူ့နာမည်လည်း ပါရှိပြီပေါ့။ သို့တစေ လျင်၊ နပ်၊ ပါး၊ လွှာသူ ကိုရေခဲက တစ်ပတ်ခန့်ကြိုတင်သတင်းရလိုက်သည်။

သူက စမောလေးကို အပါခေါ်ပြီး ရန်ကုန်နယ်မြေထဲကနေ ကိုယ် ယောင်ဖျောက် ထွက်သွားသည်။ လက်တစ်ဖက်ပြတ်ကားက ရထားသည့် ပူပူနွေးနွေးငွေကြေးကလည်း လက်ဝယ်မှာအပြည့်။

ကုလားရေခဲအပါအဝင် ရုပ်ရှင်လက်မှတ် မှောင်ခိုတစ်ရာကျော်ခန့် အချုပ်ခန်းထဲသို့ ရောက်ရှိနေခဲ့ကြသော်လည်း ဘယ်ပြေးနေလဲ မောင်ရေခဲ မပါသေး။ ပြေးသူနောက်သို့ တကာယ်လိုက်ပြီဆိုတော့ ပြေးသူ၏ပြေးလမ်း ကျဉ်းမြောင်းသွားစမြဲ ဆိုသည့်အတိုင်း ကိုရေခဲ ပြေးလမ်းလည်း ကျဉ်းသွား ရပြီပေါ့။ ဥပဒေကျော့ကွင်းသည် ဒုစရိုက်သမားတို့အား လွတ်လမ်းပေးလေ့ မရှိသည့်အဆိုအတိုင်း ဘယ်ပြေးနေသလဲ မောင်ရေခဲကို အဝ်းတကော် မုန်တိုင်းရွာမှာ ဖမ်းဆီးရမိခဲ့သည်။

ဒဂုံမြို့နယ်မှူး ဦးမော်လွင်ထွန်း နှောင် ရဲမှူးကြီး ခေါင်းဆောင်သော အဖွဲ့မှ အင်းတကော် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လက်ရဖမ်းဆီးလိုက်သည်။

ရုပ်ရှင်လက်မှတ် မှောင်ခိုဂိုဏ်းခေါင်းဆောင် မောင်ရေခဲကို ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်ပြီ။ လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာတွင် သူ့သတင်း ပါလာသည်။

သူ့နာမည်မှာ သတင်းစာတွင် ဖော်ပြရသည်အထိ အရေးပါခဲ့သည်။ အချုပ်ထဲရောက်ပြီးနောက်တော့ ရေခဲအရည်ပျော်သွားရပြီပေါ့။

နောက်ဆက်တွဲအဖြစ် ရုပ်ရှင်လက်မှတ် မှောင်ခိုလုပ်ငန်းတွင် ပါဝင်ဆက်နွယ် ပါဝင်ပတ်သက်ခဲ့သူ တစ်သီကြီးလည်း အုတ်ရိုးအတွင်းလူ ဖြစ်သွားရသည်။ ကိုရေခဲက ဆယ်စုနှစ်တစ်စုကျော်လုပ်ခဲ့သည်များ အိတ်သွန်ဖာမှောက် အစစ်ခံလိုက်သည်။ ဝင်ငွေအစစ်ခံချက်ကိုတော့ လျှော့ပေါ့အစစ်ခံခဲ့သည်ပါ။

ဂျိမ်းစ်ဘွန်းဇာတ်ကားတစ်ကားထဲ ဝင်ငွေကို လေးသောင်းကျော် ငါးသောင်းခန့်ဟု။ တကယ့်ဝင်ငွေက တစ်သိန်းကျော်သည်။ အခြားဇာတ်ကားများ ဝင်ငွေကို နှစ်သောင်းကျော်ခန့်ဟု။ တကယ့်ဝင်ငွေက လေးသောင်းအထက်ရှိသည်။ တရုတ်လက်တစ်ဖက်ပြတ်ဇာတ်ကား သုံးပတ်ဝင်ငွေကို တစ်သိန်းကျော်ဟု။ ဘကယ့်ဝင်ငွေက နှစ်သိန်းငါးသောင်းကျော်သည်။

တကယ့်ဝင်ငွေကို ခုမှ သူကိုယ်တိုင်ဖြောင့်ဆို ဝန်ခံခြင်းဖြစ်သည်။ သူနှင့်အတူ အရေးယူခံရပြီး အုတ်ရိုးအတွင်းလူဖြစ်သွားသူများမှာ. . .

ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းဝယ်သူ တစ်ရာနှစ်ဆယ်ကျော်၊ သူတို့နှင့်မကင်းရာမကင်းကြောင်းရှိသော မြို့လယ်၊ မြို့ပတ်၊ ရုပ်ရှင်ရုံဝန်ထမ်း တစ်ရာငါးဆယ်ကျော်၊ တာဝန်ရှိ၍ ဖြုတ်၊ ပြောင်း၊ လျှော့ခံရသူ ရဲဝန်ထမ်းဦးရေမှာ လေးဆယ်ကျော်။

ကိုရေခဲနှင့်အတူ သူ၏အချစ်တော် နံပါတ်တူးလေးပါ အင်းစိန်အကျဉ်းထောင် မိန်းမထောင်သို့ ရောက်သွားခဲ့သည်။ သူ့အား ချမှတ်သည့်ထောင်ဒဏ်မှာ ဆယ်နှစ်။

နောက်တစ်မှုခွဲချက်ဖြင့် ချမှတ်သည့်ထောင်ဒဏ်မှာ ခြောက်နှစ်၊ တစ်ပေါင်းတည်း ဆယ်နှစ်။

အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ဆယ်နှစ်၊ အမိန့်ချမှတ်တဲ့နေ့က ကျွန်တော် တရားခွင်မှာ မိုက်ခနဲဖြစ်သွားပြီး မူးသွားတယ်။ နာရီဝက်လောက်နေပြီး အမူးပြေတော့ ကျွန်တော် ကြောင်တောင်တောင် ဖြစ်နေတယ်။ အဲဒီနေ့က ကျွန်တော်ခံစားလိုက်ရတဲ့ ခံစားချက်ကို ဘယ်လိုပြန်ပြောရမှန်းတောင် မသိပါဘူး။ ကျွန်တော်သတ္တိမနည်းပါဘူး။ လုပ်ရဲသလို ခံရဲတဲ့ သတ္တိမျိုးလည်း





ရှိပါတယ်။ ဒါပေမယ့် အဖမ်းဆီးခံရတဲ့အချိန်ကစပြီး ထောင်ဒဏ်အမိန့်ချမှတ်တဲ့နေ့အထိ ခံစားလိုက်ရတဲ့ ထိတ်လန့်တုန်လှုပ်ချောက်ချားမှု ဖြစ်ရတာမျိုးကိုတော့ နောက်တစ်ဖန် မခံစားချင်လောက်အောင် အမြဲသတိရနေပါတယ်”

ကိုရေခဲမှာ နှစ်ပြည့်မနေလိုက်ရ။

လျှော့ပေါ့ပြစ်ဒဏ် ငါးနှစ်ခံစားခွင့်ရလိုက်သည့်အတွက် အင်းစိန်အကျဉ်းထောင်နှင့် တွံ့တေးရွှေသူဌေးတာ ရဲဘက်စခန်းမှာ သုံးနှစ်ကျော်နေပြီး လွတ်မြောက်ခဲ့သည်။

“ကျွန်တော့်မှာ ဘာမှမရှိတော့ဘူး။ နံပါတ်နှစ်က ဝယ်ပေးထားတဲ့ တိုက်ခန်းကို ရောင်းရတဲ့ငွေတွေရော၊ အတွင်းပစ္စည်းတွေပါယူပြီး လမ်းခွဲထွက်သွားတယ်၊ ကျွန်တော့်မိန်းမနဲ့ ကလေးနှစ်ယောက်လည်း အတော် ကသီလင်တဖြစ်ပြီး ဒုက္ခဖြစ်နေတယ်၊ ကျွန်တော်က ဘာမှမလုပ်တတ် မကိုင်တတ်ဘူး၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး လုပ်ငန်းအဟောင်းဘက်ကို တစ်ကြော့ပြန်ဝင်ဖို့ ခြေလှမ်းပြင်လိုက်ရပါတယ်၊ ကျွန်တော်နောင်တရခဲ့ပါတာ၊ သင်ခန်းစာရခဲ့တာအမှန်ပါ၊ ဒါပေမယ့် ငါ့ဝမ်းပူဆာ မနေသာဖြစ်လာတော့ တခြားလည်း ဘာမှမလုပ်တတ်တာနဲ့ ခြေဦးပြန်လှည့်သွားတာပါ၊ အလုပ်ဖြစ်ရုံပဲရှိပါသေးတယ်၊ ဒုတိယအကြိမ် အုတ်ရိုးအတွင်းလူ ပြန်ဖြစ်သွားရပါတယ်”

ကိုရေခဲ ထောင်ကလွတ်လာသော်လည်း သူ့အပေါ်မှာ တင်ကျန်လျက်ရှိသော ဥပဒေစည်းဝိုင်းအပြင်ဘက်က ကျော်ဇောသူအဖြစ် ခပ်နှိပ်ခံထားရသည့် အမှတ်အသားကြီးမှာမူ ပျောက်ပျက်မသွားသေးပေ။

ဥပဒေစည်းဝိုင်းအတွင်းလူအဖြစ် သတ်မှတ်စာရင်း မဖြစ်သေးသည့်အလျောက် သက်ဆိုင်ရာမှ သူ၏လှုပ်ရှားမှုကို မျက်စိဒေါက်ထောက်ကြည့်နေမြဲပင် ရှိသေးသည်။

သူပြန်လည် လှုပ်ရှားလိုက်သည်နှင့် သက်ဆိုင်ရာမှ အခေါ်ရောက်လာသည်။

ဒုတိယတစ်ကြော့ ထောင်ထဲသို့ ပြန်ရောက်သွားခဲ့သည်။

ပုဒ်မ (၁၀)က၊ ပထမရမာန် သုံးလ။

နောက်ထပ် ရမာန် ခြောက်လ နှစ်ကြိမ်။

တစ်နှစ်နှင့် သုံးလထောင်ထဲမှာ နေခဲ့ရသည်။

အဲဒီကစပြီး ကျွန်တော်အပြီးအပိုင် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပါတယ်။ ဘယ်လိုအခြေအနေမျိုး ရောက်ပါစေ၊ ကျွန်တော် အဲဒီ ဆုံးဖြတ်ချက်ကို အပြောင်းအလဲ မလုပ်တော့ပါဘူး"

လူ့ဘဝသက်တမ်းကျန်ရှိနေသေးသမျှ ကာလပတ်လုံး အုတ်ရိုးအတွင်း လူမဖြစ်အောင် ကျင့်ကြံနေထိုင်ပါတော့မည်ဟု . . .။

"ကျွန်တော်အတိတ်ကို လုံးဝပြည်ဖုံးကားချလိုက်ပါပြီ။ အနာဂတ်အတွက် ကျွန်တော့်မိသားစုနဲ့ ထမင်းဆိုင်လေးဖွင့်ပြီး လူသစ်စိတ်သစ်နဲ့ အေးမြတဲ့ ဘဝရဲ့ရှင်သန်ခြင်း လမ်းကြောင်းပေါ် လျှောက်နေပါပြီ၊ ဆရာရေးသလို လူနှင့်တူအောင် ကျင့်ကြံနေထိုင်လုပ်ကိုင်နေပြီမို့ ဥပဒေရဲ့ အဆုံးအမကနေ လွတ်ကင်းသူတစ်ယောက် ဖြစ်နေပါပြီ"

ကောင်းတာမှန်သမျှ အကုန်လုပ်။

မကောင်းတာမှန်သမျှ အကုန်ရှောင်။

အုတ်ရိုးဘောင်အတွင်းသို့ ဘယ်တော့မှ ရောက်ရှိလိမ့်မည် မဟုတ်ပါတည်း။

နားကြပါဦးစို့။

သန့်စင်မွန်မြတ်သော ထာဝရ မေတ္တာဖြင့် . . .

ကျော်မြသန်း

BURMESE CLASSIC .com

www.burmeseclassic.com